မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

အတွဲ (၅၃)
အမှတ် (၂၈၆)

Established in 1914

Myanma Alinn Daily

၁၃၇၆ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၇ ရက်

၂၀၁၄ ခုနှစ်၊ ဇူလိုင် ၁၈ ရက်၊ သောကြာနေ့။

ပြည်သူ့စွမ်းအားဖြင့် နိုင်ငံတော်ကို တည်ဆောက်အံ့

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း စင်ကာပူမြို့ရှိ ဂီတအနုပညာကျောင်းသို့ လေ့လာ

နေပြည်တော် ဇူလိုင် ၁၇

စင်ကာပူ သမ္မတနိုင်ငံတွင် ရောက်ရှိနေသည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့် အဖွဲ့ဝင်များသည် ဇူလိုင် ၁၆ ရက် ညပိုင်းတွင် စင်ကာပူမြို့တော်ခန်းမ TBC ၌ပြုလုပ်သည့် မြို့တော်ဝန်နှင့် လူထုတွေ့ဆုံခြင်းအစီအစဉ်ကို တက်ရောက်လေ့လာကြသည်။

ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များအား စင်ကာပူဗဟိုဒေသမြို့တော်ဝန် မစ္စဒင်နီဖျူလေးပန်းက အစီအစဉ်ကျင်းပရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထိုသို့ ရှင်းလင်းတင်ပြရာတွင် ယခုအစီအစဉ်သည် စင်ကာပူလွှတ်တော်၏ အစီအစဉ်ဖြစ်ကာ နိုင်ငံသားများက ယင်းတို့ မဲဆန္ဒနယ်မှ လွှတ်တော်အမတ်များနှင့် တွေ့ဆုံပြီး ၎င်းတို့၏ အခက်အခဲများကို ဖြေရှင်းပေးသည့်အစီအစဉ်တစ်ခု ဖြစ်ပါကြောင်း၊ တစ်ပတ်လျှင် တစ်ကြိမ်ကျ တွေ့ဆုံကာ ပြည်သူများ၏အခက်အခဲအတားအဆီးများကို ဖြေရှင်းပေး *စာမျက်နှာ ၉ ကော်လံ ၁* ✻

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း စင်ကာပူနိုင်ငံရှိ ရောင်စီတိုးဂီတအနုပညာကျောင်းအတွင်း လှည့်လည်ကြည့်ရှုလေ့လာစဉ်။ (သတင်းစဉ်)

၂၀၁၆ ၌ မြန်မာနိုင်ငံ၏ ၈၀ ရာခိုင်နှုန်းအထိ မိုဘိုင်းဖုန်းသုံးစွဲနိုင်ရန် ဆောင်ရွက်မည်

သတင်း- ခင်ရတနာ ➢ ဓာတ်ပုံ-သွန်းဝဿန်

ရန်ကုန် ဇူလိုင် ၁၇

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ နိုင်ငံခြားကုမ္ပဏီများနှင့် အကျိုးတူပူးပေါင်းကာ ဆက်သွယ်ရေးအော်ပရေတာလုပ်ငန်းများကို တိုးချဲ့ဆောင်ရွက်သွားမည်ဖြစ်ပြီး ဖုန်းပြောခများနှင့်အင်တာနက်အသုံးပြုခများကိုလည်း အခြားအော်ပရေတာများထက် သက်သာသောဈေးနှုန်းများဖြင့် ရောင်းချရန်စီစဉ်ညှိနှိုင်းလျက်ရှိကြောင်း ဇူလိုင် ၁၆ ရက်က ကျင်းပသည့် အကျိုးတူပူးပေါင်းခြင်းလက်မှတ်ရေးထိုးပွဲမှ သိရသည်။

ဇူလိုင် ၁၆ ရက်က မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းနှင့် ဂျပန်နည်းပညာကုမ္ပဏီများဖြစ်သော KDDI နှင့် Sumitomo ကော်ပိုရေးရှင်းလုပ်ငန်းတို့ တယ်လီဖုန်းအော်ပရေတာလုပ်ငန်းများ တိုးချဲ့လုပ်ကိုင်ရန်အတွက် သဘောတူညီမှု စာချုပ်များကို ချုပ်ဆိုခဲ့ကြောင်း မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းတာဝန်ရှိသူတစ်ဦးက မြန်မာ့အလင်းသို့ပြောကြားသည်။ *စာမျက်နှာ ၉ ကော်လံ ၁* ❁

ဂါဇာ၌ ဟားမားစ်နှင့် အစ္စရေးတို့အကြား ငါးနာရီကြာ အပစ်အခတ်ရပ်စဲ စာ » ၄

မလေးရှားခရီးသည်တင်လေယာဉ် ယူကရိန်းအရှေ့ပိုင်းတွင် ပစ်ချခံရ စာ » ၉

ဒုဋ္ဌဝတီမြစ်ကူးတံတားအနီး သဲများကို စက်ယန္တရားများဖြင့် တူးဖော်နေ၍ မြစ်ကမ်းပြို စာ » ၁၂

ကလေးသူငယ်များ အသက်အန္တရာယ်ကို ခြိမ်းခြောက်နေသည့် ကူးစက်ရောဂါများ လက်ဆေးခြင်းဖြင့် ကာကွယ်ပါ စာ » ၁၅

မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

တိုင်းပြည်နှင့်လူမျိုး အကျိုးရှိမည့်အလုပ် လုပ်ကြရမည်

ကျွန်ုပ်တို့နိုင်ငံတွင် တိုင်းပြည်နှင့်လူမျိုးအတွက် သက်စွန့်ကြိုးပမ်းဆောင်ရွက်ရင်း နိုင်ငံနှင့်လူမျိုးအတွက် အသက်ပေးလှူသွားကြသူ မြောက်မြားစွာပင်ရှိပါသည်။ မြန်မာ့သမိုင်းကြောင်းတစ်လျှောက် လွတ်လပ်ရေးကြိုးပမ်းမှုကာလမှာရော ယနေ့ခေတ်အထိပါ တိုင်းပြည်နှင့်လူမျိုးအတွက် အသက်ပေးလှူခဲ့ကြသူအများအပြားပင် ရှိပါသည်။ ထိုပုဂ္ဂိုလ်များသည် အာဇာနည်သူရဲကောင်းများပင်ဖြစ်ပါသည်။ မရေမတွက်နိုင်သော အာဇာနည်သူရဲကောင်းများအား ကျွန်ုပ်တို့ပြည်သူတစ်ရပ်လုံးက အမြဲတမ်းအမှတ်ရနေဆဲဖြစ်ပါသည်။

သို့သော် အာဇာနည်သူရဲကောင်းများအား အမှတ်ရနေရုံနှင့်မပြီးပါ။ အလေးပြုနေရုံနှင့် ကျေနပ်မနေသင့်ပါ။ အာဇာနည်သူရဲကောင်းများ၏ ကြိုးပမ်းအားထုတ်ခဲ့သော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကြီး ထာဝစဉ်အဓွန့်ရှည်တည်တံ့အောင်ဆောင်ရွက်ပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးအဖြစ်သို့ အမြန်ဆုံးတက်လှမ်းသွားနိုင်ရန် ပြည်သူတစ်ရပ်လုံးက ဝိုင်းဝန်းကြိုးပမ်းအားထုတ်ကြရန် တာဝန်ရှိပေသည်။

ထို့ကြောင့်လည်း အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းက ၁၉၄၆ ခုနှစ် ဇန်နဝါရီ ၁၇ ရက် အာဇာနည်ကျောက်တိုင်စိုက်ထူပွဲတွင် “ယနေ့ကျင်းပတဲ့ပွဲဟာ မြန်မာနိုင်ငံလွတ်လပ်ရေးအတွက် တိုက်ခိုက်ရာမှာ ကျဆုံးသွားတဲ့ ရဲဘော်တွေကိုရည်စူးပြီး ချီးကျူးတဲ့အထိမ်းအမှတ်ဖြစ်ပါတယ်။ ရဲဘော်တွေဟာ တိုင်းပြည်နဲ့လူမျိုးအတွက် အသက်စွန့်သွားကြတာကိုလည်း အများသိပြီးဖြစ်ပါတယ်။ ဒီနေရာမှာစုရုံးပြီး အရိုအသေပြုနေရုံမျှဖြင့် ကျဆုံးသွားတဲ့ ရဲဘော်များကို ချီးကျူးရာရောက်မှာမဟုတ်ပါဘူး။ တကယ်ချီးကျူးရာရောက်အောင် ကျွန်တော်တို့ရဲ့ရဲဘော်များသွေးနဲ့ စိုက်ပျိုးထားခဲ့တဲ့ လွတ်လပ်ရေးပန်းပင်ကို ကျွန်တော်တို့က အစဉ်တစိုက် မြေတောင်မြှောက်ပေးပြီး ပေါင်းသင်ပေးဖို့လိုပါတယ်။ ဒီလိုဆက်လက်ပြီး ကြိုးပမ်းလုပ်ကိုင်ကြပါမှ တကယ်ချီးကျူးရာရောက်မှာ ဖြစ်ပါတယ်။ ကျဆုံးသူများကို အမြဲအမှတ်ရနေပြီး တိုင်းပြည်နဲ့လူမျိုး အကျိုးရှိမယ့်အလုပ်လုပ်ကြရမှာဖြစ်ပါတယ်။ ဒီလိုမလုပ်နိုင်ဘူးဆိုရင် ကျဆုံးသွားတဲ့ရဲဘော်တွေကို သစ္စာဖောက်ရာ ရောက်ပါတယ်”ဟူ၍ မိန့်ကြားခဲ့လေသည်။

မှန်ပါသည်။ အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း မှာကြားခဲ့သည့်အတိုင်း အာဇာနည်သူရဲကောင်းများအား အမှတ်ရနေရုံနှင့်မပြီးပါ။ စည်းကမ်းရှိပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် ဒီမိုကရေစီနိုင်ငံတော်သစ်ဆီသို့ အရောက်ချီတက် သွားနိုင်ရမည်ဖြစ်ပါသည်။ စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်ဖြင့် ဝိုင်းဝန်းကြိုးစားအလုပ်လုပ်ကြရမည်ဖြစ်ပါသည်။ ဝါဒစွဲ၊ ဒေသစွဲ၊ ဘာသာစွဲများကိုဘေးဖယ်ပြီး တိုင်းပြည်နှင့်လူမျိုး အကျိုးရှိမည့်အလုပ်ဟူသမျှ ပူးပေါင်းလုပ်ကိုင်ကြရမည် ဖြစ်ပါသည်။ သို့မှသာ ကျွန်ုပ်တို့ပြည်သူတစ်ရပ်လုံးက အမျိုးသားခေါင်းဆောင်ကြီးနှင့်တကွ အာဇာနည်အပေါင်းကို အလေးပြုရာရောက်ပါသည်။ အမှတ်ရရာရောက်ပါသည်။ ထို့အတွက် ကျွန်ုပ်တို့ပြည်သူတစ်ရပ်လုံးက တိုင်းပြည်အမြန်ဆုံး ဖွံ့ဖြိုးတိုးတက်ရန် အားလုံးအလုပ်လုပ်ကြရမည် ဖြစ်ပါကြောင်း။ ။

ပြည်တွင်းသတင်း

မြန်မာ-ထိုင်း နယ်ခြားကော်မတီ မြို့နယ်အဆင့် အစည်းအဝေးကျင်းပ

တာချီလိတ် ဇူလိုင် ၁၇

အကြိမ်(၈၀)မြောက် မြန်မာ-ထိုင်း နယ်ခြားကော်မတီ မြို့နယ်အဆင့်အစည်းအဝေးကို ဇူလိုင် ၁၆ ရက်က ကျင်းပရာ **(ယာပုံ)**ရှေးဦးစွာ ထိုင်းနိုင်ငံ အမှတ်(၃)စစ်ဗျူဟာမှူး ဗိုလ်မှူးကြီး လောဝ်ခိတ်ကဏ်း ဦးဆောင်သော ထိုင်းနိုင်ငံ ကိုယ်စားလှယ်အဖွဲ့က တာချီလိတ်မြို့ အမှတ်(၁) ချစ်ကြည်ရေးတံတားသို့ မြန်မာကိုယ်စားလှယ်အဖွဲ့အား လာရောက်ကြိုဆိုရာတာချီလိတ်တပ်နယ်မှ ဗိုလ်မှူးကြီး ဇော်နိုင်ဦး၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးတင်ဝင်းရွှေ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းထွန်းဝင်းနှင့် တာဝန်ရှိသူများက ခင်မင်ရင်းနှီးစွာ ကြိုဆိုနှုတ်ဆက်ကြပြီး ချစ်ကြည်ရေးလက်ဆောင်များ အပြန်အလှန်ပေးအပ်ကြသည်။ ထို့နောက် မြန်မာ-ထိုင်း နှစ်နိုင်ငံ ကိုယ်စားလှယ်အဖွဲ့သည် အစည်းအဝေးကျင်းပမည့် ထိုင်းနိုင်ငံ ချင်းရိုင်ခရိုင် Mae Fah Luang University သို့ မော်တော်ယာဉ်များဖြင့် ထွက်ခွာခဲ့ကြပြီး ဒေသစံတော်ချိန် နံနက် ၉နာရီခွဲတွင် အဆိုပါ

တက္ကသိုလ်ခန်းမ၌ အစည်းအဝေးကို စတင်ကျင်းပသည်။

အစည်းအဝေးတွင် မြန်မာနိုင်ငံနှင့် ထိုင်းနိုင်ငံကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်များက အဖွင့်မိန့်ခွန်းများပြောကြားပြီးနောက် နယ်စပ်ကုန်သွယ်ရေးစခန်းသစ်များ ဖွင့်လှစ်ရေး၊ တောင့်တင်းခိုင်မာ ယှဉ်တွဲကျေးရွာစီမံကိန်း၊ နယ်စပ်ဖြတ်ကျော်မှုခင်းများကို ပူးပေါင်းကာကွယ်တားဆီးရေး၊ မယ်ဆိုင်ချောင်း ရေစီးရေလာကောင်းမွန်ရေး၊ နှစ်နိုင်ငံပြည်သူများအကြား ငွေကြေးစီးဆင်းဖလှယ်မှုများ၊ အကျင့်ပျက်ဝန်ထမ်းအချို့မှ မြန်မာနိုင်ငံသားများအပေါ် ဥပဒေမဲ့ပြုမူနေမှုများအပေါ် တားဆီးရေးဆိုင်ရာများကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးညှိနှိုင်းကြကာ အစည်းအဝေးကို ဒေသစံတော်ချိန် ၁၁ နာရီခွဲတွင် ရုပ်သိမ်းလိုက်ပြီး နေ့လယ်စာဖြင့် တည်ခင်းဧည့်ခံသည်။

ထို့နောက် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ချင်းရိုင်မြို့ရှိ ဝပ်ဖကျောက်ဘုရားကို ဖူးမြော်ကြည်ညိုကြကာ ယဉ်ကျေးမှုတံတားနှင့် စင်ထရယ်ပလာဇာတို့ကို လှည့်လည်ကြည့်ရှုလေ့လာခဲ့ကြသည်။ **မောင်ယဉ်ကျေး**

အာဆီယံ-ဂျပန်စင်တာကြီးမှူး၍ ပြပွဲကျင်းပမည်

နေပြည်တော် ဇူလိုင် ၁၇

အာဆီယံ-ဂျပန်စင်တာ ASEAN-Japan Center (AJC)က ကြီးမှူး၍ ဂျပန်နိုင်ငံ တိုကျိုမြို့ AJC Hall ၌ နိုဝင်ဘာ ၁၇ ရက်မှ ၂၁ ရက်အထိ ကျင်းပမည့် Single Country Programme အစီအစဉ်တစ်ခုဖြစ်သည့် ASEAN Showcase Business Matching ပြပွဲသို့ မြန်မာနိုင်ငံတစ်နိုင်ငံတည်းမှ ကုမ္ပဏီလုပ်ငန်းရှင် ၁၀ ဦးခန့်စုစည်း၍ သီးသန့်ပြသရန် အဆိုပါစင်တာမှ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသို့ ဖိတ်ကြားထားကြောင်း သိရသည်။

ပြပွဲကျင်းပရခြင်း၏ ရည်ရွယ်ချက်မှာ မြန်မာနိုင်ငံမှ လယ်ယာထွက် ကုန်ပစ္စည်း၊ တန်ဖိုးမြှင့်လယ်ယာထွက်ကုန်ပစ္စည်းနှင့် ရေထွက်ကုန်ပစ္စည်း၊ စားသောက်ကုန်ပစ္စည်းများကို ဂျပန်ဈေးကွက်သို့ဝင်ရောက်နိုင်စေရန်၊ နှစ်နိုင်ငံကုန်သွယ်မှုတိုးတက်စေရန်နှင့် စီးပွားရေးတွေ့ဆုံပွဲများကျင်းပပေးရန်ဖြစ်သည်။

ပြပွဲ၌ကုန်ပစ္စည်း(အခြောက်)၊ ကုန်ပစ္စည်း(အစို)နှင့် အေးခဲကုန်ပစ္စည်းများနှင့် ပတ်သက်သည်တို့ ပါဝင်ပြသကြမည်ဖြစ်သည်။ အဆိုပါအစီအစဉ်တွင် စိတ်ပါဝင်စား၍ပါဝင်လိုပါက စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှုမြှင့်တင်ရေးဌာနခွဲ(ရန်ကုန်) ဖုန်း ၀၁-၂၅၄၀၂၄၊ ဖက်စ် ၀၁-၂၅၄၀၂၁၊ Email-itpic.moc@gmail.com သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

Authentic Production ကုမ္ပဏီ၏ နိုင်ငံတကာအဆင့်မီ ထုတ်လုပ်သော PE ရေတိုင်ကီများ

ရရှိနိုင်သော ကောင်းကျိုးများ

FDA လက်မှတ်ရ ကုန်ကြမ်းများကိုသာ အသုံးပြုခြင်းကြောင့် ဘေးဥပဒ်အန္တရာယ်ဖြစ်ခြင်းအတွက် စိုးရိမ်ရန်မလိုခြင်း၊
ဆက်ရာမရှိတစ်သားတည်းထုတ်လုပ်ထားခြင်းကြောင့် ရေယိုစိမ့်မှုကင်းဝေးခြင်း၊
နေရောင်ခြည်ဒဏ်အား ကြံ့ကြံ့ခံကာကွယ်နိုင်ခြင်း (> UV 20)၊
ပေါ့ပါးသဖြင့် သယ်ယူ/တင်ချ လွယ်ကူခြင်း၊
တပ်ဆင်အသုံးပြုရာ၌ အလွန်လွယ်ကူခြင်း၊

30 YEARS

Authentic Production Co.,Ltd
Head Office Ph : 95-1-652650, 652674, 637695, Fax : 95-1-651756
Show Room Ph : 95-1-646763,646764, Fax : 95-1-646763
Factory Ph : 95-1-637695, Fax : 95-1-637695
AUTHENTIC

ပြည်သူ့လွှတ်တော် စာကြည့်တိုက်သို့ World Bank မှ စာအုပ်များ လှူဒါန်းပွဲနှင့် အလုပ်ရုံဆွေးနွေးပွဲကျင်းပ

နေပြည်တော် ဇူလိုင် ၁၇

ပြည်သူ့လွှတ်တော်ရုံး စာကြည့်တိုက်သို့ World Bank Office Bangkok မှ စာအုပ်လှူဒါန်းပွဲနှင့် အလုပ်ရုံဆွေးနွေးပွဲကို ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ ပြည်သူ့လွှတ်တော် (C) ဆောင် စာကြည့်တိုက်နှင့် ဒုတိယထပ်အစည်းအဝေးခန်းမတို့၌ ကျင်းပသည်။

အဆိုပါစာအုပ်လှူဒါန်းပွဲတွင် ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာထံ Senior Country Economist, and Task Tean Leader of Myanmar, Mr.Shabih Ali Mohib က စာအုပ်မျိုးစုံ ၅၂ အုပ်ကို ပေးအပ်လှူဒါန်းသည်။ **(ဓါတ်ပုံ)**

ဆက်လက်၍ အလုပ်ရုံဆွေးနွေးပွဲကို ကျင်းပရာ ပြည်သူ့လွှတ်တော် အခွင့်အရေးကော်မတီ အတွင်းရေးမှူး ဒေါက်တာစိုးရင်က အဖွင့်အမှာစကားပြောကြားသည်။ ယင်းနောက် Mr. Shabih Ali Mohib မှ "How Parliamentarians Can Review and Oversight of Public Spending Better" ခေါင်းစဉ်ဖြင့် ဆွေးနွေးပြီး တက်ရောက်လာသူများက ပြန်လည်ဆွေးနွေးကြသည်။

အဆိုပါ အခမ်းအနားသို့ ပြည်သူ့လွှတ်တော် ကော်မတီဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများ၊ အဖွဲ့ဝင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

မိုးလေဝသအခြေအနေ

နေပြည်တော်နှင့် ရန်ကုန်မြို့တို့အနီးတစ်ဝိုက်တွင် မိုးတစ်ကြိမ်နှစ်ကြိမ်ထစ်ချုန်းရွာမည်။

မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် နေရာကွက်ကျားမိုးထစ်ချုန်းရွာမည်။ **နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ** မြန်မာနိုင်ငံအောက်ပိုင်းဒေသများတွင် မိုးပိုလာနိုင်သည်။

ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌဦးနန္ဒကျော်စွာ ပြင်သစ်သုတေသနလက်ထောက်ပါမောက္ခအား လက်ခံတွေ့ဆုံ

နေပြည်တော် ဇူလိုင် ၁၇

ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာသည် ဟောင်ကောင် တက္ကသိုလ်မှ ပြင်သစ်သုတေသန လက်ထောက်ပါမောက္ခ Dr. Renaud EGRETEAU အား ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်ရေးရာဆောင် (I-1)၌ လက်ခံတွေ့ဆုံသည်။

အဆိုပါတွေ့ဆုံပွဲသို့ ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ ဦးတီခွန်မြတ်၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များလေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်အဖွဲ့ဝင် ဒေါ်တင်ဘုန်းနွယ်နှင့် တာဝန်ရှိသူများတက်ရောက်ကြသည်။

(ပြည်သူ့လွှတ်တော်)

ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့်အား သီရိလင်္ကာနိုင်ငံ သံအမတ်ကြီး လာရောက်တွေ့ဆုံ

နေပြည်တော် ဇူလိုင် ၁၇

စက်မှုဝန်ကြီးဌာနပြည်ထောင်စု ဝန်ကြီး ဦးမောင်မြင့်အား မြန်မာနိုင်ငံဆိုင်ရာ သီရိလင်္ကာနိုင်ငံ သံအမတ်ကြီး H.E. Mr. Handunnethi Rannulu Piyasiri ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့သည်ယနေ့နံနက်ပိုင်းတွင် အဆိုပါဝန်ကြီးဌာန၌ လာရောက်တွေ့ဆုံပြီး မြန်မာနိုင်ငံတွင် အထည်အလိပ်စက်ရုံတည်ထောင်ပြီး အထည်အလိပ်ထုတ်လုပ်ရာတွင် အသုံးပြုသည့် Wet and Dry Processing Unit များ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် စက်မှုဝန်ကြီးဌာနပိုင် မြေနေရာငှားရမ်းနိုင်ရေးနှင့် စပ်လျဉ်း၍ နှစ်နိုင်ငံပူးပေါင်းပြီး ရင်းနှီးမြှုပ်နှံမှုပြုနိုင်ရေးလုပ်ငန်းများ၊ အထည်အလိပ်လုပ်ငန်း ဖွံ့ဖြိုးတိုးတက်စေရန်၊ အနာဂတ်တွင် ပူးပေါင်းဆောင်ရွက်မည့်လုပ်ငန်းစဉ်များအား ဆွေးနွေးခဲ့ကြသည်။ **(ယာပုံ)**

အဆိုပါ တွေ့ဆုံပွဲသို့ သံအမတ်ကြီးနှင့်အတူ Setas Kimyas Limited မှ စီးပွားရေးလုပ်ငန်းရှင် ဖြစ်သူ Mr. Manjula Weerasekara လည်း တက်ရောက်ခဲ့သည်။

(သတင်းစဉ်)

အများပြည်သူများသို့ အသိပေးပန်ကြားခြင်း

၁။ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ဓာတ်အားခွဲရုံများနှင့် ဓာတ်အားလိုင်းများကြံ့ခိုင်မှုရှိစေရန်၊ ဓာတ်လိုက်မှုအန္တရာယ်မှ ကင်းဝေးစေရန်၊ ဓာတ်အားပြတ်တောက်မှုများလျော့နည်းစေရန်အတွက် ဓာတ်အားလိုင်းများနှင့် မလွတ်သော သစ်ပင်၊ သစ်ကိုင်းများ ခုတ်ထွင်ရှင်းလင်းခြင်းလုပ်ငန်းနှင့် ဓာတ်အားခွဲရုံများ ထိန်းသိမ်းပြုပြင်ခြင်းလုပ်ငန်းများကို အပတ်စဉ် စနေ၊ တနင်္ဂနွေနေ့တိုင်း ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့မှ သက်ဆိုင်ရာမြို့နယ်စည်ပင်သာယာရေးကော်မတီနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။

၂။ သို့ဖြစ်ပါ၍ ၁၉-၇-၂၀၁၄ ရက်နေ့တွင် ဒဂုံ(ဆိပ်ကမ်း)၊ ဒဂုံ(တောင်)၊ ပုဇွန်တောင်၊ မင်္ဂလာတောင်ညွန့်၊ စမ်းချောင်း၊ ကြည့်မြင်တိုင်၊ လှိုင်၊ ရွှေပြည်သာမြို့နယ်များ၏ ရပ်ကွက်အချို့၊ CNG ဆိုင်အချို့နှင့် စက်မှုဇုန်အချို့တွင် ၀၉း၀၀ နာရီမှ ၁၂း၀၀နာရီအတွင်းလည်းကောင်း၊ ၁၃း၀၀ နာရီမှ ၁၅း၀၀ နာရီအတွင်း အချိန်ပိုင်းဓာတ်အားပြတ်တောက်မှုများရှိမည်ဖြစ်ပါသည်။

၃။ ၂၀-၇-၂၀၁၄ ရက်နေ့တွင် ရွှေပေါက်ကံ၊ ပုဇွန်တောင်၊ မင်္ဂလာတောင်ညွန့်၊ ဗိုလ်တထောင်၊ ဒဂုံ(ဆိပ်ကမ်း)၊ ဆိပ်ကမ်း၊ ကျောက်တံတား၊ ပန်းဘဲတန်း၊ စမ်းချောင်း၊ လသာ၊ ခရမ်း၊ ကျောက်တန်း၊ ဆိပ်ကြီးခနောင်တို၊ သန်လျင်၊ ကော့မှူး၊ ကွမ်းခြံကုန်း၊ လက်ခုပ်ကုန်း၊ ကျိုက်ထော်၊ ရွှေပြည်သာ၊ လှိုင်သာယာ၊ တိုက်ကြီး၊ ထောက်ကြန့်၊ မှော်ဘီမြို့နယ်များ၏ ရပ်ကွက်အချို့၊ CNG ဆိုင်အချို့နှင့်စက်မှုဇုန် အချို့တွင် ၀၉း၀၀နာရီမှ ၁၃း၀၀ နာရီအတွင်းလည်းကောင်း၊ ၁၃း၀၀ နာရီမှ ၁၆း၀၀ နာရီအတွင်း အချိန်ပိုင်းဓာတ်အားပြတ်တောက်မှုများရှိမည်ဖြစ်ပါသည်။

၄။ ယင်းသို့ ဓာတ်အားဖြတ်တောက်၍ လုပ်ငန်းဆောင်ရွက်ရခြင်းသည် ဓာတ်အားဖြန့်ဖြူးမှုစနစ်အတွင်းရှိ ဓာတ်အားခွဲရုံများနှင့် ဓာတ်အားလိုင်းများကြံ့ခိုင်မှုရှိစေရန်၊ ဓာတ်လိုက်မှုအန္တရာယ်မှကင်းဝေးစေရန်၊ ဓာတ်အားပြတ်တောက်မှုများ လျော့နည်းစေရန်အတွက် ပုံမှန်မဖြစ်မနေဆောင်ရွက်ရန်လိုအပ်သည့် လုပ်ငန်းဖြစ်၍ ဆောင်ရွက်ရခြင်းဖြစ်ပါကြောင်း၊ ဓာတ်အားပြတ်တောက်မှုကြောင့် လူမှုရေးအခက်အခဲများပေါ်ပေါက်နိုင်မှုအပေါ် နားလည်ခွင့်လွှတ်ပါရန် ရန်ကုန်မြို့တော်လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့မှ အများပြည်သူသို့ အသိပေးပန်ကြားအပ်ပါသည်။

(ရန်ကုန်မြို့တော်လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့)

ပြည်တွင်းသတင်း

ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးခန့်ထား

ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ အတည်ပြုခန့်ထားခြင်းနှင့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးခန့်ထားခြင်း-

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် အောက်ဖော်ပြပါ ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများအား အစမ်းခန့်ကာလ(၁)နှစ်ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်-

	အမည်	**ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူး၊ဌာန**
(က)	ဦးဝင်းခန့်	ညွှန်ကြားရေးမှူးချုပ် ပို့ဆောင်ရေးဦးစီးဌာန ပို့ဆောင်ရေးဝန်ကြီးဌာန
(ခ)	ဦးထိန်လွင်	ဦးဆောင်ညွှန်ကြားရေးမှူး မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း လျှပ်စစ်စွမ်းအားဝန်ကြီးဌာန

၂။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးညွှန်ကြားမှုဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာခင်ဇော်အား ယင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

အသေးစားပုဂ္ဂလိက ငွေစုငွေချေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီစည်းဝေး

နေပြည်တော် ဇူလိုင် ၁၇

အသေးစားပုဂ္ဂလိက ငွေစုငွေချေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြု ကော်မတီ၏ (၅/၂၀၁၄) ကြိမ်မြောက် အစည်းအဝေးကို ယမန်နေ့နံနက် ၁၁ နာရီက နေပြည်တော်ရှိ ဘဏ္ဍာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် အသေးစားပုဂ္ဂလိက ငွေစုငွေချေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီ ဒုတိယဥက္ကဋ္ဌ ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမောင်မောင်သိမ်းက အမှာစကားပြောကြားရာတွင် အသေးစားပုဂ္ဂလိက ငွေစုငွေချေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီ အစည်းအဝေးများမှ ၂၀၁၄ ခုနှစ် ဇွန်လကုန်အထိ အသေးစားငွေရေးကြေးရေးလုပ်ငန်းအဖွဲ့အစည်း ၁၉၇ ဖွဲ့အား လုပ်ငန်းလုပ်ကိုင်ခွင့်လိုင်စင် ထုတ်ပေးခဲ့ပြီးဖြစ်ကြောင်း၊ ယခုအစည်းအဝေးတွင် တင်ပြလာသော လုပ်ငန်းလုပ်ကိုင်ခွင့်လိုင်စင် လျှောက်ထားသည့် INGO နှစ်ဖွဲ့၊ NGO နှစ်ဖွဲ့၊ သမနှစ်ဖွဲ့၊ ပြည်တွင်း ၁၃ ဖွဲ့၊ ပြည်ပငါးဖွဲ့နှင့် အသေးစားငွေရေးကြေးရေးအဖွဲ့ စုစုပေါင်း အဖွဲ့အစည်း ၂၄ ဖွဲ့၏ တင်ပြချက်များကို ဝိုင်းဝန်းစိစစ်ဆွေးနွေးကြရန်လိုကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် အသေးစားပုဂ္ဂလိက ငွေစုငွေချေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီအတွင်းရေးမှူး မြန်မာ့အသေးစားငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးလုပ်ငန်း၊ အထွေထွေမန်နေဂျာ ဦးဆောင်ညွှန်ကြားရေးမှူး (ပူးတွဲတာဝန်) ဦးဝင်းအောင်က အသေးစားငွေရေးကြေးရေး အဖွဲ့အစည်းများတွင် ကြုံတွေ့နေရသော အခက်အခဲများနှင့် လိုအပ်ချက်များကိုလည်းကောင်း၊ လိုင်စင်ရပြီးသားအဖွဲ့အစည်းများ၏ ရုံးခွဲဖွင့်လှစ်ခြင်းနှင့် မတည်ရင်းနှီးငွေဆိုင်ရာကိစ္စရပ်များ၊ အသေးစားငွေရေးကြေးရေးအဖွဲ့အစည်းများ၏ လုပ်ငန်းလိုင်စင်လျှောက်ထားမှုများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာ တက်ရောက်လာသူများက ဝိုင်းဝန်းဆွေးနွေးကြသည်။

အဆိုပါ အစည်းအဝေးသို့ အသေးစားပုဂ္ဂလိက ငွေစုငွေချေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီ အဖွဲ့ဝင်များနှင့် မြန်မာ့အသေးစားငွေရေးကြေးရေး ကြီးကြပ်စစ်ဆေးရေးလုပ်ငန်းမှ တာဝန်ခံအရာရှိများ တက်ရောက်ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပြန်ကြားရေးဝန်ကြီးဌာန
မြန်မာ့အသံနှင့်ရုပ်မြင်သံကြားအတွက်
စက်ပစ္စည်းများ ဝယ်ယူရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားအတွက် လိုအပ်သောအောက်ဖော်ပြပါ စက်ပစ္စည်းများကို နိုင်ငံခြားသုံးငွေ(USD)ဖြင့် ဝယ်ယူလိုပါသဖြင့် အိတ်ဖွင့်တင်ဒါများ တင်သွင်းကြရန် ဖိတ်ခေါ်ပါသည်-

(က) DVB-T2 Transmitter (USD) 10 Sets

Transmitter များကို Rohde & Schwarz(Germany), Gates Air (Harris) (USA),NEC (Japan) Brand များဖြင့် တင်သွင်းနိုင်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ၁၉-၇-၂၀၁၄ ရက်မှ ၃၁-၇-၂၀၁၄ ရက်အထိ နေ့စဉ်နံနက် ၉း၃၀ နာရီမှ ညနေ ၄း၃၀ နာရီအတွင်း မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၊ နေပြည်တော်(တပ်ကုန်း)တွင် လာရောက်ထုတ်ယူနိုင်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါများကို ၁-၈-၂၀၁၄ ရက် နံနက် ၉း၃၀ နာရီမှ ညနေ ၄း၃၀ နာရီအတွင်း မြန်မာ့အသံနှင့်ရုပ်မြင်သံကြား နေပြည်တော်(တပ်ကုန်း)ရှိ တင်ဒါအဖွဲ့ဝင်များ ရှေ့မှောက်တွင် လာရောက်ပေးသွင်းရန်ဖြစ်ပါသည်။ သတ်မှတ်အချိန်ကာလထက် ကျော်လွန်သောတင်ဒါများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၄။ အိတ်ဖွင့်တင်ဒါပုံစံ စည်းကမ်းချက်များ၊ စက်ပစ္စည်းစာရင်းနှင့် အသေးစိတ် အချက်အလက်များကို အောက်ပါလိပ်စာတွင် စုံစမ်းထုတ်ယူနိုင်ပါသည်။

စက်ပစ္စည်းများဝယ်ယူရေးကော်မတီ
မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၊ နေပြည်တော်
ပြန်ကြားရေးဝန်ကြီးဌာန
ဖုန်း-၀၆၇-၇၉၄၈၃၊ ၀၆၇-၇၉၁၃၅၊ ၀၆၇-၇၉၄၁၁

နိုင်ငံတကာသတင်း

ဖြုတ်ချခံရသော ထိုင်းဝန်ကြီးချုပ်ဟောင်းရင်လတ် ပထမဆုံးအကြိမ် ပြည်ပထွက်ခွာခွင့်ပြု

ဗန်ကောက် ဇူလိုင် ၁၇

ထိုင်းတပ်မတော်ခေါင်းဆောင်များက ဝန်ကြီးချုပ်ဟောင်း ရင်လတ်ရှင်နာဝပ်ထရာအား အာဏာသိမ်းပြီးနောက် ပထမဆုံးအကြိမ် ပြည်ပသို့ ခရီးထွက်ခွာခွင့်ပေးလိုက်သည်။

၎င်း၏ အစိုးရအဖွဲ့ မေ ၂၂ ရက်က ဖြုတ်ချခံရပြီးကတည်းက မစ္စရင်လတ်အနေဖြင့် စည်းကမ်းနှင့်အညီ နေထိုင်ခဲ့သည်ကိုအကြောင်းပြု၍ ၎င်း၏ မေတ္တာရပ်ခံတောင်းဆိုမှုအပေါ် ခွင့်ပြုပေးခဲ့ခြင်းဖြစ်ကြောင်း စစ်ဘက်ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောသည်။

သူသည် အစ်ကိုဖြစ်သူ သက်ဆင်ရှင်နာဝပ်ထရာ၏ မွေးနေ့ပွဲအခမ်းအနားသို့ တက်ရောက်ရန် ပြင်သစ်နိုင်ငံသို့ သွားရောက်လိမ့်မည်ဖြစ်ကြောင်း သတင်းများက ဖော်ပြသည်။

ထိုင်းတပ်မတော်က ဗန်ကောက်၌ အစိုးရဆန့်ကျင်ဆန္ဒပြမှုများ လအတန်ကြာဖြစ်ပွားခဲ့ပြီးနောက် အာဏာသိမ်းခဲ့သည်။

၂၀၀၆ ခုနှစ်က အာဏာသိမ်းဖြုတ်ချခံရသော မစ္စတာသက်ဆင်သည် ဇူလိုင် ၂၆ ရက်တွင် အသက် ၆၅ နှစ်ပြည့်ပြီဖြစ်သည်။ ၎င်းအား လာဘ်စားမှုဖြင့် ထိုင်းတရားရုံးက စီရင်ချက်ချမှတ်ခဲ့ပြီးနောက် ပြည်ပတွင် တိမ်းရှောင်နေထိုင်ခဲ့သည်။ ညီမဖြစ်သူ ရင်လတ်သည် ဇူလိုင် ၂၀ ရက်မှ ဩဂုတ် ၁၀ ရက်အထိ ဥရောပခရီးသွားလာခွင့်ပေးရန် တောင်းဆိုထားသည်ဟု ထိုင်းတပ်မတော်အစိုးရကပြောသည်။ ရင်လတ်သည် ထိုင်းတပ်မတော်၏ အမိန့်စည်းကမ်းချက်များကို ချိုးဖောက်ခဲ့ခြင်းမရှိသည့်အတွက် ခရီးသွားလာခွင့်ပေးရန် သဘောတူညီခဲ့သည်ဟု ဆိုသည်။ **(ဘီဘီစီ)**

ကဘူးလ်လေဆိပ်ကို တိုက်ခိုက်သော တာလီဘန်များအား လုံခြုံရေးတပ်ဖွဲ့က ပြန်လည်တိုက်ထုတ်

ကဘူးလ် ဇူလိုင် ၁၇

ကဘူးလ် အပြည်ပြည်ဆိုင်ရာ လေဆိပ်ကို ဗုံးသီးများ၊ စက်သေနတ်များဖြင့် ပြင်းထန်စွာတိုက်ခိုက်ခဲ့သော တာလီဘန်တို့အား ပြန်လည်တိုက်ထုတ်ခဲ့ရကြောင်း အာဖဂန်တာဝန်ရှိသူများက ပြောသည်။

အဆိုပါ တိုက်ပွဲတွင်ပါဝင်သော အကြမ်းဖက်သမားလေးဦးသေဆုံးပြီး တစ်ဦးဒဏ်ရာရခဲ့သည်။ ကြာသပတေးနေ့ နံနက်ပိုင်းက ငါးနာရီကြာအောင် တိုက်ပွဲဆင်နွှဲခဲ့ကြောင်း တာလီဘန်တို့က ပြောသည်။ ယင်းလေဆိပ်နေရာတွင် ရှင်းလင်းမှုများ ပြုလုပ်ပြီးစီးသွားပြီ ဖြစ်ကြောင်း ဒုတိယပြည်ထဲရေးဝန်ကြီး မိုဟာမက်အာရွတ်ဆလမ်ဂျီက ပြောသည်။

စစ်သွေးကြွများက အစောင့်အကျပ်ထူထပ်သည့် အဆိုပါလေဆိပ်အနီး ဆောက်လုပ်ဆဲအဆောက်အအုံတစ်ခုကို ခြေကုပ်ယူပြီး တိုက်ခိုက်ခဲ့ကြောင်း မျက်မြင်တွေ့ရှိသူများက ပြောသည်။

ယင်းတိုက်ခိုက်မှုကြောင့် ကဘူးလ်လေဆိပ်သို့ဆင်းသက်မည့် လေယာဉ်အားလုံး အာဖဂန်အခြားမြို့ကြီးများရှိ လေဆိပ်များသို့ လမ်းကြောင်းပြောင်းဆင်းသက်ခဲ့ရသည်ဟု ဆိုသည်။

စစ်သွေးကြွများသည် အဆိုပါလေဆိပ်သို့ ချဉ်းကပ်ရန် ကားဗုံးတစ်လုံးကို အသုံးပြုရဖွယ်ရှိကြောင်း ဘီဘီစီသတင်းထောက်က ပြောသည်။ လေဆိပ်အနီးမှ ပေါက်ကွဲမှု အကြိမ် ၁၀ ကြိမ်ခန့်ကြားရကြောင်း၊ လေဆိပ်အနီးမှ ပြင်းထန်သော ပေါက်ကွဲမှုများ ပေါ်ထွက်ခဲ့ကြောင်း သတင်းတွင် ဖော်ပြသည်။ အာဖဂန်တပ်ဖွဲ့နှင့် ပြည်သူ့ရဲတပ်ဖွဲ့ဝင်များသည် အဆောက်အအုံအတွင်းမှ ပြန်လည်တိုက်ထုတ်ခဲ့သည်ဟု ဆိုသည်။ **(ဘီဘီစီ)**

နိုင်ဂျီးရီးယား ဂွန်ဘီမြို့၌ ဂျာမန်လူမျိုးတစ်ဦး ပြန်ပေးဆွဲခံရ

ဘာလင် ဇူလိုင် ၁၇

နိုင်ဂျီးရီးယားအရှေ့မြောက်ပိုင်း ဂွန်ဘီမြို့တွင် ပြီးခဲ့သော ဗုဒ္ဓဟူးနေ့က ဂျာမန်လူမျိုးတစ်ဦး ပြန်ပေးဆွဲခံခဲ့ရကြောင်း ဂျာမန်သတင်းဌာနက ထုတ်ပြန်ခဲ့သည်။

အခင်းဖြစ်ပွားရာ ဂွန်ဘီမြို့သည် လွန်ခဲ့သောနှစ်က ဘိုကိုဟာရမ်အဖွဲ့ အဖျက်အမှောင့်လုပ်ရပ်များ ကျူးလွန်ခဲ့သော အက်ဒမာဝါပြည်နယ်တွင် တည်ရှိသည်။ အက်ဒမာဝါပြည်နယ်၏ ကင်မရွန်းနယ်စပ်သည် လွန်ခဲ့သောနှစ် မေလပိုင်းက အရေးပေါ်အခြေအနေဖြစ်ပွားရာ နေရာတစ်ခုအဖြစ် သတ်မှတ်ခံခဲ့ရသည်။ နိုင်ဂျီးရီးယား ရဲတပ်ဖွဲ့အနေဖြင့် မည်သည့်ထင်မြင်ချက်၊ မှတ်ချက်မှ မပေးသည့်အပြင် နိုင်ဂျီးရီးယားနိုင်ငံရှိ ဂျာမန်သံရုံးအနေဖြင့် အခင်းဖြစ်ပွားရာနေရာသို့ သွားရောက်ရန် အခက်အခဲများရှိနေသည့်အတွက်ကြောင့် ပြန်ပေးဆွဲခံရသည့်ကိစ္စနှင့်ပတ်သက်၍ ဂျာမန်နိုင်ငံခြားရေးဝန်ကြီးဌာနက သိရှိသော်လည်း အသေးစိတ်အချက်အလက်များကိုမူ ထုတ်ပြန်ခြင်း မရှိသေးပေ။

မျက်မြင်သက်သေတစ်ဦး၏ ပြောကြားချက်အရ ဘိုကိုဟာရမ်သောင်းကျန်းသူအဖွဲ့သည် နံနက် ၇ နာရီခန့်တွင် ထိုသူကို ကားပေါ်မှဆင်းရန် အတင်းအကျပ်စေခိုင်းကာ ဆိုင်ကယ်များဖြင့် ဖမ်းဆီးခေါ်ဆောင်သွားကြောင်း သိရသည်။

အဆိုပါ ပြန်ပေးဆွဲခံရသူသည် အက်ဒမာဝါပြည်နယ် မြောက်ပိုင်း စန်ဘီစာသင်တော၏ မြောက်ဘက် ကီလိုမီတာ ၂၀၀ အကွာတွင် နေထိုင်သူဖြစ်ပြီး နည်းပညာကောလိပ်တစ်ခုတွင် ပညာသင်ကြားနေသူဖြစ်သည်။

ဘိုကိုဟာရမ်အဖွဲ့သည် ၎င်းတို့၏ ပြန်ပေးဆွဲကာ ရန်ပုံငွေရှာဖွေနေကြောင်း၊ ၎င်းအဖွဲ့၏ နောက်ကွယ်ရှိ ကြိုးကိုင်သူမှာ မည်သူဖြစ်သည်ကို မသိရှိသေးကြောင်း၊ ဒေသခံစီးပွားရေးသမားများ၊ နိုင်ငံရေးသမားများနှင့် ဥရောပနိုင်ငံသားများကိုပါ ပစ်မှတ်ထားလာကြောင်း၊ ထို့ပြင် ၂၀၁၃ ခုနှစ် ဇန်နဝါရီလက ပြန်ပေးဆွဲခံရသော ပြင်သစ်မိသားစုတစ်ခုနှင့်နိုဝင်ဘာလတွင် ပြန်ပေးဆွဲခံရသော ပြင်သစ်ဘုန်းတော်ကြီးတစ်ပါး၊ ၂၀၁၄ ဧပြီလတွင် ပြန်ပေးဆွဲခံခဲ့ရသော အီတလီဘုန်းတော်ကြီး နှစ်ဦးနှင့် ကနေဒါလူမျိုးသီလရှင်တစ်ဦးတို့မှာလည်း ဘိုကိုဟာရမ်အဖွဲ့၏ လက်ချက်ပင်ဖြစ်နိုင်ကြောင်း လုံခြုံရေးအရာရှိများက ပြောကြားခဲ့သည်။

ဘိုကိုဟာရမ် အကြမ်းဖက်အဖွဲ့သည် နိုင်ဂျီးရီးယားနိုင်ငံတွင် အစ္စလာမ့်ပြည်နယ်တစ်ခု တည်ထောင်ရန် ထောင်နှင့်ချီသော အပြစ်မဲ့ပြည်သူများကို သတ်ဖြတ်နေပြီး ဧပြီ ၁၄ ရက်က ပြန်ပေးဆွဲခံခဲ့ရသော ကျောင်းသူ ၂၀၀ ကျော်မှာလည်း အကျဉ်းချခံနေရဆဲပင်ဖြစ်သည်။ **(ရိုက်တာ)**

ဂါဇာ၌ ဟားမားစ်နှင့် အစ္စရေးတို့အကြား ငါးနာရီကြာ အပစ်အခတ်ရပ်စဲ

ဂါဇာ ဇူလိုင် ၁၇

ဂါဇာ၌ အစ္စရေးနှင့်ပါလက်စတိုင်း စစ်သွေးကြွအုပ်စု ဟားမားစ်တို့အကြား ငါးနာရီကြာ အပစ်အခတ်ရပ်စဲမှုကို တိုက်ခိုက်မှုဖြစ်ပွားပြီး ကိုးရက်အကြာတွင် စတင်ခဲ့သည်။

အဆိုပါအပစ်အခတ်ရပ်စဲမှုကို ဒေသစံတော်ချိန် ၁၀ နာရီတွင် စတင်ခဲ့သည့်အချိန်အထိ တိုက်ခိုက်မှုများ ဖြစ်ပွားနေဆဲဖြစ်ကြောင်း သတင်းထောက်များက ပြောသည်။ အစ္စရေးတို့၏ တိုက်ခိုက်မှုကြောင့် ပါလက်စတိုင်း ၂၂၇ ဦးသေဆုံးခဲ့ရပြီး ဟားမားစ်တို့ ဒုံးကျည်ဖြင့် တိုက်ခိုက်မှုကြောင့် အစ္စရေးတစ်ဦးသေဆုံးခဲ့ကြောင်း ဂါဇာတာဝန်ရှိသူများက ပြောသည်။

ပါလက်စတိုင်းတို့၏ အစ္စရေးအပေါ် ဒုံးကျည်ဖြင့် တိုက်ခိုက်မှုကို ရပ်တန့်ရန်ရည်ရွယ်ချက်ဖြင့် အစ္စရေးအစိုးရက ၎င်းတို့၏ စစ်ဆင်ရေးကို ဇူလိုင် ၈ ရက်က စတင်ခဲ့သည်။ ဂါဇာကမ်းမြောင်ဒေသ၌ သေဆုံးသူအများစုသည် အရပ်သားများဖြစ်သည်ဟု ကုလသမဂ္ဂက ပြောကြားခဲ့သည်။ အရပ်သားနေအိမ်များအတွင်း ဟားမားစ်တို့၏ ကာကွယ်ရေးအဆောက်အအုံများထားရှိသည်ဟု အစ္စရေးတို့က စွပ်စွဲခဲ့သည်။ ကုလသမဂ္ဂနှင့်အခြားသောအပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများ၏ ကြားဝင်စေ့စပ်မှုကြောင့် အဆိုပါ အပစ်အခတ်ရပ်စဲမှုသည် ဒေသစံတော်ချိန် ၁၀ နာရီမှ ၃ နာရီအထိ ငါးနာရီ ကြာမြင့်ခဲ့သည်။

အပစ်အခတ်ရပ်စဲမှုကာလအတွင်း တိုက်ခိုက်မှုများပြုလုပ်ပါက ၎င်းတို့ဘက်မှလည်း ပြန်လည်တိုက်ခိုက်မှု ပြုလုပ်မည်ဖြစ်ကြောင်း အစ္စရေးလုံခြုံရေးထိပ်တန်းအရာရှိက ဘီဘီစီသို့ ပြောသည်။ **(ဘီဘီစီ)**

တောင်ကိုရီးယားရဟတ်ယာဉ်ပျက်ကျမှု ငါးဦးသေ၊ တစ်ဦးဒဏ်ရာရ

ဆိုးလ် ဇူလိုင် ၁၇

တောင်ကိုရီးယား ရဟတ်ယာဉ်တစ်စင်း နိုင်ငံ၏ တောင်ဘက်ပိုင်းမြို့၌ ပျက်ကျခဲ့ရာ ငါးဦးသေဆုံးခဲ့ပြီး တစ်ဦး ဒဏ်ရာရရှိခဲ့ကြောင်း YTN နှင့် Yonha သတင်းအေဂျင်စီက ဖော်ပြခဲ့သည်။

မီးသတ်ဌာနအရာရှိများ၏ ပြောကြားချက်အရ တောင်ကိုရီးယား မီးသတ်ရဟတ်ယာဉ်သည် ဆိုးလ်မြို့တောင်ဘက် ကီလိုမီတာ ၃၃၀ အကွာ Gwangju မြို့လယ်သို့ ဒေသစံတော်ချိန် ၁၀ နာရီ ၅၃ မိနစ်ခန့်က ပျက်ကျခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ အဆိုပါမြို့လယ်၌ တစ်ခန်းတွဲတိုက်ခန်းများနှင့် စီးပွားရေးဆိုင်ရာ အဆောက်အအုံများဖြင့် ပြွတ်သိပ်ကျပ်လျက်ရှိသည်။

၎င်းရဟတ်ယာဉ်ပျက်ကျမှု၌ လေယာဉ်မှူးနှစ်ဦး၊ အင်ဂျင်နီယာတစ်ဦးနှင့် ကယ်ဆယ်ရေးဝန်ထမ်းနှစ်ဦး သေဆုံးခဲ့သည်။ ကျောင်းသူတစ်ဦး ကားစောင့်နေသော ဘတ်စ်ကားမှတ်တိုင်အနီးပျက်ကျခဲ့ရာ ၎င်းကျောင်းသူ ဒဏ်ရာအနည်းငယ်ရရှိခဲ့ပြီး အနီးရှိဆေးရုံ၌ဆေးကုသမှုခံယူနေရကြောင်း သိရသည်။

ရဟတ်ယာဉ်သည် မပျက်ကျမီ မီးလောင်နေပြီး အနည်းငယ်သောအမြင့်၌ အဆက်မပြတ်လည်နေခဲ့ကြောင်း၊ လမ်းမကြီး၏ညာဘက်ခြမ်းစကြံပေါ်သို့ ကျခဲ့ခြင်းဖြစ်ကြောင်း မျက်မြင်သက်သေများက ပြောသည်။

အခင်းဖြစ်နေရာနှင့် ၁၀ မီတာပတ်လည်၌ စာသင်ကျောင်းတစ်ကျောင်း၊ တိုက်ခန်းတွဲများ၊ မိသားစုလုံးချင်းအိမ်များရှိခဲ့ရာ များစွာသောပျက်စီးဆုံးရှုံးမှုကို ဖြစ်ပေါ်စေသည်။ ရဟတ်ယာဉ်သည် ဆိုးရွားသောရာသီဥတုကြောင့် ပျက်ကျခဲ့ရခြင်းဖြစ်နိုင်သည်ဟု ခန့်မှန်းကြပြီး ခိုင်လုံသောအကြောင်းရင်းကို သိရှိရန် စုံစမ်းစစ်ဆေးမှု ပြုလုပ်လျက်ရှိသည်။

အဆိုပါ ရဟတ်ယာဉ်သည် အရှေ့ Gangwon ပြည်နယ် မီးသတ်ဌာနမှဖြစ်ပြီး ဧပြီ ၁၆ ရက်က ဖြစ်ပွားခဲ့သော ကူးတို့ယာဉ်နစ်မြုပ်မှုကြောင့် ပျောက်ဆုံးသွားသူများ ရှာဖွေရေးလုပ်ငန်းမှ ပြန်လာစဉ် ပျက်ကျခဲ့ခြင်းဖြစ်သည်။ **(ဆင်ဟွာ)**

ပြည်တွင်းသတင်း

လျှပ်စစ်မီးအချိန်ပြည့် ရရှိရေးအတွက် ထားဝယ်တက္ကသိုလ်တွင် ဖြည့်ဆည်းပေး

ထားဝယ် ဇူလိုင် ၁၇

ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဒေါ်ခင်စန်းရီက ဆရာ ဆရာမများ နေထိုင်သွားလာရေး အဆင်ပြေစိတ်ချမ်းသာမှ သင်ကြားရေးတွင် ပိုမို၍ ထိထိရောက်ရောက် သင်ကြားကာ ပညာရေးမြှင့်တင်မှုကို အောင်မြင်စွာ အကောင်အထည်ဖော်နိုင်မည်ဖြစ်ကြောင်း လမ်းညွှန်ချက် နှင့် အညီ မြိတ်တက္ကသိုလ်နည်းတူ ထားဝယ်တက္ကသိုလ်တွင် ဆရာ ဆရာမများလိုလားတောင့်တလျက်ရှိသော လျှပ်စစ်မီး အချိန်ပြည့်ရရှိရေးအတွက် ထားဝယ်တက္ကသိုလ်မှ စီစဉ်ဖြည့်ဆည်းပေးပြီးဖြစ်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

မန္တလေးမြို့ဖြစ်စဉ်နှင့်ပတ်သက်၍ ၄၂ ဦး ဖမ်းဆီးအရေးယူ

မန္တလေး ဇူလိုင် ၁၇

မန္တလေးမြို့၌ ဇူလိုင် ၁ ရက်၊ ၂ ရက်နှင့် ၄ ရက်နေ့များတွင် ဖြစ်ပွားခဲ့သော ဖြစ်စဉ်များနှင့်ပတ်သက်၍ ပြစ်မှုကျူးလွန်သူများကို မန္တလေးတိုင်းဒေသကြီး ရဲတပ်ဖွဲ့က စစ်ဆေးဖော်ထုတ် ဖမ်းဆီးလျက်ရှိသည်။

ဇူလိုင် ၁၆ ရက်အထိ စစ်ဆေးဖော်ထုတ်ချက်အရ လူသတ်မှုဖြင့် မသင်္ကာသူခြောက်ဦး၊ မီးရှို့ဖျက်ဆီးမှုဖြင့် မသင်္ကာသူ ၁၂ ဦး၊ နာကျင်စေမှုဖြင့် မသင်္ကာသူရှစ်ဦး၊ ဆူပူလှုံ့ဆော်မှုဖြင့် ၁၁ ဦး၊ ရဲအက်ဥပဒေအရ တရားခံသုံးဦး၊ လက်နက်မှုဖြင့် တရားခံနှစ်ဦး စုစုပေါင်း ၄၂ ဦးကို ဖမ်းဆီးအရေးယူ၍ ဥပဒေနှင့်အညီ စစ်ဆေးဖော်ထုတ်လျက်ရှိကြောင်း သိရပြီး ကျန်တရားခံများကို အမြန်ဆုံးဖမ်းဆီးရမိရေး စစ်ဆေးဖော်ထုတ်လျက်ရှိကြောင်း သိရသည်။ **(သတင်းစဉ်)**

ကုလသမဂ္ဂ၏ မြန်မာနိုင်ငံလူ့အခွင့်အရေးအခြေအနေဆိုင်ရာ အထူးအစီရင်ခံစာတင်သွင်းသူ မစ္စရန်ဟီလီ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်နှင့်တွေ့ဆုံ၊ အင်းစိန်ဗဟိုအကျဉ်းထောင်ကြည့်ရှုလေ့လာ

ရန်ကုန် ဇူလိုင် ၁၇

ရန်ကုန်မြို့၌ ရောက်ရှိနေသော ကုလသမဂ္ဂ၏ မြန်မာနိုင်ငံလူ့အခွင့်အရေးအခြေအနေဆိုင်ရာ အထူးအစီရင်ခံစာတင်သွင်းသူ မစ္စရန်ဟီလီနှင့်အဖွဲ့ဝင်များသည် ယနေ့နံနက် ၈ နာရီ ၁၅ မိနစ်တွင် ရန်ကုန်မြို့တော်ခန်းမ အစည်းအဝေးခန်းမ၌ ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့နာယက ဦးလှမောင်၊ ဥက္ကဋ္ဌ ဦးစိန်ဝင်းအောင်တို့ ဦးဆောင်သည့်အဖွဲ့နှင့်တွေ့ဆုံသည်။

ယင်းသို့တွေ့ဆုံရာတွင် ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့နာယက ဦးလှမောင်၊ ဥက္ကဋ္ဌဦးစိန်ဝင်းအောင်နှင့်အဖွဲ့ဝင် ဦးအောင်နိုင်တို့က မြန်မာနိုင်ငံသည် မိမိတို့ ယုံကြည်ရာဘာသာကို လွတ်လပ်စွာ ကိုးကွယ်ခွင့်ရှိသော နိုင်ငံဖြစ်ကြောင်း၊ ဖြစ်ပေါ်ခဲ့သည့်ပဋိပက္ခများကိုလည်း ဘာသာပေါင်းစုံအတူ လက်တွဲ ဖြေရှင်းလျက်ရှိကြောင်း ရှင်းလင်းပြောကြားပြီး မစ္စရန်ဟီလီက မြန်မာနိုင်ငံအတွင်း၌ ဖြစ်ပေါ်လျက်ရှိသည့် ပဋိပက္ခမျိုး ကမ္ဘာတစ်ဝန်း၌လည်းဖြစ်ပေါ်လျက်ရှိကြောင်း၊ မြန်မာနိုင်ငံ၌ ပဋိပက္ခများအတူလက်တွဲ ဖြေရှင်းနေသည်ကိုလည်း ကြားသိခဲ့ရပြီးဖြစ်ကြောင်းဖြင့် ပြန်လည်ပြောကြားသည်။

ကုလသမဂ္ဂ၏ မြန်မာနိုင်ငံလူ့အခွင့်အရေးအခြေအနေဆိုင်ရာ အထူးအစီရင်ခံစာတင်သွင်းသူ မစ္စရန်ဟီလီ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ဥက္ကဋ္ဌဦးဝင်းမြနှင့် ကော်မရှင်အဖွဲ့ဝင်များအားတွေ့ဆုံစဉ်။ (သတင်းစဉ်)

ထို့မှတစ်ဆင့် မစ္စရန်ဟီလီနှင့်အဖွဲ့ဝင်များသည် မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ရုံးသို့ သွားရောက်ကြပြီး ကော်မရှင်ဥက္ကဋ္ဌ ဦးဝင်းမြနှင့် ကော်မရှင် အဖွဲ့ဝင်များနှင့်တွေ့ဆုံရာ ကော်မရှင်ဥက္ကဋ္ဌက ကော်မရှင်ဖွဲ့စည်းမှုနှင့် ကော်မရှင်က ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းစဉ်များကို ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် မစ္စရန်ဟီလီနှင့်အဖွဲ့ဝင်များသည် အင်းစိန် ဗဟိုအကျဉ်းထောင်သို့ရောက်ရှိရာ အကျဉ်းဦးစီးဌာန ရန်ကုန်တိုင်းဒေသကြီး ညွှန်ကြားရေးမှူး ဦးမောင်မောင်အေးနှင့် ထောင်မှူးကြီး ဦးကျော်ငွေးတို့က အင်းစိန်ဗဟိုအကျဉ်းထောင်ရောက် အကျဉ်းသား အကျဉ်းသူများအပေါ် ပြုမူဆက်ဆံမှုနှင့် အခြားဆောင်ရွက်မှုအခြေအနေများနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ယင်းနောက် မစ္စရန်ဟီလီနှင့်အဖွဲ့ဝင်များသည် အင်းစိန်ဗဟိုအကျဉ်းထောင်အတွင်း လှည့်လည်ကြည့်ရှုလေ့လာကြပြီး အကျဉ်းသားခြောက်ဦးနှင့် အကျဉ်းထောင် ဧည့်ခန်းမ၌ သီးခြားစီလွတ်လပ်ပွင့်လင်းစွာတွေ့ဆုံခဲ့သည်။ **(သတင်းစဉ်)**

သံအရာရှိနှင့် MAT အဖွဲ့တို့ ပူးပေါင်းဆောင်ရွက်ပေးမှုဖြင့် အသတ်ခံရသည့် မြန်မာအလုပ်သမားအလောင်းသင်္ဂြိုဟ်ခွင့်ရပြီ

ဗန်ကောက် ဇူလိုင် ၁၇

ထိုင်းနိုင်ငံတွင် မြန်မာအချင်းချင်း လုယက် သတ်ဖြတ်ခံထားရသည့် မြန်မာ သေဆုံးအလောင်းတစ်လောင်းကို မြန်မာအလုပ်သမားသံအရာရှိနှင့် MAT အဖွဲ့တို့ ပူးပေါင်းဆောင်ရွက်ပေးမှုဖြင့် ဇူလိုင် ၁၆ ရက် ညနေပိုင်းတွင် မိသားစုများက ကောင်းမွန်စွာ သင်္ဂြိုဟ်ခွင့်ရရှိသွားပြီဖြစ်ကြောင်း ထိုင်းနိုင်ငံရောက် မြန်မာနိုင်ငံသားများအဖွဲ့ (Myanmar Association Thailand)က ဆက်သွယ်ပြောကြားသည်။

ဖြစ်စဉ်မှာ ပြီးခဲ့သော ဇွန်လကုန်ပိုင်းက သေဆုံးသူ၏ နေအိမ်မှ ရွှေသုံးကျပ်သား ပျောက်ဆုံးခဲ့ခြင်းဖြစ်ပြီး ထိုင်းနိုင်ငံ နကပထုန်နယ်မြေ အုန်းယိုင် မော်စီလမ်းအနီးတွင် ခင်ပွန်းဖြစ်သူ သတ်ဖြတ်ခံရခြင်းဖြစ်ကြောင်းဖြင့် ၎င်း၏ဇနီးဖြစ်သူက ပြောခဲ့သည်။ သေဆုံးသူ မောင်ခိုင်မင်း (၂၆နှစ်) သည် တနင်္သာရီတိုင်း လောင်းလုံးမြို့နယ်မှ ဖြစ်ကြောင်း သိရသည်။

အဆိုပါ သေဆုံးသူ၏ဇနီးက "ဇွန် ၂၂ ရက် ဒေသစံတော်ချိန် ည ၈ နာရီလောက်မှာ သော်သော်ဆိုသူက ကျွန်မအမျိုးသားက သော့ယူခိုင်းတယ်ဆိုပြီး လာတောင်းလို့ပေးလိုက်တယ်။ အဲဒီကတည်းက ကျွန်မအမျိုးသားကို ဆက်သွယ်မရတော့ဘူး။ ၂၆ ရက်မှာ ရွှေသုံးကျပ်သားပါ ထပ်ပျောက်သွားတယ်။ ဇူလိုင် ၁ ရက်မှာ သော်သော်က အချွန်ဆိုသူကို ရွှေတစ်ကျပ်ခွဲသား ရောင်းခိုင်းတယ်။ အဲဒါကို ကျွန်မတို့ သံသယဖြစ်တဲ့အတွက် ခေါ်မေးတော့ ညနေပိုင်းမှာ အမိုင်း၊ သော်သော်နဲ့ အစိုင်းဆိုသူတို့ သုံးဦးက မောင်ခိုင်မင်းကို ဓားနဲ့ထိုး၊ မီးပူနဲ့ဟပ်ကြတယ်၊ ခုသူတို့ကို ရဲစခန်းမှာ ဖမ်းထားပါပြီ၊ အမှုအခြေအနေတော့ ဘယ်လိုဖြစ်လာမယ် မသိရသေးဘူး" ဟု ပြောခဲ့သည်။

လူသတ်မှုတွင် ပါဝင်ပတ်သက်သူဟု ယူဆရသူတစ်ဦးကို ရွှေရောင်းချရာ နေရာက ခြေရာခံမိကြောင်း၊ သေဆုံးအလောင်းကို နှစ်ပတ်နီးပါးကြာမှ တွေ့ရှိခဲ့ရသဖြင့် ရုပ်ပျက်ဆင်းပျက် ဖြစ်နေပြီဖြစ်ကြောင်း၊ အလောင်းအနီးတွင် သေဆုံးသူ၏ ဖိနပ်၊ လက်ပတ်စသည်များကို ရဲစခန်းတွင် တင်ပြခဲ့ကြကြောင်းဖြင့် MAT အဖွဲ့က ပြောခဲ့သည်။

ဗန်ကောက်မြို့အခြေစိုက် ထိုင်းနိုင်ငံရောက် မြန်မာနိုင်ငံသားများအဖွဲ့ MAT ဒါရိုက်တာ ဦးကျော်သောင်းက "သေမှုသေခင်းကိစ္စ၊ နိုင်ငံသားကိစ္စ၊ လူသတ်မှုကိစ္စတွေက အမှုကြီးဆိုတော့ သံရုံးလုပ်ကိုင်ခွင့်ပါ၊ ဒါကြောင့် သံအမတ်ကြီးကို အကူအညီတောင်းတယ်၊ အလုပ်သမားသံအရာရှိ ဦးသိန်းနိုင်နဲ့ ကျွန်တော်တို့က နကပထုန်နယ်မြေ ရဲစခန်းကိုသွားပြီး သေဆုံးအလောင်းကို ရအောင်တောင်းပြီး ကူညီပေးလိုက်ကြတာပါ။ အချိန်ကြာနေတာက တစ်ပိုင်း၊ လူသတ်မှုလည်းဖြစ်နေပြန်၊ အလောင်းကလည်း ပျက်စီးနေပြီဆိုတော့ အလောင်းပြန်ရဖို့ တော်တော်ပြောယူရပါတယ်။ ကျွန်တော်တို့ သာမန်အလုပ်သမားအဖွဲ့ကပြောလို့ မရနိုင်ပါဘူး။ မြန်မာသံရုံးက လိုက်လံကူညီပေးတာကို အထူးကျေးဇူးတင်ပါတယ်" ဟုပြောခဲ့သည်။

စိုးဝင်း(SP)

ရေဦးမြို့တွင် စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးအရေးယူ

ရေဦး ဇူလိုင် ၁၇

ရွှေဘိုခရိုင် ရဲတပ်ဖွဲ့မှူး၏ ညွှန်ကြားချက်အရ ရေဦးမြို့မရဲစခန်းမှ ခေတ္တရဲစခန်းမှူး ရဲအုပ်ကျော်ဝင်းနှင့် တပ်ဖွဲ့ဝင်များပူးပေါင်းပြီး သက်သေများနှင့်အတူ ရေဦးမြို့ အောင်ချမ်းသာရပ်ရှိ ဝင်းနားစားသောက်ဆိုင်တွင် သတင်းအရ စောင့်ဆိုင်းနေစဉ် ဇူလိုင် ၁၅ ရက် ည ၉ နာရီ ၁၅ မိနစ်ခန့်က မသင်္ကာသူ ဝင်းဘိုနှင့် သိန်းဝင်းတို့သည် စားသောက်ဆိုင်အတွင်း ဝင်ရောက်လာ၍ ၎င်းတို့ ကိုယ်တွင်ရှာဖွေစစ်ဆေးရာ ပလတ် စတစ်အိတ်ဖြင့် ထုပ်ပိုးထားသော အိတ်အတွင်းမှ ကမ္ဘာလုံးတံဆိပ်နှင့်ရွက်လှေ တံဆိပ်ပါ အပြာရောင် ပလတ်စတစ်ကပ်ခွာအိတ်နှစ်အိတ်တွင် ပထမအိတ်အတွင်းမှ WY စာတန်းပါ ပန်းရောင်စိတ်ကြွရူးသွပ်ဆေးပြား ၁၇၃ပြားနှင့် ဒုတိယအိတ်အတွင်းမှ WY စာတန်းပါ ပန်းရောင်စိတ်ကြွရူးသွပ်ဆေးပြား ၁၉၃ ပြား၊ စုစုပေါင်း ၃၆၆ ပြား အလေးချိန် ၃၆ဒသမ ၆ဂရမ်၊ ကာလတန်ဖိုး ငွေကျပ်၁၈၉၈၀၀၀ နှင့် ငွေစက္ကူရောရာ ငွေကျပ်သိန်း ၁၁၀၄၀၂၀၀ နှင့် Nokia လက်ကိုင်ဖုန်းတစ်လုံး HUAWEI G 610 လက်ကိုင်ဖုန်း တစ်လုံး စုစုပေါင်း ဖုန်းနှစ်လုံး၊ Vevebo တံဆိပ် ၁၂၅ ဆိုင်ကယ် အဖြူကျား ၁၅ယ/... တစ်စီးတို့ကို သိမ်းဆည်းရမိခဲ့သည်။

အဆိုပါဖြစ်စဉ်နှင့်ပတ်သက်၍ ရေဦးရဲစခန်း ရဲအုပ်အောင်ဇော်ထွန်းက ခရိုင်မူခင်းနှိမ်နင်းရေးဌာန ရွှေဘိုမြို့ရေဦးရဲစခန်းတွင် တရားလိုပြုလုပ်တိုင်တန်း အမှုဖွင့်လှစ်ထားပြီးနောက် အဆိုပါအမှုမှ ဖမ်းဆီးထားသော ဝင်းဘို(၄၄ နှစ်) ခွန်တောင်ကျေးရွာ ဒီပဲယင်းမြို့နယ်နှင့် သိန်းဝင်း (၄၀ နှစ်) အိုင်ပေါက်ကျေးရွာ ခင်ဦးမြို့နယ်နေသူတို့ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **(၀၃၄)**

ညောင်လမ်းဆုံ ဂျက်ဗရီ
မာအုပ် + အနီးကပ်မာစဉ်များ
K.35000 - 21.07.2014
09731293358, 0931693030
0931860260, 0930010056

iStock® ကုန်ပစ္စည်းထိန်းကွပ်မှုဆော့ဖ်ဝဲ
Galaxy Software Services Co., Ltd
Contact Us ...
YGN 09-73138079, 09-254151516
09-43064181
MDY 09-31406813, 09-91050973
Website : www.galaxy.com.mm

ရွှေဘုန်းပြည့် Travels & Tours
ဗုဒ္ဓဂယာ (၇/၈)ခရီးစဉ် ၇.၅ သိန်း
ဗုဒ္ဓဂယာ (၁၄/၁၅)ခရီးစဉ် ၉.၅ သိန်း
သီရိလင်္ကာစွယ်တော် 1250$
သီရိလင်္ကာစွယ်တော်+ဘန်ကောက် 1400$
No(38), ရန်ကုန်မြို့နယ်။
01-566101, 09-30043101, 09-30043202, 09-2011313,

ပျောက်ဆုံးခြင်း
ကျွန်တော်မောင်ကျော်စိန် ၁၃/လလန(နိုင်)၀၄၆၃၉၄၏ ပတ်စ်ပို့နံပါတ် (မမှတ်မိ) သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။
မောင်ကျော်စိန် ဖုန်း-၀၉-၄၉၃၃၀၅၉၁

အမည်ပြောင်း
ကရင်ပြည်နယ်၊ ဘားအံမြို့၊ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း၊ တက္ကသိုလ်ဝင်တန်း(F)တွင် ပညာသင်ကြားနေသော ဦးအောင်ကျော်သိန်း၏သား မောင်ကောင်းဆက်အောင်အား မောင်လင်းဆက်သူဟု ပြောင်းလဲခေါ်ဆိုပါရန်။
မောင်လင်းဆက်သူ

ရောင်းမည်/ပွဲစားမလို
၁။ အင်းစိန်မြို့နယ်၊အောင်သပြေလမ်း၊ ပေ (၈၀×၉၀) (မြေပိုင်မြေ လ/န ၃၉)ရပြီး
၂။ ပြင်ဦးလွင်မြို့၊ V.I.P ရပ်ကွက်၊ ကန်တော်ကြီးဘေး (အိမ်-ရေ၊ မီးအစုံ) နန္ဒလမ်းသွယ်၊ ပေ(၆၀×၈၀) **ရုံးချိန်အတွင်း ဖုန်း-၀၉-၅၁၄၀၉၀၁**

အမည်ပြောင်း
ဦးကျော်လင်း၏သမီး မရှုးမြတ်နိုး ၁၂/စခန(နိုင်)၀၇၅၉၈၂အား မဇင်မင်းလတ်ဟု ပြောင်းလဲခေါ်ဆိုပါရန်။

ဆောင်းပါး

ပညာရဲရင့်ပွဲလယ်တင့် ကျောင်းနေပျော်၍စာတော်စေ

စန်းနီလာဝင်း

ပညာ နရာနံ ရတနံ-ပညာသည် လူသားအားလုံး၏ရတနာစစ် ရတနာမှန်ဖြစ်သည်။ ပညာ သမာ အာဘာ နတ္ထိ-ပညာနှင့်တူသောအလင်းရောင်သည်မရှိဟု မြတ်ဗုဒ္ဓက ပညာ၏အသုံးဝင်တန်ဖိုးကိုဟောဖော်ညွှန်းပြတော်မူခဲ့သည်။ ပညာရေးဟူသောဝေါဟာရကို အကျဉ်းသင်္ခေပနည်းဖြင့်အဓိပ္ပာယ်ဖွင့်ဆိုပါလျှင် လူငယ်လူရွယ်တို့အား လူကြီးများ၏နေရာတွင်ဆက်ခံနိုင်စေရန် လူမှုပတ်ဝန်းကျင်နှင့်လိုအပ်သလို ညှိယူပြီး လူ့ဘောင်အဖွဲ့အစည်းတွင် တိကျစွာပါဝင်ဆောင်ရွက်နိုင်သူများဖြစ်လာစေရန် လူကြီးမိဘဆရာသမားများက လေ့ကျင့်သင်ကြားပြုစုပျိုးထောင်ပေးခြင်းဟူ၍ အဓိပ္ပာယ်ရရှိသည်။

"သူမြတ်ပဏ္ဍိ၊ ပညာရှိနှင့်
မညှိမဆ၊ ပြုသမျှကား
မလှစီးပွား၊ ရေနစ်ဆားသို့
ပျက်ပြားတတ်စွာ၊ မချမ်းသာဘူး
သိမ်မွေ့နက်နဲ၊ ခက်ခဲရေးရာ
ရောက်သောခါ၌၊ ပညာရှိအား
လိုလားကြ၏။
ရန်သူတွေ့ဆဲ၊ စစ်မြေပွဲဝယ်
ရဲရင့်သူကို၊ အလွန်လို၏
ငြိုငြင်ရေးရာ၊ တွေ့သောခါ၌
ပညာကဝိ၊ အလိုရှိ၏၊
သိမ်မွေ့နက်နဲ၊ ခက်ခဲရေးရာ
ရောက်သောခါဝယ်၊ ပညာရှိအား
လိုကြငြား၏" ကျေးဇူးရှင်ကဝိအကျော်အမော်လယ်တီဆရာတော်ကြီးက ပညာ၏အသုံးဝင်တန်ဖိုးကိုဖော်ပြပါအတိုင်း မဃဒေဝလင်္ကာကျမ်းကြီးတွင် ဖွဲ့ဆိုထားသည်ကို တွေ့ရသည်။

ယနေ့ (၂၁) ရာစု၏စီးပွားရေးသည် "ပညာအခြေပြုစီးပွားရေး" (Knowledge Base Economy) ပင်ဖြစ်သည်။ ကုလသမဂ္ဂ၏ ထောင်စုနှစ်ရည်မှန်းချက်တစ်ခုဖြစ်သော "အားလုံးအတွက်ပညာရေး (Education for All) မူဝါဒနှင့်အတူ ပညာ၏အသုံးဝင်တန်ဖိုးကို အနှစ်ချုပ်ဖော်ပြရာ၌" ပညာရေးသည်ဆင်းရဲမွဲတေမှု (Poverty) ကို တိုက်ဖျက်ရာတွင်ထိရောက်သောလက်နက်တစ်ခုဖြစ်ပြီး ပြည်သူလူထု၏ဘဝရှင်သန်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခွင့်အလမ်းကောင်းကိုပေးပြီး ဘဝကိုကယ်တင်စောင့်ရှောက်နိုင်သောအရာဖြစ်သည်။ (Education is an effective weapon to Fight Poverty. It saves lives and gives people to chance to improve their lives) ဟု ဖွင့်ဆိုထားသည်ကိုလည်း တွေ့ရသည်။

ပညာဖွံ့ဖြိုးမှု စီးပွားရေး၊ လူမှုရေးတိုးတက်လာမည့် ခေတ်ဖြစ်သောကြောင့် ကမ္ဘာ့နိုင်ငံအသီးသီးသည် ပညာဖွံ့ဖြိုးမှုဖြင့် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်မှုများ (Human Resource Development) ဖြစ်ပေါ်လာရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြသည်။ လွန်ခဲ့သည့် (၂၀) ရာစုခေတ်က နိုင်ငံတစ်နိုင်ငံနှင့်တစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်မှုအခြေအနေကို နှိုင်းယှဉ်တိုင်းတာလေ့လာကြည့်မည်ဆိုပါက ကုန်သွယ်မှုရှင်းတမ်း (Balance of Trade) ငွေပေးငွေယူရှင်းတမ်း (Balance of Payment)တို့ဖြင့် နှိုင်းယှဉ်ကြည့်ခဲ့ကြသည်။ ယနေ့မျက်မှောက်ကာလတွင်မူ နိုင်ငံတကာပညာရည်နှိုင်းယှဉ်မှု (Inernational Balance of Knowledge) တို့ဖြင့် တိုင်းတာသည့် ပညာခေတ် (Age of Knowledge) ဖြစ်လာသည်ကို မြင်တွေ့ကြရမည်ဖြစ်သည်။

နိုင်ငံတစ်နိုင်ငံ၏ဖွံ့ဖြိုးမှုအနေအထားတိုးတက်မှုပုံရိပ်များကို ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့အစည်းကြီးက "လူ့အရင်းအမြစ်ဖွံ့ဖြိုးတိုးတက်မှုဆန္ဒနှုန်းကိန်း (HDI=Human Development Index) ဖြင့်ချိန်ထိုးတိုင်းတာပါသည်။ "လူ့အရင်းအမြစ်ဖွံ့ဖြိုးတိုးတက်မှုဆန္ဒနှုန်းကိန်း" ဆိုသည်မှာ အဘယ်အရာပါနည်း၊ လူ့အရင်းအမြစ်ဖွံ့ဖြိုးတိုးတက်မှုဆန္ဒနှုန်းကိန်းတွင်-

(၁) သက်ဆိုင်ရာနိုင်ငံရှိ နိုင်ငံသားတိုင်း၏ မျှော်မှန်းသက်တမ်း (Expectancy of Life a Birth)
(၂) သက်ကြီးစာတတ်မြောက်မှုအချိုးအစား (Adult Literacy Ratio)
(၃) မူလတန်း၊ အလယ်တန်း၊ အထက်တန်းပညာသင်ကြားမှုအချိုးအစား (Combined First, second and third level school enrolement ratio) နှင့်
(၄) ဝင်ငွေ (Income) တို့ပါဝင်ကြသည်။

မြန်မာ့ပညာရေးဖွံ့ဖြိုးမှုကြိုးပမ်းမှုလုပ်ငန်းစဉ်တွင် ယခုနှစ်ပညာသင်နှစ်မှစ၍ မူလတန်းသာမက အလယ်တန်းအဆင့်ပါ အခမဲ့ပညာရေးစနစ်စတင်အကောင်အထည်ဖော်လာနိုင်ပြီဖြစ်၍ အတိုင်းမသိပီတိဖြစ်ရပါသည်။ ကုလသမဂ္ဂ၏ ထောင်စုနှစ်ရည်မှန်းချက်များတွင် လာမည့် "၂၀၁၅ ခုနှစ်ကိုနောက်ဆုံးထားရှိ၍ ကမ္ဘာ့နိုင်ငံအသီးသီးရှိကလေးသူငယ်အားလုံး အခြေခံမူလတန်းပညာကို သင်ယူတတ်မြောက်ထားပြီးဖြစ်စေရန်" (Ensuring universal primary education for boys and girls by 2015) ဟူသောရည်မှန်းချက်တစ်ရပ်ပါရှိသည်ကို တွေ့ရသည်။

ယနေ့မျက်မှောက်ကာလတွင် ကမ္ဘာ့ဒေသအလိုက် ပညာရေးအသုံးစရိတ် ထပ်မံလိုအပ်မှုတန်ဖိုးငွေပမာဏကိုလေ့လာကြည့်ကြပါစို့၊

(၁) ဆာဟာရနှင့်အာဖရိကဒေသ အမေရိကန်ဒေါ်လာ ၁ ဒသမ ၉ ဘီလီယံ
(၂) တောင်အာရှဒေသ အမေရိကန်ဒေါ်လာ ၁ ဒသမ ၆ ဘီလီယံ
(၃) အရှေ့အလယ်ပိုင်းဒေသနှင့် မြောက်အာဖရိကဒေသ အမေရိကန်ဒေါ်လာ ၁ ဒသမ ၆ ဘီလီယံ
(၄) အရှေ့အာရှနှင့် ပစိဖိတ်ဒေသ ၀ ဒသမ ၇ ဘီလီယံ
(၅) လက်တင်အမေရိကဒေသနှင့် ကရစ်ဘီယံဒေသ ၁ ဒသမ ၁ ဘီလီယံ
(၆) ဥရောပဒေသနှင့် အမေရိကဒေသ ၇ ဘီလီယံ

ယနေ့လက်ရှိ ကမ္ဘာ့ပညာရေးနှစ်စဉ်အသုံးစရိတ်မှာ အမေရိကန်ဒေါ်လာ ၈၀ ဘီလီယံရှိနေသည်ဟု သိရသည်။ ထိုကုလသမဂ္ဂယူနီဆက်အဖွဲ့ကြီး၏ အစီရင်ခံစာမှာပင် ယနေ့ ကမ္ဘာတစ်ဝန်းတွင် မူလတန်းအခြေခံပညာကိုပင် မသင်ကြားနိုင်ကြသည့် ကလေးဦးရေမှာ သန်း၁၁၀ရှိနေပြီး ထိုအရေအတွက်ထဲမှ မိန်းကလေးဦးရေသန်း ၁၀၀ မှာ မူလတန်းပညာကိုပင် မသင်ကြားနိုင်သည်ကို ဝမ်းနည်းဖွယ်တွေ့ရှိရသည်။ ပညာရေး၌ ရင်းနှီးမြှုပ်နှံခြင်းသည် တိုင်းပြည်၏ ပစ္စုပ္ပန်ရောအနာဂတ်ပါ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အထိရောက်ဆုံးသော ရင်းနှီးမြှုပ်နှံခြင်းဖြစ်သည်။

ပညာရဲရင့်ပွဲလယ်တင့်စေရန် ကျောင်းနေပျော်၍ စာတော်ရန်လိုအပ်ပါ၏။ တစ်ချိန်ကကျောင်းကောင်စီ၏ ဆောင်ပုဒ်ဖြစ်သည့် **"မိမိကိုယ်ကို ကောင်းအောင်ကြိုးစားမည်၊ မိမိအတန်းကို ကောင်းအောင်ကြိုးစားမည်၊ မိမိကျောင်းကို ကောင်းအောင်ကြိုးစားမည်၊ မိမိတိုင်းပြည်ကို ကောင်းအောင်ကြိုးစားမည်"** ဟူသော ကတိသစ္စာ (၄) ချက်သည် လူတော်လူကောင်းဖြစ်ရန် ကိုယ်ကျင့်တရားကို အခြေခံဖော်ဆောင်ထားသည်ကို တွေ့ရှိရသည်။

လောက၌ လူတော်တွေကောင်းဖို့လိုသည်။ ထို့အတူ လူကောင်းတွေလည်း တော်ဖို့လိုသည်။ လူကောင်းတွေမတော်ပါက လူ့လောကဖွံ့ဖြိုးမှုနှောင့်နှေးနေလိမ့်မည်။ လူတော်တွေမကောင်းပါက လူ့လောကကြီး ယိုယွင်းပျက်စီးဖို့သာရှိတော့သည်။

ပညာသည်ကုသိုလ်အလုပ်သာဖြစ်ပြီး အကုသိုလ်အလုပ်လုံးဝမဟုတ်ပါ။ အကုသိုလ်ကင်းလွတ်မှသာ ပညာဟုခေါ်ဆိုနိုင်သည်။ ထို့ကြောင့် အဋ္ဌကထာကျမ်းတွင် "ယံပရူပရောရေဟိတံ အကုသလဝတ္ထိတံ=တစ်ပါးသူကို ညှဉ်းဆဲနှိပ်စက်ခြင်း၊ အကုသိုလ်ကင်းခြင်းတို့နှင့်ပြည့်စုံမှသာ အသိပညာအတတ်ပညာကောင်းဖြစ်မည်" ဟု ဖွင့်ဆိုထားခြင်းဖြစ်သည်။ သာဓကအားဖြင့် ဆေးပညာမှာအလွန်မွန်မြတ်ပြီး အကုသိုလ်ကင်းသော အတတ်ပညာဖြစ်စေကာမူ ဆရာဝန်၊ ဆေးဆရာ၊ သမားတော်က စိတ်ထားမကောင်းပါက ထိုပညာသည် အချည်းအနှီးဖြစ်သွားတော့သည်။

> **ပညာဖွံ့ဖြိုးမှု စီးပွားရေး၊ လူမှုရေးတိုးတက်လာမည့်ခေတ်ဖြစ်သောကြောင့် ကမ္ဘာ့နိုင်ငံအသီးသီးသည် ပညာဖွံ့ဖြိုးမှုဖြင့် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်မှုများ (Human Resource Development) ဖြစ်ပေါ်လာရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိ. . . .**

သို့ဖြစ်၍ အနန္တကျေးဇူးတော်ရှင် မြတ်ဗုဒ္ဓသခင်၏ မင်္ဂလသုတ္တန်တွင် "ဗာဟုသစ္စဉ္စ သိပ္ပဉ္စ၊ ဝိနယောစ သုသိက္ခိတော-အကြားအမြင်အသိပညာများပြားခြင်း၊ အသိပညာ အတတ်ပညာတတ်မြောက်ခြင်း၊ ကိုယ်ကျင့်-သိက္ခာရှိခြင်း" တို့ကို တစ်ဆက်တစ်စပ်တည်း တွဲယှဉ်ဟောကြားတော်မူခဲ့ခြင်း ဖြစ်သည်။ အသိပညာရှင်၊ အတတ်ပညာရှင်တို့သည် မိမိတို့တတ်မြောက်ထားသော ပညာနှင့် ကိုယ်ကျင့်-စရဏကိုပေါင်းစပ်ဆောင်ရွက်ကြမှသာ တိုင်းပြည်နှင့် လူမျိုးအတွက် အားထားကြရမည့် အသိပညာရှင်၊ အတတ်ပညာရှင်ကောင်းများ ဖြစ်လာပေမည်။

မြန်မာစကားတစ်ခုတွင် "အစကောင်းမှ အနှောင်းသေချာ" (Good begining is Good ending) ဟူ၍ရှိသည်။ ကျောင်းနေပျော်၍ စာတော်ရန်ကြိုးစားရန် လိုအပ်သလို ကိုယ်ကျင့်တရား (Ethics)ကောင်းမွန်ရေးအတွက် ဆရာ ဆရာမတို့က ပြည်သူ့နီတိ (Civic Duty)ကို သင်ကြားပေးကြရမည်ဖြစ်သည်။ ပညာရေး၌ ပါရဂူဒေါက်တာဘွဲ့ (Ph.D)ရထားစေကာမူ မျိုးချစ်စိတ်ကင်းမဲ့နေလျှင်၊ ကိုယ်ကျင့်တရား ယိုယွင်းပျက်ပြားနေလျှင် တော်သော်လည်း မကောင်း၍ အသုံးတည့်မည် မဟုတ်ပေ။

စာရေးသူငယ်စဉ် မူလတန်းပညာသင်ဘဝတွင် ဖြစ်ရပ်တစ်ခုကို ပြန်လည်အမှတ်ရနေမိသည်။ ထိုစဉ်က စာရေးသူသည် သာယာဝတီခရိုင် စစ်ကွင်းမြို့နိဂြောဓာရုံ ဘုန်းတော်ကြီးကျောင်းတိုက်ရှိ အစိုးရမူလတန်းကျောင်း၌ တတိယတန်းပညာသင်ကျောင်းသားဘဝကဖြစ်ပါ၏။ ထိုဘုန်းတော်ကြီးကျောင်းတွင် ကျက်သရေခန်း၏ ခေါင်းရင်း၌ ဆီးပင်ကြီးတစ်ပင်ရှိပြီး ထိုဆီးပင်ကြီးမှ ဆီးတော်သီးကြီးများကို တစ်ခါစားမိလိုက်သည်။ နောင်အခါခါစားချင်လောက်အောင် အရသာချိုမြိန်လှပါ၏။ ထိုစဉ်က ကျွန်တော်၏ဘိုးဘွားမိဘများမှာ ကျောင်းထိုင်ဆရာတော်၏ ပစ္စည်းလေးပါး ဒါယကာ၊ ဒါယိကာများဖြစ်ကြ၍ ကစားကျောင်းဆင်းချိန်တွင် ဘုန်းတော်ကြီးက ကျွန်တော့်ကို ခေါ်ခိုင်းပြီး ဆီးသီးများကို စွန့်လှူရှိပါ၏။ ကျွန်တော်က ကစားဖော်၊ ကစားဖက်သူငယ်ချင်းများနှင့် ဝေစား၏။ ထိုသို့စားနေရပါသော်လည်း မတင်းတိမ်နိုင် လောဘကတက်လာပြန်သည်။ သို့ရာတွင် ထိုဆီးတော်ပင်ကြီးမှ ဆီးသီးများကို ဆရာတော်၏ ခွင့်ပြုချက်မရဘဲ မည်သူမျှ ခူးခွင့်မရှိပေ။

တစ်နေ့သောနေ့ခင်း ကစားကျောင်းဆင်းချိန်တွင် ကျွန်တော်တို့ ငယ်သူငယ်ချင်း သုံးယောက်သည် ထိုဆီးပင်ကြီးမှ ဆီးသီးကို ခိုးယူစားရန် တီးတိုးတိုင်ပင်သဘောတူကြ၏။ ကျွန်တော်တို့ထဲတွင် အသက်အကြီးဆုံးဖြစ်ပြီး သစ်ပင်တက်တော်လှသော မောင်ဘကို ဆိုသူက ကပျာကယာနှင့် အချိန်တိုကလေးအတွင်း ဆီးပင်ပေါ်တက်ပြီး လှုပ်ချလိုက်ရာ ဆီးသီး ၁၀၀ ကျော်လောက် တဖုတ်ဖုတ်ကြွေကျလာ၏။ ဆီးပင်အောက်မှ အခြေအနေကြည့်ရင်းစောင့်နေသော ကျွန်တော်နှင့် မောင်မောင်မြင့်ဆိုသူက ဆီးသီးများတစ်လုံးမကျန်အောင် အမြန်ကောက်ယူ ပုဆိုးခါးပိုက်ထဲသို့ ထည့်ကာ သုံးယောက်သားစုဝေပြီး ဝေပုံခွဲကြ၏။ ပြီးလျှင် မည်သူမျှမသိရအောင် ကျောင်းအောက်ဆုံးထပ်သို့ ခေါင်းငုံ့ဝင်ပြီး နေရာယူလိုက်ကြ၏။ ကျောင်းအောက်ဆိုသည်မှာ ကျွန်တော်တို့ တစ်ထိုင်သာသာအပေါ်၌ ကြမ်းပြင်ရှိပြီး အောက်၌ မြေသားပြင်ရှိသည့် နေရာဖြစ်သည်။

ထိုစဉ် ခေါင်းပေါ်ရှိ ကြမ်းပြင်တွင် မိန်းကလေးများဖြစ်ကြသော မခင်စန်းမြင့်၊ မခင်ခင်၊ မလှကြည်၊ မသန်းအေး၊ မလှမြင့်၊ မသန်းသန်းတို့သည် ကြက်ဖခွပ်တမ်း ကစားနေကြ၏။ ကျွန်တော်တို့သူငယ်ချင်းသုံးဦးမှာလည်း ခိုးခူးခဲ့ရသော ဆီးသီးများကို စားရင်း တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ကာ တခစ်ခစ်ရယ်ရင်း ပျော်နေကြပါ၏။

မကြာမီ အတန်းပိုင်ဆရာကြီး ဦးအောင်လှက ကျွန်တော်တို့သုံးယောက်ကို ခေါ်နေကြောင်း ကျောင်းသားတစ်ယောက်က လာပြော၏။ ကျွန်တော်တို့သုံးဦးသည် တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ကာ ထိတ်လန့်သွားကြ၏။ ဆီးသီးခိုးစားသည်ကို မြင်သွား၍ သို့မဟုတ် တစ်ယောက်ယောက်က သွားတိုင်ကြား၍ ခေါ်သည်ဟု ထင်မိ၏။ ရိုက်နှက်ဆုံးမရာတွင် အလွန်နာမည်ကြီးပြီး လက်သံပြောင်လှသော ဆရာ့စားပွဲရှေ့သို့ ရောက်သွားသောအခါ ကျွန်တော်တို့သုံးယောက်စလုံး မျက်စိမျက်နှာပျက်နေကြ၏။

"ကဲ-မင်းတို့သုံးယောက်ကျောင်းအောက်ထဲဝင်ပြီး ကြမ်းပေါ်က ကောင်မလေးတွေ ကြက်ဖခွပ်တမ်းကစားနေတာကို မင်းတို့ချောင်းကြည့်တယ်လို့ ခင်စန်းမြင့် လာတိုင်တယ်၊ ဟုတ်သလား မှန်မှန်ပြောကြစမ်း၊ ငါ့ကြိမ်လုံး အကြောင်း မင်းတို့ သိတယ်နော်"

ထိုသို့ပြောရင်းကပင် ဆရာကြီးက သူ့ရှေ့ရှိစားပွဲပြင်ပေါ်သို့ ကြိမ်လုံးဖြင့် ဖြန်းခနဲမြည်အောင် တအားရိုက်ပြလိုက်သည်။

"ကဲ-ဘကို၊ မင်းကဒီအထဲမှာ အသက်အကြီးဆုံး၊ မှန်မှန်ပြောရင်ပြော၊ မပြောရင်တော့ ဒီကြိမ်လုံးအကြောင်း မင်းသိတယ်နော်"

"ဟုတ်-ဟုတ်ပါတယ် ဆရာကြီး"

ဘကိုက ကြောက်အားလန့်အားနှင့် မဟုတ်တရုတ်တွေပြောနေလေပြီ။

"မဟုတ်ပါဘူး ဆရာကြီး"

ကျွန်တော်က ဝင်ပြီးငြင်းလိုက်ပါ၏။

"မင်းမလိမ်နဲ့နော်၊ လိမ်ရင်ဒီကြိမ်နဲ့ ပိုအရိုက်ခံရမယ်ဆိုတာ သိတယ်မဟုတ်လား"

" ကဲ-မောင်မောင်မြင့်၊ မင်းက ဒီအထဲမှာ ဒုတိယအသက်အကြီးဆုံး၊ ဟိုမှာ အငယ်ဆုံးကောင်က ထပ်လိမ်နေပြန်ပြီ၊ ငါ့ကိုမှန်မှန်ပြောစမ်း"

"မဟုတ်ပါဘူး ဆရာကြီး၊ ကျွန်တော်တို့ မိန်းကလေးတွေကို ချောင်းမကြည့်ပါဘူး"

"ဒါဖြင့် ကျောင်းအောက်ထဲဝင်ပြီး ဘာလုပ်နေကြတာလဲ မှန်မှန်ပြောစမ်း" ဟု ဆိုကာ စားပွဲပြင်ပေါ်သို့ ကြိမ်လုံးဖြင့် ဖြန်းခနဲမြည်အောင် ရိုက်ပြလိုက်ပြန်သည်။

ထိုအခါ သူငယ်ချင်း မောင်မောင်မြင့်ခမျာမှာ ဘာပြန်ပြောရမှန်းမသိဘဲ အတန်ကြာအောင်ငြိမ်နေသည်။ ထိုအခါ ဆရာကြီးမှာ မျက်နှာကြီးနီလာပြီး ဒေါသပို၍ဖြစ်ကာ-

"မင်းတို့သုံးယောက် တစ်ယောက်တစ်ပေါက် မဟုတ်တာလုပ်ချင်တဲ့ကောင်တွေ၊ ကဲ ဟိုဘက်လှည့်" ဟုဆိုကာ ကြိမ်လုံးကြီးနှင့် တအားလွှဲရိုက်မည်ပြုသောအခါ ကျွန်တော်က-

"ဆရာကြီး၊ ကျွန်တော်တို့ ကျောင်းအောက်ကနေပြီး မိန်းကလေးတွေကို ချောင်းကြည့်တာ လုံးဝမဟုတ်ပါဘူး၊ ဘုန်းဘုန်းရဲ့ ဆီးပင်ကဆီးသီးတွေကို ခိုးခူးပြီး လူမမြင်အောင် ကျောင်းအောက်ထဲဝင်ပြီး ခိုးစားနေတာပါ ဆရာကြီး" ဟု ဝန်ခံပြောလိုက်သည်။

ထိုအခါမှ အမှုမှန်ပေါ်သွားတော့ကာ ကျွန်တော်တို့သုံးဦးကို ဆီးသီးခိုးစားသော ပြစ်မှုဖြင့် ကြိမ်ဒဏ်သုံးချက်စီအပြစ်ခံခဲ့ရသည်။ ရှက်လိုက်သည့်ဖြစ်ခြင်း၊ ထိုမူလတန်းကျောင်းသားဘဝမှ ပေးလိုက်သော ဘဝသင်ခန်းစာတစ်ပုဒ်သည် အချိန်တန်အရွယ်ရောက်လူလားမြောက်ပြီး အရာထမ်းဘဝနှင့်အစပျိုးခဲ့ရသော ကျွန်တော့်ဘဝ၏ အဂတိတရားများကို ကိုယ်ကျင့်-စရဏဖြင့် အောင်မြင်စွာ ကျော်လွှားလွန်မြောက်နိုင်စေခဲ့ပါသည်။

ထို့ကြောင့် လူငယ်မောင်မယ်တို့သည် ပညာသင်ဘဝတွင် ပညာရဲရင့်ပွဲလယ်တင့်စေရန် ကျောင်းနေပျော်၍ စာတော်အောင်ကြိုးစားကြရပါမည်။ ထိုသို့ ကြိုးစားရင်းက မိမိကိုယ်ကို ကောင်းအောင်ကြိုးစားခြင်း၊ မိမိ၏အတန်းကို ကောင်းအောင်ကြိုးစားခြင်း၊ မိမိကျောင်းကို ကောင်းအောင်ကြိုးစားခြင်း၊ မိမိတိုင်းပြည်နှင့် လူမျိုးကောင်းစားအောင်ကြိုးစားခြင်းတို့ဖြင့် အနာဂတ်တွင် နိုင်ငံတော်တည်ဆောက်သူများ (Statesman) ဖြစ်လာကြပါစေကြောင်း ဆန္ဒပြုဆုတောင်းလိုက်ပါသည်။ ။

ပြည်သူ့လွှတ်တော်အစည်းအဝေး

အင်းလျားကန်ပေါင်အတွင်းသို့ သတ်မှတ်ဝင်ပေါက်များမှ ဝင်ရောက်ခွင့်ပြုမည့်အစီအစဉ် ဆောင်ရွက်ရန်မရှိ

နေပြည်တော် ဇူလိုင် ၁၇

ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး (၃၀)ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် ကျင်းပခဲ့သည်။

အစည်းအဝေးတွင် အင်းလျားကန်ပေါင်တွင် အပန်းဖြေသူများနှင့် ကျန်းမာရေးအတွက် လေ့ကျင့်ခန်းပြုလုပ်သူများ လုံခြုံမှုနှင့် တရားဥပဒေစိုးမိုးမှုရရှိစေရေး၊ သဃ်န်းကျွန်းစံပြဈေးကြီးတွင် ဈေးသည်များ စည်းကမ်းတကျဖြစ်စေရေးနှင့် ပခုက္ကူမြို့ အမှတ်(၂) ဈေးအတွင်းရှိ အာဇာနည်ကျောက်တိုင်အား သင့်တော်သောနေရာသို့ ပြောင်းရွှေ့ပေးစေရေး စသည့်မေးခွန်းသုံးခုတို့နှင့် စပ်လျဉ်း၍ သမ္မတရုံးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်သိမ်းက ပြန်လည် ဖြေကြားခဲ့သည်။

ပထမမေးခွန်းဖြစ်သည့် ကမာရွတ်မဲဆန္ဒနယ်မှ ဒေါက်တာစိုးရင်၏ **အင်းလျားကန်ပေါင်တွင် လာရောက်အပန်းဖြေသူများနှင့် ကျန်းမာရေးအတွက် လေ့ကျင့်ခန်းပြုလုပ်သူများ လုံခြုံမှုနှင့် တရားဥပဒေစိုးမိုးမှု ရှိစေရန်အတွက် မင်္ဂလာဒုံလမ်းဘက်ပိုင်းတွင် အရံအတားအဖြစ် သံပန်းခြံစည်းရိုးခတ်ရန်** အစီအစဉ်ရှိ/မရှိ မေးခွန်းနှင့်စပ်လျဉ်း၍ ရန်ကုန်တိုင်းဒေသကြီး ကမာရွတ်မြို့နယ်၊ လှိုင်မြို့နယ် ဆက်စပ်နယ်မြေရှိ အင်းလျားကန်ပေါင်သည် အများပြည်သူများ၊ ကျောင်းသားလူငယ်များ အပန်းဖြေအနားယူသည့် OPEN SPACE မြေနေရာဖြစ်ပြီး ကိုယ်ကာယ ကျန်းမာရေး၊ စိတ်ချမ်းမြေ့မှု၊ လေကောင်းလေသန့်ရရှိရန်နှင့် လေ့ကျင့်အပန်းဖြေစရာကောင်းမွန်သည့် မြေနေရာတစ်ခု ဖြစ်ပါကြောင်း။

ယင်းမြေနေရာအား ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ ပန်းဥယျာဉ်နှင့် အားကစားကွင်းများဌာနက တာဝန်ယူထိန်းသိမ်းလျက်ရှိပြီး အများပြည်သူများအတွက် ၂၀၀၆-၂၀၀၇ ခုနှစ် ဘဏ္ဍာရေးနှစ်တွင် အဆင့်မြှင့် မွမ်းမံပြင်ဆင်ခြင်းလုပ်ငန်းများဖြစ်သည့် ကန်ပေါင်နှင့် ရေမြောင်းအကြား ကန်ပေါင်အောက်ခြေတစ်လျှောက် မြေကြီး သုံးပေထုဖို့ခြင်း၊ ကန်ပေါင်အောက်ခြေ၌ ကွန်ကရစ်လူလျှောက်လမ်းအသစ်တိုးချဲ့ဖောက်လုပ်ခြင်း၊ ကန်ပေါင်ပေါ်ရှိ လူလျှောက်လမ်းအား ကတ္တရာခင်းခြင်း၊ စိမ်းလန်းစိုပြည်ရေးအတွက် အလှပန်းကွက်များပြုပြင်စိုက်ပျိုးခြင်း၊

ဒုတိယဝန်ကြီး ဦးအောင်သိမ်း ဖြေကြားစဉ်။ (သတင်းစဉ်)

ကျောက်တုံး ဥယျာဉ်ငယ်တစ်ခု တည်ဆောက်ပြီး ပန်းအလှပင်များနှင့် အရိပ်ရပင်များ တိုးချဲ့စိုက်ပျိုးခြင်းများကို ဆောင်ရွက်ပေးခဲ့ပါကြောင်း။

လက်ရှိအစိုးရ လက်ထက်တွင် ကိုယ်ကာယကြံ့ခိုင်ရေးအတွက် လေ့ကျင့်ရေးပစ္စည်းများ တပ်ဆင်တည်ဆောက်ပေးခြင်း၊ လုံခြုံရေးမီးတိုင်နှင့် ခေတ်မီအလှမီးတိုင်များ စိုက်ထူတပ်ဆင်ခြင်း၊ အလှပန်းကွက်များ ပြုပြင်ခြင်း၊ ကန်ပေါင်အပေါ်လမ်းအား ကတ္တရာထပ်ပိုးလွှာခင်းခြင်း၊ နားနေထိုင်ခုံများ ပြုပြင်ခြင်း၊ အမှိုက်စွန့်ပစ်ရန် အမှိုက်စင်အမှိုက်ပုံးများ ချထားခြင်း စသည့်လုပ်ငန်းများကို ဖြည့်တင်းဆောင်ရွက်ပေးခဲ့ပြီး ယခင်မြေယာရှုခင်းနေရာအဆင့်မှ အင်းလျားကန်ပေါင်(ပြည်လမ်း) ပန်းခြံအဆင့်သို့ တိုးမြှင့်ရန် သတ်မှတ်ထားပြီးဖြစ်ပါကြောင်း။

အင်းလျားကန်ပေါင် ပန်းခြံနေရာတွင် အရံအတားအဖြစ် သံပန်းခြံစည်းရိုးအလှခတ်မည်ဆိုပါက လက်ရှိမြေယာရှုခင်းမြင်ကွင်း အလှအပများကို ပေါ်လွင်အောင် ရှုမြင်ခံစားမှု မရှိနိုင်တော့ခြင်း၊ အတားအဆီးတစ်ခုသဖွယ်ဖြစ်ကာ စိတ်အနှောင့်အယှက်ဖြစ်စေနိုင်ခြင်းနှင့် အန္တရာယ်တစ်စုံတစ်ခုဖြစ်ပါက အတားအဆီးသဖွယ်ဖြစ်စေနိုင်ခြင်း၊ နိုင်ငံတကာတွင်လည်း ယခုကဲ့သို့ နေရာများအလိုက် သဘာဝအလှအပများကို ဖုံးလွှမ်းစိုးမိုးစေမည့် ရုပ်ဝတ္ထုပစ္စည်းများကို အနည်းဆုံးလိုအပ်ချက်သာ တည်ဆောက်ပေးထားသည်ကို လေ့လာတွေ့ရှိရပါသဖြင့် ကန်ပေါင်အတွင်းသို့ သတ်မှတ်ဝင်ပေါက်များမှ ဝင်ရောက်ခွင့်ပြုမည့် အစီအစဉ်ကို အကောင်အထည်ဖော်ဆောင်ရွက်ရန် မရှိပါကြောင်းဖြင့် ပြန်လည်ဖြေကြားခဲ့သည်။

ဒုတိယမေးခွန်းဖြစ်သည့် ဒိုက်ဦးမဲဆန္ဒနယ်မှ ဦးမင်းဆွေ၏ **သဃ်န်းကျွန်းစံပြဈေးကြီးတွင် ဈေးသည်များ စည်းကမ်းတကျဖြစ်စေရေးမည်ကဲ့သို့ ဆောင်ရွက်မည်ကို သိလိုကြောင်း** မေးခွန်းနှင့် စပ်လျဉ်း၍ ဈေးနှင့်ကပ်လျက်ရှိ အရှေ့ဘက်သံသုမာလမ်း၊ တောင်ဘက်လေးထောင့်ကန်လမ်း၊ အနောက်ဘက် ဦးတင်ဦးလမ်းနှင့် မြောက်ဘက်မိုးရိပ်(၄)လမ်းတို့တွင် ပျံကျဈေးသည်များ စည်းကမ်းမဲ့ဈေးရောင်းချလျက်ရှိပါကြောင်း၊ ၁၉၉၉ ခုနှစ်ခန့်က စတင်ရောင်းချခဲ့ရာမှ တစ်စတစ်စ များပြားလာခဲ့ပြီး ယနေ့အချိန်တွင် ပျံကျဈေးသည် ၈၀၀ ဦးခန့်ရှိရာ အခြားမြို့နယ်များရှိ ပျံကျဈေးသည်များကဲ့သို့ ညနေ ၃ နာရီနောက်ပိုင်းမှ ည ၈ နာရီအထိ ဈေးရောင်းချခွင့်ပြုထားပါကြောင်း၊ ယင်းဈေးသည်များသည် လမ်းမများ၊ ပလက်ဖောင်းများပေါ်တွင် စည်းကမ်းမဲ့ရောင်းချခြင်း၊ သတ်မှတ်ချိန် မတိုင်မီ ခင်းကျင်းရောင်းချခြင်းများကို ပူးပေါင်းအဖွဲ့များဖြင့် စည်းကမ်းထိန်းသိမ်းဆောင်ရွက်လျက် ရှိပါကြောင်း။

လမ်းမများပေါ်တွင် ရောင်းချသည့် ပျံကျဈေးသည်များ ဦးရေတိုးတက် များပြားလာခြင်းကြောင့် ဈေးပြင်ပတွင်သာမက ဈေးအတွင်းရှိ

ပခုက္ကူမဲဆန္ဒနယ်မှ ဦးပိုက်ကို မေးမြန်းစဉ်။ (သတင်းစဉ်)

ယာဉ်ရပ်နားနေရာတွင် ဝင်ရောက်ရောင်းချလာပါကြောင်း၊ ယင်းဈေးသည်များအား ဈေးအတွင်း တရားဝင်ရောင်းချခွင့်ပြုခြင်း၊ အခွန်အခကောက်ခံခြင်း မရှိသည့်အပြင် နေ့စဉ်ရှင်းလင်းဆောင်ရွက်လျက်ရှိပါကြောင်း၊ ဈေးအတွင်းရှိ စည်းကမ်းမဲ့လာရောက်ရောင်းချသော ပျံကျဈေးသည်များနှင့် ဈေးပြင်ပလမ်းများပေါ်တွင် ဈေးသည်များကို ဈေးအနီး ပြည်ထောင်စုခုံးကျော်တံတားအောက်၌ ကော်မတီမှ ဈေးဆိုင်ခန်းများ ဆောက်လုပ်နေရာချထားပေးခဲ့သော်လည်း ဝင်ရောက် ရောင်းချခြင်းမပြုကြပါကြောင်း၊ ၎င်းပြင် အဆိုပါဆိုင်ခန်းများနှင့်ကပ်လျက် ကျွန်းတောစိုက်ခင်းဟောင်း ၁ ဒသမ ၁၆ ဧကရှိ နေရာတွင်လည်း ဝင်ရောက်ရောင်းချနိုင်ရေး စီစဉ်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း။

သို့ဖြစ်ပါ၍ ဈေးကြီးပတ်ဝန်းကျင်နှင့် ဈေးကြီးအတွင်း စည်းကမ်းမဲ့ရောင်းချနေသည့် ဈေးသည်များအား စနစ်တကျရောင်းချရန် စီစဉ်ပေးထားသည့်နေရာများတွင် ဝင်ရောက်ရောင်းချရေးအတွက် ဈေးများဌာန၊ မြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူးရုံး၊ သက်ဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းများနှင့် ပူးပေါင်း၍ ရှင်းလင်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းဖြင့် ပြန်လည်ဖြေကြားခဲ့သည်။

တတိယမေးခွန်းဖြစ်သည့် ပခုက္ကူမဲဆန္ဒနယ်မှ ဦးပိုက်ကို၏ **ပခုက္ကူမြို့ စည်ပင်သာယာ အမှတ်(၂) ဈေးအတွင်းရှိ အာဇာနည်ကျောက်တိုင်အား သင့်တင့်သောနေရာသို့ ပြောင်းလဲပေးပါရန်** အစီအစဉ်ရှိ/မရှိ မေးခွန်းနှင့်စပ်လျဉ်း၍ ပခုက္ကူ ခန်တောဈေးဟောင်းနေရာမှာ အမှတ်(၂) ဈေးသစ်ကို တည်ဆောက်ပြီး ၂၀၀၅-၂၀၀၆ ဘဏ္ဍာရေးနှစ်အတွင်း တည်ဆောက်ဖွင့်လှစ်ခဲ့ကြောင်း၊ အာဇာနည်ကျောက်တိုင်မှာ ဈေးဧရိယာအတွင်း ပါဝင်သွားခဲ့ပြီး အကျယ်အဝန်း (၅၅ ပေ × ၄၇ ပေ) မျှသာ ကျန်တော့ကြောင်း စိစစ်တွေ့ရှိရပါကြောင်း၊ သို့ဖြစ်၍ အာဇာနည်နေ့ကျရောက်သည့် ဇူလိုင်လ ၁၉ ရက်နေ့ အခမ်းအနားတွင် အာဇာနည်ကျောက်တိုင်မှာ ဈေးရောင်းဈေးဝယ်များဖြင့် ရှုပ်ထွေးနေသဖြင့် ဂါရဝပြုသူများ အခက်အခဲဖြစ်ကြောင်းကို သိရှိရပါကြောင်း။

အာဇာနည်ကျောက်တိုင် ပြောင်းရွှေ့တည်ဆောက်ရေးအတွက် မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီ မြို့နယ်စည်ပင်သာယာရေးကော်မတီတို့ ပါဝင်သောအဖွဲ့က အမှတ်(၁)ရပ်ကွက် ဗုဒ္ဓကုန်းရပ်ရှိ အမှတ်(၁) ရွှေချောင်းတံတားအနီးမှာ မြေကွက်လပ် ၀ ဒသမ ၁၈ ဧကကို ခွင့်ပြုပေးရန် မြို့နယ်၊ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတို့သို့ ၂၅-၄-၂၀၁၄ ရက်နေ့တွင် တင်ပြခဲ့ကြောင်း၊ မြို့နယ်အုပ်ချုပ်ရေးမှူးအနေဖြင့် ခရိုင်အုပ်ချုပ်ရေးမှူး၏ ညွှန်ကြားချက်ဖြင့် မြို့နယ်စည်ပင်သာယာရေးကော်မတီ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်မှုအထောက်အကူပြုကော်မတီဖြင့် ပူးပေါင်း၍ ကွင်းဆင်းစစ်ဆေးခဲ့ရာ အဆိုပါမြေနေရာတွင် ရွှေချောင်း ချောင်းဘေးတွင် ကပ်လျက်တည်ရှိခြင်း၊ ရွှေချောင်းတံတား၏ ကင်းလွတ်နယ် ပေ ၁၅၀ ယူပါက မြေနေရာမှာ အာဇာနည်ကျောက်တိုင် တည်ဆောက်ရန် သင့်တော်သောအကျယ်အဝန်းမကျန်ရှိခြင်း၊ အဝင်/အထွက်အတွက် လမ်းကျဉ်းတစ်ခုသာရှိခြင်းတို့ကြောင့် မသင့်လျော်ကြောင်းနှင့် အခြားသင့်လျော်သော မြေနေရာကို ပူးပေါင်းရှာဖွေကြရန်နှင့် မြေနေရာရရှိမှသာ အာဇာနည်ကျောက်တိုင် ရွှေ့ပြောင်းတည်ဆောက်ရေး တင်ပြဆောင်ရွက်သွားကြရန် ညှိနှိုင်းဆောင်ရွက်ထားပါကြောင်းဖြင့် ရှင်းလင်းဖြေကြားခဲ့သည်။

တနိုင်းမဲဆန္ဒနယ်မှ ဦးမျိုးဆွေ၏ **"ရွှေဘို-မြစ်ကြီးနား ပြည်ထောင်စုလမ်းမကြီး၏ ကချင်ပြည်နယ်လမ်းပိုင်းအား စံချိန်စံညွှန်း ကိုက်ညီပြီး ရေရှည် ခိုင်ခံ့ကောင်းမွန်သော ကတ္တရာလမ်းအဖြစ် အမြန်ဆုံးတည်ဆောက်ပေးရေးနှင့် နိုင်ငံတော်၏ ဘတ်ဂျက်ခွဲဝေပေးမှုအတိုင်း လမ်းတည်ဆောက်ထားရှိမှု ရှိ၊ မရှိ စစ်ဆေးရေးအဖွဲ့ ဖွဲ့စည်း၍ စစ်ဆေးပေးပါရန် နိုင်ငံတော်အစိုးရသို့ တိုက်တွန်းကြောင်း"** အဆိုကို တင်သွင်းရာ လွှတ်တော်က မှတ်တမ်းတင်ထားရန် ဆုံးဖြတ်ခဲ့သည်။

အစည်းအဝေးကို မွန်းလွဲပိုင်းတွင် ရပ်နားလိုက်သည်။ **(သတင်းစဉ်)**

အမျိုးသားလွှတ်တော်အစည်းအဝေး

ထာဝရငြိမ်းချမ်းရေးရရှိရေးနှင့် စစ်မှန်သောဖက်ဒရယ်စနစ်အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေး ကြိုးပမ်းမည်

နေပြည်တော် ဇူလိုင် ၁၇

အမျိုးသားလွှတ်တော် ဒသမပုံမှန်အစည်းအဝေး(၂၉)ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် ကျင်းပပြီး မေးခွန်းများမေးမြန်း ဖြေကြားခြင်း၊ အဆိုတစ်ခု အတည်ပြုခြင်းနှင့် ဥပဒေကြမ်းတစ်ခုအတည်ပြုခြင်းတို့ကို ဆောင်ရွက်ခဲ့ကြသည်။

လွှတ်တော်ကိုယ်စားလှယ်များ၏ မွေးမြူရေးနှင့် သားငါးထုတ်လုပ်ရေးကဏ္ဍဆိုင်ရာ မေးခွန်းများနှင့် စပ်လျဉ်း၍ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာနဒုတိယဝန်ကြီး ဒေါက်တာအောင်မြတ်ဦးက ရှင်းလင်းဖြေကြားခဲ့သည်။

ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ ဦးစောမော်ထွန်း၏ **"ပြည်တွင်းပျားရည်စားသုံးမှုမြှင့်တင်ရေးနှင့် ပုဂ္ဂလိက ခေတ်မီပျားမွေးမြူရေးလုပ်ငန်းများ တိုးချဲ့အားပေးရန် အစီအစဉ် ရှိ/မရှိ"** မေးခွန်းနှင့်စပ်လျဉ်း၍ ပြည်တွင်းပျားစားသုံးမှုမြှင့်တင်ရေးနှင့် ပုဂ္ဂလိကကဏ္ဍ ပျားမွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကို တိုးချဲ့အားပေးရန် စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ မြန်မာနိုင်ငံတွင် ပြည်တွင်း ပျားရည်စားသုံးမှုအနေဖြင့် မက်ထရစ်တန် ၃၀၀ မှ ၅၀၀ ကြားရှိပြီး အဆိုပါစားသုံးမှုတွင် ဆေးဝါးအဖြစ် သုံးစွဲမှုမှာ ၈၀ ရာခိုင်နှုန်းခန့်ဖြစ်ပြီး ပျားရည်သီးသန့်စားသုံးမှုမှာ ၂၀ ရာခိုင်နှုန်းခန့်ရှိပါကြောင်း၊ ပြည်တွင်းပျားရည်စားသုံးမှု ပိုမိုတိုးတက်ရန်အတွက် နှစ်စဉ် ပျားရည်ထုတ်လုပ်မှုကို တိုးမြှင့်ထုတ်လုပ်ရန် ဆောင်ရွက်လျက်ရှိပါကြောင်း။

နှစ်၂၀ စီမံကိန်း၏ နောက်ဆုံးနှစ်တွင် ပုဂ္ဂလိကပိုင်ပျားအုံ ၁၅၀၀၀၀ အထိ တိုးချဲ့မွေးမြူ၍ ပျားရည်မက်ထရစ်တန် ၄၈၀၀ တိုးမြှင့်ထုတ်လုပ်သွားရန်နှင့် ပြည်ပသို့ ပျားရည်မက်ထရစ်တန် ၄၇၀၀ တင်ပို့ရန် မျှော်မှန်းထားရှိပါကြောင်း၊ မြန်မာနိုင်ငံအတွင်း မည်သည့်နေရာဒေသတွင်မဆို ပျားမွေးမြူရေးလုပ်ငန်းကို လက်တွေ့မွေးမြူလိုသူ အနည်းဆုံး သင်တန်းသား ၂၀ ရှိပါက သွားရောက်၍ လက်တွေ့သင်တန်းများ ပို့ချသွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးဝင်းသိန်းက **"နိုင်ငံတော်၏ သား/ငါးကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဒေသမျိုးများ သွေးမျိုးနီးစပ်၍ မျိုးရိုးနိမ့်ကျလာသဖြင့် သား/ငါးထုတ်လုပ်မှုကဏ္ဍကို ထိခိုက်စေနိုင်၍ မည်သို့ ကုစားဆောင်ရွက်နေသည်နှင့် မျိုးကောင်းမျိုးသန့်များ ရရှိအောင် မည်သို့ စီမံဆောင်ရွက်ထားသည်ကို သိရှိလိုကြောင်း"** မေးခွန်းနှင့်စပ်လျဉ်း၍ ဒေသမျိုးများ သွေးမျိုးနီးစပ်၍ မျိုးရိုးနိမ့်ကျခြင်းဖြစ်လာသဖြင့် အသား/ငါးကဏ္ဍကို ထိခိုက်စေခြင်း မရှိစေရန်အတွက် ကဏ္ဍအလိုက် မျိုးမြှင့်တင်ရေး လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါကြောင်း၊ မျိုးမြှင့်တင်ရေးအတွက် မျိုးမြှင့်နွားများကို ပြည်ပမှ တင်သွင်းခြင်း၊ မျိုးရည်ခဲချောင်းများ ထုတ်လုပ်ဖြန့်ဖြူးခြင်း၊ ပြည်ပမှတင်သွင်းခြင်း စသည်ဖြင့် မျိုးမြှင့်တင်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါကြောင်း၊ ၂၀၁၄ ခုနှစ် ဇန်နဝါရီလမှ ဇွန်လကုန်အထိ ခိုင်းနွားမျိုးရည်ခဲချောင်း ၄၂၅၀၊ ၂၀၁၃ ခုနှစ် ဇူလိုင်လမှ ၂၀၁၄ ခုနှစ် ဇွန်လကုန်ထိ အသားစားနွား မျိုးရည်ခဲချောင်း ၂၃၂၄၅ ချောင်းနှင့် နို့စားနွားမျိုးရည်ခဲချောင်း ၁၈၈၇၆ ချောင်း ထုတ်ယူပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ မွေးမြူသူများ၏ လိုအပ်ချက်အလိုက် ဖြန့်ဖြူးပေးလျက်ရှိပါကြောင်း။

၂၀၁၄-၂၀၁၅ ခုနှစ်တွင် မျိုးစစ် Friesian နွားမကောင်ရေ ၅၀၀ အား ဝယ်ယူသွားမည်ဖြစ်ပြီး တိုင်းဒေသကြီး/ပြည်နယ်များသို့ ဖြန့်ဖြူးသွားမည်ဖြစ်ပါကြောင်း၊သိုး၊ ဆိတ် မွေးမြူရေးလုပ်ငန်းအနေဖြင့် မလေးရှားနိုင်ငံမှ ဘိုးဝါးဆိတ်မျိုးနှင့် သိုးအကောင် ၃၀ ကို စမ်းသပ်မွေးမြူထားပြီး ဖြစ်ပါကြောင်း၊ ဝက်မွေးမြူရေးလုပ်ငန်းတွင် DYL ဝက်မျိုးများကို မွေးမြူထားရှိ၍ တိုင်းဒေသကြီးနှင့် ပြည်နယ်များသို့ ဝက်အကောင် ၁၅၀၀၀ ခန့် ဖြန့်ဖြူးပေးခဲ့ပါကြောင်း။

မြန်မာနိုင်ငံတွင် တိုင်းရင်းငါးမျိုးများ မျိုးဗီဇမြှင့်တင်ခြင်းလုပ်ငန်း ဆောင်ရွက်ရာ၌ Labeo rohita ငါးမျိုးအား Target Species အဖြစ် သတ်မှတ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ကျေးလက်ဒေသများတွင် တစ်နိုင်တစ်ပိုင် ငါးမွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရန်နှင့် ငါးစားသုံးမှုမြင့်မားလာစေရန်အတွက် Mono-sex Tilapia (Oreochromis spp.) သားပေါက်များအား ထိုင်းနိုင်ငံမှ မှာယူ၍ ဖြန့်ဖြူးပေးသည့်အပြင် တိုင်းရင်းငါးမျိုးများဖြစ်သော ငါးခူ၊ ငါးကျည်းများ သားဖောက်ခြင်း လုပ်ငန်းများကိုလည်း ဆောင်ရွက်လျက်ရှိပါကြောင်း ဖြေကြားသည်။

အစည်းအဝေးတွင် ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးခက်ထိန်နန် တင်သွင်းထားသည့် **"ပြည်တွင်းငြိမ်းချမ်းရေး ဖော်ဆောင်နေသူများကို ကျေးဇူးတင်ရှိကြောင်း မှတ်တမ်းတင်ရန်နှင့် ငြိမ်းချမ်းရေးကို အောင်မြင်သည်အထိ ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားနိုင်ရန် ပြည်ထောင်စုအစိုးရအားတိုက်တွန်းကြောင်း"** အဆိုနှင့် စပ်လျဉ်း၍ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်းက ပြန်လည်ရှင်းလင်းဆွေးနွေးရာတွင် ၂၀၁၁ ခုနှစ် ဩဂုတ် ၁၈ ရက်တွင် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က တစ်ပြည်လုံးအတိုင်းအတာဖြင့် ငြိမ်းချမ်းရေးဖိတ်ခေါ်မှုပြုခဲ့ပါကြောင်း၊ ၂၀၁၁ ခုနှစ် စက်တင်ဘာလပိုင်းတွင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအား လိုက်လံတွေ့ဆုံ၍ ငြိမ်းချမ်းရေးဖိတ်ခေါ်မှုများ ပြုလုပ်ခဲ့ပါကြောင်း၊ ထို့နောက် ၂၀၁၁ ခုနှစ် နိုဝင်ဘာလ ၂၄ ရက်တွင် ပြည်ထောင်စုဝန်ကြီးများပါဝင်သည့် ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့ကို တိုးချဲ့ဖွဲ့စည်းပြီး KNU၊ RCSS၊ KNPP၊ NMSP အစရှိသည့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများနှင့် ဆွေးနွေးမှုများကို စတင်နိုင်ခဲ့ပါကြောင်း၊ ထိုမှတစ်ဆင့် ၂၀၁၂ ခုနှစ် မေ ၃ ရက်တွင် နိုင်ငံတော်သမ္မတ ဦးဆောင်သော အဖွဲ့ဝင် ၁၁ ဦးပါ ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေး ဗဟိုကော်မတီကို ဖွဲ့စည်းခဲ့ပါကြောင်း။

အဓိက ဆွေးနွေးဖက်များအနေဖြင့် တိုင်းရင်းသားလက်နက်ကိုင်

စာမျက်နှာ ၈ ကော်လံ ၁ သို့

ပြည်တွင်းသတင်း

ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးဝေလွင်အား ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ လာရောက်တွေ့ဆုံ

နေပြည်တော် ဇူလိုင် ၁၇

ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးဝေလွင်အား ကမ္ဘောဒီးယားဘုရင့်တပ်မတော်မှ ဒုတိယကာကွယ်ရေးဦးစီးချုပ်နှင့် Commander of Bodyguard Unit ဖြစ်သူ General HING BUNHIENG ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့က ယနေ့မွန်းလွဲ ၁ နာရီတွင် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံးဧည့်ခန်းမ၌ လာရောက်တွေ့ဆုံ၍ နှစ်နိုင်ငံတပ်မတော်နှစ်ရပ်အကြား ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(ယာပုံ)** **(သတင်းစဉ်)**

အမျိုးသားလွှတ်တော်မှ

အဖွဲ့အစည်း ၁၆ ဖွဲ့နှင့် အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်များရရှိရန် ဆွေးနွေးညှိနှိုင်းခဲ့ပြီး လက်ရှိအနေအထားတွင် ၁၄ ဖွဲ့နှင့် အပစ်အခတ်ရပ်စဲရေးဆိုင်ရာ သဘောတူညီချက်များ ရေးထိုးထားပြီးဖြစ်ပါကြောင်း၊ လက်မှတ်ရေးထိုးရန် ကျန်ရှိနေသေးသည့် နှစ်ဖွဲ့အနက် KIO၊ KIA နှင့် အပစ်အခတ်ရပ်စဲရေးဆိုင်ရာ အခြေခံများပါသည့် သဘောတူညီချက် အဆင့်ဆင့်ကိုလည်း လက်မှတ်ရေးထိုးနိုင်ခဲ့ပါကြောင်း၊ လက်ရှိအနေအထားသည် တစ်နိုင်ငံလုံး လွှမ်းခြုံမှုအနေဖြင့် အပစ်အခတ်ရပ်စဲရေး လုပ်ငန်းစဉ်များကို ထိရောက်စွာ အကောင်အထည်ဖော်နိုင်ရန်အတွက် တစ်နိုင်ငံလုံးအတိုင်းအတာ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူညီချက် လက်မှတ်ရေးထိုးနိုင်ရန် လုပ်ငန်းစဉ်အဆင့်ဆင့်ကို အသေးစိတ်ညှိနှိုင်း အကောင်အထည်ဖော်လျက်ရှိပါကြောင်း။

ပြည်ထောင်စု ငြိမ်းချမ်းရေးဖော်ဆောင်ရေး လုပ်ငန်းကော်မတီ

ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၁)မှ ဦးစောမော်ထွန်း မေးမြန်းစဉ်။ (သတင်းစဉ်)

အနေဖြင့် ငြိမ်းချမ်းရေးဆောင်ရွက်သည့်ကာလအတွင်း တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် အလွတ်သဘော အကြိမ် ၂၅၀ ခန့် တွေ့ဆုံဆွေးနွေးခဲ့ပြီး တရားဝင်ငြိမ်းချမ်းရေးဆွေးနွေးပွဲအကြိမ်ပေါင်း ၅၀ ကျော် ပြုလုပ်နိုင်ခဲ့ပါကြောင်း၊ ၂၀၁၃ ခုနှစ် နိုဝင်ဘာ ၂ ရက်တွင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းအနေဖြင့် တစ်နိုင်ငံလုံးအတိုင်းအတာ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးနှင့် သဘောတူညီချက်ရေးထိုးနိုင်ရေး အသေးစိတ်လုပ်ငန်းများ ညှိနှိုင်းဆောင်ရွက်ရန် တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေးညှိနှိုင်းရေးအဖွဲ့ ဖွဲ့စည်း၍ ပြည်ထောင်စု ငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီနှင့် ဆွေးနွေးညှိနှိုင်းမှုများကို ပြုလုပ်နိုင်ခဲ့ပြီး ယခုအခါတွင် သဘောတူညီချက် Single Text ဒုတိယ မူကြမ်းအဆင့်သို့ ရောက်ရှိနေပြီဖြစ်ပါကြောင်း။

ယနေ့ မိမိတို့ရောက်ရှိနေသော ငြိမ်းချမ်းရေးတည်ဆောက်မှု ဖြစ်စဉ်အဆင့်ဆင့်သည် ငြိမ်းချမ်းရေးအတွက် မျှော်လင့်ချက်များရှင်သန်ပြီး အာမခံချက်ရှိသော၊ အခွင့်အလမ်းများ ပွင့်လင်းနေသော အနေအထားဟု ဆိုရမည်ဖြစ်ပါကြောင်း၊ အစိုးရ၊ လွှတ်တော်များ၊ တပ်မတော်၊ နိုင်ငံရေးပါတီများ၊ နိုင်ငံရေးအင်အားစုများ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၊ အရပ်ဘက်လူ့အဖွဲ့

ပြည်ထောင်စု ဝန်ကြီး ဦးအောင်မင်း ရှင်းလင်း ဆွေးနွေးစဉ်။ (သတင်းစဉ်)

အစည်းများနှင့် ပြည်သူများအားလုံးသည် ပဋိပက္ခများ ချုပ်ငြိမ်းရေးအတွက် မိမိတို့လက်ရှိ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော ငြိမ်းချမ်းရေးဖြစ်စဉ်ကို တစ်နိုင်ငံလုံးအတိုင်းအတာ အပစ်အခတ်ရပ်စဲရေး သဘောတူညီမှုအဆင့်မှနေ၍ နိုင်ငံရေးဆွေးနွေးပွဲများအဆင့်သို့ တက်လှမ်းနိုင်ရန် ကြိုးပမ်းကြရမည့် အချိန်ကာလလည်းဖြစ်ပါကြောင်း၊ ထိုသို့ ကြိုးပမ်းဆောင်ရွက်နိုင်ရေးအတွက် မိမိတို့နိုင်ငံသားတစ်ဦးချင်းစီ အနေဖြင့် အမျိုးသားရေးတာဝန်တစ်ရပ် အဖြစ်ခံယူ၍ ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း။

လက်ရှိရရှိထားသော ငြိမ်းချမ်းရေးတည်ဆောက်မှု လုပ်ငန်းစဉ်များ၏ အောင်မြင်ဖြစ်ထွန်းမှု အဆင့်ဆင့်သည် ဆွေးနွေးဖက်များဖြစ်သည့် အစိုးရ၊ လွှတ်တော်များ၊ တပ်မတော်နှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၏ စိတ်ရင်းစေတနာ မှန်ကန်မှုနှင့် ကာလရှည်ကြာဖြစ်ပွားခဲ့သော ပြည်တွင်းပဋိပက္ခများကို မိမိတို့လက်ထက်တွင် ဆွေးနွေးညှိနှိုင်းခြင်းနည်းလမ်းဖြင့် အဖြေရှာမည်ဆိုသည့် နိုင်ငံရေးစေတနာ မှန်ကန်မှုဖြင့် တည်ဆောက် ရရှိထားခြင်းဖြစ်ပါကြောင်း။

လက်ရှိအချိန်တွင် မိမိတို့ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်လျက်ရှိသည့် တစ်နိုင်ငံလုံးအတိုင်းအတာ ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူညီချက်လက်မှတ်ရေးထိုးရေးမှာ အလွန်အရေးကြီးပါကြောင်း၊ ထိုသဘောတူညီချက်အပေါ်တွင် အခြေခံ၍ ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးနှင့် အကောင်အထည်ဖော်မှု လုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး အကောင်အထည်ဖော်မှု လုပ်ငန်းစဉ်များဖြစ်သည့် ဆက်ဆံရေးရုံးများ ဖွင့်လှစ်ခြင်း၊ နှစ်ဖက်လိုက်နာရမည့်စည်းကမ်းများ သတ်မှတ်ခြင်း၊ စောင့်ကြည့်ရေးစနစ်များ ထူထောင်ခြင်းနှင့် ပဋိပက္ခဖြစ်ပွားခြင်းများ ကာကွယ်တားဆီးရေးဆိုင်ရာ ကြိုတင်အသိပေးစနစ်များ ထူထောင်ခြင်းတို့ကို လုပ်ဆောင်ရမည်ဖြစ်ပါကြောင်း၊ ထိုသို့ လုပ်ဆောင်နိုင်မှသာ စည်းစနစ်ကျသည့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးလုပ်ငန်းစဉ်များကို အောင်မြင်စွာ ဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း။

နိုင်ငံရေးဆွေးနွေးပွဲများအတွက် နိုင်ငံတော်က ချမှတ်ထားသည့် အခြေခံမူများမှာ ဒို့တာဝန်အရေးသုံးပါးကို အခြေခံအဖြစ်ထားရှိ၍ ပြည်ထောင်စုမှ ခွဲထွက်ခြင်းမရှိဘဲ အချုပ်အခြာအာဏာထိပါးမှုမရှိသည့် ကိစ္စရပ်များကို ဆွေးနွေးခွင့်ရှိခြင်းနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတစ်ရပ် တည်ဆောက်သွားရန်ဖြစ်ပါကြောင်း၊ "လွတ်လပ်ရေးရရှိပြီးတဲ့ အချိန်မှစပြီး မြန်မာလူ့အဖွဲ့အစည်းအတွင်း နိုင်ငံရေးအကွဲအပြဲများကို အခြေခံတဲ့ပဋိပက္ခများကြောင့် ခါးသီးတဲ့အတွေ့အကြုံတွေ ကြုံတွေ့ခဲ့ရပါတယ်။ အခုအချိန်မှာ ယင်းအတွေ့အကြုံတွေကို သင်ခန်းစာယူပြီး ပဋိပက္ခတွေချုပ်ငြိမ်းဖို့နဲ့ မိမိတို့ တိုင်းရင်းသားအားလုံး ငြိမ်းချမ်းစွာ အတူတကွ ယှဉ်တွဲနေထိုင်နိုင်ဖို့ လက်တွဲဖော်ဆောင်ရမယ့် အချိန်ကာလလည်းဖြစ်ပါတယ်"ဆိုသည့် နိုင်ငံတော်သမ္မတ၏ တိုက်တွန်းပြောကြားမှုကို အလေးအနက်ထားရှိစေလိုပါကြောင်း။

၂၀၁၆ ခုနှစ်တွင် မည်သည့်အစိုးရတက်တက် လက်ရှိချထားသည့် ငြိမ်းချမ်းရေးအုတ်မြစ်ကို အခြေပြုပြီး မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးဖြစ်စဉ်များကို ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်သွားနိုင်မည် ဖြစ်ပါကြောင်း၊ မိမိတို့ပြည်သူများ အထူးလိုလား တောင့်တလျက်ရှိသည့် ထာဝရငြိမ်းချမ်းရေးရရှိရေးနှင့် စစ်မှန်သော ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးတို့အတွက် ကိုယ်စွမ်း၊ ဉာဏ်စွမ်းရှိသမျှ ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရှင်းလင်းသည်။

ယင်းအဆိုကို လွှတ်တော်က အတည်ပြုကြောင်း ဆုံးဖြတ်ခဲ့သည်။

(သတင်းစဉ်)

ရွှေ့ပြောင်းအလုပ်သမားများဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကျင်းပ

နေပြည်တော် ဇူလိုင် ၁၇

အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာနနှင့် အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့(ILO)တို့ ပူးပေါင်း၍ မြန်မာရွှေ့ပြောင်းအလုပ်သမားများ၏အခွင့်အရေး ကာကွယ်စောင့်ရှောက်ရေးနှင့်မြှင့်တင်ပေးခြင်းနှင့် မြန်မာအလုပ်သမားများ စနစ်တကျနေရာချထားပေးရေးတို့အတွက် စီမံခန့်ခွဲမှုလုပ်ငန်းများ ထိထိရောက်ရောက်ဆောင်ရွက်နိုင်ရန် ပြည်ပအလုပ်အကိုင်ဆိုင်ရာ အပြည်ပြည်ဆိုင်ရာ ပြဋ္ဌာန်းချက်များ၊ ဒေသတွင်းနိုင်ငံများ၌ ကျင့်သုံးလျက်ရှိသော ဥပဒေ၊ နည်းဥပဒေများအား ဆွေးနွေးမည့် အလုပ်ရုံဆွေးနွေးပွဲကို ဇူလိုင် ၁၇ ရက်က နေပြည်တော် အမရဟိုတယ်၌ ကျင်းပခဲ့သည်။

အလုပ်ရုံ ဆွေးနွေးပွဲသို့ ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်နှင့် အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့မှ Deputy Liaison Officer, Ms.Piyamal Pichai-wongse တို့က အဖွင့်အမှာစကား ပြောကြားခဲ့သည်။

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲသည် ပြည်ပသို့ သွားရောက်အလုပ်လုပ်ကိုင်မည့် နိုင်ငံသားများ သင့်တော်ကောင်းမွန်သည့် အလုပ်အကိုင်ရရှိနိုင်ရေးနှင့် လုပ်ခတိုးတက်ရရှိနိုင်ရေး၊ လူစုဆောင်းမှု၌ မှားယွင်းသည့် ကျင့်စဉ်များ တားဆီးနိုင်ရေး၊ ပြည်ပထွက်ခွာရန် ကုန်ကျစရိတ်များ လျော့နည်းစေရေး၊ ရွှေ့ပြောင်းအလုပ်သမားများနှင့် ယင်းတို့၏ မိသားစုဝင်များအတွက် ဘေးကင်းလုံခြုံသည့် လူမှုရေးကွန်ရက် တည်ဆောက်ပေးနိုင်ရေး၊ အထောက်အထားမဲ့ ရွှေ့ပြောင်းသွားလာမှုများ လျော့နည်းပပျောက်ရေးနှင့် ပိုမိုစနစ်ကျသည့် ရွှေ့ပြောင်းသွားလာမှု လုပ်ငန်းစဉ်များ ရေးဆွဲဆောင်ရွက်နိုင်ရေးတို့အတွက် ရွှေ့ပြောင်းသွားလာခြင်းနှင့် ပတ်သက်သောဥပဒေများကို လက်ရှိအခြေအနေနှင့်အညီ ပြင်ဆင်ရေးဆွဲနိုင်ရန် ရည်ရွယ်၍ ကျင်းပခြင်းဖြစ်သည်။

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲမှ ရွှေ့ပြောင်းအလုပ်သမားများ အခွင့်အရေး ကာကွယ်စောင့်ရှောက်ခြင်းကို ဒေသတွင်းဥပဒေ၊ နည်းဥပဒေများအား အိုင်အယ်လ်အိုစံနှုန်းဖြင့် နှိုင်းယှဉ်ဆောင်ရွက်ခြင်း၊ အိုင်အယ်လ်အို ပြဋ္ဌာန်းချက်များနှင့် ထောက်ခံချက်များကိုဆွေးနွေးခြင်းဖြင့် ရရှိလာမည့် ရလဒ်များကို ရွှေ့ပြောင်းသွားလာခြင်းဆိုင်ရာဥပဒေများ ပြန်လည်ပြင်ဆင်ရေးဆွဲရာတွင် အထောက်အကူပြုမည်ဖြစ်ကြောင်းနှင့် အလုပ်ရုံဆွေးနွေးပွဲကို ဇူလိုင် ၁၈ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

မူပိုင်ခွင့်ဆိုင်ရာဥပဒေများ၊ ရင်းနှီးမြှုပ်နှံမှုများနှင့်ပတ်သက်၍ သဘောထားအမြင်များဆွေးနွေး

နေပြည်တော် ဇူလိုင် ၁၇

အမျိုးသားလွှတ်တော် နိုင်ငံတကာဆက်ဆံရေး ကော်မတီဥက္ကဋ္ဌ ဦးညွန့်တင်နှင့် ကော်မတီဝင်များအား ကနေဒါနိုင်ငံ Royal Roads University မှ ပါမောက္ခ Ms. Connie Carter သည် ယနေ့မွန်းလွဲ ၂ နာရီ မိနစ် ၂၀ တွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော် ရေးရာဆောင် အမှတ်(၂၀) ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံသည်။

ထိုသို့ တွေ့ဆုံရာတွင် ဥပဒေ၊ နည်းဥပဒေများနှင့် ပတ်သက်သည့် ကိစ္စရပ်များ၊ မူပိုင်ခွင့်ဆိုင်ရာဥပဒေများ၊ ရင်းနှီးမြှုပ်နှံမှုများနှင့် ပတ်သက်၍ သဘောထားအမြင်များအား ဆွေးနွေးခဲ့ကြကြောင်း သိရှိရသည်။

(သတင်းစဉ်)

အမျိုးသားလွှတ်တော်စုပေါင်းခန်းမ၌ အပြန်အလှန်ဆွေးနွေးခြင်း ပြုလုပ်ဆောင်ရွက်

နေပြည်တော် ဇူလိုင် ၁၇

နေပြည်တော် အမျိုးသားလွှတ်တော်အဆောက်အအုံ စုပေါင်းခန်းမ၌ ယနေ့မွန်းလွဲပိုင်းတွင် အပြန်အလှန်ဆွေးနွေးခြင်း (Debate) အခမ်းအနားကို "အံ့မခန်း ဖွံ့ဖြိုးတိုးတက်လာသော တရုတ်ပြည်ဆိုင်ရာ လေ့လာချက်စာတမ်း" ခေါင်းစဉ်ဖြင့် ကျင်းပရာ အမျိုးသားလွှတ်တော်၊ မဟာဗျူဟာလေ့လာရေးနှင့် သုတေသန ကော်မတီဥက္ကဋ္ဌ တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးချုပ်ကျော်ဦးလွင်က သဘာပတိအဖြစ်ဆောင်ရွက်ပြီး စာရေးသူ ဆရာဒေါက်တာချစ်စံ(ချစ်စံဝင်း)က အပြန်အလှန်ဆွေးနွေးပွဲနှင့် ပတ်သက်သည့် အကြောင်းအရာများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးမျိုးထွန်းအောင်၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉) မှ ပါမောက္ခဒေါက်တာမြဦး၊ ကရင်ပြည်နယ်မဲဆန္ဒနယ် အမှတ်(၂)မှ ဦးမန်းကံညွန့်၊ တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးချုပ်ခင်မောင်အေး၊ ကချင်ပြည်နယ်မဲဆန္ဒနယ်အမှတ်(၇)မှ ဦးစံပြည့်တို့က သိရှိလိုသည်များကို မေးမြန်းဆွေးနွေးရာ စာတမ်းရှင် ဒေါက်တာချစ်စံ(ချစ်စံဝင်း)က ပြန်လည်ရှင်းလင်းဖြေကြားကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

❖ *ကျော့ဖုံးမှ*

ပြန်လည်ခွင့်ပြုပေးမည်ဟု သိရှိရသဖြင့် လုပ်ငန်းရှင်များက လုပ်သားများ စုဆောင်းခြင်းနှင့် လိုအပ်သည့် ယန္တရားများ ပြန်လည်တပ်ဆင်ခြင်းကို လုပ်ဆောင်လျက်ရှိကြောင်း ကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်းမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။ ကျောက်စိမ်းထွက်ရှိမှု အားနည်းခဲ့သဖြင့် ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်တွင် မြန်မာနိုင်ငံမှ ပြည်ပသို့ ကျောက်စိမ်းတင်ပို့ ရောင်းချရာမှ ရရှိသည့်ဝင်ငွေမှာ အမေရိကန်ဒေါ်လာ သန်း ၈၀၀ ကျော်သာ ရရှိခဲ့ပြီး ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ်အတွင်း လုပ်ငန်းလုပ်ကိုင်ခွင့် အပြည့်အဝရရှိခဲ့စဉ်က ရောင်းချရငွေမှာ အမေရိကန်ဒေါ်လာ သန်း ၂၂၀၀ ကျော်ခဲ့သည်။ ကြီးကြပ်ရေးကော်မတီမှ သေချာစွာစိစစ်ပြီးနောက် လုပ်ငန်းလိုင်စင်များကို အမြန်ဆုံးချထားပေးမည်ဖြစ်ပြီး တူးဖော်ရေးလုပ်ငန်းခွင်လုပ်သားအများစုမှာလည်း ပြန်လည်လုပ်ကိုင်ခွင့်ပြုသည့် သတင်းကြောင့် မော်များသို့ လာရောက်မှု များပြားလာနေကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

ပြည်တွင်းသတင်း

✻ ရှေ့ဖုံးမှ

နိုင်သည့်နေရာတစ်ခုအဖြစ် အားကိုး၍ လာရောက်တွေ့ဆုံကြပါကြောင်း။

ပြည်သူများအနေဖြင့် ၄င်းတို့၏ အခက်အခဲများကို လွှတ်တော်ကိုယ်စားလှယ်များအား ရှင်းလင်းတင်ပြပြီး ကိုယ်စားလှယ်များမှတစ်ဆင့် သက်ဆိုင်ရာဝန်ကြီးဌာနများ၊ ဘုတ်အဖွဲ့များ၊ ပါတီအဖွဲ့အစည်းများကို အခက်အခဲကြုံတွေ့နေရသူ မဲဆန္ဒရှင် ပြည်သူများကိုယ်စား အသနားခံစာများရေးပို့ကာ ပြည်သူများ၏ အခက်အခဲကိုတတ်နိုင်သမျှ ကူညီဖြေရှင်းပေးကြခြင်း ဖြစ်ပါကြောင်း။ တိုင်းသူပြည်သားအများစုကလည်း လွှတ်တော်ကိုယ်စားလှယ်များအား ၄င်းတို့ ကြုံတွေ့နေရသည့် အခက်အခဲများ၊ အတားအဆီးများ၏ ဖြေရှင်းပေးနိုင်ရာနေရာ တစ်ခုအဖြစ် အားကိုး၍ လာရောက်တွေ့ဆုံကြပါကြောင်းဖြင့် တင်ပြသည်။

ယင်းနောက် ဒုတိယသမ္မတက သိရှိလိုသည်များကို မေးမြန်းပြီး တွေ့ဆုံပွဲအခမ်းအနား ကျင်းပသည့်နေရာနှင့် တက်ရောက်သည့် ပြည်သူများကို လှည့်လည်ကြည့်ရှုလေ့လာကာ ဒေသမြို့တော်ဝန်ကို အမှတ်တရ လက်ဆောင်ပေးအပ်ခဲ့သည်။

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့် အဖွဲ့ဝင်များသည် ယနေ့ ဒေသ စံတော်ချိန် နံနက် ၁၀ နာရီတွင် စင်ကာပူနိုင်ငံ အမျိုးသားတက္ကသိုလ်လက်အောက်ခံ ကျောင်းခွဲတစ်ခုဖြစ်သည့် ရောင်စီတိုး(Yang Siew Toh) ဂီတအနုပညာကျောင်းသို့ သွားရောက်လေ့လာကြသည်။

ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များကို အဆိုပါကျောင်း၏ ဒုတိယညွှန်ကြားရေးမှူးဖြစ်သူ တွဲဖက်ပါမောက္ခ မစ္စတာ ကာရစ်ဒီက ကျောင်းရှင်းလင်းဆောင်ခန်းမတွင် ကျောင်းနှင့်ပတ်သက်သည့် အချက်အလက်များကို ရှင်းလင်းပြောကြားခဲ့သည်။

ယင်းသို့ ရှင်းလင်းပြောကြားရာတွင် ကျောင်း၌ သရုပ်ဆောင်၊ တေးရေး၊ အသံဖမ်းအင်ဂျင်နီယာ ဘာသာရပ် စသည်တို့ကို သင်ကြားပို့ချပေးနေသည့် အခြေအနေ၊ ဆယ်နှစ်ကျော်ကာလအတွင်း ကမ္ဘာတစ်ဝန်းတွင် ထင်ရှားကျော်ကြားသည့် အနုပညာရှင်များ မွေးထုတ်ပေးနိုင်ခဲ့မှု အခြေအနေ၊ ယခင်က ဂွန်ဟော့ပ်ကင်း တက္ကသိုလ်၏ တွဲဖက်ကျောင်းခွဲတစ်ခုဖြစ်ခဲ့ကာ ယခုအခါတွင် စင်ကာပူအပါအဝင် နိုင်ငံပေါင်း ၂၂ နိုင်ငံကျော်မှ ဂီတအနုပညာရှင်ကျောင်းသား ၂၂၀ ခန့် တက်ရောက်နေမှုအခြေအနေများကိုလည်းကောင်း။

ရောင်စီတိုး ဂီတအနုပညာကျောင်းသည် စင်ကာပူနိုင်ငံကို ဂီတအနုပညာဘက်ပိုင်း၌ ရလဒ်ကောင်းများကို ဖော်ဆောင်နိုင်ရန်အတွက်လည်းကောင်း၊ စင်ကာပူနိုင်ငံ၏ဖွံ့ဖြိုးလာသော စီးပွားရေး၊ နည်းပညာ၊ ကျန်းမာရေးကဏ္ဍများနှင့်အတူ အနုပညာဖန်တီးမှုကဏ္ဍ၌လည်း တစ်ပြေးညီ ဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် ရည်ရွယ်ပါကြောင်းဖြင့် အကျယ်တဝင့်ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များသည် ကျောင်းပရဝဏ်အတွင်း လှည့်လည်ကြည့်ရှုလေ့လာကြသည်။

ယင်းနောက် ဒုတိယသမ္မတက ကျောင်းတာဝန်ရှိသူများကို လက်ဆောင်ပစ္စည်းများ ပေးအပ်ခဲ့သည်။

မွန်းလွဲပိုင်းတွင် ဒုတိယသမ္မတနှင့်အဖွဲ့ဝင်များသည် စင်ကာပူနိုင်ငံ ချန်ဂီအပြည်ပြည်ဆိုင်ရာ လေဆိပ်မှ လေကြောင်းခရီးဖြင့် မြန်မာနိုင်ငံသို့ ပြန်လည်ထွက်ခွာကြရာ လေဆိပ်၌ စင်ကာပူနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးဦးဌေးအောင်၊ စစ်သံမှူး ဗိုလ်မှူးချုပ်ကိုကိုနှင့် စင်ကာပူသံအမတ်ကြီး မစ္စတာရောဘတ်ချွားတို့က ပို့ဆောင်နှုတ်ဆက်ကြသည်။

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့်အဖွဲ့သည် ရန်ကုန်မြို့သို့ မွန်းလွဲ ၂ နာရီ မိနစ် ၅၀ တွင်ရောက်ရှိရာ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း ရန်ကုန်မြို့တော်ဝန် ဦးလှမြင့်နှင့် မြန်မာနိုင်ငံဆိုင်ရာ စင်ကာပူသံရုံးမှ မစ္စတာ ဝီလီယံချစ်ခ်တို့ ကြိုဆိုနှုတ်ဆက်ခဲ့ကြသည်။ **(သတင်းစဉ်)**

❁ ရှေ့ဖုံးမှ

အဆိုပါ လက်မှတ်ရေးထိုးမှုများတွင် မြန်မာနိုင်ငံရှိ ဆက်သွယ်ရေးကဏ္ဍတွင် ပူးပေါင်းဆောင်ရွက်ရန်အတွက် သက်တမ်းအားဖြင့် ၁၀ နှစ် သတ်မှတ်ထားပြီး သုံးစွဲမှုငွေကြေးမှာ အမေရိကန်ဒေါ်လာ သန်း ၂၀၀၀ အထိလျာထားကြောင်း သိရသည်။

ထိုကဲ့သို့ ဈေးကွက်အတွင်း တယ်လီနော၊ အော်ရီဒူးတို့နှင့် အပြိုင်နည်းပညာမြင့် လုပ်ငန်းများ၊ ဝန်ဆောင်မှုများနှင့် အင်တာနက်မြန်နှုန်းများမြှင့်တင်ရေး၊ အခြေခံအဆောက်အအုံ တာဝါတိုင်များ တည်ဆောက်ရေးများတွင် မြန်မာ့ဆက်သွယ်ရေးမှ ယင်းကုမ္ပဏီများနှင့် ပူးပေါင်းဆောင်ရွက်မည်ဖြစ်ကာ လာမည့်နှစ်အနည်းငယ်အတွင်း ပြည်တွင်းပညာရှင်များထံ နည်းပညာကျွမ်းကျင်မှုများ လွှဲပြောင်းပေးရန် ရည်ရွယ်ထားကြောင်း ဂျပန်ကုမ္ပဏီများဘက်မှ စီအီးအို မစ္စတာ တာဂီးမာက ပြောကြားသည်။

ထို့အပြင် ရန်ကုန်၊ မန္တလေးနှင့် နေပြည်တော်တို့ရှိ ဆက်သွယ်မှုကွန်ရက်များ အဆင့်မြှင့်တင်နိုင်ရေးအတွက် စတင်ဆောင်ရွက်လျက်ရှိပြီး ကျေးလက်ဒေသများအထိ ဆက်သွယ်မှုဧရိယာ လွှမ်းခြုံနိုင်မည်ဖြစ်ကြောင်း သိရသည်။

လာမည့် ၂၀၁၆ ခုနှစ်တွင် မြန်မာနိုင်ငံ၏ လူဦးရေ ၈၀ ရာခိုင်နှုန်းခန့်ကို မိုဘိုင်းဖုန်းများအသုံးပြုနိုင်ရန်အတွက် မြန်မာ့ဆက်သွယ်ရေးမှ မျှော်မှန်းထားကြောင်း ဆက်သွယ်ရေး၊ သတင်းအချက်အလက်နှင့် နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြတ်ဟိန်းက ပြောကြားသည်။

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းအနေဖြင့် သရီးဂျီစနစ်သုံးကတ်များကို အဓိက ဖြန့်ဖြူးသွားရန် ရည်ရွယ်ထားပြီးဆက်သွယ်ရေး ကွန်ရက်ရရှိရန် အခက်အခဲရှိသည့် နေရာများတွင် တူးဂျီဆက်သွယ်မှုများ ပေးအပ်သွားမည်ဖြစ်သည်။

ပြည်ပဆက်သွယ်ရေး အော်ပရေတာနှစ်ခုမှလည်း စက်တင်ဘာအတွင်း ဆင်းကတ်များစတင်ရောင်းချမည်ဟု ကြေညာထားခဲ့ပြီး အခြေခံအဆောက်အအုံများ တည်ဆောက်ခြင်းနှင့် ဈေးကွက်ရှာဖွေခြင်းများကို တွင်ကျယ်စွာဆောင်ရွက်နေကြပြီဖြစ်သည်။

ဝန်ဆောင်မှုနှင့် အဖိုးနှုန်းထားများကို ပြည်ပအော်ပရေတာများမှ ငွေကျပ် ၁၅၀၀ ထက်မပိုသည့် နှုန်းထားဖြင့်ရောင်းချပြီး ဝန်ဆောင်မှုများကိုလည်း ဈေးနှုန်းအသက်သာဆုံးပေးနိုင်မည်ဟု ပြောဆိုလျက်ရှိသော်လည်း လက်ရှိဖုန်းဈေး နှုန်းများမှာမူ ငွေကျပ် ၁၅၀၀ တန်ဂျီအက်စ်အမ် ဆင်းကတ်တစ်ကတ်လျှင် ငွေကျပ်ငါးသောင်းနှုန်းအထက်တွင် ရောင်းချနေကြကြောင်း ဈေးကွက်အတွင်းမှ သိရသည်။

(မြန်မာ့အလင်း)

စာပေမြင့်မှ လူမျိုးတင့်မည်

မိုးစက်ဖြိုင်ဖြိုင် လွမ်းမိုးလှိုင်

✻ ဇူလိုင်မိုးစက်၊ ဖြိုးသက်လို့ ကြွေလေလျှင်
ရှစ်ခွင်အုံ့မှိုင်း၊ တိမ်လှိုင်းညိုမှောင်ဆင်
မြန်တိုင်းတစ်ခွင်၊ ဖြေမရှင်စိတ်ဝမ်း
ကြွေလွင့်ခဲ့သည်၊ အာဇာနည်
မျှော်ရည်တတမ်း လွမ်းသည်တည့်လေး။

✻ လွတ်လပ်ပန်းပွင့်၊ လျှမ်းတင့်၍ မကြုံမီ
ဇာနည်မြေခ၊ ကြွေကျခဲ့ရှာသည်
ရိုင်းမိုက်ကြံစည်၊ ဉာဏ်ပလီကျင့်သုံး
နယ်ချဲ့ဖောက်ပြန်၊ အကောက်ဉာဏ်
နိုင်ငံကြိမ်မီး အုံးသည်သို့လေး။

✻ ပြည်သူ့ချစ်ပန်း၊ အောင်ဆန်းဗိုလ်ချုပ်သည်
မြန်မာပြည်လွတ်ရေး၊ မျှော်တွေးသူကြံစည်
မြေပြန့်မှသည်၊ တောင်ပေါ်ဆီတစ်ဝန်း
စည်းလုံးညီအောင်၊ သူစွမ်းဆောင်
ပြည်ထောင်လွတ်လမ်း မှန်းသည်တည့်လေး။

✻ လွမ်းတုန်းလွမ်းဆဲ၊ လွမ်းအသည်းခိုင်မာသည်
အာဇာနည်များသို့၊ ကျို့ယို့ဦးညွှတ်ပြီ
သည်လ သည်ရာသီ၊ ရောက်လေပြီဆိုတိုင်း
ပြည်သူ့ရင်မှာ၊ ထင်မြင်လာ
ဇာနည်ပုံရိပ် လှိုင်းသာတည့်လေး။

✻ ရှစ်တိုင်းနယ်တစ်ခွင် ဇူလိုင်ပန်းရိပ်ဝေ. . .။
ချစ်လှိုင်းရယ်ဆင် တူပြိုင်လွမ်းစိတ်တွေ. . .။

မြင်းမူမောင်နိုင်မိုး

မလေးရှားခရီးသည်တင်လေယာဉ် ယူကရိန်းအရှေ့ပိုင်းတွင် ပစ်ချခံရ

နောက်ဆုံးရသတင်း

ကွာလာလမ်ပူ ဇူလိုင် ၁၇

မလေးရှားလေကြောင်းလိုင်းမှ ခရီးသည်တင်လေယာဉ်တစ်စင်း ယူကရိန်းအရှေ့ပိုင်းတွင် ခွဲထွက်ရေးစစ်သွေးကြွများက ပစ်ချမှုကြောင့် ပျက်ကျခဲ့ရာ လေယာဉ်ပေါ်ပါသူ ၂၉၅ ဦးစလုံး သေဆုံးသွားခဲ့ကြောင်း အင်တာဖက်ယူကရိန်းသတင်းအေဂျင်စီ၏ ထုတ်ပြန်ချက်ကို ကိုးကား၍ ယူကရိန်းပြည်ထဲရေးဝန်ကြီးရုံးက ပြောကြားသည်။

အဆိုပါ လေယာဉ်သည် ဘိုးအင်း ၇၇၇ အမျိုးအစားဖြစ်ပြီး အမ်စတာဒမ်မှ ကွာလာလမ်ပူသို့ ပျံသန်းလာရာမှ ရုရှားလိုလားသူ ခွဲထွက်ရေးသမားများ အခိုင်အမာကြီးစိုးထားသည့် ဒိုနက်စ်မြို့အနီးတွင် မြေပြင်မှဝေဟင်ပစ် ဒုံးကျည်ဖြင့် ပစ်ချခံရခြင်းဖြစ်ကြောင်း အန်တွန်ဂျီရက်ချန်ကိုက ပြောကြားသည်။

ဖော်ပြ

ဒေသခံများက လေယာဉ်အပျက်အစီးများကို ရှာဖွေတွေ့ရှိပြီးနောက် ယူကရိန်းအာဏာပိုင်များက ယင်းကဲ့သို့ ထုတ်ဖော်ပြောကြားလိုက်ခြင်းဖြစ်ပြီး သတင်းကို အတည်ပြုရန်အတွက် အချက်အလက်များ ထပ်မံမရရှိသေးကြောင်း ရိုက်တာက ဖော်ပြသည်။ **(ရိုက်တာ)**

အာဇာနည်နေ့အထိမ်းအမှတ် ကျပန်းစကားပြောနှင့် ကဗျာရွတ်ဆိုပြိုင်

တောင်ငူ ဇူလိုင် ၁၇

ဇူလိုင် ၁၉ ရက်တွင် ကျရောက်မည့် (၆၇) နှစ်မြောက် အာဇာနည်နေ့အထိမ်းအမှတ် မြို့နယ်အဆင့် ကျပန်းစကားပြောနှင့် ကဗျာရွတ်ဆိုပြိုင်ပွဲကို ဇူလိုင် ၁၇ ရက် နံနက် ၉ နာရီက တောင်ငူမြို့ ခပေါင်းခန်းမ၌ ကျင်းပရာ အခမ်းအနားတွင် တောင်ငူမြို့နယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဝင်းနိုင်ရှိန်က အမှာစကားပြောကြားသည်။ အထက်တန်းအဆင့်နှင့် အလယ်တန်းအဆင့် ကျောင်းသား ကျောင်းသူများက လေးမြတ်ဂုဏ်ရည်အာဇာနည်ခေါင်းစဉ်ဖြင့် လည်းကောင်း၊ မမေ့ခဲ့နိုင် (၁၉)ဇူလိုင်ခေါင်းစဉ်ဖြင့် လည်းကောင်း ကျပန်းစကားပြောပြိုင်ပွဲဝင်ကြသည်။ **(ယာပုံ)**

ပြိုင်ပွဲဝင်မည်

ဇူလိုင် ၁၈ ရက်တွင် မူလတန်းအဆင့် ကျောင်းသား ကျောင်းသူများက ကဗျာရွတ်ဆိုပြိုင်ပွဲဝင်ကြမည်ဖြစ်ကြောင်း သိရသည်။

သူရ(တောင်ငူ)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရာထူးဝန်အဖွဲ့
Union Civil Service Board

နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများမှ ကောက်နုတ်ချက်

ယမန်နေ့မှအဆက်

နည်းဥပဒေ ၃၃။ ရာထူးတိုးမြှင့်ရေးအတွက် ရာထူးသက်၊ လုပ်သက်များကို ဇယား(၁)ပါသတ်မှတ်ချက်များနှင့်အညီ ရေတွက်သတ်မှတ်ရမည်။

နည်းဥပဒေ ၃၄။ (က) ဤနည်းဥပဒေများပါသတ်မှတ်ချက်များသည် နိုင်ငံတော်သမ္မတကသာ တိုက်ရိုက်ခန့်အပ်သည့် ဝန်ထမ်းအဖွဲ့အစည်း အကြီးအမှူးရာထူး၏ အောက်တစ်ဆင့်နိမ့်သောရာထူးအဆင့်များအထိ တိုးမြှင့်ခန့်ထားမည့် ဝန်ထမ်းများနှင့် သက်ဆိုင်စေရမည်။

(ခ) တပ်ဖွဲ့အသွင်ဖွဲ့စည်းထားသော ဝန်ထမ်းအဖွဲ့အစည်းများ၌ ရာထူးတိုးမြှင့်ခြင်းဆိုင်ရာကိစ္စများကို လုပ်ငန်းလိုအပ်ချက်နှင့်အညီဆောင်ရွက်နိုင်ရန် သက်ဆိုင်ရာဝန်ထမ်းအဖွဲ့အစည်းသည် ဤနည်းဥပဒေများ၏ အခြေခံသဘောနှင့်ညီညွတ်သော နည်းစနစ်များကို သီးခြားသတ်မှတ်နိုင်သည်။

(ဂ) ရာထူးဝန်အဖွဲ့က ရွေးချယ်ပေးရန်သတ်မှတ်သည့် ပြန်တမ်းဝင်အရာရှိရာထူးအဆင့်သို့ ဌာနတွင်းမှ ဝန်ထမ်းများကို တိုးမြှင့်ခန့်အပ်ရန် လိုအပ်သည့်ကိစ္စရပ်တွင် ရာထူးဝန်အဖွဲ့နှင့် ညှိနှိုင်းဆောင်ရွက်ရမည်။

(ဃ) ရာထူး၏လုပ်ငန်းသဘာဝအလိုက်အနည်းဆုံး လိုအပ်သည့် ပညာအရည်အချင်း၊ ကျွမ်းကျင်မှုအရည်အချင်းတို့ကို သက်ဆိုင်ရာ ဝန်ထမ်းအဖွဲ့အစည်းသည် ယင်းတို့၏ လိုအပ်ချက်နှင့်အညီ ပြည်ထောင်စုအစိုးရအဖွဲ့၏ အတည်ပြုချက်ရယူသတ်မှတ်ရမည်။

(င) ဝန်ထမ်းတစ်ဦးကို ဌာနဆိုင်ရာ စုံစမ်းစစ်ဆေးမှုပြုလုပ်နေစဉ်ကာလအတွင်း ရာထူးတိုးမြှင့်ခန့်ထားရေးအတွက် အရည်အချင်း စစ်ဆေးခြင်းနှင့် တန်းစီဇယားတွင်ထည့်သွင်းရေးဆွဲခြင်း ပြုလုပ်နိုင်သော်လည်း တာဝန်မှယာယီရပ်ဆိုင်းခြင်းခံနေရခြင်း သို့မဟုတ် ဥပဒေကြောင်းအရ အချုပ်အနှောင်ခံနေရခြင်း သို့မဟုတ် အာမခံဖြင့်လွှတ်ထားခြင်း ခံရသည့်ဝန်ထမ်းကိုမူ ရာထူးတိုးမြှင့်ရေးအတွက်စစ်ဆေးခြင်းနှင့် တန်းစီဇယားတွင် ထည့်သွင်းရေးဆွဲခြင်းမပြုရ။

နည်းဥပဒေ ၄၃။ ဝန်ထမ်းတစ်ဦးသည် ရာထူးတိုးမြှင့်ပေးရန်သတ်မှတ်ထားသော အရည်အချင်းများ ပြည့်စုံစေကာမူ အောက်ပါအချက်တစ်ရပ်ရပ်ပေါ်ပေါက်ပါက ယင်းဝန်ထမ်းအား ရာထူးတိုးမြှင့်မပေးရ-

(က) စာဖြင့်သတိပေးခြင်းခံရသူအား သတိပေးခြင်းခံရသည့်နေ့မှ ခြောက်လအတွင်း၊

(ခ) နှစ်တိုးလစာရပ်ဆိုင်းခြင်းပြစ်ဒဏ်ခံရလျှင် ယင်းသို့နှစ်တိုးလစာရပ်ဆိုင်းသည့်ကာလအတွင်း၊

(ဂ) တာဝန်ထမ်းဆောင်ရာတွင် ပေါ့လျော့မှုကြောင့်ဖြစ်စေ၊ ကျွမ်းကျင်မှုမရှိ၍ဖြစ်စေ၊ ပျက်စီးဆုံးရှုံးမှုအတွက် ဆုံးရှုံးမှုတန်ဖိုးအပြည့်အဝကိုသော်လည်းကောင်း၊ တစ်စိတ်တစ်ဒေသ ကိုသော်လည်းကောင်း ပေးလျော်ရသောကိစ္စမျိုးတွင် ဆုံးရှုံးမှုတန်ဖိုးကိုပြန်လည်ပေးလျော်စေရန် အမိန့်ချမှတ်သည့်နေ့မှစ၍ တစ်နှစ် သို့မဟုတ် အကျေပေးလျော်ပြီးသည့်နေ့ ထိုနေ့နှစ်ခုတို့အနက် စောရာနေ့အထိ၊

(ဃ) ကိုယ်ကျင့်တရားပျက်ပြားမှုနှင့်အကျုံးဝင်သော ပြစ်မှုဖြင့် တရားရုံး၏ ပြစ်မှုထင်ရှားစီရင်ခြင်းခံရသော်လည်း လက်ရှိရာထူးတွင် ဆက်လက်တည်ရှိနေသည့်အခါ ယင်းသို့ ပြစ်ဒဏ်စီရင်ခြင်းခံရသည့်နေ့မှ တစ်နှစ်အတွင်း၊

(င) ချိန်နှုန်းလစာတစ်ခုအတွင်း လစာအဆင့်လျှော့ချခြင်းခံရလျှင် မူလလစာအဆင့်သို့ ပြန်လည်မရောက်မချင်း၊

(စ) ရှေးဦးစုံစမ်းခြင်း၊ ဌာနဆိုင်ရာ စစ်ဆေးခြင်းခံနေရစဉ်အတွင်း၊

(ဆ) အပြစ်ကြောင့်ရာထူးလျှော့ချခြင်းခံရပါက ယင်းရာထူးလျှော့ချသည့် အမိန့်ပါ သတ်မှတ်ကာလအတွင်း၊

(ဇ) ရာထူးတစ်ခုတွင် အစမ်းခန့်ထားခြင်းခံရစဉ်ကာလအတွင်း၊

(ဈ) တာဝန်မှ ယာယီရပ်ဆိုင်းထားခြင်းခံရစဉ်ကာလအတွင်း။

နည်းဥပဒေ ၄၄။ ဝန်ထမ်းဆိုင်ရာ ပြစ်ဒဏ်တစ်ခုခုကျခံနေရစဉ်ကာလအတွင်း ရာထူးတိုးမြှင့်မပေးရ။ သို့ရာတွင် အဆိုပါပြစ်ဒဏ်မှလွတ်မြောက်ချိန်တွင် တန်းစီဇယားသက်တမ်းမပြည့်မီ လစ်လပ်နေရာရှိပါက ရာထူးတိုးမြှင့်ပေးရမည်။ တန်းစီဇယားသက်တမ်းကုန်မှ ပြစ်ဒဏ်လွတ်မြောက်ပါက အရည်အချင်းစစ်ဆေးခြင်းကို ထပ်မံဖြေဆိုစေရမည်။

(ဆက်လက်ဖော်ပြပါမည်)

ပြည်တွင်းသတင်းနှင့်ဆောင်းပါး

အားကစားနည်းပြ/ဒိုင်သင်တန်း ဖွင့်ပွဲကျင်းပ

နေပြည်တော် ဇူလိုင် ၁၇

အားကစားဝန်ကြီးဌာန အားကစားနှင့် ကာယပညာဦးစီးဌာန၊ အားကစားနည်းပြနှင့် ဒိုင်သင်တန်း အမှတ်စဉ် (၅/၂၀၁၄)ဖွင့်ပွဲကို ဇူလိုင် ၁၆ ရက် နံနက် ၁၀နာရီက နေပြည်တော် အားကစားလေ့ကျင့်ရေးစခန်း Gold Camp ရှိ Multi-purpose ခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံအမျိုးသား အားကစားကော်မတီ ဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်း တက်ရောက် အမှာစကားပြောကြားရာတွင် မြန်မာအားကစားဖွံ့ဖြိုးတိုးတက် အဆင့်အတန်းမြင့်မားလာစေရေးအတွက် ရေရှည်စီမံကိန်းများ ချမှတ်ဆောင်ရွက်နေသကဲ့သို့ ရေတိုစီမံကိန်းဖြင့် (၂၈)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ အောင်မြင်ရေးအတွက် အဘက်ဘက်မှ ကြိုတင်ပြင်ဆင်လျက်ရှိပါကြောင်း၊ ထိုသို့ ရေရှည်၊ ရေတိုစီမံကိန်းဖြစ်သော အားကစား သိပ္ပံကျောင်းများ ထပ်မံတိုးချဲ့ဖွင့်လှစ်ခြင်း၊ အားကစားလေ့ကျင့်ရေးစခန်းများတိုးချဲ့ ဖွင့်လှစ်ခြင်း၊ အဆိုပါအားကစားစခန်းများ၌ အားကစားသမားများ မျိုးဆက်သစ်များ စခန်းသွင်းလေ့ကျင့်စေခြင်း၊ နိုင်ငံခြားနည်းပြများ၊ ပြည်တွင်းအဆင့်မီနည်းပြဖြင့် သင်ကြားပြသခြင်းများ ဆောင်ရွက်နေကြောင်း၊ သို့ဖြစ်ပါ၍ နည်းပြများအနေနှင့် ယခုသင်တန်းကို ကြိုးကြိုးစားစား တက်ရောက်သင်ယူကြပြီး အဆင့်မီအရည်အသွေးရှိသော နည်းပြများဖြစ်အောင် ကြိုးစားပြီး ထူးချွန်ထက်မြက်သော နိုင်ငံ့ဂုဏ်ဆောင် အားကစားသမားများ မွေးထုတ် ပေးနိုင်ကြပါစေကြောင်း ပြောကြားသည်။

အဆိုပါသင်တန်းသို့ ကြက်တောင်အားကစားနည်းမှ သင်တန်းသား ၅၀၊ စားပွဲတင်တင်းနစ်အားကစားနည်းမှ ၃၃ဦး၊ ပီတန်းအားကစားနည်းမှ ၆၁ဦး စုစုပေါင်း ၁၄၄ဦး တက်ရောက်သင်ကြားကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပုဗ္ဗသီရိမြို့နယ်တွင် ပညာပေးဟောပြော

နေပြည်တော် ဇူလိုင် ၁၇

နေပြည်တော်ယာဉ်ထိန်းရဲတပ်ဖွဲ့ ပုဗ္ဗသီရိမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းတို့ပူးပေါင်း၍ ပညာပေးဟောပြောပွဲကို ဇူလိုင် ၁၄ ရက် နံနက် ၁၀ နာရီက ပုဗ္ဗသီရိမြို့နယ် ရွာသစ်ကျေးရွာအုပ်စု ရွာသစ်ကျေးရွာ အခြေခံပညာမူလတန်းလွန်ကျောင်း၌ ကျင်းပသည်။

အခမ်းအနားတွင် ပုဗ္ဗသီရိမြို့နယ် ယာဉ်စစ်ဆေးရေးတာဝန်ခံ၊ နေပြည်တော် ယာဉ်ထိန်းရဲတပ်ဖွဲ့မှ ဒုတိယရဲမှူးစောတင်က ကျောင်းသား ကျောင်းသူများကို ခြေကျင်လမ်းလျှောက်ရာတွင် လိုက်နာရမည့်စည်းကမ်းချက်များ၊ စက်ဘီးစီးနင်းရာတွင် လိုက်နာရမည့် စည်းကမ်းချက်များကိုလည်းကောင်း၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်နွယ်နီထွန်းက သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားစေတတ်သော အကြောင်းအရာများကိုလည်းကောင်း၊ မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်သိမ့်သိမ့်မျိုးက စာဖတ်ရှိန်မြှင့်တင်ရေးနှင့်စာဖတ်ခြင်း၏ အကျိုးကျေးဇူးများကို လည်းကောင်း ဟောပြောရာ ကျောင်းအုပ်ဆရာကြီး၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူ ၂၅၀ တက်ရောက်ခဲ့ပြီး ကျောင်းအုပ်ဆရာကြီးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ကြောင်း သိရသည်။

ကိုကို(ပျဉ်းမနား)

အရှေ့တောင်အာရှ လူငယ်ဘော်လီဘောပြိုင်ပွဲ ကျင်းပမည်

ရန်ကုန် ဇူလိုင် ၁၇

အားကစားဝန်ကြီးဌာနက ကြီးမှူးပြီး (၁၈)ကြိမ်မြောက် အရှေ့တောင်အာရှ လူငယ်ဘော်လီဘော ပြိုင်ပွဲကြီးကို နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားပြိုင်ပွဲရုံ (B)၌ ဩဂုတ် ၂ ရက်မှ ၆ ရက်အထိ ငါးရက်တိုင်တိုင် ကျင်းပသွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံအားကစားဝန်ကြီးဌာနမှ သိရသည်။

အဆိုပါပြိုင်ပွဲကြီးတွင် အမျိုးသားနှင့် အမျိုးသမီးဘော်လီဘော ပြိုင်ပွဲများ ထည့်သွင်းကျင်းပသွားမည်ဖြစ်ပြီး မြန်မာအမျိုးသား ဘော်လီဘောအသင်းအနေဖြင့် (က)အသင်းနှင့် (ခ)အသင်းတို့ဝင်ရောက်ယှဉ်ပြိုင်သွားမည်ဖြစ်သည်။ ပြည်ပနိုင်ငံများမှ လာရောက်ယှဉ်ပြိုင်မည့် အမျိုးသားဘော်လီဘောအသင်းများမှာ နယူးဇီလန်၊ ထိုင်းနှင့် ဗီယက်နမ်အသင်းတို့ ဝင်ရောက်ယှဉ်ပြိုင်ကြမည်ဖြစ်သည်။ အမျိုးသမီး ဘော်လီဘောအသင်းများမှာ မြန်မာ၊ ဗီယက်နမ်နှင့် ထိုင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်ကြောင်း သိရသည်။

ယခုလာမည့် ဩဂုတ်လတွင် မြန်မာနိုင်ငံ၌ ကျင်းပမည့် (၁၈)ကြိမ်မြောက် အရှေ့တောင်အာရှ အမျိုးသား အမျိုးသမီး ဘော်လီဘော ပြိုင်ပွဲကြီးကို အိမ်ရှင်အဖြစ်လက်ခံကျင်းပရခြင်းသည် မြန်မာ့အားကစား အဆင့်အတန်း တိုးတက်မြင့်မားရေး၊ မြန်မာဘော်လီဘောအသင်း နိုင်ငံတကာကဲ့သို့ အဆင့်အတန်းတိုးတက်မြင့်မားစေရေးနှင့် မြန်မာ့လက်ရွေးစင်ဘော်လီဘော အသင်းအနေဖြင့် နိုင်ငံတကာပြိုင်ပွဲ အတွေ့အကြုံကောင်းများ ရရှိစေရေးတို့ကို ရည်ရွယ်လုပ်ဆောင်ပေးခြင်းဖြစ်ကြောင်း အားကစားဝန်ကြီးဌာန မြန်မာနိုင်ငံဘော်လီဘောအဖွဲ့ချုပ်မှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ယင်းပြိုင်ပွဲကြီးကို နိုင်ငံတကာ ဘော်လီဘောပြိုင်ပွဲများကဲ့သို့ အဆင့်အတန်းမြင့်မြင့်ဖြင့် ကမ္ဘာ့အဆင့်မီ ရွှေ၊ ငွေ၊ ကြေးဆုတံဆိပ်များနှင့် ထိုက်သင့်သည့် ဆုငွေများကိုချီးမြှင့်သွားမည်ဖြစ်သည့်အပြင် နိုင်ငံတကာ ဘော်လီဘော ပြိုင်ပွဲကြီးများကဲ့သို့ ဖွင့်ပွဲ၊ပိတ်ပွဲများဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

မောင်စိန်လွင်(မြန်မာ့အလင်း)

မြန်မာနိုင်ငံ၌ နိုင်ငံတကာ ဘော်လီဘောပြိုင်ပွဲ ကျင်းပနေသည်ကို တွေ့ရစဉ်။ ဓာတ်ပုံ-မင်းထက်

လူမှုကူညီရေးအသင်းအဖွဲ့များသို့ ယာဉ်လှူဒါန်း

မန္တလေး ဇူလိုင် ၁၇

ပြည်သူ့အကျိုးပြု အများအကျိုးအတွက် စွမ်းစွမ်းတမံအဆင်ပြေချောမွေ့စွာ နေ့ရောညပါလူမှုရေးလုပ်ငန်းများကို ကူညီဆောင်ရွက်ပေးနေကြသည့် လူမှုကူညီရေးအသင်းအဖွဲ့များသို့ ကုသိုလ်ရှင်များက နာမှုယာဉ်၊ လူနာတင်သီးသန့်ယာဉ်များကို လှူဒါန်းကုသိုလ်ပြုလျက်ရှိသည့်အတွက် မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာနေပြည်သူများစိတ်ချမ်းသာစွာ သာမှုနာမှုကိစ္စများ အဆင်ပြေလျက်ရှိသည်။

မန္တလေးတိုင်းဒေသကြီးအတွင်းမှ အဆိုပါလူမှုကူညီရေးအသင်းလိုင်စင်မဲ့ကားများကို မန္တလေးမြို့ ဗုဒ္ဓမြတ်စွယ်တော်အနီးရှိ တောင်ပိုင်းခရိုင်(ကညန)ရုံးတွင် လိုင်စင်များပြုလုပ်ပေးလျက်ရှိကြောင်း သိရသည်။ ယခုအခါ ပထမပတ်တွင် နာမှုယာဉ်အစီးရေ ၃၀၈ စီးကို လိုင်စင်ပြုလုပ်ပေးခဲ့ပြီး အခွန်မဆောင်ရဘဲ လိုင်စင်အတွက် သုံးသောင်းခန့်သာ ကုန်ကျကာ လိုင်စင်တရားဝင်ဖြစ်သွားသည့်အတွက် လူမှုကူညီရေးအသင်းများက ဝမ်းမြောက်ဝမ်းသာဖြစ်ကြောင်း၊ ယခုစီမံချက်တွင် လျှပ်စစ်ဆိုင်ကယ်များကို (၅)နံပါတ်ဖြင့် လည်းကောင်း၊ လျှပ်စစ်သုံးဘီးဆိုင်ကယ်များကို (၃)နံပါတ်ဖြင့်လည်းကောင်း၊ နာမှုယာဉ်များကို အင်္ဂလိပ်အက္ခရာ HSE ဖြင့်လည်းကောင်း၊ တရားဝင်လိုင်စင်ပြုလုပ်ပေးခြင်းဖြစ်ပြီး မန္တလေးမှ နာမှုယာဉ်များကို HSE/272ဖြင့် စတင်ထုတ်ပေးလျက်ရှိရာ ယခုအခါ မန္တလေးမြို့ပေါ်နှင့် အနီးတစ်ဝိုက် လူမှုကူညီရေးအသင်းကားများ လိုင်စင်နံပါတ်များ ရရှိနေပြီဖြစ်ကြောင်း သိရသည်။

တင်မောင်(မန္တလေး)

မူးယစ်ဆေးဝါး တားဆီးကာကွယ်ရေး ပညာပေးဟောပြော

ဗန်းမော် ဇူလိုင် ၁၇

ကချင်ပြည်နယ် ဗန်းမော်မြို့တွင် လူကုန်ကူးမှု တားဆီးနှိမ်နင်းရေး၊ မူးယစ်ဆေးဝါးအန္တရာယ်တားဆီးကာကွယ်ရေး၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာရေး အသိပညာပေးဟောပြောပွဲကို ဇူလိုင် ၁၅ ရက် နံနက် ၁၀ နာရီက အမှတ်(၁)အခြေခံပညာအလယ်တန်းကျောင်း ဧရာဆောင်ခန်းမ၌ကျင်းပရာ ရဲအုပ်ဝင်းကျော်အောင်က လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးအကြောင်း သိကောင်းစရာများ၊ ဒုတိယရဲမှူးဝင်းနိုင်က မူးယစ်ဆေးဝါးအန္တရာယ်တားဆီးကာကွယ်ရေးအကြောင်း သိကောင်းစရာများနှင့် ယာဉ်ထိန်းတပ်ဖွဲ့(၆၁)မှ ရဲအုပ်နိုင်ဝင်းထွန်းက ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာရေးနှင့် မှုခင်းကျဆင်းရေးလုပ်ငန်းများအကြောင်းတို့ကို အသိပညာပေးဟောပြောကြရာ ဆရာ ဆရာမ၊ ကျောင်းသား ကျောင်းသူ စုစုပေါင်း ၄၀၂ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

ဆီမီးခုံ-နန်းရီ

ပြည်ထဲရေးဝန်ကြီးဌာန
တည်ဆောက်ရေးလုပ်ငန်းများဆောင်ရွက်ရန်
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြည်ထဲရေးဝန်ကြီးဌာန၏ အောက်ဖော်ပြပါတပ်ဖွဲ့/ဦးစီးဌာနများတွင် အဆောက်အအုံတည်ဆောက်ရေးလုပ်ငန်း ဆောင်ရွက်ရန်ရှိပါသဖြင့် ပြည်တွင်း မြန်မာနိုင်ငံသား၊ ပုဂ္ဂလိက ကုမ္ပဏီလုပ်ငန်းရှင်များအား အိတ်ဖွင့်တင်ဒါ ဖိတ်ခေါ်အပ်ပါသည်-

(က) မြန်မာနိုင်ငံရဲတပ်ဖွဲ့
(ခ) အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
(ဂ) အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန
(ဃ) အကျဉ်းဦးစီးဌာန
(င) မီးသတ်ဦးစီးဌာန

၂။ အထက်ပါ တပ်ဖွဲ့/ဦးစီးဌာနများတွင် ဆောင်ရွက်မည့်လုပ်ငန်းများအတွက် **အဆိုပြုတင်ဒါ** အဆိုပြုလွှာ၊ ဈေးနှုန်းတင်သွင်းခြင်းတင်ဒါပုံစံနှင့် အိတ်ဖွင့်တင်ဒါ စည်းကမ်းချက်များအား ၉-၆-၂၀၁၄ရက်မှ ၃၀-၆-၂၀၁၄ရက်အတွင်း ရောင်းချခဲ့ပြီးဖြစ်ပါသည်။

၃။ **အဆိုပြုတင်ဒါ** အဆိုပြုလွှာတင်သွင်းထားသော လုပ်ငန်းရှင်များ၏ **ဈေးနှုန်းတင်သွင်းခြင်း တင်ဒါပုံစံ**များနှင့်ပတ်သက်၍ ၁၇-၇-၂၀၁၄ရက်မှ ၂၀-၇-၂၀၁၄ရက်အထိ ပြည်ထဲရေးဝန်ကြီးရုံး (ရုံးအမှတ် ၁၀)ရှေ့ရှိ ပြည်ထဲရေးဝန်ကြီးဌာန၊ မူလတန်းကြိုကျောင်းတွင် လာရောက်ကြည့်ရှုနိုင်ပါသည်။

၄။ ဈေးနှုန်းတင်သွင်းခြင်းတင်ဒါပုံစံ တင်သွင်းရမည့် ကုမ္ပဏီများအနေဖြင့် တပ်ဖွဲ့/ဦးစီးဌာနများ၏ လုပ်ငန်းအုပ်စုအမှတ်စဉ်အလိုက် ၂၈-၇-၂၀၁၄ရက်တွင် ၀၉:၀၀ နာရီမှ ၁၆:၀၀နာရီအတွင်း ပြည်ထဲရေးဝန်ကြီးဌာန (ရုံးအမှတ် ၁၀)၏ ခန်းမတွင် တင်သွင်းရမည်ဖြစ်ပါသည်။ (သတ်မှတ်ချိန်ကျော်လွန်၍ တင်သွင်းလာသော ဈေးနှုန်းတင်သွင်းခြင်း တင်ဒါပုံစံများကို လက်ခံစဉ်းစားခြင်းမပြုပါ။)

၅။ ကုမ္ပဏီများ၏ ဈေးနှုန်းတင်သွင်းခြင်း တင်ဒါပုံစံများကို တပ်ဖွဲ့ဦးစီးဌာနများ၏ လုပ်ငန်းအုပ်စုအလိုက် အောက်ပါနေ့ရက်များတွင် ဖွင့်ဖောက်ကြေညာပေးသွားမည် ဖြစ်ပါသည်။

(က)	အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန	၂၉-၇-၂၀၁၄ ရက် နံနက်ပိုင်း
(ခ)	အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန	၂၉-၇-၂၀၁၄ ရက် ညနေပိုင်း
(ဂ)	မီးသတ်ဦးစီးဌာန	၃၀-၇-၂၀၁၄ ရက်
(ဃ)	အကျဉ်းဦးစီးဌာန	၃၁-၇-၂၀၁၄ ရက်
(င)	မြန်မာနိုင်ငံရဲတပ်ဖွဲ့	
(၁)	၁-၈-၂၀၁၄	လုပ်ငန်းအုပ်စုအမှတ်စဉ်(၁)မှ(၁၅)ထိ
(၂)	၄-၈-၂၀၁၄	လုပ်ငန်းအုပ်စုအမှတ်စဉ်(၁၆)မှ(၃၀)ထိ
(၃)	၅-၈-၂၀၁၄	လုပ်ငန်းအုပ်စုအမှတ်စဉ်(၃၁)မှ(၄၅)ထိ
(၄)	၆-၈-၂၀၁၄	လုပ်ငန်းအုပ်စုအမှတ်စဉ်(၄၆)မှ(၆၁)ထိ

၆။ အသေးစိတ်အချက်အလက်များသိရှိလိုပါက အောက်ပါတယ်လီဖုန်းနံပါတ်များသို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်-

(က)	ပြည်ထဲရေးဝန်ကြီးရုံး	ဖုန်း-၀၆၇-၄၁၂၄၃၆၊၀၆၇-၄၁၂၄၃၇
(ခ)	မြန်မာနိုင်ငံရဲတပ်ဖွဲ့	ဖုန်း-၀၆၇-၄၁၂၁၃၈၊ ၀၆၇-၄၁၂၂၅၈
(ဂ)	အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန	ဖုန်း-၀၆၇-၄၁၂၅၂၈၊ ၀၆၇-၄၁၂၁၇၄
(ဃ)	အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန	ဖုန်း-၀၆၇-၄၃၁၃၈၂၊ ၀၆၇-၄၃၁၃၉၆
(င)	အကျဉ်းဦးစီးဌာန	ဖုန်း-၀၆၇-၄၃၁၄၁၆၊ ၀၆၇-၄၃၁၄၂၀
(စ)	မီးသတ်ဦးစီးဌာန	ဖုန်း-၀၁-၆၆၁၅၄၄၊ ၀၁-၆၆၄၇၅၄

တင်ဒါရွေးချယ်ရေးဦးစီးကော်မတီ

ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် ၈ခ/၈၉၄၀ ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)

လူကုန်ကူးမှု တွန်းလှန်မှု လူသားဘဝ လုံခြုံရေး

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် AA/9953 Toyota Probox NCP55i S/W (4x4)R ယာဉ်လက်ဝယ်ရှိသူ Tun Tauk Myay Co.Ltd. က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)

သမီးအဖြစ်မှအမွေပြတ်စွန့်လွှတ်ကြောင်း အများသိစေရန်ကြေညာခြင်း

ဧရာဝတီတိုင်းဒေသကြီး၊ ဟင်္သာတမြို့နယ်၊ ဗိုလ်မြတ်ထွန်းလမ်း၊ အမှတ်(၃၄၀) နေ ကျွန်မ ဒေါ်မြင့်မြင့်ရီ၏သမီးဖြစ်သူ မစိုးကေဇင်လတ် ၁၄/ဟသတ(နိုင်)၁၉၆၃၉၁ သည် မိခင်ဖြစ်သူအား စိတ်ဆင်းရဲစေသည့်အပြုအမူများကို အကြိမ်ကြိမ်ပြုလုပ်ခဲ့ပြီး ၎င်း၏ သဘောဆန္ဒအလျောက်ပြုမူသွားပါသဖြင့် ယနေ့မှစ၍ သမီးအဖြစ်မှအမွေပြတ်စွန့်လွှတ်လိုက်ပါကြောင်း အများသိစေရန် ကြေညာလိုက်ပါသည်။ မစိုးကေဇင်လတ်နှင့်ပတ်သက်သောကိစ္စရပ်များအား တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါ။

ဒေါ်မြင့်မြင့်ရီ

ပြည်တွင်းသတင်းနှင့်ဆောင်းပါး

မလေးရှားနယ်စပ်ရှိ အလုပ်သမား ၂၆ ဦး လုပ်ခမရ၍ သစ်ရွက်ပြုတ်စားနေကြရသည်ဟုဆို

စတွန် ဇူလိုင် ၁၇

မလေးရှားနိုင်ငံနှင့် ထိုင်းနိုင်ငံ နယ်စပ်ကြားရှိ ပန်းရန်လုပ်ငန်းခွင် တစ်ခုသို့ ရန်ကုန်မြို့ရှိ------- ကုမ္ပဏီမှ ပို့ဆောင်ထားသော MoU အလုပ်သမား ၂၆ ဦးမှာ စားစရာမရှိ၍ ဘောစကိုင်းရွက်များကို ပြုတ်စားနေရသည်ဟု အလုပ်သမားများက ပြောဆိုကြောင်း ဇူလိုင် ၁၆ ရက် ညပိုင်းက ထိုင်းနိုင်ငံရောက် မြန်မာနိုင်ငံသားများအဖွဲ့ (Myanmar Association Thiland) မှ ဆက်သွယ်ပြောကြားချက်အရ သိရသည်။

ထိုင်းနိုင်ငံနယ်စပ်အပိုင် စတွန်မြို့နယ် ပန်းရန်ဆိုက်တစ်ခုမှ MoU အလုပ်သမား ၂၆ ဦး တို့အား လုပ်အားခ တစ်လစာ ထုတ်မပေးသဖြင့် အနီးအနားတွင်ရှိသော ကန်စွန်းရွက်နှင့် သင်္ဘောသီးတို့ကို ခူးစားခဲ့ကြရကြောင်း၊ ကန်စွန်းရွက်နှင့် သင်္ဘောသီးများလည်း ကုန်သွားပြီးနောက် ဘောစကိုင်းရွက်များကို ပြုတ်စားနေရကြောင်း မြန်မာအလုပ်သမားတစ်ဦးက ပြောခဲ့ကြောင်း သိရသည်။

"ကျွန်တော်တို့ကို ရန်ကုန်က --- ကုမ္ပဏီက ပို့တာပါ။ အဲဒီ ထိုင်းနယ်စပ် စတွန်မြို့နယ်ကနေ မလေးရှားကို ကားစီးသွားရင် တစ်နာရီကျော်ဆိုရင် ရောက်တဲ့နေရာမှာ လက်ရှိ ကျွန်တော်တို့ ဒုက္ခရောက်နေကြတာပါ။ တစ်နှစ်အတွင်းမှာ ကျွန်တော်တို့ဆီက ထိုင်းဘတ် ၁၉၁၅၂ ဘတ် ဖြတ်ထားပြီးပါပြီ။ ပတ်စ်ပို့ကိုလည်း ထိုင်းနိုင်ငံကို ရောက်ကတည်းက မကိုင်ဖူးဘူး။ လုပ်အားခရှင်းမပေးတာ တစ်လကျော်လာပြီ။ ကျွန်တော်တို့မှာ စားစရာမရှိလို့ အနီးအနားမှာ စားလို့ရတဲ့အသီးအရွက်တွေ အကုန်ခူးစားနေကြတာ။ မြက်ပဲကျန်တော့တယ်၊ သောက်ရေဆိုတာလည်း ပိုက်လုံးက လာတဲ့ရေတွေကိုပဲ သောက်နေရတာ" ဟု မြန်မာအလုပ်သမားတစ်ဦးက MAT အဖွဲ့သို့ တိုင်တန်းခဲ့သည်။

ဇူလိုင် ၁၆ ရက် နံနက်ပိုင်းတွင် ဗန်ကောက်ရှိ မြန်မာအလုပ်သမားသံအရာရှိက အဆိုပါ----ကုမ္ပဏီအား အကြောင်းကြားထားပြီဖြစ်ကြောင်း ပြောကြားသည်။

ထိုင်းနိုင်ငံရောက် မြန်မာနိုင်ငံသားများအဖွဲ့ ဒါရိုက်တာ ဦးကျော်သောင်းက " MoU နဲ့ တင်သွင်းတဲ့ ကုမ္ပဏီတွေ အတော်များများ စည်းကမ်းပျက်တာတွေ၊ လူကုန်ကူးသလို ဖြစ်တဲ့ ပြဿနာတွေ နေ့တိုင်း ရှင်းမကုန်ပါဘူး။ သတ်မှတ်တဲ့ စည်းကမ်းချက်နဲ့ညီအောင်လုပ်နေတဲ့ ကုမ္ပဏီက အလွန်နည်းပါတယ်။ ဒီကုမ္ပဏီက မြန်မာနိုင်ငံမှာ အလုပ်သမားတစ်ဦးစီဆီက ငွေကျပ် ၃၅၀၀၀၀ ယူထားလိုက်တဲ့အပြင် ထိုင်းဘတ်ကလည်း ၂၀၀၀၀ နီးပါး ဖြတ်တောက်ကြတယ်၊ အဆိုးဆုံးကတော့ မြန်မာအစိုးရက အလုပ်သမားတင်သွင်းဖို့ လုံးဝတားမြစ်ထားတဲ့ မလေးရှားနယ်စပ်ကိုပို့တာပါပဲ"ဟု ပြောကြားသည်။

အဆိုပါ------- ကုမ္ပဏီသည် ၂၀၁၃ ခုနှစ် ဇူလိုင် ၁၆ ရက်က မြဝတီမြို့ ကျောက်လုံးကြီးစခန်းတွင် စာချုပ်ချုပ်ဆို၍ အလုပ်သမား ၄၂ ဦးကို မလေးရှားနယ်စပ်သို့ ပို့ဆောင်ခဲ့ခြင်းဖြစ်ကြောင်း၊ အတူတူလာသည့် အခြားအလုပ်သမား ၁၆ ဦးကို မည်သည့်နေရာသို့ ပို့ဆောင်ထားသည်ကို မသိရသေးကြောင်း အလုပ်သမားတစ်ဦးက ပြောသည်။

ထိုင်းနှင့် မြန်မာတို့ ၂၀၀၉ ခုနှစ်က စတင်အကောင်အထည်ဖော်သည့် MoU အလုပ်သမား တင်သွင်းသည့် စည်းကမ်းချက်တွင် အလုပ်သမားတစ်ဦးစီထံမှ မြန်မာနိုင်ငံတွင် ငွေကျပ် ၁၀၀၀၀၀ နှင့် ထိုင်းနိုင်ငံဘက်တွင် ဘတ်ငွေ ၁၀၀၀၀ သာ ဖြတ်ရမည်ဟု သတ်မှတ်ထားသည်။ ထို့အပြင် မိမိတို့တင်ပို့ထားသည့် အလုပ်သမားများ မည်သည့်နေရာတွင် ရှိသည်ကို ပို့ဆောင်သည့် အေဂျင်စီက သိရှိရမည်ဟုလည်း ပါရှိသည်။

စိုးဝင်း (SP)

ဇူလိုင် ၁၆ ရက်က ရန်ကုန်အနောက်ပိုင်းခရိုင် အလုံမြို့နယ် နှင်းဆီလမ်းနှင့် ကျောင်းလမ်းထောင့်ရှိ ထရန်စဖော်မာအိုးမှ ၆.၆ KV Tpiller မှ မြေအောက် Flashover Cable ကြောင့် Over Head လိုင်းကြိုးသုံးချောင်းပြုတ်ကျပြီး လျှပ်စစ်မီးပြတ်တောက်သွားရာ လျှပ်စစ်မီးအမြန်ဆုံး ပြန်လည်ရရှိရေးအတွက် မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးထွားညွန့်နှင့် လျှပ်စစ်ဝန်ထမ်းများပြုပြင်နေမှုကို တွေ့ရစဉ်။ တင်မောင်ဦး(အလုံ)

ခြေလျင်နှင့် တောင်တက်အသင်းဝင်များ ခရီးကြမ်းထွက်ခွာ

ရန်ကုန် ဇူလိုင် ၁၇

ရန်ကုန်တက္ကသိုလ်ခြေလျင်နှင့် တောင်တက်အသင်းနာယက၊ တက္ကသိုလ်ခြေလျင်နှင့် တောင်တက်အသင်း သဘာဝဓါတ်သံဖောင်ဒေးရှင်းဥက္ကဋ္ဌ ဦးမျိုးသန့် ဦးဆောင်၍ အဖွဲ့ဝင် ၁၉၂ ဦး ပါဝင်သော မိုးရာသီခရီးကြမ်းအဖွဲ့သည် ဇူလိုင် ၁၀ ရက်မှ ၁၃ ရက်အထိ မွန်ပြည်နယ် ဘီးလင်းမြို့နယ်ရှိ ဝေပုလ္လ၊ ကေလာသနှင့် တိုက်ကုလားဒေသသို့ ခြေလျင်တောင်တက်ခရီးကြမ်း လေ့ကျင့်ထွက်ခွာခဲ့ကြသည်။

တောင်တက်အဖွဲ့သည် ရောက်ရှိရာဒေသ တောစဉ်တောင်တန်းများရှိ တောရကျောင်းများသို့ ဝင်ရောက်၍ ဝါဆိုသင်္ကန်းနှင့်လှူဖွယ်များ ဆက်ကပ်ခြင်း၊ သံဃာတော်နှင့်ယောဂီများအား ဆေးကုသပေးခြင်း၊ အပြန်ခရီးတွင် တောင်စွန်းကျေးရွာ ဓမ္မဝိဝေကကျောင်းတိုက် ပရဟိတဂေဟာသို့ ဝင်ရောက်၍ ကျေးရွာပြည်သူများအား အခမဲ့ဆေးဝါးကုသပေးခြင်း၊ ဝါဆိုသင်္ကန်းနှင့် ဂေဟာအတွက် လှူဖွယ်ပစ္စည်းများ ရန်ပုံငွေလှူဒါန်းခြင်းတို့ကို ဆောင်ရွက်ခဲ့ကြသည်။

ဇူလိုင် ၁၂ ရက်က ရက်ကန်းသည်မနှင့် ဝင်းကကျေးရွာတို့တွင် ရှေးဟောင်းသုတေသနဦးစီးဌာနက တူးဖော်ထိန်းသိမ်းလျက်ရှိသော ရှေးဟောင်း သုဝဏ္ဏဘူမိမြို့တော်သမိုင်းဝင်နေရာများသို့ လှည့်လည်၍ သုတေသနဆိုင်ရာအချက်အလက်များကို လေ့လာ၍ မှတ်တမ်းတင်ခဲ့ကြသည်။

အောင်သူရ

ကရာတေးဒိုအဖွဲ့ချုပ်အသိအမှတ်ပြု ရက်တိုသင်တန်းဖွင့်မည်

ရန်ကုန် ဇူလိုင် ၁၇

ကမ္ဘာ့ကရာတေးဒိုအဖွဲ့ချုပ် (World Karate Federation-WKF)က ကျင်းပသော ကရာတေးဒိုပြိုင်ပွဲများတွင် WKF အသိအမှတ်ပြု ခါးစည်းလက်မှတ်ရှိသူများသာ ပါဝင်ယှဉ်ပြိုင်ခွင့်ရှိသည့်အပြင် နည်းပြနှင့် ဒိုင်အဖြစ်ဆောင်ရွက်မည့်သူများသည်လည်း WKF အသိအမှတ်ပြု Dan Certificate ရှိထားသူများသာ နည်းပြနှင့် ဒိုင်စာမေးပွဲဖြေဆိုခွင့်နှင့် တာဝန်ထမ်းဆောင်ခွင့် ရရှိမည် ဖြစ်သည်။

သို့ဖြစ်ပါ၍ WKF ပြိုင်ပွဲနည်းဥပဒေ စည်းမျဉ်းများနှင့်အညီ ကျင်းပသော အရှေ့တောင်အာရှ အားကစားပြိုင်ပွဲအပါအဝင် နိုင်ငံတကာ ကရာတေးဒိုပြိုင်ပွဲများတွင် မြန်မာနိုင်ငံကိုယ်စားပြု ပါဝင်ယှဉ်ပြိုင်ခြင်း၊ နည်းပြနှင့်ဒိုင်စာမေးပွဲများ ဖြေဆိုခြင်းနှင့် ပါဝင်တာဝန်ထမ်းဆောင်ခြင်းတို့ ဆောင်ရွက်နိုင်ရန် ပထမအဆင့်အနေဖြင့် မြန်မာနိုင်ငံ ကရာတေးဒိုအဖွဲ့ချုပ် အသိအမှတ်ပြု Dan အဆင့်သတ်မှတ်ရေး ရက်တိုသင်တန်းကို ၂၀၁၄ ခုနှစ် ဇူလိုင် ၂၆ ရက်မှ ၃၀ ရက်အထိ ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ဝင်း ကရာတေးဒိုလေ့ကျင့်ရေးခန်းမ၌ ဖွင့်လှစ်သွားမည်ဖြစ်သည်။

အသေးစိတ်သိရှိလိုပါက မြန်မာနိုင်ငံ ကရာတေးဒိုအဖွဲ့ချုပ် ဖုန်း-၀၁-၃၇၉၉၃၇၉ နှင့် ၀၉-၅၀၇၆၀၀၂ တို့သို့ ဆက်သွယ်မေးမြန်းနိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပြည်တွင်းသတင်းနှင့်ဆောင်းပါး

မြေအကျယ်အဝန်းမလို စင်ပေါ်တင်စိုက်ပျိုးနိုင်သည့် ဖရဲမျိုး

နေပြည်တော် ဇူလိုင် ၁၇

နေပြည်တော်ကောင်စီနယ်မြေ ပုဗ္ဗသီရိမြို့နယ် ဧက ၅၀၀ အဆင့်မြင့် တောင်သူပညာပေးစံပြစိုက်ကွင်းအတွင်း တီထွင်ဆန်းသစ်စိုက်ပျိုးနည်းစနစ်တစ်ခုအနေဖြင့် Big-m ကုမ္ပဏီမှ ထုတ်လုပ်သော မျိုးစေ့ပျိုးသက်ရက် ၈၀ (ဖရဲအသေးအမျိုး)ကို စင်တင်စိုက်ပျိုးပြသထားလျက်ရှိသည်ကို တွေ့ရသည်။ **(အောက်ပုံ)**

စိုက်ပျိုးရေးကို ဝါသနာပါသော်လည်း မြေအကျယ်အဝန်းမရှိ၍ ခက်ခဲသူများအတွက် ထိုကဲ့သို့ စင်တင်စိုက်ပျိုးရခြင်းဖြစ်ကြောင်း သိရသည်။ စင်ဖိုး ငွေကျပ် ၁၅၀၀၀ တစ်ကြိမ်သာကုန်ကျပြီး စင်ပေါ်တွင် ဖရဲပင်တင် စိုက်ကာ စင်၏အတွင်းသို့ ကန်စွန်း၊ ချဉ်ပေါင်၊ မုန်ညင်း အစရှိသည့် ဟင်းသီးဟင်းရွက်များ စိုက်ပျိုးနိုင်ပြီး ဖရဲစိုက်ပြီးပါက ၎င်းစင်ပေါ်တွင် ကြက်ဟင်းခါး၊ ခဝဲ၊ ပဲလင်းမြွေ စသည်တို့ကို အကြိမ်ကြိမ်စိုက်ပျိုးနိုင်သည်ဟု သိရသည်။ ယခုလက်တွေ့စိုက်ပျိုးပြသထားသော စင်၏အကျယ်အဝန်းမှာ အလျား ပေ ၆၀၊ အနံ ၁၅ ပေ၊ အမြင့် ခြောက်ပေရှိ၍ တစ်တန်းလျှင် အပင် ၃၀၊ အပင်ပေါင်း ၆၀ ကို အလုံး ၆၀ သီးမည်ဖြစ်သည်။

သက်တမ်းပြည့်ပြီး ခူးဆွတ်ချိန်တွင် တစ်လုံးလျှင် ငွေကျပ် ၁၀၀၀ နှုန်းဖြင့် ငွေကျပ် ၆၀၀၀၀ ရရှိမည်ဖြစ်ပြီး တန်ဖိုးရှိသောဖရဲပင်ကို မြေနေရာကျဉ်းကျဉ်းတွင် စိုက်ပျိုးနိုင်သည့်အတွက် မိသားစုအပိုဝင်ငွေရရှိနိုင်ခြင်း၊ တစ်ပိုင်တစ်နိုင် စိုက်ပျိုးရခြင်းဖြစ်သည့်အတွက် လွယ်ကူစွာပြုစုနိုင်၍ မိသားစုကျန်းမာရေးလည်း ကောင်းမွန်နိုင်ခြင်းဖြစ်ကြောင်း စိုက်ပျိုးရေးဦးစီးဌာန ဥယျာဉ်/ဇီဝဌာနခွဲမှ လက်ထောက်ဦးစီးမှူး ဒေါ်အိမွန်ကျော်က ရှင်းပြသည်။

ကိုပေါက် (ဥက္ကာမြေ)

ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း ၁၇-၇-၂၀၁၄

ရွှေဈေးနှုန်း(အောင်သမာဓိ)

ရန်ကုန်	၁၆ ပဲရည်	တစ်ကျပ်သား	ကျပ် ၆၇၆၀၀၀
ရန်ကုန်	၁၅ ပဲရည်	တစ်ကျပ်သား	ကျပ် ၆၃၆၂၀၀
မန္တလေး	၁၆ ပဲရည်	တစ်ကျပ်သား	ကျပ် ၆၇၆၀၀၀

စက်သုံးဆီဈေးနှုန်း (Max/ Newday စက်သုံးဆီအရောင်းဆိုင်)

ဓာတ်ဆီ	တစ်လီတာ	ကျပ် ၈၈၇
ဒီဇယ်	တစ်လီတာ	ကျပ် ၉၆၀
အောက်တိန်း ၉၂	တစ်လီတာ	ကျပ် ၉၄၀
အောက်တိန်း ၉၅	တစ်လီတာ	ကျပ် ၁၂၀၀
ပရီမီယံဒီဇယ်	တစ်လီတာ	ကျပ် ၉၈၀

သားငါးနှင့် ဟင်းချက်စရာဈေးနှုန်း(သား/ငါးဒိုင်များ)

၁။	ငါးကြင်း	တစ်ပိဿာ	၃၈၀၀-၄၅၀၀
၂။	ငါးမြစ်ချင်း	တစ်ပိဿာ	၂၈၀၀-၃၅၀၀
၃။	ငါးရံ့	တစ်ပိဿာ	၇၀၀၀-၉၅၀၀
၄။	ငါးဖယ်	တစ်ပိဿာ	၇၀၀၀-၁၂၀၀၀
၅။	ပုစွန် (ကျော့)	တစ်ပိဿာ	၈၀၀၀-၁၃၅၀၀
၆။	ပုစွန်တုပ်	တစ်ပိဿာ	၉၅၀၀-၂၇၀၀၀
၇။	ငါးသားလောက်	တစ်ပိဿာ	၆၃၀၀-၉၇၀၀
၈။	ကြက်	တစ်ပိဿာ	၆၀၀၀-၁၂၀၀၀
၉။	ဝက်	တစ်ပိဿာ	၆၀၀၀-၈၀၀၀
၁၀။	အမဲ	တစ်ပိဿာ	၇၅၀၀-၈၅၀၀
၁၁။	ဆိတ်	တစ်ပိဿာ	၁၂၀၀၀-၁၅၀၀၀
၁၂။	ဘဲ	တစ်ပိဿာ	၆၀၀၀-၉၅၀၀

နိုင်ငံတကာသုံးငွေကြေးပေါက်ဈေး(သိမ်ဖြူငွေလဲကောင်တာ)

အမေရိကန်	တစ်ဒေါ်လာ	၉၇၀-၉၇၅
ဥရောပ	တစ်ယူရို	၁၃၃၀-၁၃၃၇
စင်ကာပူ	တစ်ဒေါ်လာ	၇၈၀-၇၈၂
ထိုင်း	တစ်ဘတ်	၃၂-၃၂.၂
အိန္ဒိယ	တစ်ရူပီး	၁၅.၇-၁၆.၁
တရုတ်	တစ်ယွမ်	၁၆၀-၁၆၄
မလေးရှား	တစ်ရင်းဂစ်	၃၀၅-၃၀၆

ဘုရင့်နောင်ကုန်စည်ဒိုင်ဈေးနှုန်း

မိုးဆန်(ဧည်ယာအသစ်)	တစ်အိတ်	၁၈၀၀၀
ပေါ်ကျွဲ (အသစ်)	တစ်အိတ်	၂၂၅၀၀-၂၃၀၀၀
ပေါ်ဆန်း (အသစ်)	တစ်အိတ်	၂၇၀၀၀-၃၁၀၀၀
မြေပဲဆီ	တစ်ပိဿာ	၃၄၀၀
စားအုန်းဆီ	တစ်ပိဿာ	၁၅၂၀
ဆိပ်ဖြူကြက်သွန်ဖြူ	တစ်ပိဿာ	၃၄၀-၆၀၀
ရှမ်းကြက်သွန်ဖြူ	တစ်ပိဿာ	၁၂၀၀-၁၇၀၀
ကြက်သွန်ဖြူ(ကြူကုတ်)	တစ်ပိဿာ	၁၂၀၀-၁၂၂၅
အာလူး(ရှမ်း)	တစ်ပိဿာ	၄၅၀-၇၂၀
ငရုတ်ရှည် (ညောင်ရမ်း)	တစ်ပိဿာ	၂၃၀၀
ငရုတ်ပွ (စိမ်းစား)	တစ်ပိဿာ	၄၀၀၀-၄၄၀၀
သကြား	တစ်ပိဿာ	၉၁၀-၉၄၀

ကုန်စည်ဒိုင်ဈေးနှုန်းဖြစ်ပြီး အချိန်နှင့်အမျှအပြောင်းအလဲရှိနိုင်ပါသည်။

ခင်ရတနာ-စုစည်းသည်။ ခင်ဆိုင်-စေ့ငုတင်ပြသည်။

ဒုဋ္ဌဝတီမြစ်ကူးတံတားအနီး သဲများကို စက်ယန္တရားများဖြင့် တူးဖော်နေ၍ မြစ်ကမ်းပြို

သီပေါ ဇူလိုင် ၁၇

ရှမ်းပြည်နယ် (မြောက်ပိုင်း) သီပေါမြို့နယ် စီမံခန့်ခွဲမှုကော်မတီ၊ မြို့နယ် အထောက်အကူပြုကော်မတီနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့တို့ ပူးပေါင်း၍ မြို့သန့်ရှင်းသာယာလှပရေး၊ ဒုဋ္ဌဝတီမြစ်မြို့ဧရိယာကို တိုက်စားခြင်းမှကာကွယ်ရေး စသည်တို့အတွက် နိုင်ငံတော်အစိုးရခွင့်ပြုငွေကျပ်သိန်းပေါင်း ၅၀၀၀ကျော်ဖြင့် ရေကာတာ ရေတားဆည်ကိုးခု တည်ဆောက်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ရာ ၁၀၀ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။ မြို့နယ်တာဝန်ရှိသူများ၊ မြို့မိ မြို့ဖများအနေဖြင့် ပြည်သူ့အကျိုးစီးပွားလုပ်ငန်းများကို ရေတိုရေရှည်စီမံချက်ရေးဆွဲ ဆောင်ရွက်နေသော်လည်း မိမိအကျိုးစီးပွားကိုသာကြည့်သော ပုဂ္ဂလိကလုပ်ငန်းရှင်အချို့က ရှမ်းပြည်နယ် (မြောက်ပိုင်း)၏ အသက်သွေးကြောသဖွယ် ပြည်နယ်နှင့်ပြည်မဒေသကိုပေါင်းကူးဆက်သွယ်ပေးသော ဒုဋ္ဌဝတီ(သီပေါ) မြစ်ကူးတံတားအနီးတွင် စက်ယန္တရားများဖြင့် သဲများကို စုပ်ယူတူးဖော်နေသဖြင့် မြစ်ကမ်းပြိုနေမှုကို ပိုင်တိုင်ရိုက်ကာကွယ်ထားသည်ကို ဇူလိုင် ၁၅ ရက်က တွေ့ရသည်။ ဒေသခံပြည်သူတစ်ဦးက "အများအတွက်နဲ့ တစ်ဦးတစ်ယောက်ရဲ့ အကျိုးစီးပွားယှဉ်လာရင် အများအတွက်ဦးစားပေးရမှာပေါ့ဗျာ၊ သက်ဆိုင်ရာ တာဝန်ရှိသူများအနေဖြင့်လည်း တံတားကြီးထိခိုက်မှုမရှိအောင် အချိန်မီကြိုတင်တားဆီးပေးသင့်ပါတယ်"ဟု ပြောပြသည်။

စိုင်း(သီပေါ)

မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန
အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း

၁။ ၁၄-၇-၂၀၁၄ရက် မြန်မာ့အလင်းသတင်းစာနှင့် ကြေးမုံသတင်းစာတို့တွင်ပါရှိသည့် ကြော်ငြာချက်အစား အောက်ပါအတိုင်း ပြင်ဆင်အပ်ပါသည်။

၂။ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာနမှ အောက်ဖော်ပြပါမော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်နှင့် ရေပေးရေးလုပ်ငန်းသုံး ဆက်စပ်ပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်-

Sr.	Description	Floor Unit Price(1akh)	quantity	remark
Lot (1)				
(1)	Hyundai Mini Bus (29 Seats), D4DD, 2013 Model	490.00	11 Nos	
(2)	Hyundai Mini Bus (29 Seats), D4DD, 2010 Model	385.00	12 Nos	
(3)	Hyundai Mini Bus (29 Seats), 3907CC, 2004 Model	235.00	1 No	
Lot (2)				
(1)	Toyota Hilux Surf, 4WD Auto KDN-215 3000CC, 2004 Model and above them	420.00	1 No	
(2)	Toyota Corolla Fielder Van, 4Seater, 1500CC Petrol, 2004 Model and above them	210.00	4 Nos	
(3)	Toyota SUV, Auto 4WD, 3000CC, Diesel 2004 Model and above them	400.00	2 Nos	
(4)	Toyota Hilux Double Cab, 3000CC, Diesel, 2007 Model and above them	600.00	2 Nos	
Lot (3)				
(1)	Toyota Double Cab, Manual, 3000CC, Diesel, 2004 Model and above them	230.00	31 Nos	
(2)	Single Cab, 2000CC, Diesel, 2004 Model and above them	180.00	18 Nos	
(3)	Toyota Extra Cab, 4WD Manual, 2500CC, Diesel 2004Model and above them	190.00	222 Nos	
Lot (4)				
(1)	Light Truck, Diesel, 2200 CC, 2WD, 2004 Model and above them	150.00	121 Nos	
(2)	Truck, Manual, 4.1(150 Kilowatt and above them)	500.00	3 Nos	
Lot (5)				
(1)	Motorcycle, 125CC (Gasoline) 2013 Model and above them	6.00	366 Nos	
Lot (6)				
(1)	Drill Rod, 6m long, Outside Diameter 89 mm, At least 6.4mm Thickness and Flush Joint with 23/8 IF	12.00	400 Nos	
(2)	Airlifting pipe with BQ Thread, 6m long with BQT Outside Diameter 55.6 mm	3.50	400 Nos	
Lot (7)				
(1)	DTH Penetration Bit, Hammer bit (152mm)6"(Japan, Korea)	80.00	7 Nos	
(2)	Hydraulic Jack Twin Type 100 Tons, with Base Plate, hand pump and Pressure pipe 2 set	10.00	10 Nos	
(3)	6¾ " Wing Bit (Drag Bit), USA, Carbite tooth 3½" REG	5.00	10 Nos	
(4)	8 5/8" Wing Bit, (Drag Bit), USA, Carbite tooth 4½" REG	10.00	10 Nos	
(5)	6 ¾" Rock Bit, USA, Steel tooth 3½" REG, Sealed Bearing type	45.00	10 Nos	
(6)	8 5/8" Rock Bit, USA, Steel tooth 4½" REG, Sealed Bearing type	65.00	10 Nos	
Lot (8)				
(1)	Geo-physical Measuring Instrument, Sycal R 2, 400m (France)	500.00	1 Set	
(2)	Geo-physical Measuring Instrument, Terrameter LS, 500m (France)	700.00	1 Set	

၃။ **တင်ဒါပုံစံထုတ်ယူရမည့်ရက်/နေရာ** - တင်ဒါပုံစံများကို ၁၄-၇-၂၀၁၄ ရက်မှစ၍ ရုံးချိန်အတွင်း မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး ညွှန်ကြားမှုဦးစီးဌာန၊ ရုံးအမှတ်(၃၆)၊ နေပြည်တော်နှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ရုံးအမှတ်(၁၄) နေပြည်တော်တို့တွင်လည်းကောင်း၊ website(www.mlfrd.gov.mm), (www.drdmyanmar.org) E-mail(info.mlfrd@gmail.com), (drdmyanmar@gmail.com) တို့မှလည်းကောင်း ဝင်ရောက်ကြည့်ရှု ရယူနိုင်ပါသည်။

၄။ **တင်ဒါသွင်းရမည့်နေ့ရက်၊ တင်ဒါဖွင့်မည့်ရက်** - ပစ္စည်းများ၏ နည်းပညာစံချိန်စံညွှန်းအဆိုပြုလွှာ (Technical Proposal) နှင့် ဈေးနှုန်းအဆိုပြုလွှာ (Financial Proposal) များကို ၁၄-၈-၂၀၁၄ရက် (ကြာသပတေးနေ့) နံနက်(၀၈း၀၀)နာရီမှ (၀၉း၀၀) နာရီထိ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ရုံးအမှတ်(၃၆)ရှိ တင်ဒါစိစစ်ရေးအဖွဲ့များရှေ့မှောက်၌ လာရောက်ပေးသွင်းရန်ဖြစ်ပါသည်။ နံနက် ၁၀း၀၀နာရီတွင် တင်ဒါပေးသွင်းသူများ ရှေ့မှောက်တွင် ဖွင့်ဖောက်စစ်ဆေးရေး နည်းပညာစစ်ဆေးရေးအဖွဲ့ (Technical Evaluation Committee) မှ အဖွဲ့ဖြင့်စစ်ဆေးကာ Open Tender ဖြင့် စစ်ဆေးရွေးချယ်မည်ဖြစ်ပါသည်။ သတ်မှတ်အချိန်ကာလထက် ကျော်လွန်သော တင်ဒါများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၅။ အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ
မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊
ရုံးအမှတ်(၃၆)၊ နေပြည်တော်
ဖုန်း-၀၆၇-၄၀၈၀၄၆၊ ၀၆၇-၄၀၉၂၁၄၊ ၀၆၇-၄၀၉၂၁၅၊ ၀၆၇-၄၀၈၁၅၃
၀၆၇-၄၀၈၂၂၄၊ ၀၆၇-၄၀၈၂၂၃(Fax)၊ ၀၆၇-၄၀၉၀၂၉ (Fax)

ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 7A/8436 (၇က/၈၄၃၆)၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)

CNG TAXI ရောင်းမည်

(၁) တိုယိုတာ ကိုရိုလာ ဖင်ကောက် 1.5, CNG 70 L CC/..... ကျပ် ၁၉၈ သိန်း
(၂) တိုယိုတာ ကယ်ဒီးနား၊ ပဲခြမ်း၊ 1.5၊ နောက်လေး၊ CNG 70 L CC/.... ကျပ် ၂၁၃ သိန်း

ဖုန်း-၀၁-၅၆၁၉၇၀၊ ၀၉-၅၀၂၀၃၈၀၊ ၀၉-၅၃၁၁၈၃၀

ပြည်တွင်းသတင်းနှင့် ကြော်ငြာ

ပြောင်းအိတ်များအောက်မှ တရားမဝင် တမလန်းသစ်များ ဖမ်းဆီးရမိ

နောင်ချို ဇူလိုင် ၁၇

နောင်ချိုမြို့နယ် အေးရှားဝေါလ် တိုးဂိတ်အနီး၌ မန္တလေး-လားရှိုး ကားလမ်းတစ်လျှောက် စားသုံးသူ အကာအကွယ်ပေးရေးနှင့် တရားမဝင် ကုန်သွယ်မှု တားဆီးနှိမ်နင်းရေး လုပ်ငန်းများ ဆောင်ရွက်နေသည့် အကောက်ခွန်ဦးစီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ သတင်းမီဒီယာများ ပါဝင်သည့် (Mobile Team)အဖွဲ့တို့သည် ဇူလိုင် ၁၁ ရက် နံနက် ၁၁ နာရီက လုပ်ငန်းများ ဆောင်ရွက်ကြစဉ် နောင်ချိုမြို့မှ မူဆယ်သို့ ယာဉ်မောင်း ဦးဇော်ညွှန့်မောင်းနှင်လာသော ယာဉ်အမှတ် 7G/--- ၁၂ ဘီးယာဉ်ကို ရပ်တန့်စစ်ဆေးရာ ယာဉ်ပေါ်တွင် ပြောင်းဖူးအိတ်များဖြင့် ဖုံးအုပ်ကာ တရားမဝင် သယ်ဆောင်လာသည့် တမလန်း ခားရွှေတုံး ၁၉ တုံး ၁ ဒသမ ၁၃၂၂ တန်၊ တမလန်းသစ်တစ်တုံး ၀ ဒသမ ၀၉၈ တန်၊ တမလန်းတိုင် ၁၃ တိုင် ၀ ဒသမ ၅၃၈ တန် စုစုပေါင်း ၃၃ တုံး ၁ ဒသမ ၇၆၈၂ တန်ကို သိမ်းဆည်းရမိသည်။

ဆက်လက်၍ နောင်ချိုမြို့နယ်မှ မူဆယ်မြို့သို့ ယာဉ်မောင်း လင်းလင်းမောင်းနှင်လာသောအမှတ် 2G/--- ခြောက်ဘီးယာဉ်ကို ပူးပေါင်းအဖွဲ့စုံဖြင့် ရပ်တန့်စစ်ဆေးရာ ယာဉ်ပေါ်တွင် ပြောင်းဖူးအိတ်များ ဖုံးအုပ်လျက် တရားမဝင် သယ်ဆောင်လာသည့် တမလန်း ခားရွှေတုံး ၁၁ တုံး ၀ ဒသမ ၆၅၈၂ တန်၊ တမလန်းတိုင် တစ်တိုင် ၀ ဒသမ ၀၈၀ တန်ကို သိမ်းဆည်းရမိသည်။

အဆိုပါသစ်များ သိမ်းဆည်းရမိဖြစ်စဉ်နှင့် ပတ်သက်၍ Mobile Team အစည်းအဝေးအဆုံးအဖြတ်အရ သစ်များသယ်ဆောင်လာသော ယာဉ်နှစ်စီးနှင့် ယာဉ်မောင်းနှစ်ဦးကို အကောက်ခွန် အမှုတွဲများ ဖွင့်လှစ် အရေးယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

စိုးဝင်း(နောင်ချို)

တူမီးသေနတ်ဒဏ်ရာကြောင့် တာဝန်ရှိရဲအုပ်တစ်ဦးသေဆုံး

မိုင်းပန် ဇူလိုင် ၁၇

ဇူလိုင် ၁၆ ရက် နံနက် ၁၀ နာရီ ၅ မိနစ်က ရှမ်းပြည်နယ်(တောင်ပိုင်း) လင်းခေးခရိုင် မိုင်းပန်မြို့နယ် တုံတစ်ကျေးရွာတွင် လူတစ်ဦးက တူမီးသေနတ်ဖြင့် ပစ်ခတ်၍ မိုင်းပန်မြို့နယ် ရဲတပ်ဖွဲ့စခန်းမှ ရဲအုပ်တစ်ဦး သေဆုံးသွားကြောင်း သိရသည်။

ပို့ဆောင်

အဆိုပါဖြစ်စဉ်မှာ လင်းခေးခရိုင် မိုင်းပန်မြို့နယ် တုံတစ်ကျေးရွာ၌ လူတစ်ဦး တူမီးသေနတ်ကို ကိုင်ဆောင်ပြီး ရမ်းကားနေကြောင်း သတင်းပေးချက်အရ ၎င်းကို ဖမ်းဆီးရန် မိုင်းပန်မြို့နယ် ရဲတပ်ဖွဲ့စခန်းမှူး၏ တာဝန်ပေးချက်အရ ရဲအုပ်ကျော်ဆန်းဦး(ဒုတိယစခန်းမှူး)နှင့် တပ်ဖွဲ့ဝင်လေးဦး ပါဝင်သော အဖွဲ့သည် ဇူလိုင် ၁၆ ရက် နံနက် ၁၀ နာရီ ၅ မိနစ်က အဆိုပါကျေးရွာသို့ ရောက်ရှိစဉ် တုံတစ်ကျေးရွာနေ ဦးဝဏ္ဏ၏အိမ်ပေါ်ရှိ လက်နက်ကိုင်ဆောင်သူ စောပီတ (၅၀ နှစ်) (မှတ်ပုံတင်မရှိ)က ယင်းနေအိမ်ပေါ်မှနေ၍ တူမီးသေနတ်ဖြင့် ပစ်ခတ်လိုက်ရာ ရဲအုပ်ကျော်ဆန်းဦး(ဒုစခန်းမှူး)၏ ရင်ညွန့်တွင် ဒဏ်ရာရရှိခဲ့သည်။ ထို့နောက် ၎င်းကို ဆေးရုံသို့ပို့ဆောင်စဉ် မွန်းတည့် ၁၂ နာရီတွင် သေဆုံးသွားခဲ့သည်။

စောပီတ (၅၀ နှစ်)သည် လင်းခေးခရိုင် မိုင်းပန်မြို့နယ် ဝိုးလိုင်းကျေးရွာအုပ်စု ကိုးမိုင်တောထဲ၌ နေထိုင်ကာ ကျပန်းလုပ်ကိုင်သူဖြစ်ကြောင်း၊ ၎င်းကို မိုင်းပန်မြို့နယ် ရဲတပ်ဖွဲ့မှတာဝန်ရှိသူများက ဖမ်းဆီးရမိလိုက်ပြီး ဥပဒေအရ အရေးယူဆောင်ရွက်သွားမည် ဖြစ်ကြောင်း သိရသည်။ **စိုင်းဇော်လတ် (iprd)**

မြန်မာ့မီးရထားလုပ်ငန်းပိုင် ရထားသံလမ်းကို တရားမဝင်လက်ဝယ်ထားရှိသူကို အရေးယူ

ရေး ဇူလိုင် ၁၇

ဇူလိုင် ၁၆ ရက် မွန်းလွဲ ၁ နာရီ ၁၀ မိနစ်က ရေးမြို့ အမှတ်(၁၅) တပ်ခွဲတပ်စု (၂) မြန်မာ့မီးရထားတပ်ခွဲမှ တပ်စုမှူး ရဲအုပ်စန်းလွင်၊ ရေးရဲစခန်းမှ နယ်ထိန်းတပ်ကြပ်မြင့်လွင်ဦးနှင့်အဖွဲ့သည် သတင်းအရ ရေးမြို့ အောင်သုခရပ်ကွက်အတွင်း စုံစမ်းရှာဖွေရာ အောင်သုခရပ် ရာဇမိရာဇ်လမ်း အမှတ်(၁၉) အောင်သိဒ္ဓိစတီးလ်သံပန်းနှင့် အလူမီနီယံဆိုင်ရှေ့၌ ရပ်ထားသော ယာဉ်ပိုင်ရှင် ဦးအောင်ချစ် (၄၀ နှစ်) Light Truk ကားပေါ်၌ ရထားကူးရာ၌ အသုံးပြုသော သံလမ်းအတိုပိုင်း လေးပေ၊ လေးလက်မရှိ သံလမ်းနှစ်ချောင်း၊ လေးပေ ခြောက်လက်မရှိ သံလမ်းတစ်ချောင်း၊ ကာလတန်ဖိုးငွေကျပ် ၁၁၇၀၀ တန်ဖိုးရှိသော သံလမ်းသုံးချောင်းတွေ့ရှိ၍ မေးမြန်းရာ ပိုင်ရှင်မှာ အလုပ်ရုံ၌မရှိဘဲ တိမ်းရှောင်နေသည်ကို သိရှိရသဖြင့် မီးရထားတပ်စုမှူး ရဲအုပ်စန်းလွင်က သက်သေများရှေ့တွင် သိမ်းဆည်းကာ ကားနှင့်အတူ ရဲစခန်းသို့ ပို့အပ်ခဲ့ပြီး အရေးယူထားကြောင်း သိရသည်။ **နေမျိုးထွဋ်(ရေး)**

မိုင်းလင်းကျေးရွာ နမ့်မွေချောင်းတံတား၌ မူးယစ်ဆေးဝါးနှစ်မှု ဖမ်းဆီးဖော်ထုတ်

မိုင်းလင်း ဇူလိုင် ၁၇

ဇူလိုင် ၁၇ ရက်နံနက် ၂ နာရီက စစ်ဗျူဟာ(အခြေချ) တာချီလိတ်မှ ဗိုလ်ကြီးနေလင်းအောင် ဦးစီးအဖွဲ့၊ မူးယစ်တပ်ဖွဲ့စု (၃၀) တာချီလိတ်မှ ရဲအုပ်မြင့်နိုင်ဦး ဦးစီးအဖွဲ့၊ တာချီလိတ်ခရိုင်ရဲတပ်ဖွဲ့မှူးရုံးမှ ရဲအုပ်သောင်းရွှေ ဦးစီးအဖွဲ့၊ စစ်ဘက်ရေးရာလုံခြုံရေးတပ်ဖွဲ့ တပ်စု (၂)မှ တပ်ကြပ်မင်းထွန်းတို့ ပါဝင်သော ပူးပေါင်းအဖွဲ့သည် တာလေမြို့နယ် မိုင်းလင်း(အရှေ့)အုပ်စု တာလေ-ကျိုင်းလပ်သွား ကားလမ်းပေါ်ရှိ နမ့်မွေချောင်းတံတားတွင် ပိတ်ဆို့စစ်ဆေးရှာဖွေနေစဉ် ကျိုင်းလပ်ဘက်မှ တာလေဘက်သို့ ရှီးမွန် မောင်းနှင်လာသည့် ၂၈ယ/---- နံပတ်ပါHonda Wave-100 အမျိုးအစား အနက်ရောင်ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေခဲ့ရာ ရှီးမွန် ဝတ်ဆင်ထားသည့် ခဲရောင်အတွင်းခံဘောင်းဘီအတွင်းမှ Blue River စာတန်းပါ စီးကရက်ဘူးခွံဖြင့် ထည့်ထားပြီး အပြာရောင် ပလတ်စတစ်အိတ်ဖြင့်ထည့်လျက် WY စာတန်းပါ ပန်းရောင် စိတ်ကြွရူးသွပ်ဆေးပြား ၁၀၀၊ အလေးချိန် ၁၀ ဂရမ်၊ ကာလတန်ဖိုးငွေကျပ် ၂၅၀၀၀၀ ကို တွေ့ရှိသဖြင့် မူးယစ်ဆေးဝါးများ လက်ဝယ်တွေ့ရှိသူ ရှီးမွန် (၁၈ နှစ်) တောင်ယာလုပ် ပန်းပဲကျေးရွာ ကျိုင်းလပ်မြို့နယ်နေသူကို မိုင်းလင်းနယ်မြေရဲစခန်းက မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေဖြင့် အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

ဆက်လက်၍ အဆိုပါပူးပေါင်းအဖွဲ့သည် နံနက် ၂ နာရီ ၁၅ မိနစ်တွင် အဆိုပါ နမ့်မွေချောင်းတံတား၌ပင် တာလေဘက်မှ ကျိုင်းလပ်ဘက်သို့ အိုက်အွန်မောင်းနှင်လာသည့် နံပါတ်မပါ Suzuki Shooter -115 အမျိုးအစား အပြာရောင်ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ အိုင်အွန်၏ ခါးတွင် ပတ်ထားသည့် YHAD စာတန်းပါ အညိုရောင်ခါးပတ်အိတ်အတွင်း အဖြူရောင် ကော်ဘူးဖြင့် ထည့်လျက် WY စာတန်းပါ ပန်းရောင်စိတ်ကြွရူးသွပ်ဆေးပြား ခြောက်ပြား၊ အလေးချိန် ၀ ဒသမ ၆ ဂရမ် ကာလတန်ဖိုးငွေကျပ် ၁၅၀၀၀ ကို တွေ့ရှိသဖြင့် ပြစ်မှုကျူးလွန်သူ အိုက်အွန် (၅၈ နှစ်) လယ်လုပ် ဝမ်တုံကျေးရွာ နမ့်ခင်းအုပ်စု ကျိုင်းလပ်မြို့နယ်နေသူအား မိုင်းလင်း နယ်မြေရဲစခန်းက မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေဖြင့် အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။ **မြင့်မိုရ်(တာချီလိတ်)**

ဦးမောင်လှ(ခ)ဦးအေးမြင့်နှင့် မောင်နှမများ၏ ၃-၇-၂၀၁၄ရက်စွဲပါ မြန်မာ့အလင်းသတင်းစာတွင် ပြန်လည်ရှင်းလင်းခြင်းသည် မဟုတ်မမှန်ကြေညာခြင်းဖြစ်ကြောင်း ဖြစ်ရပ်မှန်ကို ၁၅-၇-၂၀၁၄ ရက်ထုတ် မြန်မာ့အလင်းသတင်းစာတွင် အများသိစေရန်တုံ့ပြန်ရှင်းလင်းကြေညာထားခြင်းသည် ဖြစ်ရပ်မှန်ကို ဖုံးကွယ်ထားပါ၍ အများသိစေရန် ရှင်းလင်းကြေညာခြင်း

ကျွန်ုပ်မိတ်ဆွေများ၏ လွှဲအပ်ညွှန်ကြားချက်အရ ၁၅-၇-၂၀၁၄ရက်ထုတ် မြန်မာ့အလင်းသတင်းစာတွင် တရားလွှတ်တော်ရှေ့နေကြီး ဦးစိုးသိန်းနှင့်အဓိပတိ **Law Firm** အဖွဲ့ဝင် ရှေ့နေကြီးများ၏ ဖြစ်ရပ်မှန်ကို အများသိစေရန် တုံ့ပြန်ရှင်းလင်းကြေညာခြင်းသည် ဖြစ်ရပ်မှန်ကို ဖုံးကွယ်ထားပါ၍ အများပြည်သူထင်ယောင်ထင်မှားမဖြစ်စေရန် အောက်ပါအတိုင်း ထပ်မံရှင်းလင်း ကြေညာအပ်ပါသည်။

ကျွန်ုပ်၏မိတ်ဆွေများသည် အနန္တဂိုဏ်းဝင်ကျေးဇူးရှင် ဖခင်ကြီး ဦးရန်အောင်၏ သားရင်းသမီးရင်းများ အမှန်ဖြစ်ကြပါသည်။ ဖခင်ကြီးနှင့် သားသမီးများကြားတွင် ယခုကဲ့သို့သတင်းစာမှ အပြန်အလှန်ကြေညာနေခြင်းသည် မဖြစ်သင့်မလုပ်သင့်သည့် ကိစ္စရပ်ဖြစ်သည်ကို ကျွန်ုပ်၏မိတ်ဆွေများက သိရှိနားလည်သဘောပေါက်ကြပါသည်။ သို့သော် ဖခင်ကြီး ဦးရန်အောင်သည် အသက်အရွယ်ကြီးပြီဖြစ်၍ ဘေးပယောဂများ လွှမ်းမိုးမှုကြောင့် သားသမီးအရင်းများအပေါ် အထင်အမြင် လွဲမှားနေခြင်းဖြစ်ပါသည်။ သတင်းစာပါဖော်ပြချက်များအပေါ် ကျွန်ုပ်၏မိတ်ဆွေများက ပြန်လည်ရှင်းလင်းလိုသည့် ဆန္ဒမရှိကြပါ။ ဖခင်ကြီးစိတ်ဆင်းရဲမှုဖြစ်မည်ကို ကျွန်ုပ်တို့အလွန်စိုးရိမ်ပူပန်မှု ရှိကြပါသည်။ သို့ရာတွင် သတင်းစာပါဖော်ပြချက်ကို အများပြည်သူက သားသမီးအရင်းများအပေါ် ထင်ယောင်ထင်မှားမဖြစ်စေရန် ရည်ရွယ်ချက်ဖြင့် ထပ်မံရှင်းလင်းရခြင်းဖြစ်ပါသည်။

ကျွန်ုပ်၏မိတ်ဆွေသမီး ဒေါ်မြင့်မြင့်ကြည်(ခ)မေစီနှင့် ဒေါ်မြင့်မြင့်သိန်း(ခ)ဒေစီတို့သည် မရမ်းကုန်းမြို့နယ်၊ (၃)ရပ်ကွက်၊ သန့်ဇင်လမ်း အမှတ်(၂၄/ခ)နေအိမ်တွင် ယခုမှလာနေခြင်းမဟုတ်ကြပါ။ ငယ်စဉ်ဘဝမှ ယနေ့အချိန်အထိ အိမ်ထောင်စု သန်းခေါင်စာရင်းဖြင့် နေခဲ့ကြခြင်းဖြစ်ပါသည်။ ဖခင်ကြီးမှ ထိုင်ဝမ်နိုင်ငံသို့ သွားသည့်အခါတွင်လည်း သမီးများက လိုက်သွားရခြင်းဖြစ်ပါသည်။ မြန်မာနိုင်ငံပြန်လာသည့်အခါလည်း သမီးများပါအတူပြန်လာနေထိုင်ခြင်းဖြစ်ပါသည်။ မြန်မာနိုင်ငံမှ ထိုင်ဝမ်သို့ သွားရောက်ပြီး အလုပ်လုပ်ကိုင်ခြင်းသာဖြစ်ပါသည်။ နိုင်ငံတော်သို့လည်း တရားဝင်အခွန်ထမ်းဆောင်ထားပါသည်။ နေအိမ်တွင် မိမိတို့ ကိုယ်ပိုင်အခန်းများတွင် အိမ်ထောင်ပစ္စည်းများထားလျက်နေထိုင်ကြခြင်းဖြစ်ပါသည်။ မည်သည့်ပြဿနာတစ်စုံတစ်ရာမျှ မပေါ်ပေါက်ခဲ့ပါ။ အိမ်ထောင်ရှိမိန်းမသားများဖြစ်၍ အချိန်မတော်ဝင်ထွက်သွားလာရန် အကြောင်းမရှိပါ။ အကြောင်းမဲ့စွပ်စွဲပြောဆိုနေခြင်းဖြစ်ပါသည်။ သမီးများအနေဖြင့် မိခင်ကောင်း၊ ဖခင်ကောင်းသမီးများဖြစ်ကြသည့်အလျောက် ဖခင်ကြီး၏ စကားကို မြေဝယ်မကျအစဉ်တစိုက် ယနေ့အချိန်ထိနာခံနေကြခြင်းဖြစ်ပါသည်။ ဖခင်ကြီး ထိုင်ဝမ်မှ ပြန်ရောက်သည့်အခါ ဖခင်ကြီးစိတ်ချမ်းသာစေရန် ကျွန်ုပ်၏မိတ်ဆွေ သားဖြစ်သူ ဦးမောင်လှက မြေနှင့်အဆောက်အအုံကို တရားဝင်ပြန်လည်လွှဲပြောင်းပေးခြင်းသာ ဖြစ်ပါသည်

ဖခင်ကြီး၏မွန်မြတ်သော စိတ်စေတနာဆန္ဒဖြင့် သားသမီးအရင်းများနှင့် ကိတ္တိမသမီးသုံးဦးတို့အား မိမိပိုင်ပစ္စည်းအရပ်ရပ်အားလုံးကို ၂-၁၂-၂၀၁၃ ရက်စွဲဖြင့် တရားလွှတ်တော်ရှေ့နေကြီး ဦးစိုးသိန်းနှင့်အဖွဲ့မှ ကိုယ်တိုင်ရေးသားသည့် မိသားစု အမွေပုံစီမံခန့်ခွဲမှုမှတ်တမ်းနှင့် ဖခင်ကြီး၏ကျမ်းကျိန်ဆိုထားချက်အရ သားသမီးအရင်းများရရှိသည့်အမွေပစ္စည်း မြေနှင့်အဆောက်အအုံကို မေတ္တာဖြင့်အပြီးအပိုင်ပေးကမ်းခြင်း မှတ်ပုံတင်စာချုပ်ပြုလုပ်ပြီးဖြစ်၍ သားသမီးများ၏အမည်ပေါက်ပိုင်ဆိုင်မှုရရှိခဲ့ပြီးဖြစ်ပါသည်။ ယနေ့အချိန်ထိ တရားဝင်အတည်ဖြစ်လျက်ရှိပါသည်။ ဖခင်ကြီးပိုင်မြေများ ရောင်းချလွှဲပြောင်းခြင်းသာ တရားဝင်မည်ဖြစ်ပါသည်။

၁၄-၅-၂၀၁၄ရက်တွင် ဖခင်ကြီး ဦးရန်အောင်မှ ကိုယ်စားလှယ်လွှဲစာပြန်လည်ရုပ်သိမ်း ထားပြီးဖြစ်သော်လည်း ကိုယ်စားလှယ်လွှဲစာမရုပ်သိမ်းမီ ကိုယ်စားလှယ်ဖြစ်သူ၏ ဆောင်ရွက် ချက်များသည် ဥပဒေနှင့်အညီ ဆောင်ရွက်ထားခြင်းဖြစ်၍ အတည်ဖြစ်နေသည်ကို သိစေအပ်ပါသည်။ ကိုယ်စားလှယ်အလွှဲခံရသူ ဦးရန်နိုင်မျိုးသည် မိမိကိုယ်ကျိုးအတွက် ဆောင်ရွက်ခြင်း မဟုတ်သည်ကိုလည်း သိစေလိုပါသည်။ ကိုယ်စားလှယ်စာရရှိသူသည် ဦးရန်အောင်နှင့် တရားလွှတ်တော်ရှေ့နေကြီးဦးစိုးသိန်းတို့ထံအသိပေးပြီးမှ ဆောင်ရွက်ခဲ့ခြင်းဖြစ်ပါသည်။

အထူးအသိပေးလိုသည်မှာ ကျွန်ုပ်၏မိတ်ဆွေများဖြစ်သော ဒေါ်မြင့်မြင့်ကြည်နှင့် ဒေါ်မြင့်မြင့်သိန်းတို့သည် အမှတ်(၂၄/ခ)နေအိမ်တွင် ဧည့်သွားဧည့်လာအဖြစ် နေထိုင်ကြသူများ မဟုတ်ပါ။ နေအိမ်တွင် မိမိကိုယ်ပိုင်အခန်းတွင် ကိုယ်ပိုင်ပစ္စည်းများထားရှိပြီး အိမ်ထောင်စု သန်းခေါင်စာရင်းဖြင့် နေထိုင်ကြသူများဖြစ်၍ မိမိတို့လက်ဝယ်ထားရှိပြီး သော့ခတ်ပိတ်ထားသည့် အခန်းဖြစ်ပါသည်။ ဖခင်ကြီးမှ ခြံဝင်းတံခါးနှင့်အိမ်မကြီးတံခါးပိတ်ထားပြီး အဝင်မခံသဖြင့် ပြင်ပတွင်နေရခြင်းဖြစ်ပါသည်။ မိမိတို့လက်ဝယ်ထားရှိပြီး သော့ခတ်ပိတ်ထားသည့်အခန်းကို ခွင့်ပြုချက်မရရှိဘဲ မည်သူမဆို အခန်းကိုဖျက်ဆီးဝင်ရောက်ခြင်း၊ အခန်းတွင်းမှပစ္စည်းများ ရွှေ့ပြောင်းခြင်းပြုလုပ်ပါက ပြစ်မှုဆိုင်ရာ ဥပဒေတစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန် ခြင်းဖြစ်သည်ကို သိစေလိုပါသည်။

သို့ဖြစ်ပါ၍ သားသမီးများအပေါ် ထင်ယောင်ထင်မှားမဖြစ်စေရန် ဖြစ်ရပ်အမှန်ကို အများပြည်သူနှင့် တာဝန်ရှိသူများသိရှိပါရန် ထပ်မံရှင်းလင်းကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ရန်ကုန် ဦးစိုးမြင့် LL.B
တရားလွှတ်တော်ရှေ့နေ (စဉ်-၂၅၈၅)
အမှတ်(၃၁/၃၃)၊ လေးလွှာ၊ ၃၅လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

ဖခင်အမည်မှန်
အထက(၂) မြောက်ဥက္ကလာပ၊ ဆဋ္ဌမတန်း(ခ)တွင် ပညာသင်ကြားနေသော မယမင်းလှိုင်၏ ဖခင်အမည်မှန်မှာ ဦးကိုကိုလှိုင် ၁၂/ဥကမ(နိုင်)၀၂၂၇၇၇ ဖြစ်ပါကြောင်း။

အမည်ပြောင်း
ဦးထွန်းဦး၏သမီး အထက(၄)၊ တာမွေ Grade 11(C)မှ မသက်သဇင်နှင်း ၁၂/မဂတ (နိုင်)၁၀၅၁၆၁အား မခိုင်ဆုဟန်ဟု ခေါ်ပေးပါရန်။

မွေးသက္ကရာဇ်အမှန်
တောင်ကြီးမြို့၊ အထက ၆၊ တက္ကသိုလ်ဝင်တန်း(B)မှ ဦးတင်မောင်လွင်၏သား မောင်ဇော်မင်းဦး ၁၃/တကန(နိုင်)၁၀၄၉၁၆၏ မွေးသက္ကရာဇ်အမှန်မှာ ၁၉-၁၀-၁၉၉၉ ဖြစ်ပါကြောင်း။
မောင်ဇော်မင်းဦး

အမည်ပြောင်း
ဦးမျိုးကြင်၏သား၊ သဃ်န်းကျွန်းမြို့နယ် အထက(၄) ဆဋ္ဌမတန်း(C)မှ မောင်သီဟအောင်အား မောင်ဟိန်းစိုးဟု ပြောင်းလဲခေါ်ပါရန်။
မောင်ဟိန်းစိုး

ရွှေ့ပြောင်းသွားလာ အလုပ်လုပ်ကိုင်ရာ ကြိုတင်လေ့လာ ဘေးကင်းကွာ



ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၄)၊ မြေကွက်အမှတ် (၆၁၄)၊ ဧရိယာ ၀ဒသမ၀၅၅ ဧကရှိ နှစ် ၆၀ ဂရန်မြေကွက်နှင့်ယင်းမြေပေါ်ရှိ ရန်ကုန်မြို့၊ ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်၊ (၄၄) ရပ်ကွက်၊ မင်းရဲကျော်စွာလမ်း၊ အမှတ် ၆၁၄ဟုခေါ်တွင်သည့် အိမ်အပါအဝင်အကျိုးခံစားခွင့်အားလုံးတို့ကို မြို့မြေစာရင်းတွင် အမည်ပေါက်ထားသူ ဦးမောင်မောင်စိုး ၁၂/ရပသ(နိုင်)၀၀၂၃၆၇ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန်အတွက် မြေနှင့်အိမ်တန်ဖိုးငွေ၏ စရန်ငွေကို ပေးချေထားပြီးဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ပိုင်ဆိုင်မှု မှတ်ပုံတင်စာချုပ်စာတမ်းမူရင်းနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်မြလှဲ့ဝင်း(LL.B, D.B.L) အထက်တန်းရှေ့နေ
အမှတ် ၈၃၊ အထက်ဗဟိုလမ်း၊ (၂) ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့
ဖုန်း-၀၁-၉၆၆၉၀၀၄၊ ၀၁-၇၀၅၄၄၅၊ ၀၉-၅၁၅၁၈၃၃

နိုင်ငံတကာအားကစားနှင့်ကြော်ငြာ

ဘရာဇီးနဲ့ ၂၀၁၆ အိုလံပစ်ပြိုင်ပွဲ

မိုးမြင့်လင်းလက်

၂၀၁၄ ကမ္ဘာ့ဖလားပွဲကို အိမ်ရှင်အဖြစ် ဘရာဇီးတို့ အခက်အခဲကြားက အောင်မြင်စွာကျင်းပနိုင်ခဲ့ပြီ ဖြစ်ပါတယ်။ ဆန့်ကျင်ကန့်ကွက်မှုတွေ၊ ဆန္ဒပြမှုတွေကြားက အောင်မြင်စွာကျင်းပနိုင်ခဲ့တဲ့ ဘရာဇီးတို့ သက်ပြင်းမချနိုင်သေးဘဲ ၂၀၁၆ အိုလံပစ်ပြိုင်ပွဲကို အိမ်ရှင်အဖြစ် အောင်မြင်စွာကျင်းပနိုင်ဖို့အတွက် တာစူနေကြရပြန်ပြီ ဖြစ်ပါတယ်။

အခက်အခဲတွေကြားက အောင်မြင်အောင် ကျင်းပနိုင်ခဲ့တဲ့ ဘရာဇီးနိုင်ငံအနေနဲ့ ဘရာဇီးအသင်းအောင်မြင်မှုမရဘဲ စတုတ္ထနဲ့ကျေနပ်ခဲ့ရပြီး အရှက်ရဖွယ်ရလဒ်တွေနဲ့ နိဂုံးချုပ်ခဲ့ရပေမယ့် ဒါကိုလက်မှိုင်ချပြီး စိတ်ဓာတ်ကျမနေဘဲ ၂၀၁၆ မှာ အိမ်ရှင်အဖြစ် ကျင်းပမယ့် အိုလံပစ်ပြိုင်ပွဲအတွက် ပြင်ဆင်မှုတွေ စတင်နေတာနဲ့ ပတ်သက်ပြီး ဖီဖာဥက္ကဋ္ဌ ဆပ်ဘလတ္တာက ချီးကျူးပြောကြားနေပါတယ်။

"ဘရာဇီးနိုင်ငံရဲ့ တာဝန်ရှိသူတွေအားလုံး အားကစားအပေါ်မှာ ထားရှိတဲ့ စိတ်ဓာတ်က ချီးကျူးစရာကောင်းနေပါတယ်။ ဒီလိုစိတ်ဓာတ်ကောင်းမွန်မှုနဲ့ စိတ်ဓာတ်ခိုင်မာမှုမရှိဘဲ နိုင်ငံတကာပြိုင်ပွဲတစ်ရပ်ကို ကျင်းပလို့ မရနိုင်ပါဘူး"လို့ ထုတ်ဖော်ပြောကြားလိုက်ပါတယ်။

၂၀၁၄ ကမ္ဘာ့ဖလားပြိုင်ပွဲပြီးလို့ နှစ်ရက်အကြာမှာပဲ ဘရာဇီးနိုင်ငံ ရီယိုဒီဂျနေရိုးမြို့တော်ဝန် အက်ဒွာဒိုပါအက်စ်က နိုင်ငံတကာအိုလံပစ်ကော်မတီဒုတိယဥက္ကဋ္ဌ ဂွန်ကို အာတက်စ်နဲ့တွေ့ဆုံတဲ့အခါ ကြိုတင်ပြင်ဆင်ထားမှုတွေကို လိုက်လံပြသခဲ့ပြီး အောင်မြင်အောင် ကျင်းပသွားမယ်လို့ ပြောကြားခဲ့ပါတယ်။

"အိုလံပစ်ပြိုင်ပွဲကျင်းပဖို့ လွယ်ကူတာတော့ မဟုတ်ပါဘူး။ ကျွန်တော်တို့ လုပ်စရာတွေအများကြီးရှိနေသေးပေမယ့် အချိန်မီပြီးစီးအောင် ကြိုးစားသွားမယ်လို့" လည်း ထုတ်ဖော်ပြောကြားခဲ့ပါတယ်။

ဘရာဇီးသမ္မတ ဒီလ်မာရူးဆက်ဖ်နဲ့ နိုင်ငံတကာ အိုလံပစ်ကော်မတီဥက္ကဋ္ဌ သောမတ်စ်ဘတ်ချ်တို့ အခုရက်ပိုင်းအတွင်းက တွေ့ဆုံတဲ့အခါ "ဘရာဇီးမှာ အိုလံပစ်ပွဲတော် အောင်မြင်စွာကျင်းပနိုင်မယ်ဆိုတာ ရာနှုန်းပြည့် ယုံကြည်ပါတယ်"လို့ ဘရာဇီးသမ္မတက ပြောခဲ့သလို အိုလံပစ်ကော်မတီ ဥက္ကဋ္ဌကလည်း ဘရာဇီးသမ္မတရဲ့ ပြောကြားမှုတွေဟာ သံသယဖြစ်စရာမလိုအောင် အားရကျေနပ်စရာ ကောင်းပါတယ်လို့" ဆိုပါတယ်။

ဒါပေမယ့် ဘရာဇီးအားကစားဝန်ကြီး ရီဘီလိုနဲ့ ဘရာဇီးအိုလံပစ်ကော်မတီဥက္ကဋ္ဌ နက်ခ်မန်းတို့ကတော့ ခက်ခဲမှုတွေရှိနေတယ်လို့ ဆိုကြပါတယ်။

ပက်ကွီအို အမေရိကန်လက်ဝှေ့သမားနှင့် ထိုးသတ်မည်

ဖိလစ်ပိုင်လက်ဝှေ့အကျော် မန်နီပက်ကွီအိုက လာမည့်လက်ဝှေ့ပြိုင်ပွဲကို ရှုံးပွဲမရှိ အမေရိကန်လက်ဝှေ့သမား ခရစ်အယ်ဂျီယာရီနှင့် ယှဉ်ပြိုင်ထိုးသတ်သွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။ WBO ဝယ်လ်တာဝိတ်တန်း ချန်ပီယံ ပက်ကွီအိုသည် အဆိုပါလက်ဝှေ့ပြိုင်ပွဲကို လာမည့်နိုဝင်ဘာ ၂၂ ရက်တွင် တရုတ်နိုင်ငံ မကာအို၌ ယှဉ်ပြိုင်ထိုးသတ်ရန် စီစဉ်ထားသည်။

ကစ်ဘောက်ဆာ လက်ဝှေ့သမားဟောင်း အယ်ဂျီယာရီသည် ပြီးခဲ့သည့်လက ရှုဆလမ်ပရိုဗိုနိုကော့ကို အမှတ်ဖြင့်နိုင်ပြီး WBO လိုက်ဝယ်လ်တာဝိတ်တန်း ချန်ပီယံ ဖြစ်လာခဲ့သည်။ ပက်ကွီအိုသည် ဧပြီလက လက်စ်ဗီးဂတ်မြို့၌ ဘရက်ဒလေကို အမှတ်ဖြင့်နိုင်ပြီး ဝယ်လ်တာဝိတ်တန်းချန်ပီယံ ဖြစ်ခဲ့သည်။

ကောင်းမြတ်သူ-စုစည်းသည်

ဆွာရက်ဇ် ဘာစီလိုနာ ကစားသမားဖြစ်

လူးဝစ်ဆွာရက်ဇ်သည် ဘာစီလိုနာကစားသမား ၁၀၀ ရာခိုင်နှုန်း ဖြစ်သွားပြီဖြစ်ကြောင်း စပိန်ကလပ်က ကြေညာသည်။ လီဗာပူးတိုက်စစ်မှူးအား ပေါင် ၇၅ သန်းဖြင့် ပြီးခဲ့သည့် သီတင်းပတ်က စာချုပ်ရန် သဘောတူခဲ့သည်။

တိုက်စစ်မှူး ဆွာရက်ဇ်အား ဘာစီလိုနာက စာချုပ်နိုင်သော်လည်း လေးလကြာ ပိတ်ပင်ခံထားရ၍ အောက်တိုဘာလ နှောင်းပိုင်းအထိ ဘောလုံးကစားနိုင်ဖွယ်မရှိဟု ဆိုသည်။

ကလပ်ခြေစမ်းပွဲနှင့် ဂိုးရလဒ်များ

သီဟ

နိုင်ငံတကာ ကလပ်ခြေစမ်းပွဲ — ဇူလိုင် ၁၈/၁၉

ဒိုင်နမိုမော်စကို	-	မက်တဲလစ်ခါခီ	ည ၉:၃၀
အယ်လန်း	-	ဖရိုင်းဘတ်	ည ၁၀:၀၀
ဘိုချမ်	-	ဝုဖ်ဘတ်	ည ၁၀:၃၀
ဟာသာဘာလင်	-	ဗီတက်စီ	ည ၁၀:၃၀
အော့စ်ဘတ်	-	ကာဆာရက်	ည ၁၀:၃၀
လိုင်ပီဇစ်ဂျ်	-	ပီအက်စ်ဂျီ	ည ၁၁:၃၀
ထရိုင်ရက်စ်	-	လန်းစ်	ည ၁၁:၃၀
ဝင်တာဆွစ်ခ်	-	ဒန်ဒီးယူနိုက်တက်	ည ၁၂:၀၀
အဇစ်နန်း	-	မာဆေး	နံနက် ၀၀:၃၀
ဟတ်စ်	-	မန်စီးတီး	နံနက် ၁:၀၀
ကလပ်ဘရုချ်	-	ဘော်ဒိုး	နံနက် ၁:၀၀
ဘူရီ	-	ရှက်ဖီးဝမ်းနက်စ်ဒေး	နံနက် ၁:၁၅
မက်ကလက်စ်ဖီးလ်	-	ဘော်လ်တန်	နံနက် ၁:၁၅

ကလပ်ခြေစမ်းပွဲ ဇူလိုင် ၁၆/၁၇ ဂိုးရလဒ်များ

၁၈၆၀မန်ချန်	၂-၃	မိုချန်ဂလာဘတ်
ဟော်ဖန်ဟိမ်း	၄-၀	ဝေါဒေါ့ဖ်
ဘရိုဟန်ဘီ	၂-၁	လီဗာပူး
အီဗီယန်	၂-၃	ရှက်တာဒိုးနက်
ဗန်လို	၂-၆	ပေါ်တို
တူးလော့စ်	၁-၀	အဂျာစီယို
ရမ်လင်ဂန်	၁-၅	ဟန်နိုဗာ
နန့်တက်စ်	၁-၃	အန်ဂါးစ်
အမ်မန်	၀-၂	ဗီယင်နှ
ဂရေဇာ	၁-၁၃	ခရစ္စတယ်ပဲလေ့စ်
လူဆီနာ	၁-၀	မစ်ဒယ်ဘရော့
ဂျန့်	၂-၀	စိန့်အက်တီယန်
ဝမ်ဒါရာစ်	၀-၅	ချယ်လ်ဆီး
ဘရာဂါ	၂-၁	ဘီရာမာ
အေစီမီလန်	၂-၀	ရီနတ်တီ
ဒရမ်စတက်	၁-၂	စတုဂတ်
လီဂီ	၀-၂	အန်ဒါလက်

ဗန်ဟားလ် မန်ယူသို့ရောက်ပြီ

လူးဝစ်ဗန်ဟားလ်သည် မန်ယူနည်းပြအဖြစ် စတင်ဆောင်ရွက်ရန် ဗုဒ္ဓဟူးနေ့က ရောက်ရှိလာသည်။ ဗန်ဟားလ်သည် ကစားသမားများနှင့် လေ့ကျင့်မှုပြုလုပ်ရန် ပထမဆုံးအကြိမ်ရောက်ရှိလာခြင်းဖြစ်သည်။ ဒတ်ချ်လူမျိုး ဗန်ဟားလ်ကို မေလက မန်ယူနည်းပြအဖြစ် စာချုပ်ခဲ့ခြင်းဖြစ်သည်။ မန်ယူအသင်းသည် လက်ထောက်နည်းပြရိုင်ယန်ဂစ်၏ ကြီးကြပ်မှုဖြင့် ဇူလိုင် ၄ ရက်မှစတင်ကာ လေ့ကျင့်မှုများပြုလုပ်လျက်ရှိသည်။

မွေးနေ့ဆုမွန်

သမီးလေး လှယဉ်ကျေး (အထက-၉ မော်လမြိုင်)

၁၈-၇-၂၀၁၄ရက်တွင် ကျရောက်သော (၁၃)နှစ်ပြည့်မွေးနေ့မှ နောင်နှစ်ပေါင်း ရာကျော်တိုင် စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းတို့နှင့် ပြီးပြည့်စုံ၍ အများအကျိုး၊ တိုင်းပြည်အကျိုး သယ်ပိုးနိုင်သော ထူးချွန်ထက်မြက်ပြီး လိမ္မာယဉ်ကျေးသော သမီးကောင်းရတနာလေးဖြစ်ပါစေ။

ချစ်ဖေဖေ - ဒေါက်တာတိုးတိုးအောင် (ဝန်ကြီး၊ စည်ပင်သာယာရေးဝန်ကြီးဌာန၊ မွန်ပြည်နယ်အစိုးရအဖွဲ့)
ချစ်မေမေ - ဒေါ်ခင်လေးသိင်္ဂီ
ချစ်ညီမလေး - လရောင်သွေး (အထက-၉ မော်လမြိုင်)

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၄က/၂၂၉၉ Toyota Corolla S/W ယာဉ်လက်ဝယ်ရှိသူ ဒေါ်နီလာထွန်း ၁၂/ကမတ(နိုင်)၀၃၆၃၁၉ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)
ရန်ကုန်မြို့

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရခိုင်ပြည်နယ် ကျန်းမာရေးဦးစီးဌာန လက်အောက်ရှိ ခရိုင်/မြို့နယ်/မြို့နယ်ခွဲ တိုက်နယ်ဆေးရုံများ၊ ကျေးလက်ကျန်းမာရေးဌာနခွဲများတွင် လိုအပ်သော FDAအသိအမှတ်ပြု ဆေးဝါးများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါများပေးသွင်းရန် ဖိတ်ခေါ်ပါသည်။

၂။ တင်ဒါစည်းကမ်းအသေးစိတ်နှင့်တင်သွင်းရမည့် ဆေးဝါးအချက်အလက်များကို သိရှိလိုပါက ရခိုင်ပြည်နယ် ကျန်းမာရေးဦးစီးဌာန၊ စစ်တွေမြို့သို့ ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်ပါသည်။

၃။ **တင်ဒါစတင်ရောင်းချမည့်ရက်** - ၂၁-၇-၂၀၁၄ရက် (တနင်္လာနေ့)
တင်ဒါပိတ်ရက် - ၁၉-၈-၂၀၁၄ရက် (အင်္ဂါနေ့) ညနေ ၄:၀၀နာရီ

တင်ဒါစိစစ်ရေးအဖွဲ့
ရခိုင်ပြည်နယ်ကျန်းမာရေးဦးစီးဌာန
စစ်တွေမြို့
ဖုန်း-၀၄၃-၂၁၂၀၂၊ ၂၃၃၆၆

ကျန်းမာရေးဝန်ကြီးဌာန ဆေးသိပ္ပံပညာဦးစီးဌာန မြစ်ကြီးနားသူနာပြုသင်တန်းကျောင်းနှင့်သားဖွားသင်တန်းကျောင်း အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကချင်ပြည်နယ်၊ မြစ်ကြီးနားသူနာပြုသင်တန်းကျောင်းနှင့် သားဖွားသင်တန်းကျောင်း၏ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်၊ ငွေလုံးငွေရင်း ခေါင်းစဉ်အောက်မှ တည်ဆောက်ပြုပြင်ရေးလုပ်ငန်းများအတွက် စိတ်ပါဝင်စားသူ ကုမ္ပဏီ/လုပ်ငန်းရှင်များအား အိတ်ဖွင့်တင်ဒါခေါ်ယူအပ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါပုံစံများအား မြစ်ကြီးနား သူနာပြုသင်တန်းကျောင်းနှင့် သားဖွားသင်တန်းကျောင်းတွင် ၁၈-၇-၂၀၁၄ရက်မှစ၍ ဝယ်ယူနိုင်ပြီး ၁၈-၈-၂၀၁၄ ရက် ၁၆:၀၀ နာရီနောက်ဆုံးထား၍ တင်ဒါတင်သွင်းရန် ဖြစ်ပါသည်။

၃။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက အောက်ပါလိပ်စာအတိုင်း ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

(က) ဝန်ကြီးရုံး၊ လူမှုရေးဝန်ကြီးဌာန၊ ကချင်ပြည်နယ်အစိုးရအဖွဲ့ — **ဖုန်း-၀၇၄-၂၉၅၂၀**
(ခ) သူနာပြုသင်တန်းကျောင်းမြစ်ကြီးနား — **ဖုန်း-၀၇၄-၂၂၉၈၈**
(ဂ) သားဖွားသင်တန်းကျောင်းမြစ်ကြီးနား — **ဖုန်း-၀၇၄-၂၂၂၀၅**

တင်ဒါခေါ်ယူရေးနှင့်စိစစ်ရေးလုပ်ငန်းကော်မတီ
မြစ်ကြီးနားမြို့

ကိတ္တိမသမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ကြည့်မြင်တိုင်မြို့နယ်၊ တော်ဝင်လမ်း၊ အမှတ် (၅၆)နေ ဦးသက်ဦး- ဒေါ်သန်းကြည်တို့၏သမီး မသိင်္ဂီကျော် ၁၂/ကမတ(နိုင်)၀၇၁၈၃၆ သည် မိဘများ၏ဆိုဆုံးမမှုကို နားမထောင်ဘဲ မိမိသဘောဆန္ဒအလျောက် ပြုမူသွားပါသဖြင့် ယနေ့မှစ၍ အမွေစားအမွေခံသမီးအဖြစ်မှ စွန့်လွှတ်လိုက်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

စုံစမ်းမေးမြန်းခြင်းသည်းခံပါ။
ဒေါ်သန်းကြည်
၁၂/ကမတ(နိုင်)၀၁၁၉၇၃

ပျောက်ဆုံးကြောင်း

ကျွန်တော် သီဟမင်းသူ ၁၂/တမန(နိုင်)၁၂၁၁၁၆၏နိုင်ငံကူးလက်မှတ် M-156492 ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၂၈၁၁၉၂၁၈

ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် CC/2217၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး
(ရန်ကုန်အရှေ့ပိုင်း)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဗဟိုစက်ပစ္စည်းစာရင်းအင်းနှင့်စစ်ဆေးရေးဦးစီးဌာန အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန၊ ဗဟိုစက်ပစ္စည်းစာရင်းအင်းနှင့်စစ်ဆေးရေးဦးစီးဌာန၏ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်အတွက် Fiber Cable (၃၀၀၀)မီတာကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူသွယ်တန်းလိုပါသဖြင့် အိတ်ဖွင့် တင်ဒါများ တင်သွင်းရန်ဖိတ်ခေါ်အပ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ၁၈-၇-၂၀၁၄ရက်မှ ၂၈-၇-၂၀၁၄ ရက်အထိ နေ့စဉ်(ရုံးချိန်အတွင်း) နံနက် ၉:၃၀ နာရီမှ ၁၆:၀၀ နာရီအတွင်း ဗဟိုစက်ပစ္စည်းစာရင်းအင်းနှင့် စစ်ဆေးရေးဦးစီးဌာန၊ ရုံးအမှတ်(၃၂)၊ နေပြည်တော်နှင့်စက်ပြင်နှင့်ပစ္စည်းထိန်းဌာနခွဲ၊ သဇင်ရုံလမ်း၊ (၅)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တို့တွင် တစ်စောင်လျှင် ကျပ် ၅၀၀၀ နှုန်းဖြင့် ဝယ်ယူနိုင်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါများကို ၂၉-၇-၂၀၁၄ရက် (အင်္ဂါနေ့) မွန်းလွဲ ၁၃:၀၀ နာရီမှ ၁၄:၀၀ နာရီအတွင်း နေပြည်တော်ရုံးအမှတ် (၃၂)ရှိ တင်ဒါအဖွဲ့ဝင်များရှေ့မှောက်၌ လာရောက်ပေးသွင်းကြရန်ဖြစ်ပါသည်။ သတ်မှတ်ကာလထက်ကျော်လွန်သော တင်ဒါ များကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၄။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များသိရှိလိုပါက အောက်ပါလိပ်စာတွင် စုံစမ်းမေးမြန်းနိုင်ပါသည်။

ပစ္စည်းဝယ်ယူရေးအဖွဲ့
ဗဟိုစက်ပစ္စည်းစာရင်းအင်းနှင့်စစ်ဆေးရေးဦးစီးဌာန
ရုံးအမှတ် ၃၂၊ နေပြည်တော်
ဖုန်း-၀၆၇-၄၀၆၁၉၉၊ ၀၆၇-၄၀၆၀၈၈

ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်ဝေဖြိုးအောင်၏ နိုင်ငံကူးလက်မှတ် (အမှတ် M-432251) ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက ဖုန်း-၀၉-၇၃၂၁၉၅၁၂သို့ အကြောင်းကြားပေးပါရန် မေတ္တာရပ်ခံအပ်ပါသည်။

ကျန်းမာရေးဆောင်းပါး

ကလေးသူငယ်များအသက်အန္တရာယ်ကို ခြိမ်းခြောက်နေသည့် ကူးစက်ရောဂါများ လက်ဆေးခြင်းဖြင့် ကာကွယ်ပါ

ခင်ရတနာ

ကျန်းမာခြင်းသည် လူသားတိုင်းအတွက် အလွန်အရေးကြီးသော လာဘ်တစ်ပါးဖြစ်သည်။ ကျန်းမာခြင်းအတွက် လူတို့နေ့စဉ် နေထိုင်စားသောက်သည့် အလေ့အထနှင့် အမူအကျင့်များသည် ရာခိုင်နှုန်း ၈၀ ခန့် သက်ရောက်သည်။ အမူအကျင့်ဟုဆိုရာ၌ ငယ်စဉ်တောင်ကျေး ကလေးဘဝကပင် နေထိုင်ရာပတ်ဝန်းကျင်နှင့် မိဘများ၏ စောင့်ရှောက်ပုံများတွင် အခြေတည်လျက်ရှိပါသည်။

ကလေးသူငယ်တစ်ဦးအဖြစ် **လူ့လောကသို့ စတင်ရောက်ရှိစဉ်ကပင် ပထမဆုံးလုပ်ဆောင်ပေးရသည်မှာ တစ်ကိုယ်ရေ သန့်ရှင်းရေးဖြစ်ပြီး ဒုတိယပြုလုပ်ရန်မှာ မိခင်နို့ သို့မဟုတ် အာဟာရတိုက်ကျွေးရခြင်း**ပင်ဖြစ်သည်။ ကလေးဘဝမှသည် လူ့ဘဝသက်တမ်းတစ်လျှောက် ခိုင်မာစွာ လျှောက်လှမ်းနိုင်ရေး အခြေခံကျန်းမာရေးအသိမှာလည်း ထိုနှစ်ချက်ပင်ဖြစ်ကြောင်းကို ရန်ကုန်တိုင်းဒေသကြီး ကျန်းမာရေးပညာအရာရှိ ဒေါက်တာဒေါ်အိအိဆွေက ပြောကြားသည်။

ယနေ့ မြန်မာနိုင်ငံအတွင်း ကျန်းမာရေးဝန်ကြီးဌာန၏ နိုင်ငံတကာအဖွဲ့အစည်းများနှင့်အတူ ပူးတွဲကာ သုတေသနပြုလုပ်ရာတွင် **လူဦးရေစုစုပေါင်း၏ ၆၀ ရာခိုင်နှုန်းခန့်မှာ ကျန်းမာရေးအတွက် ကြိုတင်ကာကွယ်ခြင်းကို ဆောင်ရွက်ခြင်း မရှိသေးကြောင်း** လေ့လာတွေ့ရှိရသည်။

အကြောင်းမှာ မိမိတို့၏ မူလအနေအထိုင် အလေ့အထများကို ပြောင်းလဲလိုစိတ်အလျှင်းမရှိကြောင်း ဖော်ပြနေခြင်းပင် ဖြစ်ကြောင်း ဒေါက်တာဒေါ်အိအိဆွေက ထောက်ပြသည်။

အထူးသဖြင့် ကလေးငယ်များတွင် မိဘများ၏ အလေ့အထအမှားများကြောင့် အသက်ဆုံးရှုံးမှုများ ဖြစ်ပွားနေရပြီး တစ်ကမ္ဘာလုံးတွင်မူ ကလေးသူငယ်ဦးရေ ခြောက်သိန်းမှာ ကာကွယ်နိုင်သည့် ရောဂါများကြောင့် သေဆုံးနေရကြောင်း သိရသည်။

ကလေးငယ်များ၌ အဆုတ်ရောင်ရောဂါ(နမိုးနီးယား)၊ ဝမ်းပျက်ဝမ်းလျှောရောဂါနှင့် ငှက်ဖျားရောဂါ (သွေးလွန်တုပ်ကွေး) ရောဂါတို့သည် သေဆုံးမှုအများဆုံး ကလေးရောဂါများဖြစ်ကြပြီး ယင်းရောဂါ သုံးမျိုးစလုံးမှာလည်း ကြိုတင်ကာကွယ်ခြင်း သို့မဟုတ် အမူအကျင့်မှားများကို ပြင်ဆင်ခြင်းဖြင့် မဖြစ်ပွားအောင်

တားဆီးနိုင်ပါသည်။

ကလေးငယ်များ၏ တစ်ကိုယ်ရေသန့်ရှင်းရေးတွင်လည်း အရေးအကြီးဆုံးမှာ လက်ပင်ဖြစ်သည်။ လက်မှတစ်ဆင့် ကူးစက်နိုင်သော ရောဂါများ၊ ဘက်တီးရီးယားများ၊ မှိုများနှင့် သေးငယ်အနုစိတ်လွန်းသော ရောဂါပိုးမွှားများသည် ခန္ဓာကိုယ်အတွင်းသို့ လက်မှတစ်ဆင့် အများဆုံး ဝင်ရောက်လာခြင်း ဖြစ်သည်။

ထို့ကြောင့် ယခုအခါ မြန်မာနိုင်ငံအတွင်း အဖြစ်ပွားဆုံး ကလေးရောဂါ သုံးမျိုးအနက်မှ ဝမ်းပျက်ဝမ်းလျှောအပါအဝင် သန်ကောင်ရောဂါများ၊ အစာအိမ်၊ အူလမ်းကြောင်းရောဂါများနှင့် သွားနှင့်ခံတွင်းရောဂါများအပါအဝင် အခြားရောဂါအမျိုးမျိုးမှ ကာကွယ်နိုင်ရေးအတွက် လက်ဆေးခြင်းအလေ့အထကို တွင်ကျယ်စေရန် ကျန်းမာရေးဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာနနှင့် ယူနီဆက်အပါအဝင် ပြည်တွင်းပြည်ပ အင်န်ဂျီအို အဖွဲ့အစည်းများက အင်တိုက်အားတိုက် ဆောင်ရွက်လျက်ရှိနေသည်ကို တွေ့ရှိရသည်။

မြန်မာနိုင်ငံ၌ **ကလေး ၁၀၀၀ အနက် ၅၂ ဦးမှာ ပျမ်းမျှနှစ်စဉ် သေဆုံးလျက်ရှိပြီး** ငါးနှစ်အောက်ကလေးသေဆုံးမှု အများစုမှာ သေဆုံးသူ အရေအတွက် ၄၉၀၀၀ ကျော်ရှိသည့်အပြင် မွေးပြီး ၂၈ ရက်အတွင်း ကူးစက်ရောဂါပိုးကြောင့် သေဆုံးသူမှာ ပိုမိုများပြားနေရကြောင်း ကျန်းမာရေးဝန်ကြီးဌာန၏ အချက်အလက်များအရ သိရသည်။

စက္ကန့်သုံးဆယ်အတွင်း တစ်ဦးနှုန်းဖြင့် သေဆုံးနေကြရသည့် ဝမ်းပျက် ဝမ်းလျှောရောဂါကို လက်ဆေးခြင်းဖြင့် ၇၀ ရာခိုင်နှုန်းခန့် လျှော့ချနိုင်သည်ဟု ဆေးပညာရှင်များက ဆိုသည်။

"ကျောင်းတွေမှာ တစ်ကိုယ်ရေသန့်ရှင်းရေးအတွက် ပညာပေးလုပ်ငန်းတွေကို အရှိန်မြှင့်ဆောင်ရွက်နေတာဖြစ်ပါတယ်။ သို့သော်လည်း ကလေးငယ်တွေရဲ့ အမူအကျင့်အပြင် ကျန်းမာရေးအတွက် လိုအပ်တဲ့ အခြေခံအဆောက်အအုံ ဖြစ်တဲ့ ယင်လုံအိမ်သာ၊ သန့်ရှင်းသော ရေစနစ်၊ အစားအစာ၊ သန့်ရှင်းသော လက်နှင့် ပတ်ဝန်းကျင်သန့်ရှင်းရေးစသော အခြေခံကဏ္ဍကြီး ငါးခုစလုံးမှာ လိုက်နာဖို့ အခက်အခဲတွေ ရှိနေသေးတယ်"ဟု ရန်ကုန်တိုင်းဒေသကြီး ကျောင်းကျန်းမာရေးဆရာဝန်ကြီး ဒေါက်တာဒေါ်ခင်စောရီက ပြောကြားသည်။

"ဥပမာပြောရရင် **သတ်မှတ်ချက်တွေမှာ ကျောင်းသား ၅၀ အတွက် ယင်လုံအိမ်သာ တစ်လုံးရှိရမယ်ဆိုပြီး သတ်မှတ်ထားပေမယ့် လိုက်နာနိုင်တဲ့ အခြေအနေမရှိသေးတဲ့ ကျောင်းပေါင်း တစ်နိုင်ငံလုံးအတိုင်းအတာဆိုရင် မနည်းပါဘူး။** ဒါ့အပြင် ကျောင်းမုန့်ဈေးတန်းတွေနဲ့ ကျောင်းပတ်ဝန်းကျင် သန့်ရှင်းရေး၊ ရေကောင်း ရေသန့် ရရှိရေးတွေမှာလည်း ဒီအတိုင်းဖြစ်နေတာတွေ ရှိပါတယ်။ သို့သော်လည်း အတတ်နိုင်ဆုံးတော့ ကျောင်းနေအရွယ်ကလေးတွေ လက်ကိုသန့်ရှင်းအောင်ထားတတ်တဲ့စနစ်တွေ၊ သွားကျန်းမာရေးနဲ့ ကာကွယ်ဆေး၊ သန်ချဆေးတိုက်ကျွေးရေး၊ အာဟာရပြည့်ဝစေရေးတို့အတွက် ပညာရေးဝန်ကြီးဌာနနဲ့ ကျန်းမာရေးဝန်ကြီးဌာနတို့ ပူးပေါင်းအဖြေရှာ ဆောင်ရွက်ပေးနေတယ်"ဟု ဒေါက်တာ ဒေါ်ခင်စောရီက ပြောကြားသည်။

ဆရာဝန်တစ်ဦးက လွန်ခဲ့သည့် ဆယ်စုနှစ်တစ်ခုက ကြုံတွေ့ခဲ့ရသော အတွေ့အကြုံကို ပြောပြရာ အိမ်သာလုံးဝမသုံးစွဲသည့် ကျေးရွာတစ်ရွာကြုံခဲ့ကြောင်း၊ ဒေသခံများ ကျန်းမာရေးအဆင့်အတန်း မြင့်မားလာစေရေးအတွက် ယင်လုံအိမ်သာများ တည်ဆောက်ပေးပြီး အချိန်တန်၍ ပြန်လည်စစ်စစ်သည့်အခါ စကောထိုင်ကာ တောထိုင်သည့် အကျင့်ကိုပင် ဆက်လက်ကျင့်သုံးနေကြောင်း သိရသဖြင့် တာဝန်ရှိသူများက ရွာအပြင်၌ အိမ်သာများ ထပ်မံတည်ဆောက်ပေးကြောင်း၊ သို့သော်လည်း အိမ်သာအပြင်၌သာ အသုံးပြုကြောင်း၊ နောက်ဆုံးတွင် ယင်းတို့အသုံးပြုနိုင်စေရေး အပေါ်ဖွင့် အောက်ဖွင့် အိမ်သာအမည်ခံ အိမ်သာများ တည်ဆောက်ပေးမှုပင် အိမ်သာစနစ်ကို နားလည် လက်ခံလာကြကြောင်း **သို့သော် ယနေ့အချိန်အထိပင် ထိုကျေးရွာ၌ စကောထိုင်၍ တောထိုင်သူများ ကျန်ရှိနေသေးကြောင်း** ကျန်းမာရေးအရာရှိ တစ်ဦးက ပြောသည်။

ထို့ကြောင့်ပင် အမူအကျင့်ကောင်းများပင် ဖြစ်လင့်ကစား လိုက်နာကျင့်သုံးရေးအတွက်တွင် အခက်အခဲများရှိနေကြသည်။

လက်ရှိတွင် မြန်မာနိုင်ငံ၏ အသက်အရွယ်မရွေး စစ်တမ်းတစ်ခုအရ **လူဦးရေ၏ ၄၈ ရာခိုင်နှုန်းသာ အိမ်သာအဆင်း၌ စနစ်တကျ ဆပ်ပြာဖြင့် လက်ကိုစင်ကြယ်စွာ ဆေးကြောကြကြောင်း တွေ့ရှိလာရပြီးနောက် ကျန်းမာရေးအတွက် လက်ဆေးခြင်း အလေ့အထကို စနစ်တကျရရှိလာစေရန် ကြိုးပမ်းနေခြင်းဖြစ်ကြောင်း** သိရသည်။

"လက်ဆေးခြင်းလို့ ပြောတာမှာ စနစ်တကျဆပ်ပြာနဲ့ ဆေးကြောတာကို ဆိုလိုပါတယ်။ အစာစားခါနီး၊ အိမ်သာအဆင်းနဲ့ ညစ်ပေတယ်လို့ ထင်တဲ့အခါတိုင်းမှာ ဆပ်ပြာနဲ့ တစ်တောင်ဆစ်အနားအထိ ရေသန့်သန့်အသုံးပြု ဆေးကြောရမှာ ဖြစ်ပါတယ်"ဟု မြန်မာနိုင်ငံ ဆရာဝန်အသင်းစီမံချက်မန်နေဂျာ ဒေါက်တာဦးကြီးမြင့်က ပြောကြားသည်။

သို့ဖြစ်ပါ၍ ကလေးငယ်များ၏ အသက်ဆုံးရှုံးခြင်း၏ ဒုတိယ အကြီးမားဆုံး ရန်သူဖြစ်သည့် ဝမ်းပျက်ဝမ်းလျှောအပါအဝင် အခြားကူးစက်ရောဂါအများစုအတွက် မိဘများနှင့် ဆရာများက ပူးပေါင်းပညာပေးခြင်းဖြင့် အနာဂတ်သားကောင်းရတနာများကို ကျန်းမာရေး အမူအကျင့်ကောင်းများ မျှဝေနိုင်ပါရန် ရေးသား လိုက်ရပါသည်။ ။

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃ခ/၅၂၄၀၊ တိုယိုတာဟိုင်းလပ်၊ ပစ်ကပ် (4×2) R ယာဉ်လက်ဝယ်ရှိသူ ဒေါ်ယိုဆို ၁၃/လရန(နိုင်)၀၅၃၇၆၇က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ တွဲဖက်ပြည်နယ်ရုံး(လားရှိုး)

ဖခင်အမည်မှန်

သဲတော-ဝမ်းတွင်း အထက်တန်းကျောင်း တက္ကသိုလ်ဝင်တန်း(င)မှ မောင်ဇေယျာဖြိုး၏ ဖခင်အမည်မှန်မှာ ဦးဟန်တိုး ၉/ဝတန (နိုင်)၀၉၄၁၅၈ ဖြစ်ပါသည်။

ဖခင်အမည်မှန်

ဧရာဝတီတိုင်းဒေသကြီး၊ အင်္ဂပူမြို့နယ်၊ ကျောင်းကုန်းကျေးရွာနေ မခင်ပြည့်စုံနှင့် မောင်ကောင်းဆုဝေတို့၏ ဖခင်အမည်မှန်မှာ ဦးလင်းနိုင် ၁၄/အဂပ(နိုင်)၁၄၇၈၉၅ ဖြစ်ပါသည်။

လူပျောက်ကြော်ငြာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ အကွက်(၃၃၇)၊ စိန်ပန်းရပ်ကွက်တွင် နေထိုင်သူ ဦးအောင်ကျော်မျိုး ၉/မနတ(နိုင်)၀၉၈၈၇၃၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း သိစေလိုက်သည်မှာ-

ကျွန်ုပ်မိတ်ဆွေ၏ဇနီး ဒေါ်နန်းစွဲ့ဆာ ၁၃/မမတ(နိုင်)၀၂၉၃၃၀သည် မိခင်နှင့်ခင်ပွန်းတို့၏ သဘောတူညီချက်မရှိဘဲ ၂၇-၂-၂၀၁၄ရက်က အိမ်မှထွက်ခွာ ပျောက်ဆုံးသွားခဲ့ပါသဖြင့် တွေ့ရှိက အကြောင်းကြားပါရန်။

သွေးဆောင်ဖြားယောင်းလက်ခံထားရှိသူများအား ဥပဒေအရ အရေးယူသွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာလိုက်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးဘိုလွင် (စဥ်-၁၈၃၃၉)

အထက်တန်းရှေ့နေ

ဖုန်း-၀၉-၄၃၁၀၂၁၀၄

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၄ယ/၅၃၆၈၀၊ Hensim 125, M/C ယာဉ်လက်ဝယ်ရှိသူ ဦးဇော်လှိုင် ၉/မနမ(နိုင်)၀၉၈၈၆၂က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့

ယာဉ်မှတ်ပုံတင်ခွင့်လျှောက်ထားခြင်း

ယာဉ်အမှတ် ၄ယ/၄၉၃၄၈ Luojia ဆိုင်ကယ် ယာဉ်လက်ဝယ်ရှိသူ ဦးကျော်ညွှန့် ၉/မရတ(နိုင်)၀၂၅၇၄၄က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့

ဖခင်အမည်မှန်

တောင်ကြီးမြို့၊ အမှတ်(၄) အလကခွဲ၊ ဆဋ္ဌမတန်း(ခ)မှ နန်းရွှေရည်သင်း၏ ဖခင်အမည်မှန်မှာ အမွေစားအမွေခံကိတ္တိမသမီးအဖြစ် မွေးစားခြင်းစာချုပ်အမှတ်(၃/၂၀၁၄) အရ ဦးအောင်သိန်း ၁၃/တကန(နိုင်)၀၀၇၅၃၃ ဖြစ်ပါကြောင်း။

ကန့်ကွက်နိုင်ပါကြောင်း

ယာဉ်အမှတ် ၁၉ယ/၄၆၁၂၂၊ Tarbo 110 ယာဉ်လက်ဝယ်ရှိသူ ဦးနေမင်းထွန်း ၁၃/ဆဆန(နိုင်)၀၀၀၁၂၂က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ တောင်ကြီး**

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၄စ/၁၈၃၅ Nissan AD Van, SW (4x2) RM 2 ယာဉ်လက်ဝယ်ရှိသူ ဒေါ်မြင့်မြင့်ဆွေ ၁၂/လမန(နိုင်)၀၁၀၈၂၇က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)၊ အင်းစိန်

ကန့်ကွက်နိုင်ပါကြောင်း

ကချင်ပြည်နယ်၊ ဗန်းမော်မြို့၊ ရှမ်းဝိုင်းသစ်(ယခုပေါက်ကုန်းပညာ့ရိပ်သာ)ရပ်ကွက်ရှိ အကွက်အမှတ်(၃၅)၊ ဦးပိုင်အမှတ် ၃၆၃၊ ဧရိယာ ၀ဒသမ ၀၅၅၈ကေရှိမြေကွက်ကို ဦးအောင်ချွန် ၁၂/စခန(နိုင်)၀၁၆၉၅၀ အမည်ပေါက်ပိုင်ဆိုင်ခဲ့ပါသည်။ ယင်းမြေကွက်ကို ဗန်းမော်မြို့၊ ပေါက်ကုန်းရပ်ကွက်နေ ဒေါ်ခုန့်ရီ ၁/ဗမန(နိုင်)၀၂၆၂၆၆နှင့်သမီး ဒေါ်ချိုသဲ ၁/ဗမန(နိုင်) ၀၄၄၅၃၇တို့က အရပ်ကတိစာချုပ်ဖြင့် အဆင့်ဆင့်ဝယ်ယူပိုင်ဆိုင်ခဲ့ပါသည်။ အဆိုပါမြေကွက်ကို ဦးအောင်ချွန်အမည်မှ ဒေါ်ခုန့်ရီနှင့် ဒေါ်ချိုသဲအမည်သို့ တရားဝင်အမည်ပေါက် ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ အဆိုပါမြေကွက်နှင့်စပ်လျဉ်း၍အကျိုးခံစားခွင့်အရပ်ရပ်တို့အား ပိုင်ရေးပိုင်ခွင့်ရှိသူ မည်သူမဆို ကန့်ကွက်လိုပါက ခိုင်လုံသောစာရွက်စာတမ်း မူရင်းအထောက်အထားများနှင့်တကွ ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကုန်ဆုံးသည့်တိုင် ကန့်ကွက်မည့်သူမရှိပါက အမည်လွှဲပြောင်းခြင်းကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးဝင်းဇော် LL.B၊ တရားလွှတ်တော်ရှေ့နေ (စဥ်-၅၆၆၅)

သာစည်ရပ်(၃၆၅)၊ ဗန်းမော်မြို့၊ ဖုန်း-၀၉-၆၄၂၂၁၇၂

ကန့်ကွက်နိုင်ပါကြောင်း

ယာဉ်အမှတ် ၁၇ယ/၃၆၆၄၉၊ စထရင်း(မ်)၊ ယာဉ်လက်ဝယ်ရှိသူ ဦးဝင်းနိုင် ၉/ပဘန(နိုင်)၁၃၇၈၈၈က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ တောင်ကြီး**

ပျောက်ဆုံးကြောင်း

ကျွန်တော် အန်ဆဲလ်မို ၂/လကန(နိုင်) ၀၇၈၆၁၃၏ ပတ်စ်ပို့နံပါတ် (မမှတ်မိ) ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

အန်ဆဲလ်မို ဖုန်း-၀၉-၃၃၇၅၅၀၉၂

ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် ၅ဃ/၄၃၇၇ (5D/4377)၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)

ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် ၆ဂ/၁၆၇၅၊ ၆ဂ/၁၆၇၁၊ ၆ဂ/၁၆၇၂၊ ၆ဂ/၁၆၇၀ ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန်လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန(ရွာသာကြီး)

ပြည်တွင်းသတင်းနှင့်ကြော်ငြာ

သမဝါယမအသင်းများသို့ ကျပ်သိန်းလေးထောင်နီးပါးထုတ်ချေး

မြန်အောင် ဇူလိုင် ၁၇

ဧရာဝတီတိုင်းဒေသကြီး မြန်အောင်မြို့နယ်အတွင်းရှိ စိုက်ပျိုးရေး သမဝါယမအသင်းများသို့ ချေးငွေ ကျပ်သိန်းလေးထောင်နီးပါးကို သမဝါယမဦးစီးဌာနက ဇူလိုင် ၁၅ ရက်တွင် ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

မြန်အောင်မြို့နယ်အုပ်ချုပ်ရေးမှူးရုံး အစည်းအဝေးခန်းမ၌ ဇူလိုင် ၁၅ ရက်က ကျင်းပသည့် ဒုတိယအကြိမ် (EXIM BANK) ချေးငွေပေးအပ်ပွဲအခမ်းအနားကို မြန်အောင်မြို့နယ်အတွင်းရှိ စိုက်ပျိုးရေး သမဝါယမအသင်း ၈၄ သင်းအား ချေးငွေ စုစုပေါင်း ကျပ် ၃၈၀၁ ဒသမ ၇ သိန်းကို ပေးအပ်ခဲ့ခြင်းဖြစ်သည်။

ပထမအကြိမ် ချေးငွေများအဖြစ် စိုက်ပျိုးရေးသမဝါယမအသင်း ၁၆ သင်းသို့ ချေးငွေ ၉၉၁ ဒသမ ၀၅ သိန်းကို ဇန်နဝါရီလက ထုတ်ချေးပေးခဲ့ကြောင်းနှင့် ယင်းအသင်း ၁၆ သင်းက ဇွန်လတွင် အကျေပေးဆပ်ပြီးဖြစ်သဖြင့် ဒုတိယအကြိမ်အဖြစ် ယခုအသင်း ၈၄ သင်းကို ချေးငွေပေးအပ်ခြင်းဖြစ်ကြောင်း သမဝါယမဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမင်းမင်းထွန်းက အမှာစကားပြောကြားပြီး တိုင်းဒေသကြီးသမဝါယမဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်သန်းသန်းလှက သမဝါယမချေးငွေနှင့် ပတ်သက်သည့် အချက်အလက်များနှင့် စည်းကမ်းချက်များကို အစည်းအဝေး တက်ရောက်လာကြသော ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် သမဝါယမအသင်းဥက္ကဋ္ဌများအား ရှင်းလင်းတင်ပြကာ မြို့နယ်အုပ်ချုပ်ရေးမှူးက အသင်း ၈၄ သင်း ကိုယ်စား အသင်းဥက္ကဋ္ဌ တစ်ဦးအား ချေးငွေများ ပေးအပ်ခဲ့ကြောင်း သမဝါယမ ဦးစီးဌာနမှ သိရှိရသည်။

နေဝင်းဇော်(မြန်အောင်)

စာသင်ကျောင်း ၃၆ ကျောင်းအား ပြုပြင်စရိတ်များ ထောက်ပံ့

ကော့ကရိတ် ဇူလိုင် ၁၇

ကရင်ပြည်နယ်ရှိ ကျေးရွာများ၏ ပညာရေးကဏ္ဍမြှင့်တင်ရေး ပြုပြင်ရန်လိုအပ်သော စာသင်ကျောင်း ၃၆ ကျောင်းသို့ ကျောင်းပြင်ဆင် စရိတ်များထောက်ပံ့ပေးခြင်းအခမ်းအနားကို ကရင်ပြည်နယ် ကြာအင်းဆိပ်ကြီးမြို့တွင် ဇူလိုင် ၁၅ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးဦးစိုးဝင်းက အမှာစကားပြောကြားပြီး ကရင်ပြည်နယ် ပညာရေးညွှန်ကြားရေးမှူးရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်စိုးက လမ်းညွှန်အမှာစကားပြောကြားသည်။

ဆက်လက်ပြီး လူမှုအသိပညာဖွံ့ဖြိုးတိုးတက်ရေး ဝန်ဆောင်မှုအသင်းမှ စီမံကိန်းအလုပ်အမှုဆောင် ဒါရိုက်တာ ဒေါ်ရီရီဝင်းက ကျောင်းပြုပြင်စရိတ်များ ထုတ်ပေးခြင်းနှင့်ပတ်သက်၍ စီမံကိန်းလုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ကျေးရွာတစ်ရွာချင်းစီအလိုက် စာသင်ကျောင်း ၃၆ ကျောင်းသို့ ကျောင်းပြုပြင်စရိတ်ထောက်ပံ့ငွေများကို တာဝန်ရှိသူများက ထုတ်ပေးခဲ့ပြီး အခမ်းအနားသို့တက်ရောက်လာကြသည့် ကျေးရွာကိုယ်စားလှယ်များ ကိုယ်စား ကိုယ်စားလှယ်တစ်ဦးက ကျေးဇူးတင်စကားပြောကြားခဲ့ကြောင်း သိရသည်။

စိုးထက်အောင်(ပြန်/ဆက်)

ကျိုင်းတုံ၌ ကွန်ပျူတာတက္ကသိုလ် သစ်ပင်စိုက်ပွဲကျင်းပ

ကျိုင်းတုံ ဇူလိုင် ၁၇

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့ ကွန်ပျူတာတက္ကသိုလ်၌ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ဇူလိုင် ၁၅ ရက်က ကျင်းပခဲ့သည်။

အခမ်းအနားသို့ တြိဂံဒေသ တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ် သန်းထွန်းဦးနှင့် စစ်ဘက်ဆိုင်ရာ အရာရှိများ၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးနေဦး၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းဦးနှင့်ဝန်ထမ်းများ၊ ခရိုင်လက်ထောက် ညွှန်ကြားရေးမှူး ဦးအောင်ကျော်ဦး၊ ကွန်ပျူတာ တက္ကသိုလ် ကျောင်းအုပ်ကြီးနှင့် ဆရာ ဆရာမများ၊ NGO အဖွဲ့အစည်းများ၊ ဒေသခံပြည်သူများက စိန်ပန်းကြီး၊ ခါတော်မီ၊ ခရေ၊ မဲဇလီ၊ ငုရွှေဝါ၊ မယ်ဇယ်ပင်များကို စုပေါင်းစိုက်ပျိုးခဲ့ကြောင်း သိရှိရသည်။

(ပြည်နယ် ပြန်/ဆက်)

‘ဝ’ အထူးဒေသ၌ ဘိန်းအစားထိုးသီးနှံ ပုလဲသွယ်စပ်မျိုးစပါးစိုက်ပွဲ ကျင်းပ

မိုင်းဆတ် ဇူလိုင် ၁၇

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဆတ်မြို့နယ် ဆိုက်ခေါင်းကျေးရွာအုပ်စု ဝမ်ဟုန် ‘ဝ’ အထူးဒေသ မိုးစပါးစံပြစိုက်ခင်း၌ နယ်စပ်ဒေသဖွံ့ဖြိုးရေး ဘိန်းအစားထိုးသီးနှံ ပုလဲသွယ်စပ်မျိုးစပါးစိုက်ပျိုးပွဲ အခမ်းအနားကို ဇူလိုင် ၁၅ ရက်က ကျင်းပသည်။

ပုလဲသွယ်စပ်မျိုးစပါးစိုက်ပျိုးပွဲတွင် ခရိုင်စိုက်ပျိုးရေးဦးစီးမှူး ဦဝင်းထိန်က တရုတ်စပ်မျိုးစပါးနှင့် ပုလဲသွယ်စပ်မျိုးစပါးများ၏ အားနည်းချက်၊ အားသာချက်များကိုရှင်းလင်းပြောကြားပြီး သိပ္ပံနည်းကျစိုက်နည်းစနစ်များအကြောင်း အသေးစိတ်ရှင်းလင်းပြောကြားသည်။ ပုလဲသွယ်စပ်မျိုးစပါးကို စိုက်ပျိုးခြင်းဖြင့် တစ်ဧက အထွက်နှုန်းတိုးတက်မည်ဖြစ်၍ တောင်သူများ ဝင်ငွေတိုးတက်ရရှိလာမည်ဖြစ်ကြောင်း၊ ပုလဲသွယ်စပ်မျိုးစပါး စိုက်ပျိုးရာတွင် ဓာတ်မြေဩဇာ စနစ်တကျအသုံးပြုရေး၊ စနစ်တကျ ပျိုးထောင်ရိတ်သိမ်းရေးတို့အတွက် လိုအပ်သော နည်းစနစ်များကို ထောက်ပံ့ကူညီပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ထို့နောက် အခမ်းအနားတက်ရောက်လာကြသည့် ခရိုင်အုပ်ချုပ်ရေးမှူး ဦးနိုးဝေ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအေးနိုင်၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီဥက္ကဋ္ဌ ဦးစိုင်းချစ်သောင်းနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ‘ဝ’ အထူးဒေသ စိုက်ပျိုးရေးတာဝန်ခံ ဦးရှောက်ချိန်နှင့် တာဝန်ရှိသူများသည် ပုလဲသွယ်စပ်မျိုးစပါးများ ပျိုးထောင်ထားရှိမှုနှင့် မိုးစပါး ငါးဧကတွင် သိပ္ပံနည်းကျစိုက်ပျိုးနေမှုကို ကြည့်ရှုလေ့လာသည်။

‘ဝ’ အထူးဒေသ၌ ယခုနှစ် မိုးရာသီအတွင်း ပုလဲသွယ်စပ်မျိုးစပါး ၂၀ ဧကကို စမ်းသပ်စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။ **သန်းဇော်**(iprd)

ကယားပြည်နယ် ဒီးမော့ဆိုမြို့နယ် စံပြ(၆)မိုင်အုပ်စု ဟိုဖိတ်ကျေးရွာ၌ ပုလဲသွယ်စပ်မျိုးစပါး ၇၂ ဒသမ ၅၀ ဧကစိုက်ခင်းတွင် Combind Harvester **ဖြင့် စက်ကွက်စပါးရိတ်သိမ်းပွဲကို ဇူလိုင် ၁၄ ရက်က ကျင်းပစဉ်။**

ရဲနောင်(လွိုင်ကော်)

မွေးသက္ကရာဇ်အမှန်

မိုင်းမောမြို့၊ အခြေခံပညာအလယ်တန်းကျောင်း၊ ဒုတိယတန်းမှ မောင်အိုက်ကပ်စံ၏ မွေးသက္ကရာဇ်မှန်မှာ ၉-၇-၂၀၀၅နှင့် ဖခင်အမည်မှန်မှာ ဦးအိုက်စံ ၁၃/လရန(နိုင်)၁၆၅၅၀၅ ဖြစ်ပါကြောင်း။

အမည်ပြောင်း

မကွေးမြို့၊ အထက(၂)၊ တက္ကသိုလ်ဝင်တန်း(D) မှ ဦးမြင့်ရွှေ ၁၁/အမန(နိုင်)၀၀၆၈၄၄ ၏သမီး မဟန်နီရွှေအား မထက်သီရိနိုင်ဟု ပြောင်းလဲခေါ်ပါရန်။

မထက်သီရိနိုင်

ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ဥပဒေအမိန့်-၅၊ နည်း-၂၀)
မင်းဘူးမြို့နယ်တရားမရုံးတော်၌
၂၀၁၄ခုနှစ် တရားမကြီးမှုအမှတ်-၃၁

ဦးတင်ဖေ **နှင့်** ဒေါ်ရွှေကြည်
လက်ခုတ်ပင်ကျေးရွာ၊ စကုမြို့။ လက်ခုတ်ပင်ကျေးရွာ၊ စကုမြို့။
တရားလို **တရားပြိုင်**

မကွေးတိုင်းဒေသကြီး၊ မင်းဘူး(စကု)မြို့နယ်၊ လက်ခုတ်ပင်ကျေးရွာနေ ဒေါ်ရွှေကြည် (ဘ) ဦးထွန်းခင်ကြီး (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဦးတင်ဖေက ကတိစာချုပ်ပါ ချေးငွေကျပ် ၁၅ သိန်းရလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့် ပါစေ၍ဖြစ်စေ ၂၀၁၄ခုနှစ် ဩဂုတ် ၁၁ရက် (၁၃၇၆ခုနှစ် ဝါခေါင်လပြည့်ကျော် ၁ရက်)နံနက် ၁၀နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ဤရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့်စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၄ခုနှစ် ဇူလိုင် ၉ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(နွယ်နီဦး)
မြို့နယ်တရားသူကြီး၊ မင်းဘူးမြို့နယ်တရားရုံး

ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
တာချီလိတ်ခရိုင်တရားရုံးတော်
၂၀၁၄ခုနှစ် တရားမကြီးမှုအမှတ်-၁၄

ဦးမိုးကျော်သူ **နှင့်** (၁) ဒေါ်အီခမ်းဒါ၊ (၂) ဒေါ်အီဖုန်းပန်၊
(၃) ဒေါ်အားဖူ၊ (၄) ဦးပေါင်တို(ခ)ဦးယွီးလင်
တရားလို **တရားပြိုင်များ**

တာချီလိတ်မြို့၊ မယ်ခေါင်ရပ်၊ မိုးသောက်ကြယ်လမ်း၊ အမှတ် ၂/၁၂၊ ၂/၂၄ နေ (၁) ဒေါ်အီခမ်းဒါ၊ (၂) ဒေါ်အီဖုန်းပန်၊ (၃) ဒေါ်အားဖူ (ယခုနေရပ်လိပ်စာမသိ)တို့သိစေရမည်။

သင်တို့အပေါ်၌ ဦးမိုးကျော်သူက တရားလိုပိုင် မြေအစိတ်အပိုင်းအား ကျူးကျော်လက်ရှိထားခြင်းအတွက် ဖယ်ရှားပေးရန်နှင့် ထိုမြေအား လက်ရောက်ရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်တို့ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင်တို့၏ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူများသည် တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၄ခုနှစ် ဇူလိုင်၂၅ရက် (၁၃၇၆ခုနှစ် ဝါဆိုလပြည့်ကျော် ၁၄ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်က အမည်ရေးသားပါရှိသူများသည် တရားလို၏စွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင် သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်တို့ မလာမရောက် ပျက်ကွက်ခဲ့လျှင် သင်တို့ကွယ်ရာတွင် ငြင်းချက်များကိုထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့်စာရွက်စာတမ်းများနှင့် သင်တို့က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်တို့နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင်တို့ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်တို့က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၁၄ခုနှစ် ဇူလိုင် ၁၀ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးပေးလိုက်သည်။

(အေးကိုကို)
ဒုတိယခရိုင်တရားသူကြီး
တာချီလိတ်ခရိုင်တရားရုံး

မိဘအမည်မှန်

ရွှေဘိုခရိုင်၊ ဝက်လက်မြို့နယ်၊ ဟံလင်း အထက(ခွဲ)မှ မောင်မင်းရာဇာကျော် ပဉ္စမတန်း(A)နှင့် မရှိုင်းဝတ်ရည် နဝမတန်း(A) တို့၏ မိဘအမည်မှန်မှာ ဦးလွင်ဦးနှင့် ဒေါ်ကြူ ဖြစ်ပါကြောင်း။

ဖခင်အမည်မှန်

နေပြည်တော်တပ်ကုန်းမြို့နယ်၊ အမက(၁) စတုတ္ထတန်း(A)မှ မခိုင်သဇင်ဝင်း၏ ဖခင်အမည်မှန်မှာ ဦးစိုးမင်းထွန်း ၉/တကန(နိုင်)၁၂၃၀၈၁ ဖြစ်ပါကြောင်း။

ဦးစိုမင်းထွန်း ၉/တကန(နိုင်)၁၂၃၀၈၁

မွေးသက္ကရာဇ်အမှန်

အထက(၂) အန်းမြို့ အဋ္ဌမတန်း(A)မှ ဦးဝင်းဌေး၏သား မောင်ဝင်းကိုကိုထွေး၏ မွေးသက္ကရာဇ်အမှန်မှာ ၁-၂-၂၀၀၁ ဖြစ်ပါကြောင်း။

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃၁ယ/၂၆၅၅ ယာဉ်လက်ဝယ်ရှိသူ ဒေါ်ဖြူဖြူကျော် ၉/ပဘန(နိုင်)၁၂၈၄၃၄က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(ရမည်းသင်း)

အမည်မှန်

ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ လားရှိုးမြို့နယ်၊ အထက(၄)၊ အဋ္ဌမတန်း(A)မှ နန်းမွေနွမ်း၏ အမည်မှန်မှာ နန်းမွေနွမ် ဖြစ်ပါကြောင်း။

နန်းမွေနွမ် အထက(၄)

အမည်ဖြည့်စွက်ခေါ်ပါရန်

လားရှိုးမြို့၊ အထက(၆)၊ တက္ကသိုလ်ဝင်တန်းမှ မောင်မျိုးအောင်(ခ)မောင်ဘရန်လီဟုလည်းကောင်း၊ ဖခင်ဦးလနူး(ခ)ဦးဘချမ်လနူးဟုလည်းကောင်း၊ မိခင် ဒေါ်ခါးတွမ်(ခ)ဒေါ်မာတောင်ဟုလည်းကောင်း မွေးသက္ကရာဇ်အမှန်မှာ ၂၇-၁-၁၉၉၇ ဖြစ်ပါသည်။

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၉ယ/၆၃၄၇ Honda Dream ND ဆိုင်ကယ်ယာဉ်လက်ဝယ်ရှိသူ ဒေါ်ရီအေး ၆/လလန(နိုင်)၀၂၄၄၈၄ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊တိုင်းဒေသကြီးဦးစီးမှူးရုံး(ထားဝယ်)

မိုးကုတ်မြို့နယ် မေတ္တာရှင်စေတနာညကျောင်းမှ တက္ကသိုလ်ဝင်တန်းအောင် ကျောင်းသားများအား ဂုဏ်ပြု

မိုးကုတ် ဇူလိုင် ၁၇

မိုးကုတ်မြို့နယ် အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအဖွဲ့တို့ ပူးပေါင်းဖွင့်လှစ်သော မေတ္တာရှင်စေတနာ ညကျောင်းမှ ၂၀၁၃-၂၀၁၄ တက္ကသိုလ်ဝင်တန်း

အောင် ကျောင်းသား ကျောင်းသူများ အား ဂုဏ်ပြုဆုများ ပေးအပ်ပွဲနှင့် တက္ကသိုလ်ဝင်တန်း တက်ရောက်ဆဲ ကျောင်းသား ကျောင်းသူများအား ဗလာစာအုပ်များနှင့် စာရေးကိရိယာ များ ပေးအပ်ထောက်ပံ့ပွဲကို ဇူလိုင် ၁၄ ရက်က မိုးကုတ်မြို့ ကံတော် မူလတန်းလွန်ကျောင်း အစည်းအဝေး ခန်းမ၌ ကျင်းပသည်။**(အောက်ပုံ)**

အခမ်းအနားတွင် မိုးကုတ်မြို့နယ် အမျိုးသမီးရေးရာဥက္ကဋ္ဌ ဒေါ်စောစု မြိုင်က အမှာစကားပြောကြားကာ မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဝင် များနှင့် မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေး အဖွဲ့ဝင်များက ၂၀၁၃-၂၀၁၄ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်းအောင် ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုဆုများ နှင့် ၂၀၁၄- ၂၀၁၅ တက္ကသိုလ်ဝင် တန်း တက်ရောက်ဆဲကျောင်းသား ကျောင်းသူများအား ဗလာစာအုပ် များနှင့် စာရေးကိရိယာများ ပေးအပ် ထောက်ပံ့ကြသည်။

မေတ္တာရှင်စေတနာညကျောင်းကို ၂၀၀၄-၂၀၀၅ ပညာသင်နှစ်မှ စတင် ၍ ကံတော်မူလတန်းကျောင်းတွင် စတင်ဖွင့်လှစ်ခဲ့ကာ ယခုအခါ ကံတော်မူလတန်းလွန် ကျောင်းအုပ် ဆရာမကြီး ဒေါ်မြင့်မြင့်ဦး၏ ကြီး ကြပ်မှုဖြင့် ဆရာ ဆရာမ ရှစ်ဦးက ကျောင်းသား ကျောင်းသူ ၃၀ ကို သင်ကြားပေးလျက်ရှိကြောင်းနှင့် ၂၀၁၃-၁၄ ပညာသင်နှစ် တက္ကသိုလ် ဝင်တန်းတွင် ကျောင်းသား ကျောင်း သူ ၂၇ ဦး တက်ရောက်ခဲ့ပြီး ၁၇ ဦး အောင်မြင်ခဲ့ကြောင်း သိရသည်။

နေဝါ(မိုးကုတ်)

မြစိမ်းရောင် ကျေးရွာစီမံကိန်းရန်ပုံငွေများ ကျေးရွာ ၁၁ ရွာသို့ လွှဲပြောင်းပေးအပ်

ငါန်းဇွန် ဇူလိုင် ၁၇

မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေး လက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီး ဌာနမှ ငါန်းဇွန်မြို့နယ်ရှိ ကျေးရွာ များသို့ မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေ လွှဲပြောင်းပေး အပ်ပွဲအခမ်းအနားကို ဇူလိုင် ၁၅ ရက်က မန္တလေးတိုင်းဒေသကြီး မြင်းခြံခရိုင် ငါန်းဇွန်မြို့ မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး ခန်းမတွင် ကျင်းပခဲ့ကြောင်း သိရ သည်။

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ် ရေးမှူး ဦးတင်ဝင်းက မြစိမ်းရောင် ကျေးရွာစီမံကိန်းနှင့် ပတ်သက်၍ ရန်ပုံငွေများ မပျောက်ပျက်စေဘဲ တိုးပွားအောင် ဆောင်ရွက်သွားရန် စီမံကိန်းရန်ပုံငွေနှင့် ပတ်သက်၍ စာရင်းအင်းများ စနစ်တကျ မှတ် သားထားရှိရန်၊ စီမံကိန်းဝင်ကျေးရွာ များအနေဖြင့်လည်း မိမိတို့ကျေးရွာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကိုယ် စွမ်းဉာဏ်စွမ်းရှိသရွေ့ လုပ်ကိုင် ဆောင်ရွက်ကြရန် လိုအပ်ကြောင်း အမှာစကားပြောကြားပြီး မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနဦးစီးမှူး ဦးစိုးဝင်းထွန်းက ရန်ပုံငွေ လွှဲပြောင်းပေးအပ်ခြင်းနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာ စီမံကိန်းဝင် ကျေးရွာများဖြစ်သော ဘုံသာကျေးရွာ၊ ရေလည်သောင် ကျေးရွာ(အရှေ့ရွာ)၊ ဖြူတွင်းကုန်း ကျေးရွာ၊ ထန်းဇင်လှကျေးရွာ၊ ရွှေ တွင်းကုန်းကျေးရွာ၊ ကျွဲဇိမ်ကျေးရွာ၊ သပြေကန်ကျေးရွာ၊ ဝေပုလ္လကျေးရွာ၊ ရွာတန်းရှည်ကျေးရွာ၊ တောင်ကုန်း ကျေးရွာ၊ ထနောင်းပင်ကျေးရွာများ ကို ကျေးရွာတစ်ရွာလျှင် ရန်ပုံငွေ ကျပ်သိန်း ၃၀၀ စီနှင့် ၁၁ ရွာအတွက် စုစုပေါင်း ငွေကျပ်သိန်း ၃၃၀၀ ကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက် ရေးဦးစီးဌာန ဦးစီးမှူး ဦးစိုးဝင်းထွန်း က မြစိမ်းရောင်ကျေးရွာစီမံကိန်း ကြီးကြပ်မှုကော်မတီများထံ လွှဲ ပြောင်းပေးအပ်ခဲ့ကြောင်း သိရ သည်။

ရန်ပုံငွေပေးအပ်ပွဲ အခမ်းအနား သို့ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင် ဝင်း၊ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာနမှ ဦးစီးမှူး ဦးစိုးဝင်းထွန်းနှင့် ဝန်ထမ်းများ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက် အကူပြုအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ စီမံကိန်းဝင် ကျေးရွာများမှ မြစိမ်းရောင် ရန်ပုံငွေ ကြီးကြပ်မှုကော်မတီဝင်များ တက် ရောက်ခဲ့ကြကြောင်း သိရှိရသည်။

ဇော်မင်းနိုင်(မြင်းခြံ)

ရေစကြိုမြို့ဝင်လမ်း မြေသားတာပေါင်နှင့်ကတ္တရာလမ်းများ တိုးချဲ့နေ

ရေစကြို ဇူလိုင် ၁၇

ပခုက္ကူခရိုင် ရေစကြိုမြို့နယ် ရေစကြိုမြို့တွင် မြို့အဝင်လမ်းကို မြေသားတာပေါင်တိုးချဲ့ခြင်း ကတ္တ ရာ လမ်းတိုးချဲ့ခြင်းလုပ်ငန်းများကို ဇူလိုင် ၄ ရက်က စတင်ဆောင်ရွက် လျက်ရှိကြောင်း သိရသည်။

ရေစကြိုမြို့ဝင်လမ်းမကြီးမှာ တာ ပေါင်ကို လမ်းအဖြစ်အသုံးပြုထား သော တာလမ်းမကြီးဖြစ်သဖြင့် အဆိုပါ မူလတာပေါင်ကို ၃၄ ပေ အကျယ်အထိ မြေသားတာပေါင် တိုးချဲ့ခြင်းလုပ်ငန်းကို ဦးစွာ ဆောင်ရွက်လျက်ရှိသည်ဟု သိရ သည်။ မြေသားတာ ပေါင်တိုးချဲ့ခြင်း လုပ်ငန်းပြီးစီးပါက လက်ရှိ ကတ္တရာလမ်း ၁၈ ပေကို လေးပေ တိုးချဲ့ပြီး ၂၂ ပေ အကျယ်အထိ ဆက်လက်ဖောက်လုပ်သွားမည်ဖြစ် ကြောင်း သိရသည်။ ရေစကြို မြို့ဝင်လမ်းမကြီး လမ်းတိုးချဲ့ရာတွင် မြေသားလမ်း တိုးချဲ့ခြင်းကို ရေစကြို မြို့ တာလမ်းထိပ်မှစ၍ ၁ မိုင် ၅ ဖာလုံအထိ ဆောင်ရွက်သွားမည် ဖြစ်ပြီး ကတ္တရာလမ်းတိုးချဲ့ခြင်းကို ရေစကြိုမြို့ တာလမ်းထိပ်မှစ၍ တမာတန်းလမ်းဆုံ အထိ ၂ မိုင် ၃ ဖာလုံအထိ တိုးချဲ့ဖောက်လုပ်သွား မည်ဖြစ်ကြောင်း သိရသည်။

ရေစကြိုမြို့ဝင်လမ်းတိုးချဲ့ဖောက် လုပ်ခြင်းကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာ ရေးနှစ်အတွင်း အပြီးပြုလုပ်သွား မည် ဖြစ်၍ ၂၀၁၄-၂၀၁၅ ဘဏ္ဍာ ရေးနှစ် တိုင်းဒေသကြီး အထူး ပြင်ဆင်ထိန်းသိမ်းရေး ရန်ပုံငွေဖြင့် ဖောက်လုပ်နေခြင်းဖြစ်ကြောင်း သိရ သည်။ **(အောက်ပုံ)**

မြေသားတာပေါင် တိုးချဲ့ခြင်း အတွက် ငွေကျပ် ၅၃ ဒသမ ၁ သန်း ဖြင့်လည်းကောင်း၊ ကတ္တရာလမ်း တိုးချဲ့ခြင်းလုပ်ငန်းအတွက် ငွေကျပ် ၁၃၄ ဒသမ ၆ သန်းဖြင့် လည်း ကောင်း မြို့နယ်ဆောက်လုပ်ရေး လုပ်ငန်းက တာဝန်ယူဖောက်လုပ် လျက်ရှိကြောင်း သိရသည်။

အိမ္ဗွန်ဆွေ(ရေစကြို)

သတင်းတိုများ

မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ ကောလင်း၌ကျင်းပ

စစ်ကိုင်းတိုင်းဒေသကြီး ကောလင်းမြို့နယ် ရေကန်သာကျေးရွာအုပ်စု ဆင်ခံတောင်ဘုရားကုန်းမြေ၌ မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲကို ဇူလိုင် ၁၅ ရက်က ကျင်းပရာ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စား လှယ် ဦးအောင်သန်းဦးက ခရေပျိုးပင်ကိုလည်းကောင်း၊ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးမောင်မောင်ချိုက ယူကလစ် ပျိုးပင်ကိုလည်းကောင်း၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ဦးဉာဏ်မြင့်က ကျွန်းပျိုးပင်ကိုလည်းကောင်း စိုက်ပျိုးပေးကြပြီး သစ်တောဦးစီးဌာန ဦးစီးမှူး ဦးသန်းဆွေနှင့်ဝန်ထမ်းများ၊ မြို့နယ်ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဝန်ထမ်းများ လူမှုရေးအသင်းအဖွဲ့များ၊ ဒေသခံ ပြည်သူများက ကျွန်း၊ မဟော်ဂနီ၊ ပျဉ်းကတိုး၊ ကံ့ကော်၊ ပိတောက်ပျိုးပင်များကို စိုက်ပျိုးခဲ့ကြောင်း သိရသည်။

အောင်ကျော်စိုး(iprd)

ဗန်းမောက်မြို့နယ်တွင် မိုးစပါးမျိုးစေ့ထုတ် စံပြကွက်စိုက်ပျိုး

မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနနှင့် အကျိုးဆောင်တောင်သူများ ပူးပေါင်းဆောင်ရွက်သည့် မိုးစပါးမျိုးစေ့ထုတ် စံပြ ကွက် ၁၀ ဧက စိုက်ပျိုးခြင်း အခမ်းအနားကို စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ဗန်းမောက်မြို့နယ် နားယကာ ကျေးရွာ တောင်သူဦးကျော်ဦး၏ လယ်မြေကွင်းအမှတ် (၂၉၇) တွင် ဇူလိုင် ၁၄ ရက်က ကျင်းပရာ စိုက်ပျိုးပွဲသို့ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဝင်များ၊ မြို့နယ်အထောက်အကူပြုကော်မတီဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် တောင်သူ များက စိုက်ပျိုးပြသခြင်းကို ကြည့်ရှုလေ့လာကြကြောင်း သိရသည်။

ကျော်ထူး(ဗန်းမောက်)

ကျန်းမာရေးဦးစီးဌာန
အငြိမ်းစားနိုင်ငံ့ဝန်ထမ်းဆေးရုံ
ဆေးဝါး/ဆေးပစ္စည်းများဝယ်ယူရန်
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ အငြိမ်းစားနိုင်ငံ့ဝန်ထမ်းဆေးရုံ၏ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေအရ လူနာများအား ကုသပေးရန်လိုအပ်သော အစားအသောက်နှင့် ဆေးဝါးအာဏာပိုင်အဖွဲ့(FDA) အသိမှတ်ပြု ဆေးဝါးနှင့်ဆေးပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် အိတ်ဖွင့် တင်ဒါများ တင်သွင်းနိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ **တင်ဒါပုံစံထုတ်ပေးမည့်ရက်** - ၂၈-၇-၂၀၁၄ ရက်
တင်ဒါပိတ်မည့်ရက် - ၂၂-၈-၂၀၁၄ ရက်၊ ၁၆း၀၀ နာရီ

၃။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက အောက်ပါ လိပ်စာသို့ ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်သည်။

တင်ဒါရွေးချယ်ရေးကော်မတီ
အငြိမ်းစားနိုင်ငံ့ဝန်ထမ်းဆေးရုံ
ပုဗ္ဗသီရိမြို့ပတ်လမ်းနှင့် ဧကရာဇ်ပန်းလမ်းထောင့်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်၊
ဖုန်း-၀၆၇-၈၄၃၀၀၉၂

မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန
မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန
အိတ်ဖွင့်တင်ဒါ (Open Tender) ခေါ်ယူခြင်း

၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် မကွေးတိုင်းဒေသကြီး၊ မွေးမြူရေးနှင့်ကုသရေးဦးစီး ဌာနမှ လေးခန်းတွဲဝန်ထမ်းအိမ်ရာ (၇၂'×၃၂') RC တစ်ထပ်အဆောက်အအုံ ဆောက်လုပ်မည် ဖြစ်၍ အဆိုပါလုပ်ငန်းအား စိတ်ပါဝင်စားသော လုပ်ငန်းရှင်များအနေဖြင့် အိတ်ဖွင့်တင်ဒါ ပေးသွင်းနိုင်ကြောင်းနှင့် အသေးစိတ်အချက်အလက်များကို သိရှိလိုပါကရုံးချိန်အတွင်း မွေးမြူ ရေးနှင့်ကုသရေးဦးစီးဌာန၊ မကွေးမြို့သို့ ဆက်သွယ်မေးမြန်းနိုင်ပါကြောင်း အသိပေးကြေညာ အပ်ပါသည်။

(က) **တင်ဒါပုံစံစတင်ရောင်းချမည့်ရက်** - ၂၀-၇-၂၀၁၄ ရက်
(ခ) **တင်ဒါပိတ်မည့်ရက်** - ၁၉-၈-၂၀၁၄ ရက်
(ဂ) **တင်ဒါပိတ်မည့်အချိန်** - ၁၆း၃၀ နာရီ
(ဃ) **ဆက်သွယ်ရမည့်ဖုန်း** - ၀၆၃-၂၅၅၅၁

တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့
မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန
မကွေးမြို့

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန
မြေတိုင်းဦးစီးဌာန
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မြေတိုင်းဦးစီးဌာနတွင် အသုံးပြုရန်အတွက် အောက်ပါ ရုံးသုံးစာရေးကိရိယာများနှင့် Computer သုံး Toner/Cartridge ပစ္စည်းများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

စဉ်	ပစ္စည်းအမျိုးအမည်	အရေအတွက်
(က)	ရုံးသုံးစာရေးကိရိယာများ	၃၈ မျိုး
(ခ)	Computer သုံး Toner/Cartridge ပစ္စည်းများ	၉ မျိုး

၂။ အိတ်ဖွင့်တင်ဒါများကို ၁-၈-၂၀၁၄ရက် (သောကြာနေ့) ညနေ ၁၅း၀၀နာရီ နောက်ဆုံး ထား၍ လက်ခံမည်ဖြစ်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါပုံစံနှင့် ဝယ်ယူမည့်ပစ္စည်းအမျိုးအမည် အသေးစိတ်အချက်အလက် များကို အောက်ပါလိပ်စာတွင် ရယူနိုင်ပါသည်။

လုပ်ငန်းသုံးပစ္စည်းများဝယ်ယူမှုစိစစ်ရေးအဖွဲ့
မြေတိုင်းဦးစီးဌာန၊
မြို့ပတ်လမ်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်၊
ဖုန်း-၀၆၇-၄၁၃၄၃၃

ကျန်းမာရေးဝန်ကြီးဌာန၊ ကျန်းမာရေးဦးစီးဌာန
နေပြည်တော်ကျန်းမာရေးဦးစီးဌာန
နေပြည်တော်ကောင်စီနယ်မြေ
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကျန်းမာရေးဦးစီးဌာန၊ နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ ခုတင်(၁၀၀)ဆံ့ဆေးရုံများ၊ ခုတင်(၅၀)ဆံ့ ဆေးရုံများနှင့် (၂၅)ခုတင်ဆံ့ ဆေးရုံတို့တွင် တက်ရောက်ကုသလျက်ရှိသော လူနာများအား ကုသပေးရန် လိုအပ်သောဆေးဝါးများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်၍ အိတ်ဖွင့်တင်ဒါများပေးသွင်းရန် ခေါ်ယူအပ်ပါသည်။

၂။ တင်ဒါစည်းမျဉ်းစည်းကမ်းချက်များနှင့် ဆေးပစ္စည်းများစာရင်းအသေးစိတ်ကိုသိရှိလိုပါက နေ့စဉ် ရုံးချိန်အတွင်း လူကိုယ်တိုင်လာရောက်၍ ဖြစ်စေ၊ ဖုန်း-၀၆၇-၅၅၀၁၈၄၊ ၀၆၇-၅၅၀၂၉၄တို့သို့ ဆက်သွယ်မေးမြန်းနိုင်ပါကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။

၃။ **ဈေးနှုန်းတင်သွင်းလွှာပုံစံများစတင်ထုတ်ယူရမည့်ရက်** - ၁၈-၇-၂၀၁၄ ရက်
တင်ဒါပိတ်မည့်ရက်နှင့်အချိန် - ၁၈-၈-၂၀၁၄ ရက်၊ ညနေ ၄း၃၀ နာရီ

တင်ဒါခေါ်ယူရေးနှင့်စိစစ်ရွေးချယ်ရေးကော်မတီ

ကျန်းမာရေးဝန်ကြီးဌာန၊ ကျန်းမာရေးဦးစီးဌာန
နေပြည်တော်ကျန်းမာရေးဦးစီးဌာန
နေပြည်တော်ကောင်စီနယ်မြေ
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ နေပြည်တော်ကျန်းမာရေးဦးစီးဌာန၊ နေပြည်တော်ကောင်စီနယ်မြေတွင် သူနာပြုသင်တန်းကျောင်းတစ်ကျောင်း၊ သားဖွားသင်တန်းကျောင်း တစ်ကျောင်းနှင့် ဝန်ထမ်းအိမ်ရာများ ဆောက်လုပ်မည်ဖြစ်ပါသည်။

၂။ အဆိုပါလုပ်ငန်းများအား ဆောင်ရွက်လိုသော ကုမ္ပဏီများအနေဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ကြောင်းနှင့် အသေးစိတ်အချက်အလက်များ သိရှိလိုပါက နေပြည်တော် ကျန်းမာရေးဦးစီးဌာနရုံးသို့ ရုံးချိန်အတွင်း လူကိုယ်တိုင်လာရောက်၍ဖြစ်စေ ဖုန်း-၀၆၇-၅၅၀၁၈၄၊ ၀၆၇-၅၅၀၂၉၄တို့သို့ ဆက်သွယ်မေးမြန်းနိုင်ပါကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။

လျှောက်လွှာနှင့်အဆောက်အအုံပုံစံထုတ်ယူရမည့်ရက် - ၁၈-၇-၂၀၁၄ ရက်
လျှောက်လွှာပိတ်မည့်ရက်/အချိန် - ၁၈-၈-၂၀၁၄ ရက်၊ ညနေ ၄း၃၀ နာရီ

တင်ဒါခေါ်ယူရေးနှင့်စိစစ်ရွေးချယ်ရေးကော်မတီ

ပြည်တွင်းသတင်းနှင့်ဆောင်းပါး

အများပြည်သူများ အန္တရာယ်ကင်းစွာ စားသုံးနိုင်ရေး မြို့နယ်စည်ပင်က လင်းခေးမြို့ ဈေးများကိုစစ်ဆေး

လင်းခေး ဇူလိုင် ၁၇

ရှမ်းပြည်နယ် (တောင်ပိုင်း) လင်းခေးခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ ကြီးကြပ်မှုဖြင့် လင်းခေးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန၊ စည်ပင်သာယာရေးဌာန၊ မြို့နယ်အစားအသောက်နှင့် ဆေးဝါးကြီးကြပ်ရေးအဖွဲ့နှင့် တာဝန်ရှိသူများသည် ဇူလိုင် ၁၅ ရက်က လင်းခေးမြို့ မြို့မ စည်ပင်သာယာဈေးအတွင်း အများပြည်သူများ၏ ကျန်းမာရေးကို ထိခိုက်စေနိုင်သည့် အန္တရာယ်ရှိသော ဓာတုဗေဒပစ္စည်းများ သုံးစွဲထားခြင်းရှိ မရှိ စစ်ဆေးခဲ့ကြသည်။

ခြင်ဆေးခွေ၊ အစားအသောက်နှင့် အသားငါးများကို သတ်မှတ်စည်းကမ်းနှင့်အညီ ရောင်းချခြင်းရှိ မရှိကို ဈေးဆိုင်များသို့ လာရောက်စစ်ဆေးပေးရခြင်းဖြစ်ပြီး စားသုံးသူအား အန္တရာယ်ဖြစ်စေမည့် အစားအစာများနှင့် အသား၊ ငါးများ၊ အသုံးအဆောင်များကို စည်းကမ်းနှင့်အညီ ရောင်းချခြင်းများပြုလုပ်စေရန် အသိပညာပေး ဟောပြောခဲ့ကြောင်း သိရသည်။

“ဈေးအတွင်းက လူသုံးကုန်ပစ္စည်းဆိုင်တွေနဲ့ ပိုးသတ်ဆေးအမျိုးမျိုး ရောင်းချတဲ့ ဆိုင်တွေကိုလည်း စစ်ဆေးပေးခဲ့ပါတယ်။ ဥပဒေနဲ့ ညီညွတ်တာတွေကိုသာ ရောင်းချစေဖို့အတွက်ဖြစ်ပါတယ်။ ဈေးစည်းကမ်းကိုလည်း ဈေးသူ ဈေးသားတွေ လိုက်နာနိုင်အောင် စစ်ဆေးရေးအဖွဲ့တွေက ပညာပေးခဲ့ပါတယ်” ဟု စစ်ဆေးရေးအဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

အသား၊ ငါးမျိုးစုံရောင်းချနေသူများကိုလည်း အလေးချိန်မှန်ကန်စွာဖြင့် သန့်ရှင်းလတ်ဆတ်သော ရောင်းကုန်များဖြစ်ရေး စိစစ်လျက်ရှိပြီး ငါးပိ၊ ငါးခြောက်နှင့် ငရုတ်သီးမှုန့် အရောင်တင်မှုန့် ရောင်းချနေသူများကိုလည်း ဆိုးဆေးအသုံးပြုမှု၊ သက်တမ်းနှင့် လိုအပ်သည့် စစ်မှန်သော ကုန်ကြမ်းများကိုသာ အသုံးပြုနိုင်ရေးအတွက် စစ်ဆေးပညာပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

စိုင်းဇော်လတ်(လင်းခေး)

ကျောက်ခတ်ကျွန်းရွာ မိုးကောင်းဘုရားပွဲကျင်းပ

ရေစကြို ဇူလိုင် ၁၇

မကွေးတိုင်းဒေသကြီး ရေစကြိုမြို့နယ် သာစည်ကျေးရွာအုပ်စု ကျောက်ခတ်ကျွန်းရွာတွင် ရှေးဟောင်းသမိုင်းဝင် မိုးကောင်းမြတ်စွာဘုရားပွဲတော်ကို ဝါဆိုလပြည့်ကျော် ၃ ရက်က ဗုဒ္ဓဘာသာ ယဉ်ကျေးမှု ဓလေ့ထုံးတမ်း နှင့်အညီ သံဃာတော်အရှင်သူမြတ် ၈၁ ပါးတို့အား ဆွမ်းဆန်စိမ်းလောင်းလှူကြသည်။

“ကျွန်တော်တို့ ကျောက်ခတ်ကျွန်းရွာကလေးက အိမ်ခြေ ရာဂဏန်းပဲ ရှိပါတယ်။ ရွာသူရွာသားတွေ အားလုံးက ဘာသာတရားအပေါ်မှာ ယုံကြည်အားထားကြသလို စည်းစည်းလုံးလုံးညီညီညွတ်ညွတ်နဲ့ ရှေးရှေးက ဘိုးဘွားအမွေအနှစ်ကို နှစ်မပျက် ဘုရားပွဲကျင်းပလာခဲ့တာ ဖြစ်ပါတယ်။ ဆွမ်းဆန်စိမ်းလောင်းလှူပွဲ ကျင်းပခဲ့တာ နှစ်ပေါင်း ၁၄၀ ကျော်ခဲ့ပါပြီ။ ဆွမ်းလောင်းပွဲဖြစ်တဲ့ဒီနေ့မှာ သာစည်ရွာ၊ နှောပင်ရွာ၊ ယာတဲစုရွာ၊ ကျောက်ခတ်ရွာက ဗုဒ္ဓဘာသာဝင်တွေပါ စုစုဝေးဝေး လာရောက်ကြပြီး သံဃာတော်အရှင်သူမြတ် ၈၁ ပါးတို့ကို ဆွမ်းဟင်းလျာနှင့် အခြားလှူဖွယ်ဝတ္ထုအမျိုးမျိုးနဲ့အတူ စာရေးတံမဲဖောက်ပြီး လှူဒါန်းကြပါတယ်။ အရင်ကတော့ ဘုရားပွဲအထိမ်းအမှတ် ဇာတ်ပွဲထည့် ကျင်းပခဲ့ကြပါတယ်။ အခုတော့ ဇာတ်ပွဲမထည့်တော့ဘဲ အလှူငွေကို တစ်နှစ်ပြီး တစ်နှစ် စုဆောင်းပြီး ကျေးရွာပြည်သူတွေ အရေးပေါ် ကျန်းမာရေး ပြဿနာရှိလာတဲ့အခါ အချိန်မီ ကယ်တင်ကုသနိုင်အောင် ကျန်းမာရေးသုံး ယာဉ်တစ်စီး ဝယ်ယူထူထောင်ထားဖို့ စီစဉ်နေပါတယ်”ဟု ရပ်မိရပ်ဖ ဦးမြင့်အောင်ကပြောပြသည်။

ဖေထွဏ်းဇော်(ရေစကြို)

ရှားပါးကျောက်ချဉ်နက်များ ဈေးကောင်းပေးပြီး အဝယ်လိုက်နေ

ဇူလိုင် ၁၇

ကျောက်ချဉ်ကို အမြို့မြို့အနယ်နယ်ရှိ ပရဆေးဆိုင်များတွင် ဝယ်ယူရရှိနိုင်သည်။ ချွေးနံ့ပျောက်ကင်းစေရန်၊ ရေတွင်းရေကန်များတွင် အနံ့အသက်နှင့် ပိုးမွှားကင်းဝေးစေရန် ပိုမိုကြည်လင်အေးမြသော ရေကိုရရှိစေရန် စသည်ဖြင့် ကျောက်ချဉ်ကို အတုံးအခဲဖြင့်လည်းကောင်း၊ အမှုန့်အားဖြင့်လည်းကောင်း သုံးစွဲကြသည်။ ထိုကျောက်ချဉ်မှာ အဖြူရောင်ဖြစ်ပြီး ဈေးနှုန်းလည်း သက်သာလှသည်။ ၂၀၀ ကျပ် ၃၀၀ ကျပ်မှ အစပြု၍ ဝယ်ယူရရှိနိုင်သည်။

ယခုအခါ ထူးခြားပြီး ရှားပါးသည့် ကျောက်ချဉ်နက်များကို ဈေးကောင်းပေး၍ အဝယ်လိုက်နေကြောင်း သိရသည်။ ကျောက်ချဉ်နက်အတုံးအခဲလိုက် တစ်ပိဿာလျှင် ကျပ် လေးသောင်းအထိ ဈေးနှုန်းပေး၍ ဝယ်ယူလျက်ရှိပြီး တရုတ်နိုင်ငံသို့ တင်ပို့လျက်ရှိကြောင်း ဒေသခံတစ်ဦးက ပြောပြသည်။ ကျောက်ချဉ်နက်များကို ရှမ်းပြည်နယ်မြောက်ပိုင်း မြစ်ချောင်းများအနီးတွင် ရှာဖွေတူးဖော်ကြ၍ ဒေသတွင်း၌ လိုက်လံဝယ်ယူသူများထံ ပြန်လည်ရောင်းချနေကြရသော်လည်း တွင်တွင်ကျယ်ကျယ် တူးဖော်ရရှိမှုနှင့် ဈေးကွက်အနေအထားမှာလည်း တည်ငြိမ်မှု မရှိသေးကြောင်း သိရသည်။

ကျောက်ချဉ်များတွင် ထူးခြားသော အာနိသင်များ တည်ရှိနေကြသော်လည်း ယခုအခါ ကျောက်ချဉ်နက်များကို ဈေးကောင်းပေး၍ အဘယ့်ကြောင့် ဝယ်ယူရခြင်းဖြစ်ကြောင်းကို တိတိကျကျ မသိရသေးပေ။ သို့သော် တရုတ်နိုင်ငံတွင်း၌ အဆိပ်အတောက်ဖြေဆေးဖော်ယူရန် ဟူ၍လည်းကောင်း၊ ဆီးချိုဆေး ဖော်ယူသုံးစွဲကြသည်ဟူ၍ လည်းကောင်း တရုတ်နိုင်ငံတွင်းသို့ တင်ပို့ရောင်းချနေသူတစ်ဦးထံမှ သိရသည်။

သက်နိုင်(ပြင်ဦးလွင်)

ကျန်းမာရေးဝန်ကြီးဌာန
ကျန်းမာရေးဦးစီးဌာန
မန္တလေးမြို့၊ ဗဟိုအမျိုးသမီးဆေးရုံကြီး
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကျန်းမာရေးဦးစီးဌာန မန္တလေးမြို့ ဗဟိုအမျိုးသမီးဆေးရုံကြီးတွင် တက်ရောက်ကုသလျက်ရှိသောလူနာများအား ကုသပေးရန်လိုအပ်သော FDA အသိအမှတ်ပြုဆေးဝါးများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

၂။ **တင်ဒါပုံစံရောင်းချမည့်ရက်** - ၂၁-၇-၂၀၁၄ရက် (တနင်္လာနေ့)
တင်ဒါပိတ်မည့်ရက်နှင့်အချိန် - ၂၀-၈-၂၀၁၄ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၄:၀၀နာရီ

၃။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်ဝယ်ယူစုံစမ်းနိုင်ပါသည်။

ဆေးရုံအုပ်ကြီးရုံး
ဗဟိုအမျိုးသမီးဆေးရုံကြီး
၆၈×၇၀ ကြား၊ ၃၀×၃၂ ကြား၊
ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့
ဖုန်း-၀၂-၆၅၆၃၃၊ ၀၂-၆၅၆၃၄

ကန့်ကွက်နိုင်ပါကြောင်း

အင်းစိန်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၂၈၊ မြေကွက်အမှတ်(၁/က၊ ၄၆-ဘီ)၊ ဧရိယာ ၄ဒသမ၀၂၂ဧကအနက် တရားဝင်မခွဲစိတ်ရသေးသော ၂၂၅/၁၈၃ × ၃၆၃/၂၇၆ မြေကွက်တည်နေရာအမှတ် (၁/၂)၊ ဖန်စက်လမ်း၊ ကန္တာအလယ်ရပ်ကွက်၊ အင်းစိန်မြို့နယ် အမျိုးသားဂုဏ်ရောင်စက်မှုလက်မှုအမည်ပေါက်မြေပိုင်မြေ (စက်ရုံမြေအဖြစ်အသုံးပြု)မြေအား အမည်ပေါက် အမျိုးသားဂုဏ်ရောင်စက်မှုလက်မှုထံမှ အင်းစိန်မြို့နယ်တရားရုံး၊ တရားမမှုကြီးအမှတ် (၂၄/၂၀၁၁)(၄-၄-၂၀၁၁)၏ အရောင်းအဝယ်စာချုပ် ချုပ်ဆိုပေးလိုမှုစီရင်ချက်နှင့်ဒီကရီ၊ တရားမဇာရီမှုအမှတ် (၂၂၆၁)အရ ဒေါ်အုန်းသွင် (ဘီလစ်)မှချုပ်ဆိုပေးသော အရောင်းအဝယ်စာချုပ် -၅၃၁၇/၂၀၁၁(၂-၉-၂၀၁၁)ဖြင့် ဝယ်ယူပိုင်ဆိုင်လာသူ (၁)ဒေါ်မြမြစန်း ၁၂/မရက(နိုင်) ၁၀၉၈၄၂၊ (၂)ဦးအောင်နိုင်ဦး ၁၂/မရက(နိုင်) ၀၀၀၄၆၄တို့က မြေကွက်ခွဲစိတ်ရန်နှင့် မြေတိုင်းလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

မိဘအမည်မှန်

နေပြည်တော်၊ လယ်ဝေးမြို့နယ် မင်းပြင် အထကခွဲ၊ တတိယတန်း(A)တွင် ပညာသင်ကြားနေသော မအေးရတီ၏ မိဘအမည်မှန်မှာ ဦးထွန်းဝင်းကို-ဒေါ်စိန်ငွေး ဖြစ်ပါကြောင်း။ **ဦးထွန်းဝင်းကို ၉/လဝန(နိုင်)၁၇၂၀၀၂**

အမည်ပြောင်း

မြိတ်မြို့နယ်၊ ပင်းအိုကျေးရွာနေ ဦးဖေသောင်း၏သမီး မကေဇင်စိုးအား မဆွေဇင်ခိုင်ဟု ပြောင်းလဲခေါ်ပါရန်။ **မဆွေဇင်ခိုင်**

ဖခင်အမည်မှန်

မြိတ်မြို့၊ အမှတ်(၂)ကျောင်း၊ တက္ကသိုလ်ဝင်တန်း(ည)တွင်ပညာသင်ကြားနေသော မယုနန္ဒာဝင်း၏ဖခင်အမည်မှန်မှာ အိမ်ထောင်စုစာရင်းအရ ဦးဖေကြွယ် ဖြစ်ပါကြောင်း။ **ဦးဖေကြွယ် ၆/လလန(နိုင်)၀၆၇၄၈၀**

ဖခင်အမည်မှန်

ဟုမ္မလင်းမြို့နယ်၊ အထက(ကက်သာ) နဝမတန်းမှ မယမင်းနွယ်၏ဖခင်အမည်မှန်မှာ ဦးမျိုးထွန်း ၅/မရန(နိုင်) ၂၁၇၈၄၆ ဖြစ်ပါသည်။ **ဦးမျိုးထွန်း**

ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့နယ်၊ ညောင်ပင်ကြီးစုကွက်သစ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၆/ညောင်ပင်ကြီးစုရပ်၊ မြေကွက်အမှတ် ၅၄၊ ဧရိယာ ၀ဒသမ ၀၈၂ ဧကရှိ ဦးထွန်းလွင်(ဘ)တင်မောင်အမည်ဖြင့် အမည်ပေါက်ပိုင်ဆိုင်သောပါမစ်မြေ မြေကွက်အား အမည်ပေါက်ပိုင်ရှင် ကွယ်လွန်သွားပါသဖြင့် ၎င်း၏ တရားဝင်ဇနီးဖြစ်သူ ဒေါ်နွယ် ၉/ပမန(နိုင်) ၂၄၁၇၅၀ (ဘ) ဦးတင်စိုးမှ ပိုင်ဆိုင်ကြောင်း အထောက်အထားများတင်ပြပြီး မြေချပါမစ်အမည်ပြောင်းလဲထုတ်ယူခွင့်ပြုပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ ပျဉ်းမနားမြို့နယ်၊ ရွာကောက်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၃/ ပေါင်းလောင်း၃၊ မြေကွက်/ဦးပိုင်အမှတ် ၁၄၅၅၊ ၁၄၅၆၊ ဧရိယာ ၀ဒသမ ၁၁၀ဧကရှိ ဗိုလ်မှူးငွေဝင်းအမည်ဖြင့် ပိုင်ဆိုင်သော အငှားဂရန်မြေကွက်အား ဒေါ်ပိုးကြူ(ခ)ဒေါ်ယဉ်ယဉ်အေး ၁၂/ပဘတ(နိုင်)၀၂၂၈၀၆ (ဘ)ဦးလုပ်ရက ပိုင်ဆိုင်ကြောင်းအထောက်အထားများတင်ပြပြီး အငှားဂရန်မြေကွက်အမည်ပြောင်းလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာဖြင့်တင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ **မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

ကမ္ဘာ့အသည်းရောင်အသားဝါနေ့အထိမ်းအမှတ် ချစ်ကြည်ရေးအမျိုးသမီးဘောလုံးပြိုင်ပွဲ

မြန်မာနိုင်ငံဆရာဝန်အသင်း၊ အသည်းနှင့်အစာအိမ်အူလမ်းကြောင်းအဖွဲ့မှ ဦးစီးကျင်းပပြုလုပ်မည့် ကမ္ဘာ့အသည်းရောင်အသားဝါနေ့အထိမ်းအမှတ်အဖြစ် လမ်း ၃၀ဆေးခန်း အမျိုးသမီးဝန်ထမ်းများနှင့် ROCHE ဆေးကုမ္ပဏီမှ ဝန်ထမ်းအမျိုးသမီးများ၏ အမျိုးသမီးဘောလုံးပြိုင်ပွဲကို ၂၀-၇-၂၀၁၄ ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၂:၀၀နာရီတွင် ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ကွင်းတွင် ကျင်းပပြုလုပ်သွားမည်ဖြစ်ပါသည်။

မီဒီယာများ၊ ဆေးကုမ္ပဏီများနှင့် စိတ်ပါဝင်စားသူ မည်သူမဆို တက်ရောက်အားပေးကြည့်ရှုနိုင်ပါရန် ဖိတ်ကြားအပ်ပါသည်။

ပြိုင်ပွဲဖြစ်မြောက်ရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၂၄၊ မြေကွက်အမှတ် ၁၃၊ အလျားပေ၄၀×အနံပေ၆၀ရှိ မြေချပါမစ်အမည်ပေါက်ဖြစ်သူ ဒေါ်မြင့်ကြည်(ဘ)ဦးဘသိန်း TZE-၀၈၈၈၀၀ ထံမှ ဆက်စပ်စာချုပ်များဖြင့်ဝယ်ယူ၍ လက်ရှိပိုင်ဆိုင်သော ဦးအောင်နိုင်ဦး ၈/ခမန(နိုင်)၁၁၁၂၈၄မှ လွဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုပြောဆို၍ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် စရန်ငွေတချို့တစ်ဝက်ပေးထားပြီးဖြစ်ပါသည်။ ၎င်းအရောင်းအဝယ်ကို ကန့်ကွက်လိုပါက ခိုင်လုံသောပိုင်ဆိုင်မှုစာရွက်စာတမ်းအထောက်အထားမူရင်းဖြင့် ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ဥပစာကိုလက်ရောက်ယူ၍ အရောင်းအဝယ်အား ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်ဆုမွန်သက် LL.B (အထက်တန်းရှေ့နေ) (စဉ်-၄၂၈၀၀)
ဖုန်း-၀၉-၄၉၂၇၃၉၅၄၊ ၀၉-၇၃၁၁၀၁၂၇

ပြည်တွင်းသတင်းနှင့်ဆောင်းပါး

ဝါဆို၊ ဝါခေါင် လယ်ယာလုပ်ငန်းများ နားနေချိန်တွင် ယင်းကျစ်လုပ်ငန်းဖြင့် တောင်သူများ အပိုဝင်ငွေရရှိ

စဥ့်ကူး ဇူလိုင် ၁၇

စဥ့်ကူးမြို့နယ်ရှိ ရွှေဒုံးနှင့် ရွှေဂုဏ်တိုင်ကျေးရွာတို့တွင် လာမည့် အင်းရာသီအမီ ငါးများဖမ်းဆီးနိုင်ရန် ယင်းဒိုင်လုပ်ငန်းရှင်များထံ လေလံရ ငါးအင်းဒိုင်များက ငွေကြိုတင်ပေးအော်ဒါမှာယူကာ ငါးဖမ်းမြှုံးများနှင့် ငါးဖမ်းရာတွင် ကာရံအသုံးပြုရသည့် ယင်းများရက်လုပ်ရောင်းချခြင်းများဖြင့် အသက်မွေးဝမ်းကျောင်းပြုကြကြောင်း သိရသည်။

ထိုဒေသရှိ အမျိုးသမီးများသည် မိုးတွင်းကာလမြစ်ရေတက်ချိန် ဝါဆို၊ ဝါခေါင် တောင်သူလုပ်ငန်းခွင်နားနေချိန်များတွင် ယင်းကျစ်သည့်လုပ်ငန်းများဖြင့် မိသားစုအပိုဝင်ငွေရရှိကြကြောင်း သိရသည်။ **(အောက်ပုံ)**

ငါးများထောင်ဖမ်းရာတွင် အသုံးပြုသည့် မြှုံးနှင့်ယင်းများကို ဝါးဖြူ ဝါးသွက်မှ ရရှိပြီး ဝါးဖြူဝါးသည် ဝါးအကင်းပါးပြီး ခွဲစိတ်ရာတွင် လွယ်ကူကာ အချောင်းရေ များများထွက်ကြောင်း သိရသည်။ ပထမဝါးကို ဓားဖြင့်စိတ်ဖြာရသည်။ အတိုင်းအတာအားဖြင့် တစ်မတ်ငါးမူးအရွယ် (လက်မဝက်ခန့်) အချောင်းလေးများရအောင် စိတ်ဖြာရပြီး နန်းဆွဲအချောသတ်ရသည်။ ထိုအခါ ယင်းကျစ်ရန် ဝါးသွက်ချောင်းများရလာသည်။ ထိုဝါးချောင်းလေးများကို တွဲစပ်ကာ နိုင်လွန်ကြိုးဖြင့် ကျစ်ယူရသည်။ တစ်နေ့လျှင် အမျိုးသမီးနှစ်ယောက် ယင်းကျစ်လျှင် ယင်းလိပ် ငါးလိပ်မှ ခြောက်လိပ်အထိ ရရှိပြီး တစ်နေ့လျှင် ရက်ခ ငွေကျပ် ၇၀၀ မှ ၈၀၀ ကြား ရရှိသည်။ အမျိုးသမီးတစ်ဦးလျှင် တစ်နေ့ယင်းကျစ်ခ ငွေကျပ် ၂၀၀၀ မှ ၂၅၀၀ အထိ ရရှိနိုင်သည်။

"ယင်းကျစ်ရာမှာ ဝါးဖြူ ဝါးသွက်ဝါးမှသာ လုပ်လို့ရတာ။ ဝါးတစ်ရာကို ငွေကျပ် ၁၅၀၀၀ ဝယ်ရပြီး ဝါးတစ်ရာကို ယင်းသုံးလိပ်ထွက်ပါတယ်။ ဝါးကိုင်ခ တစ်ရာကို ငွေကျပ် ၄၅၀၀၊ ကျစ်ခက တစ်လိပ် ငွေကျပ် ၇၀၀ ပေးရပါတယ်။ ယင်းတစ်လိပ်ရောင်းဈေးက ၁၁၀၀၀-၁၂၀၀၀ ဆိုတော့ ကိုယ့်အတွက်တော့ ဝါးတစ်ရာကို ငွေကျပ် ၁၀၀၀၀ လောက်တော့ ကျန်ပါတယ်" လို့ ယင်းဒိုင်လုပ်ငန်းရှင်တစ်ဦးက ပြောပြသည်။

အဆိုပါယင်းလုပ်ငန်းကို စဥ့်ကူးမြို့နယ်တွင် ရွှေဒုံးနှင့်ရွှေဂုဏ်တိုင်ကျေးရွာတို့တွင်သာ လုပ်ကိုင်ကြသည်။ ယင်းကို ယခင်က ကြိမ်ဖြင့်သာ ကျစ်လေ့ရှိသည်။ နောင်တွင် ကြိမ်ထက်ခိုင်ခံ့ပြီး တာရှည်အသုံးပြုနိုင်သော နိုင်လွန်ကြိုးဖြင့် အစားထိုးကာ (ကျစ်)ရက်လုပ်ကြကြောင်း သိရသည်။

အဆိုပါ ယင်းများကို အင်းဒိုင်များအနေဖြင့် သီတင်းကျွတ်၊ တန်ဆောင်မုန်း ငါးဖမ်းရာသီအမီ ယင်းဒိုင်လုပ်ငန်းရှင်များထံမှ ဝါဆို၊ ဝါခေါင်လများမတိုင်မီ ငွေများပေးကာကြိုတင်မှာယူထားရပြီး အင်းရာသီတစ်ခွင်တွင် ယင်းလိပ်ငါးဆယ်မှ တစ်ရာအတွင်း အရောင်းအဝယ်ဖြစ်ကြောင်းနှင့် ယင်းကျစ်လုပ်ငန်းကြောင့် တောင်သူများ အပိုဝင်ငွေရရှိနေကြောင်း သိရသည်။ **(၄၃၃)**

ယာဉ်မောင်းလိုင်စင်နှင့် ယာဉ်မှတ်ပုံတင်သက်တမ်းတိုးပေးခြင်းများ သံတွဲခရိုင်၌ ဆောင်ရွက်ပေးလျက်ရှိ

သံတွဲ ဇူလိုင် ၁၇

ရခိုင်ပြည်နယ် သံတွဲခရိုင်၌ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့်ပတ်သက်၍ ပညာပေးလုပ်ငန်းများကို ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များမှ စဉ်ဆက်မပြတ်ဆောင်ရွက်ပေးလျက်ရှိနေပြီး ပြည်သူများအနေဖြင့်လည်း ပူးပေါင်းပါဝင်ကာ ယာဉ်မောင်းလိုင်စင်များအသစ်ပြုလုပ်ခြင်း၊ သက်တမ်းတိုးခြင်း၊ ယာဉ်များသက်တမ်းတိုးခြင်းလုပ်ငန်းကို စိတ်ပါဝင်စားစွာဖြင့်ဆောင်ရွက်လျက်ရှိရာ သံတွဲမြို့နယ်တွင် မော်တော်ယာဉ်သက်တမ်းတိုး ၅၈ စီး၊ နိဗ္ဗာန်ယာဉ်အသစ် မှတ်ပုံတင်ခုနစ်စီး၊ သုံးဘီးဆိုင်ကယ်သက်တမ်းတိုးခြင်းနှင့် နယ်ဝင်ယာဉ် ၈၆ စီး၊ မော်တော်ဆိုင်ကယ်သက်တမ်းတိုး ၅၇၅ စီးနှင့် ယာဉ်မောင်းလိုင်စင် ၉၆၂ ဦးကို ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ရခိုင်ပြည်နယ်ရုံး ပြည်နယ်ဦးစီးမှူး ဦးအုန်းတင်နှင့် ဝန်ထမ်းများက ကွင်းဆင်းဆောင်ရွက်ပေးခဲ့ကြသည်။

သံတွဲမြို့ မထသဝင်းအတွင်း ယာဉ်မှတ်ပုံတင်သက်တမ်းတိုးခြင်း၊ ယာဉ်မောင်းလိုင်စင်များဆောင်ရွက်ပေးနေမှုကို သံတွဲခရိုင်အုပ်ချုပ်ရေးမှူး ဦးလှမျိုး၊ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုရဲမှူးကြီး ကံဝင်းနှင့်အဖွဲ့ဝင်များသည် ဇူလိုင် ၁၅ ရက် မွန်းလွဲ ၂နာရီက သွားရောက်ကာယာဉ်များသက်တမ်းတိုးပေးခြင်းနှင့် ယာဉ်မောင်းလိုင်စင်များ အသစ်ပြုလုပ်ပေးခြင်းလုပ်ငန်းများ အဆင်ပြေချောမွေ့စေရေး ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ရခိုင်ပြည်နယ်ရုံးအနေဖြင့် သံတွဲခရိုင် တောင်ကုတ်မြို့တွင် ယခုသုံးရက်အတွင်း မော်တော်ယာဉ်သက်တမ်းတိုး နယ်ဝင်ယာဉ် ၄၈ စီး ၊ သုံးဘီးဆိုင်ကယ်သက်တမ်းတိုး ၅၁ စီး ၊ ထော်လာဂျီသက်တမ်းတိုး ခြောက်စီး၊ မော်တော်ဆိုင်ကယ်သက်တမ်းတိုး ၁၀၄ စီးနှင့် ယာဉ်မောင်းလိုင်စင် ၂၅၀ ဦးကို ဆောင်ရွက်ပေးခဲ့ပြီး သံတွဲမြို့နယ်နှင့် ဂွမြို့နယ်မှ ယာဉ်သက်တမ်းတိုးနှင့် ယာဉ်မောင်းလိုင်စင်အသစ်များထုတ်ပေးခြင်းကို ဇူလိုင် ၁၈ ရက်အထိ သံတွဲမြို့တွင် ပြုလုပ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

ယာဉ်မောင်းလိုင်စင်နှင့် မှတ်ပုံတင်ပြုလုပ်ခြင်းကို သံတွဲခရိုင်အုပ်ချုပ်ရေးမှူး ဦးမျိုးနှင့်အဖွဲ့ဝင်များက ညှိနှိုင်းပေးကြစဉ်။

မလှိုင်တွင် အသုံးလုံးသင်တန်းများ ဖွင့်လှစ်သင်ကြား

မလှိုင် ဇူလိုင် ၁၇

မန္တလေးတိုင်းဒေသကြီး မလှိုင်မြို့နယ် နတ်စဉ်ကုန်းကျေးရွာအုပ်စု ကန်သစ်ကြီးကျေးရွာရှိ စာမတတ်သူ လူလတ်ပိုင်းနှင့် အသက်ကြီးသူများကို ဇူလိုင် ၁၄ ရက်မှစတင်၍ ၁/၂၀၁၄ အသုံးလုံးသင်တန်းများ ဖွင့်လှစ် သင်ကြားပေးလျက်ရှိကြောင်း သိရသည်။

အဆိုပါ သင်တန်းသို့ သင်တန်းသူ ၃၅ ဦး တက်ရောက်လျက်ရှိပြီး သင်တန်းဆရာမရှစ်ဦးက နေ့စဉ်သင်ကြားပို့ချသွားမည်ဖြစ်သည်။ သင်တန်းသား ၃၅ ဦးနှင့် အမက ကန်သစ်ကြီးကျောင်းမှ ကျောင်းသား ကျောင်းသူ ၄၅ ဦးအတွက် လိုအပ်သည့် ဗလာစာအုပ်၊ စာရေးကိရိယာနှင့် အဝတ်အထည်များ၊ သင်တန်းဆရာမများအတွက် ဆန် ၊ ဆီ၊ ဆားနှင့် ဝတ်စုံများကို မိတ္ထီလာခရိုင် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်လှလှဌေးနှင့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်ထားမူက ထောက်ပံ့ပေးအပ်ခဲ့သည်။

အဆိုပါနေ့က ကန်သစ်ကြီးကျေးရွာရှိ အသက် ၈၀ကျော် အဘိုးအဘွား ၁၂ ဦးတို့အား ခရိုင်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက လျှုဖွယ်ပစ္စည်းနှင့် ငွေများ၊ အဝတ်အထည်များ စုစုပေါင်းတန်းဖိုးနှစ်သိန်း ခြောက်သောင်းကျော် ထောက်ပံ့ပေးအပ်ခဲ့သည်။

ထို့အပြင် ဒေသခံပြည်သူများ၏ အထွေထွေ ကျန်းမာရေးစောင့်ရှောက်မှုကိုလည်း မြို့နယ်ဆရာဝန်ကြီးနှင့် ခရိုင်/ မြို့နယ် တိုင်းရင်းဆေးမှူးတို့က အခမဲ့ဆေးကုသပေးခဲ့ကြသည်။ အသုံးလုံးသင်တန်းကို မလှိုင်မြို့နယ် ပညာရေးဌာနနှင့် မြို့နယ် အမျိုးသမီးရေးရာအဖွဲ့တို့ ပူးပေါင်း၍ ဖွင့်လှစ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အောင်ဌေး(မလှိုင်)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ရန်ကုန်တိုင်းဒေသကြီးအစိုးရ
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ
ပစ္စည်းဝယ်ယူရေးအဖွဲ့

ရက်စွဲ ၂၀၁၄ ခုနှစ် ဇူလိုင်လ ၁၅ရက်

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏ လုပ်ငန်းများတွင် အသုံးပြုရန်အတွက် လိုအပ်သောပစ္စည်းများကို အောက်ပါအတိုင်း ဌာနအရောက် ကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် စိတ်ပါဝင်စားသည့် လုပ်ငန်းရှင်များအနေဖြင့် အိတ်ဖွင့်တင်ဒါများပေးသွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

စဉ်	ပစ္စည်းအမျိုးအစား	အရေအတွက်
(က)	ပျဉ်းကတိုးဇလီဖားတုံး(၈လက်မ×၄လက်မ×၈ပေ)	(၄၄၄)တုံး
(ခ)	အသားရိုက်တံဆိပ်ဆေး (CARMOISINE)	(50)kg
(ဂ)	ဘိလပ်မြေ(ထိုင်း ၂ သိန်း၊ အိန္ဒိယ ၃သိန်း)	(၅၀၀၀၀၀)အိတ်

၂။ ဈေးနှုန်းလွှာပိတ်ရက်မှာ ၂၂-၇-၂၀၁၄ ရက်၊ ၁၆း၀၀ နာရီဖြစ်ပြီး တင်ဒါပုံစံတစ်စုံလျှင် ကျပ် ၂၀၀၀(ကျပ်နှစ်ထောင်တိတိ)နှုန်းဖြင့် မြို့တော်ခန်းမ (ပထမထပ်)ဘတ်ဂျက်နှင့်ငွေစာရင်းဌာန၊ ပစ္စည်းဝယ်ယူရေးဌာနစုတွင် ဝယ်ယူနိုင်ပါသည်။ အသေးစိတ်အချက်အလက်များကို ဖုန်း-၃၈၈၇၃၂ သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

အတွင်းရေးမှူး
ပစ္စည်းဝယ်ယူရေးအဖွဲ့

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပို့ဆောင်ရေးဝန်ကြီးဌာန၊ လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းအသုံးစရိတ် ပြည်ထောင်စုရန်ပုံငွေဖြင့် ကလေးမြို့လေဆိပ် လေယာဉ်ပြေးလမ်းအား အနောက်ဘက်သို့ (၁၅၀၀×၁၀၀)ပေ ကျောက်ကတ္တရာခင်းတိုးချဲ့ခြင်း လုပ်ငန်းနှင့် ကလေးမြို့လေဆိပ် ဥပုသ်ချောင်းလွဲကျောက်စီမြေထိန်းနံရံ အရှည်ပေ(၃၀၀) အား တည်ဆောက်ခြင်းလုပ်ငန်းတို့ ဆောင်ရွက်ရန်အတွက် လိုအပ်သည့်တည်ဆောက်ရေး လုပ်ငန်းသုံးပစ္စည်းများဖြစ်သည့် ဘိလပ်မြေ၊ သဲနှင့် ခွဲကျောက်ရွယ်စုံများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

၂။ **တင်ဒါပုံစံရောင်းချမည့်ရက်** - ၂၂-၇-၂၀၁၄ ရက်မှ ၃၁-၇-၂၀၁၄ ရက်အထိ (ရုံးချိန်အတွင်း)

၃။ **တင်ဒါပုံစံရောင်းချမည့်နေရာ** - ကလေးမြို့လေဆိပ်ဖွံ့ဖြိုးရေးစီမံကိန်းရုံး၊ လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမြို့ ဖုန်း-၀၇၃-၂၁၀၀၈၊ ၀၉-၅၄၁၃၂၅၆၊ ၀၉-၃၃၅၆၅၃၁၀၊ ၀၉-၃၁၃၄၂၆၅၇

၄။ **တင်ဒါတင်သွင်းရမည့်နောက်ဆုံးရက် - အချိန်နှင့်နေရာ** ၄-၈-၂၀၁၄ရက် (တနင်္လာနေ့) ၃း၀၀နာရီ ကလေးမြို့ လေဆိပ်ဖွံ့ဖြိုးရေးစီမံကိန်းရုံး

၅။ **တင်ဒါဖွင့်လှစ်မည့်ရက်နှင့်အချိန်** - ၅-၈-၂၀၁၄ရက် (အင်္ဂါနေ့) ၉း၃၀နာရီ ခရိုင်အုပ်ချုပ်ရေးမှူးရုံး၊ ကလေးမြို့

၆။ အသေးစိတ်သိရှိလိုပါက ဖုန်း-၀၉-၅၄၁၃၂၅၆၊ ၀၉-၃၃၅၆၅၃၁၀၊ ၀၉-၃၁၃၄၂၆၅၇ သို့ တိုက်ရိုက်ဆက်သွယ်မေးမြန်းနိုင်ပါသည်။

တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့

မြန်မာ့သစ်လုပ်ငန်း
ပြည်တွင်းရောင်းဝယ်ရေးနှင့်သစ်စက်ဌာန
၅/၂၀၁၄-၂၀၁၅ ကြိမ်မြောက် စက်မှုကုန်ကြမ်း သစ်လုံး/သစ်ခွဲသား
ဈေးပြိုင်လေလံကြေညာခြင်း

၁။ မြန်မာ့သစ်လုပ်ငန်း၊ ပြည်တွင်းရောင်းဝယ်ရေးနှင့်သစ်စက်ဌာနမှ စက်မှုကုန်ကြမ်း သစ်လုံး/သစ်ခွဲသားများကို အောက်ဖော်ပြပါအတိုင်း ဈေးပြိုင်လေလံစနစ်ဖြင့် ရောင်းချသွားမည်ဖြစ်ပါသည်-

(က)**ရောင်းချမည့်ရက်နှင့်အချိန်** - ၃၁-၇-၂၀၁၄ ရက် (ကြာသပတေးနေ့) နံနက် ၀၉း၃၀ နာရီ

(ခ)**ရောင်းချမည့်အမျိုးအစားနှင့်တန်** - ကျွန်းသစ်လုံး/ဗုံတို/တိုင် ၇၃၅ တန်
သစ်မာသစ်လုံး ၁၉၇၁ တန်
- ပုံစံ(၈) ကျွန်းခွဲသား/ဓားရွေ ၇၁ တန်
- သစ်မာခွဲသား(EQ/ER ကညင်) ၅ တန်

(ဂ)**ရောင်းချမည့်နေရာ** - ယင်းမာခန်းမ၊ ပြည်တွင်းရောင်း/စက်ဌာန(ရုံးချုပ်) မြန်မာ့သစ်လုပ်ငန်း၊ အမှတ် (၇၂/၇၄)၊ ရွှေတိဂုံဘုရားလမ်း၊ ရန်ကုန်မြို့။

၂။ သစ်လုံးဈေးပြိုင်လေလံနှင့် ပတ်သက်သည့်အချက်အလက်များအား အသေးစိတ်သိရှိလိုပါက မြန်မာ့သစ်လုပ်ငန်း web-site ဖြစ်သော www.myanmatimber. com.mm တွင် ဝင်ရောက်ကြည့်ရှု၍လည်းကောင်း၊ ဖုန်း-၀၁-၃၇၂၄၃၃၊ ၀၁-၃၇၂၀၂၃၊ ၀၁-၃၇၂၄၅၃ များတွင်လည်းကောင်း စုံစမ်းနိုင်ပါသည်။

ဈေးပြိုင်လေလံကျင်းပရေးကော်မတီ
ပြည်တွင်းရောင်း/စက်

အမည်ပြောင်း

ဦးစိုးသိန်း ၃/ဘအန(နိုင်)၁၂၃၄၉၄၏ သားသမီး၊ မော်လမြိုင်မြို့၊ အထက (၆) သတ္တမတန်း (F)မှ မောင်ကျော်စိုးမိုးအား မောင်ရှိန်းဝဏ္ဏမောင်၊ မော်လမြိုင်မြို့ အထက (၆)၊ တတိယတန်း (C)မှ မယွန်းနဒီစိုးအား မယွန်းရွှေဝသုန်ဟု ပြောင်းလဲခေါ်ပါရန်။

မောင်ရှိန်းဝဏ္ဏမောင်၊ မယွန်းရွှေဝသုန်

မြေကွက်များ ဝယ်လိုသည်

ဒဂုံတောင်ပိုင်းနှင့် ဒဂုံဆိပ်ကမ်း

ဖုန်း-၇၃၀၈၉၇၃၇၊
၄၂၅၂၈၉၀၀၃၊
၄၉၃၃၉၃၅၄၊
၄၂၅၂၈၉၀၀၄

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂၁ယ/၁၇၁၃၆ ယာဉ်လက်ဝယ်ရှိသူ ဦးကျော်မျိုးထက် ၉/တကန(နိုင်) ၁၄၁၃၀၂မှ (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(ရမည်းသင်း)

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (ဇ)၊ သုနန္ဒာ ၁လမ်း၊ မြေကွက်အမှတ် ၆၉၁ ၁/၂၊ မြေဧရိယာ ပေ(၂၀×၆၀)ဒေါ်ရွှေပွင့်အမည်ပေါက် နှစ် ၆၀မြေငှားဂရန်မြေနှင့် ယင်းမြေပေါ်တွင် ဆောက်လုပ်ထားသော အိမ်အမှတ် ၆၉၁ဟုခေါ်တွင်သည့် အဆောက်အအုံနှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့အား ဝယ်ယူရန် ကျွန်ုပ်၏မိတ်ဆွေများက စရန်ငွေတချို့ပေးချေထားပြီးဖြစ်သဖြင့် အကျိုးဆက်ခံပိုင်ဆိုင်ခွင့်ရှိသူ မည်သူမဆိုကန့်ကွက်ရန်ရှိပါက ခိုင်လုံသောစာရွက်စာတမ်းများနှင့် ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံလာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်အား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးကျော်သောင်း(LL.B) တရားလွှတ်တော်ရှေ့နေ(စဉ်-၉၂၇၉)
အမှတ်၈/၂၃၉၊ မဓာဝီလမ်း၊ မြောက်ဥက္ကလာပမြို့နယ်၊ ဖုန်း-၀၉-၄၃၁၃၈၅၆၄

ပြည်တွင်းသတင်းနှင့်ဆောင်းပါး

ကျောက်ပန်းတောင်းမြို့နယ် ကွဲကူးကျေးရွာတွင် အခြေခံပညာအလယ်တန်းကျောင်း(ခွဲ) တိုးမြှင့်ဖွင့်လှစ်

ကျောက်ပန်းတောင်း ဇူလိုင် ၁၇

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ် ကွဲကူးကျေးရွာ အခြေခံအလယ်တန်းကျောင်းခွဲ အဆင့်တိုးမြှင့်ဖွင့်လှစ်ခြင်း အခမ်းအနားကို ဇူလိုင် ၁၃ ရက်က ကွဲကူးကျေးရွာကျောင်း၌ ကျင်းပခဲ့ကြောင်း သိရသည်။

အလယ်တန်း(ခွဲ)ကျောင်းတိုးမြှင့်ဖွင့်ပွဲအခမ်းအနားကို အစီအစဉ်နှစ်ရပ်ဖြင့် ကျင်းပရာ ပထမပိုင်းအစီအစဉ်အရ အလယ်တန်းကျောင်း(ခွဲ) ဖွင့်ပွဲအခမ်းအနားကို တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးတိုင်းအေး၊ ဦးဝင်းမြင့်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစောထွန်းဝင်း၊ မြို့နယ်ပညာရေးမှူးဒေါ်ခင်ညိုတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ဖွင့်ပွဲအထိမ်းအမှတ်အဖြစ် ကုံကော်ပင်များစိုက်ပျိုးကြသည်။

ဒုတိယပိုင်းအစီအစဉ် ဖွင့်ပွဲအခမ်းအနားတွင် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးတိုင်းအေးက ဖွင့်ပွဲအမှာစကားပြောကြားပြီး မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစောထွန်းဝင်းက ဆက်လက်၍အမှာစကားပြောကြားသည်။

ထို့နောက် မြို့နယ်ပညာရေးမှူးဒေါ်ခင်ညိုက နိုင်ငံတော်အစိုးရအနေဖြင့် ပညာရေးကဏ္ဍမြှင့်တင်ရန်အတွက် အခြေခံပညာကျောင်းများအား အသစ်တည်ဆောက်ခြင်း၊ လက်ရှိကျောင်းများအား အဆင့်မြှင့်တင်ခြင်းတို့ကို လုပ်ဆောင်ပေးလျက်ရှိသည့် အကြောင်းများနှင့် ကျောင်းစည်းကမ်းနှင့်ပတ်သက်သည့် အကြောင်းအရာများကိုရှင်းလင်းပြောကြားပြီး ဖွင့်ပွဲအထိမ်းအမှတ် အလံများကို ကွဲကူးကျေးရွာ အလက(ခွဲ)ကျောင်းမှ ကျောင်းအုပ်ဆရာကြီးက တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်ဦးဝင်းမြင့်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစောထွန်းဝင်း၊ မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှူး ဦးဘိုကျော်နှင့် ပွေးကျစ် အထက ကျောင်းအုပ်ဆရာမကြီးဒေါ်ဝင်းဝင်းခိုင်တို့အား ပေးအပ်ပြီး ပြည်သူများကိုယ်စား ကျောင်းအကျိုးတော်ဆောင် ဦးအောင်ကျော်မြင့်ဦးက ကျေးဇူးတင်စကားပြောကြားကြောင်း သိရသည်။

ကျောက်ပန်းတောင်းမြို့နယ် ကွဲကူးကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ) တိုးမြှင့်ဖွင့်လှစ်ခြင်းအခမ်းအနားသို့ စမ်းစုကျေးရွာ၊ မလွှကုန်း၊ ရေဆုံး၊ စည်ပင်၊ ဥယျာဉ်၊ ရွာတောစုကျေးရွာများမှ ဆရာ ဆရာမများ၊ ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ ကျောင်းအကျိုးတော်ဆောင်များနှင့် ဒေသခံပြည်သူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

ခွဲထက်ရှင်

ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့် မှူခင်းကျဆင်းရေး ဟောပြောပွဲကျင်းပ

တပ်ကုန်း ဇူလိုင် ၁၇

နေပြည်တော်ကောင်စီနယ်မြေ ဥတ္တရခရိုင် တပ်ကုန်းမြို့နယ်တွင် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့် မှူခင်းကျဆင်းရေး အသိပညာပေး ဟောပြောပွဲကို ဇူလိုင် ၁၄ ရက်က တပ်ကုန်းမြို့ အမှတ်(၂)အခြေခံပညာ အထက်တန်းကျောင်း ခမ်းမဆောင်၌ ကျင်းပသည်။ **(ယာပုံ)**

ဟောပြောပွဲတွင် မြို့နယ် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကံစောလှိုင်က အမှာစကားပြောကြားပြီး မြို့နယ်ယာဉ်ထိန်းရဲတပ်ဖွဲ့ ယာဉ်မှုစစ်ဌာနမှ ရဲအုပ်ထွန်းနိုင်မြင့်က ယာဉ်စည်းကမ်း လမ်းစည်းကမ်းများကို လက်တွေ့ရှင်းလင်းပြီး ယာဉ်မတော်တဆမှုဖြစ်ပွားသည့် မှတ်တမ်းဓာတ်ပုံများနှင့် ပညာပေး ဗီဒီယိုဇာတ်လမ်းများ ပြသရှင်းလင်းကာ မြို့နယ်ရဲစခန်းမှူး ဒုရဲမှူး သန်းဝင်းက မှုခင်းကျဆင်းရေး ဆိုင်ရာအကြောင်း အကျယ်တဝင့် ဟောပြောသည်။

ဟောပြောပွဲသို့ အမှတ်(၂)အခြေခံပညာအထက်တန်း ကျောင်းမှ ကျောင်းသား ကျောင်းသူများ တက်ရောက်ခဲ့ကြပြီး တပ်ကုန်းမြို့ အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်းတွင်လည်း ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့် မှူခင်းကျဆင်းရေး အသိပညာပေးဟောပြောပွဲကို ဇူလိုင် ၇ ရက်က ကျင်းပခဲ့ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

၂၀၁၄-၂၀၁၅ လုပ်ငန်းရာသီအတွက် အင်းနှင့်တင်ဒါပိုက်ချက်များ ပုသိမ်ခရိုင်၌ ဒုတိယအကြိမ် လေလံတင်ရောင်းချပွဲ ပြုလုပ်

ပုသိမ် ဇူလိုင် ၁၇

၂၀၁၄-၂၀၁၅ လုပ်ငန်းရာသီအတွက် ပုသိမ်ခရိုင်ရှိ အင်းနှင့်တင်ဒါပိုက်ချက်များ ဒုတိယ အကြိမ် လေလံတင်ရောင်းချပွဲကို ခရိုင်နှင့်မြို့နယ် ငါးလုပ်ငန်း ဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ဇူလိုင် ၁၅ ရက်က ပြုလုပ်ခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီးဌာန ဝန်ကြီး ဦးစန်းမောင်က ပြည်ထောင်စု အစိုးရနှင့် ပြည်နယ် အစိုးရများ၏ လုပ်ငန်း လုပ်ဆောင်မှုများနှင့် ပတ်သက်၍ လွှတ်တော်များမှ ပြုစုထားသော ဥပဒေများနှင့်အညီ လုပ်ဆောင်ကြရန်နှင့် ဥပဒေနှင့်အညီ အစိုးရက စီမံအုပ်ချုပ်ရမည်ဟု ၂၀၀၈ ဥပဒေတွင် ပြဋ္ဌာန်းခဲ့ကြောင်း၊ ထို့ကြောင့် ယခုကဲ့သို့ လေလံကိစ္စများတွင် သတ်မှတ်ထားသည့် စည်းကမ်းချက်များအတိုင်း လိုက်နာဆောင်ရွက်ကြရေး ရှင်းလင်းပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာနမှူးက အင်းနှင့်တင်ဒါပိုက်ချက်များ လေလံတင်ရောင်းချခြင်းနှင့် ပတ်သက်၍ အမှာစကားပြောကြားပြီး ခရိုင်ငါးလုပ်ငန်း ဦးစီးဌာနမှူးက အင်းနှင့်တင်ဒါပိုက်ချက် လေလံ စည်းကမ်းများကို ဖတ်ကြားကာ အင်းနှင့်တင်ဒါပိုက်ချက်များကို လေလံတင်ရောင်းချခဲ့ကြောင်း သိရသည်။**(အောက်ပုံ)**

အခမ်းအနားသို့ တိုင်းဒေသကြီး အစိုးရအဖွဲ့ စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီးဌာန ဝန်ကြီး ဦးစန်းမောင်၊ တိုင်းဒေသကြီး ငါးလုပ်ငန်း ဦးစီးဌာနမှူးနှင့် လေလံ ဆွဲမည့်သူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

သတင်းတို

ဖီးကုန်းမြို့တွင် သိပ္ပံနည်းကျ စိုက်နည်းစနစ်ပညာပေး

ပဲခူးတိုင်းဒေသကြီး ဖီးကုန်းမြို့နယ်တွင် သိပ္ပံနည်းကျ စိုက်ပျိုးနည်း သင်တန်းနှင့် ပျိုးကြဲခြင်းကို ဇူလိုင် ၁၅ ရက်က ဝက်စာပိုးကျေးရွာအုပ်စု စံပြလယ်ယာ ဧက ၁၂၀ မှ တောင်သူ ဒေါ်ချို၏ လယ်ကွင်း၌ ပြုလုပ်ခဲ့သည်။ ဖီးကုန်းမြို့နယ်အတွင်း ၂၀၁၃-၁၀၁၄ မိုးရာသီတွင် ပုလဲသွယ် စပါးဧက ၂၂၀ ကိုစိုက်ပျိုးခဲ့ပြီး ၂၀၁၄-၂၀၁၅ မိုးရာသီတွင် ဧက ၅၅၀ ကို စိုက်ပျိုးခဲ့ကြောင်း သိရသည်။ တစ်ဧကလျှင် ပုလဲသွယ်စပ်မျိုးစပါး ရှစ်ကီလိုနှုန်းဖြင့် ပျိုးကြဲစိုက်နည်းစနစ်ကို တောင်သူများ သိရှိစေရန် မြို့နယ်အတွင်း အသိပညာပေးခြင်းကို ပထမဆုံးအကြိမ် ပြုလုပ်ခြင်း ဖြစ်ကြောင်း သိရသည်။

သိပ္ပံနည်းကျစိုက်ပျိုးနည်းစနစ် သင်တန်းသို့ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီး ဦးတင်စိုး၊ စိုက်ပျိုးရေးဦးစီးဌာနရုံးချုပ်မှ စိုက်ပျိုးရေးပညာပေးရေးဌာန ညွှန်ကြားရေးမှူး ဦးအေးကိုကို၊ တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးမှူး ဦးလှမြင့်၊ ဒုတိယတိုင်းဒေသကြီး ဦးစီးမှူး ဦးမြင့်လွင်၊ ခရိုင်စိုက်ပျိုးရေးဦးစီးမှူး ဦးအောင်မင်းသူ၊ မြို့နယ်စိုက်ပျိုးရေး ဦးစီးမှူး ဦးအောင်ဆန်းဝင်းနှင့် စိုက်ပျိုးရေးဝန်ထမ်းများနှင့် အုပ်စုအတွင်းရှိ လယ်သမားများတက်ရောက်ခဲ့ကြကြောင်း သိရသည်။ **ကိုသက်(ဖီးကုန်း)**

စိန်စည်ရိပ်သာ ဝါတွင်း ရက်(၁၀၀)တရားစခန်းပွဲနှင့် ဝါဆိုသင်္ကန်း လှူဒါန်းဆက်ကပ်ပွဲ

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၈) ရပ်ကွက်၊ ဗိုလ်မင်းရောင်လမ်း၊ မဟာစည်သြဝါဒခံ စိန်စည်သာသနာရိပ်သာအတွင်း၌ နှစ်စဉ်ကျင်းပမြဲဖြစ်သော ဝါတွင်းကာလ ရက်(၁၀၀)တရားစခန်းပွဲကို ၁၃၇၆ခုနှစ် ဝါဆိုလပြည့်နေ့မှ သီတင်းကျွတ်လပြည့်ကျော် ၁၁ရက် ၁၁-၇-၂၀၁၄ရက်မှ ၁၉-၁၀-၂၀၁၄ရက် (တနင်္ဂနွေနေ့) အထိ ကျင်းပပြုလုပ်အားထုတ်လျက်ရှိပါသည်။ အားထုတ်လိုသော ယောဂီသူတော်စင်အပေါင်း ကြွရောက်အားထုတ်နိုင်ပါသည်။

စိန်စည်ရိပ်သာအတွင်း ဝါကပ်တော်မူကြကုန်သော သံဃာ (၆၀)ကျော်တို့အား ၁၃၇၆ခုနှစ် ဝါဆိုလပြည့်ကျော် ၉ ရက်၊ ၂၀-၇-၂၀၁၄ ရက် (တနင်္ဂနွေနေ့)တွင် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းမည်ဖြစ်၍ ထီး၊ ဖိနပ်၊ ယပ်၊ သင်္ကန်းများ လှူဒါန်းနိုင်ပါသည်။

ဖုန်း-၀၉-၅၁၂၃၀၀၁၊ ၀၉-၄၂၁၀၇၀၂၄၀၊ ၀၉-၄၄၀၂၂၇၈၅၀

ကော့သောင်းမြို့နယ်အသင်း(ရန်ကုန်) ပညာသင်ထောက်ပံ့ကြေးဆုနှင့် ပညာရည်ချွန်ဆုစိစစ်ချီးမြှင့်ရန်ကိစ္စ

၂၀၁၄ခုနှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် မည်သည့်စာစစ်ဌာနမှမဆို ဂုဏ်ထူးဖြင့် ထူးချွန်စွာအောင်မြင်ကြသော ကော့သောင်းသူ/ကော့သောင်းသားများ၊ ကော့သောင်းအသင်းဝင်များနှင့် ယင်းတို့၏သားသမီးများသည် ပညာသင်ထောက်ပံ့ကြေးဆုနှင့် ပညာရည်ချွန်ဆုအတွက် ၃၀-၉-၂၀၁၄ရက် နောက်ဆုံးထား၍ အသင်းရုံးသို့ စုံစမ်းမေးမြန်းလျှောက်ထားနိုင်ပါသည်။

အမှုဆောင်အဖွဲ့
အမှတ် (၇၀)၊ ဝါးတန်းလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၀၉-၇၃၂၅၄၈၃၅

ဒီကရီကိုအတည်ပြုလုပ်ရန်အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန်

အကြောင်းကြားစာ

(တရားမကျင့်ထုံးဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၂၂)
ရန်ကုန်တိုင်းဒေသကြီးတရားရုံး
၂၀၀၇ခုနှစ်၊ တရားမကြီးမှုအမှတ်-၅၅၁ မှ ချမှတ်ခဲ့သည့်စီရင်ချက်ဒီကရီကို မော်လမြိုင်ခရိုင်တရားရုံးတော်သို့ လွှဲပြောင်းပေးသည့်
တရားမဇာရီမှုအမှတ်-၉/၂၀၁၄

ဒေါ်ခင်လွင်လွင်သက် (၄င်း၏ အခွင့်ရကိုယ်စားလှယ် ဦးတင်ဝင်း) အမှတ် ၄/ဘီ၊ ရုံးကြီးလမ်း၊ ပန်းဘဲတန်းရပ်၊ မော်လမြိုင်မြို့။ **နှင့်** ဒေါ်စိုးစိုးမော် (ကိုယ်တိုင်နှင့်ကွယ်လွန်သူ ဦးကျော်သူဖေ၏ တရားဝင်ကိုယ်စားလှယ်) (တရားရှုံးများ၏ကိုယ်စားလှယ် လွှဲစာရသူဦးမျိုးဝင်း)

တရားနိုင် **တရားရှုံးများ**

တရားရှုံးအမှတ်(၁)ဦးကျော်သူဖေနှင့် တရားရှုံးအမှတ်(၂)ဒေါ်စိုးစိုးမော် အမှတ် ၂၁၂၊ လမ်း ၂၀၊ မြိုင်သာယာရပ်၊ မော်လမြိုင်မြို့ (ယခုနေရပ်မသိ) သိစေရမည်။

ရန်ကုန်တိုင်းဒေသကြီးတရားရုံး ၂၀၀၇ခုနှစ် တရားမကြီးမှုအမှတ်-၅၅၁တွင် ကျရှိသည့် ဒီကရီကိုအတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင်က လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် ဒီကရီအတည်ပြုလုပ်စေရန် အမိန့်ကိုမထုတ်သင့်ကြောင်း၊ အကြောင်းတစ်ခုခုရှိလျှင် ပြ၍ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရုံးတော်အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ အကြောင်းပြချေဆိုနိုင်သူ အခွင့်ရကိုယ်စားလှယ်ဖြစ်စေ ၂၀၁၄ခုနှစ် ဇူလိုင် ၂၃ ရက် (၁၃၇၆ခုနှစ် ဝါဆိုလပြည့်ကျော် ၁၂ ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် ဤရုံးတော်ရှေ့လာရောက်စေ။

၂၀၁၄ ခုနှစ် ဇူလိုင် ၇ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

ဒေါ်အေးမြိုင်
ဒုတိယခရိုင်တရားသူကြီး
မော်လမြိုင်ခရိုင်တရားရုံး
မော်လမြိုင်မြို့

ဖခင်အမည်မှန်

ပဲခူးတိုင်းဒေသကြီး၊ အုတ်ဖိုမြို့နယ်၊ မြေသာယာ၊ အထက၊ နဝမတန်း (A)မှ မယုနန္ဒာထွန်း၏ ဖခင်အမည်မှန်မှာ ဦးဇော်မင်း ၇/အဖန(နိုင်)၀၇၈၄၃၇ ဖြစ်ပါသည်။

မသန်စွမ်းအမျိုးသမီးများအတွက် ဝင်ငွေရအလုပ်လျှောက်လွှာခေါ်ယူခြင်း

- ဝင်ငွေရကြိုးထိုးလုပ်ငန်း လုပ်ကိုင်နိုင်ရန်အတွက် အခမဲ့သင်တန်းပို့ချသင်ကြားပေးခြင်း။
- CMP စနစ်ဖြင့် လုပ်ငန်းအပ်နှံခြင်းတို့ကို ၁-၈-၂၀၁၄ ရက်တွင် စတင်မည်ဖြစ်ပါသည်။
- မသန်စွမ်းအမျိုးသမီးများနှင့် မိဘမဲ့အမျိုးသမီးငယ်များ စိတ်ဝင်စားပါက အောက်ပါဖုန်းနံပါတ်များကို ဆက်သွယ်မေးမြန်းနိုင်ပါသည်။

Ph No: 01-546913, 09-43094472, 09-421010739, 09-73106231

amdwa. pwdo@gmail.com သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

မြန်မာနိုင်ငံမသန်စွမ်းအမျိုးသမီးများအသင်း
တိုက် ၂၃၄၊ အခန်း(၂)၊ တိုက်(၄)လုံး၊ ရန်ကင်းမြို့နယ်

ကန့်ကွက်နိုင်ပါကြောင်း

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃/မာန်ပြေ)၊ မြေကွက်အမှတ်(၁၃၃၂/က)၊ မြေကွက်တည်နေရာအမှတ်(၁၃၃၂/က)၊ မာန်ပြေ ၂၁လမ်း၊ ၃/မာန်ပြေ၊ သာကေတမြို့နယ် (ဦးချိုရီ) အမည်ပေါက်နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဦးချိုရီ(ဖခင်)နှင့်ဒေါ်သိန်းကြည်(မိခင်)တို့ ကွယ်လွန်သဖြင့် သမီးများဖြစ်သော (၁) ဒေါ်ငွေးမြင့် ၁၂/သကတ(နိုင်)၀၃၀၃၃၄၊ (၂)ဒေါ်သန်းသန်းနု ၁၂/သကတ(နိုင်)၀၃၂၈၉၈တို့က သေစာရင်း၊ ကျမ်းကျိန်လွှာ၊ ဂရန်ပျောက်ဆုံးကြောင်း ကျမ်းကျိန်လွှာ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်တင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

မင်္ဂလာတောင်ညွန့်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄-ဘီ)၊ မြေကွက်အမှတ် ၃၄၇၊ မြေကွက်တည်နေရာအမှတ် ၃၄၇၊ ၈ လမ်း၊ ပုသိမ်ညွန့်ရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ် ဒေါ်တင်၊ ဒေါ်အေးအေးသိန်းအမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက်တစ်ဦးဖြစ်သူ မိခင်ဒေါ်တင်နှင့် ဖခင်ဦးလှဖေတို့ ကွယ်လွန်သဖြင့် ဦးဝင်းမြင့် ၁၂/မဂတ(နိုင်)၀၅၀၂၅၂ က တစ်ဦးတည်းသောသားတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြပြီး ကျန်အမည်ပေါက် ဒေါ်အေးအေးသိန်း ၁၂/မဂတ(နိုင်)၀၆၈၆၃၉ နှင့်ပူးတွဲ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန်နှင့် အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသော အထောက်အထားများတင်ပြ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

လူမှုရေးနှင့်စီးပွားရေးကြော်ငြာ

[illegible]

09 5401011, 09 73095677

တစ်ဦးတည်းဖြစ်ပါကြောင်း

မအိအိခိုင်၏ဖခင် ဦးမောင်စီ(ခ) ဦးရှိန်ဝင်း ၇/ကဝန(နိုင်)၀၅၉၅၃၅ သည် အမည်နှစ်မျိုးဖြစ်သော်လည်း တစ်ဦးတည်းဖြစ်ပါကြောင်း။

ဦးမောင်စီ(ခ)ဦးရှိန်ဝင်း

မင်းတုန်းအသင်း (ရန်ကုန်)
(၁၃)ကြိမ်မြောက် ဝါဆိုသင်္ကန်းကပ်လှူပွဲဖိတ်ကြားခြင်း

ကျင်းပမည့်ရက်၊ အချိန် - ၂၆-၇-၂၀၁၄ ရက် (စနေနေ့) နံနက် ၉း၀၀ နာရီ မှ ၁၁း၃၀ နာရီ

ကျင်းပမည့်နေရာ - ပတ္တမြားကျောင်းတိုက်၊ ဗိုလ်တထောင်ဘုရားအနီး၊

ဧည့်ခံမည့်အစီအစဉ် - နေ့လယ်စာ ထမင်းဟင်း။

မင်းတုန်းသူ မင်းတုန်းသားများအားလုံး တက်ရောက်ကြပါရန် လေးစားစွာဖိတ်ကြားအပ်ပါသည်။

အမှုဆောင်အဖွဲ့၊ မင်းတုန်းအသင်း(ရန်ကုန်)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ
သစ်တောထွက်ပစ္စည်းဖက်စပ်ကော်ပိုရေးရှင်းလီမိတက်
အမှတ် ၄၂၂/၄၂၆၊ ဗိုလ်တထောင်ဘုရားလမ်းနှင့်ကမ်းနားလမ်းထောင့်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
အိတ်ဖွင့်တင်ဒါကြေညာအမှတ် ၀၂/၂၀၁၄-၂၀၁၅

၁။ ပြည်တွင်းရှိ ပုဂ္ဂလိကလုပ်ငန်းရှင်များသို့ ကုန်ကြမ်းသစ်မာသစ်လုံးများ ဖြည့်ဆည်းပေးနိုင်ရေးအတွက် သစ်တောဖက်စပ်မှ အောက်ဖော်ပြပါ အတိုင်း အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချသွားမည်ဖြစ်ပါသည်။

(က) **ရောင်းချမည့်ရက်** - ၃၀-၇-၂၀၁၄ ရက် (ဗုဒ္ဓဟူးနေ့)

(ခ) **ရောင်းချမည့်အချိန်** - မွန်းတည့် ၁၂း၀၀ နာရီ

(ဂ) **ရောင်းချမည့်အမျိုးအစားနှင့်တန်** - သစ်မာသစ်လုံး ၂၅၃၁ လုံး၊ ၂၄၂၂.၄၂၀ တန်

(ဃ) **ရောင်းချမည့်နေရာ** - အမှတ် ၄၂၂/၄၂၆၊ ဗိုလ်တထောင်ဘုရားလမ်းနှင့်ကမ်းနားလမ်းထောင့်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်။

၂။ သစ်လုံးများအိတ်ဖွင့်တင်ဒါနှင့်ပတ်သက်၍ အသေးစိတ်အချက်အလက်များအား သိရှိလိုပါက သစ်တောဖက်စပ်၏ website ဖြစ်သော www.fpjvc.com တွင်လည်းကောင်း၊ မြန်မာ့သစ်လုပ်ငန်း website ဖြစ်သော www.myanmatimber.com.mm တွင်လည်းကောင်း၊ ဝင်ရောက်ကြည့်ရှု၍လည်းကောင်း၊ ဖုန်း-၀၉-၅၁၅၈၃၅၄၊ ၀၉-၄၃၂၀၂၅၄၄တို့တွင်လည်းကောင်း စုံစမ်းနိုင်ပါသည်။

အိတ်ဖွင့်တင်ဒါကျင်းပရေးကော်မတီ
သစ်တောထွက်ပစ္စည်းဖက်စပ်ကော်ပိုရေးရှင်းလီမိတက်

ကန့်ကွက်နိုင်ပါကြောင်း

ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၂၉၊ မြေကွက်အမှတ် ၈၊ မြေကွက်တည်နေရာအမှတ် (၂၉/၈)၊ (၂)ရပ်ကွက်၊ ရွှေပြည်သာ ဦးလှမျိုး အမည်ပေါက် နှစ် ၆၀ဂရန်မြေအား အမည်ပေါက် ဦးလှမျိုးထံမှ အထူးကိုယ်စားလှယ်လွှဲစာအမှတ် ၁၄၃၀၉ (၂၇-၅-၁၄)ရသူ ဦးအောင်အောင်မြင့် ၁၁/စတန(နိုင်)၀၅၂၇၆၉မှ (၂၀၀၂)ခုနှစ်က ကူးယူထားသော အရောင်းမြေပုံပျောက်ဆုံးကြောင်း တရားရုံးကျမ်းကျိန်လွှာတင်ပြ၍ အဆောက်အအုံဆောက်ရန် မြေပုံကူး လျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ငွေချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
အင်းစိန်မြို့နယ်တရားရုံးတော်၌
၂၀၁၄ခုနှစ် တရားမကြီးမှုအမှတ်-၄၆

၁။ ဦးကံသိန်း	နှင့်	၁။ ဦးကျော်မြင့်	
၂။ ဒေါ်သိန်းလှ		၂။ ဒေါ်တိုးကြည်	အတူနေ
		၃။ ဒေါ်တင်တင်ရီ	
တရားလိုများ		**တရားပြိုင်များ**	

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ (၅)ရပ်ကွက်၊ ဗိုလ်ချုပ်လမ်း၊ အမှတ် ၁၂၃ နေ ဒေါ်တိုးကြည်နှင့် ဒေါ်တင်တင်ရီ (ယခုနေရပ်လိပ်စာမသိသူများ)တို့ သိစေရမည်။

သင်တို့အပေါ်၌ တရားလိုတို့က ရောင်းချခဲ့သည့်မြေနှင့်အိမ်အတွက် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီတွင် မြေပုံမြေရာဇဝင်ကူးယူထုတ်ပေး၍ စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် တရားဝင်မှတ်ပုံတင်စာချုပ်ချုပ်ပေးစေလိုမှုအား လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်တို့ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင်တို့ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၄ ခုနှစ် ဇူလိုင် ၂၄ရက် (၁၃၇၆ခုနှစ် ဝါဆိုလပြည့်ကျော် ၁၃ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်က အမည်ရေးသားပါရှိသူများ၊ တရားလိုများစွဲဆိုချက်ကိုထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်တို့သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်တို့မလာမရောက် ပျက်ကွက်ခဲ့လျှင် သင်တို့ကွယ်ရာတွင် ငွေချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုများက ကြည့်ရှုလိုသည့်စာချုပ်စာတမ်းများနှင့် သင်တို့ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်တို့နှင့်အတူယူဆောင်လာရမည်။ သို့တည်းမဟုတ် သင်တို့ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်တို့က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၄ခုနှစ် ဇူလိုင် ၁၅ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ငြိမ်းလဲ့ဝေ)
ဒုတိယမြို့နယ်တရားသူကြီး(၁)
အင်းစိန်မြို့နယ်တရားရုံး

ယမင်းသီရိ(ခ)မဆုရတီနွယ်နှင့် အများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ ဆိပ်ကြီးခနောင်တိုမြို့နယ်၊ ဆိပ်ကြီးအရှေ့ရပ်ကွက်၊ ဗဟိုလမ်းနေ မောင်ကျော်မင်း ၁၂/ဆကခ(နိုင်)၀၀၀၀၇၂နှင့် ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မြို့နယ်၊ မြကန်သာအိမ်ရာ၊ (၂)ရပ်ကွက်၊ မြကန်သာလမ်း၊ တိုက် (၈)၊ အခန်း (၁၃)နေ ဦးဝင်းနိုင်၊ ဒေါ်သင်းသင်းခိုင်တို့၏သမီး ယမင်းသီရိ(ခ)မဆုရတီနွယ်တို့သည် ၃၁-၅-၂၀၁၄ရက်၌ သီရိမင်္ဂလာပျော်ဘွယ်ကျောင်းတိုက်တွင် မင်္ဂလာဦးဆွမ်းကျွေးပြုလုပ်ကျင်းပ၍ အကြင်လင်မယားအဖြစ် လက်ထပ်ထိမ်းမြားပြီးနောက် ယင်းနေ့တွင်ပင် သဘောထားချင်းမတိုက်ဆိုင်ခြင်း၊ ယမင်းသီရိ(ခ)မဆုရတီနွယ်မှလည်း မယားဝတ္တရားမကျေပွန်သည့်အပြင် မိမိသဘောဆန္ဒအတိုင်း မိဘများနှင့်ကျန်ရစ်နေထိုင်ခဲ့ပါ၍ ဇနီးအဖြစ်မှ စွန့်လွှတ်ကြောင်းနှင့် ၎င်းနှင့်ပတ်သက်သောကိစ္စများကို လုံးဝတာဝန်ယူ ဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်တင်တင်	**ဒေါ်သင်းသင်းအေး**
တရားလွှတ်တော်ရှေ့နေ(စဉ်-၆၆၇၆)	**အထက်တန်းရှေ့နေ(စဉ်-၄၁၁၉၅)**
ဖုန်း-၀၉-၄၂၀၁၂၆၉၅	**ဖုန်း-၀၉-၄၂၀၁၉၄၈၁၃**

အမှတ် (၁၈၅)၊ ခိုင်ရွှေဝါလမ်း၊ ဆိပ်ကြီးအရှေ့ရပ်ကွက်၊ ဆိပ်ကြီးခနောင်တိုမြို့နယ်၊
ရန်ကုန်တိုင်းဒေသကြီး

ကန့်ကွက်နိုင်ပါသည်

ဒေါ်ခင်စန္ဒာကျော် ၁၄/ကလန(နိုင်)၁၃၈၃၄၁၊ တိုက်အမှတ် ၁၈၊ အခန်း ၀၀၃၊ ပိတောက်လမ်း၊ ယုဇနဥယျာဉ်မြို့တော်၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် နေထိုင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်းကြေညာအပ်ပါသည်။

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ (၈၁)ရပ်ကွက်၊ ကွမ်းအပ်သားမင်းသားလမ်း၊ အမှတ် ၆၆၀၊ အကျယ်အဝန်းပေ (၄၀×၆၀) ဒေါ်သင်းသင်းတင် အမည်ပေါက်ပါမစ်မြေဟုခေါ်တွင်သော မြေကွက်၏အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်အမည်ပေါက်ပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံကတိပြုသူ ဒေါ်သင်းသင်းတင် ISN-၂၀၂၉၃၂ ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် စရန်ငွေတချို့ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြေညာချက်ပါရှိသည့်ရက်မှ ခုနစ်ရက်အတွင်း ခိုင်လုံသည့်ပိုင်ဆိုင်မှုအထောက်အထားမူရင်းများဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ခုနစ်ရက်ပြည့်မြောက်သည့်တိုင် ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ပြီးမြောက်အောင်မြင်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်ထားနွယ်ခင် LL.B, D.I.R, D.I.L	**ဦးကျော်မိုးလွင် (စဉ်-၃၇၉၂၃)**
တရားလွှတ်တော်ရှေ့နေ၊ စဉ်-၈၀၂၁	**ဒေါ်ခိုင်ဇင်ဝင်း (စဉ်-၃၇၉၅၁)**
ရှေ့နေနားနေခန်း၊	**ဒေါ်ထွေးဇာခြည် (စဉ်-၃၈၀၂၀)**
ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်တရားရုံးအတွင်း	**အထက်တန်းရှေ့နေများ**
ဖုန်း-၀၉-၇၃၀၂၇၂၀၄၊ ၀၉-၂၅၀၅၂၃၉၆၆	

ကန့်ကွက်နိုင်ပါကြောင်း

မူဆယ်မြို့၊ မြေတိုင်းရပ်ကွက်အမှတ် ၃၆၊ ခရစ်ယာန်ရပ်ကွက်၊ ဦးပိုင်အမှတ် ၈၅-က၊ မြေဧရိယာ ၀ ဒသမ ၀၉၈ ဧကရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အားလုံးကို လက်ဝယ်လက်ရှိပိုင်ဆိုင်ပြီး ပြန်လည်ရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဦးမောင်လေး(ခ)ဦးတာချီစံ ၁၃/ကမန(နိုင်)၀၆၇၂၄၈ထံမှ ဝယ်ယူရန်အတွက် ဦးရဲမင်းကျော် ၁၃/နမတ(နိုင်)၀၂၇၃၂က ၁၀-၇-၂၀၁၄ ရက်စွဲပါ မြေအရောင်းအဝယ်စရန်ပေးစာချုပ်ဖြင့် စရန်ငွေများကို ပေးချေထားပြီးဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ထိုရောင်းဝယ်ခြင်းအား ကန့်ကွက်လိုပါက ခိုင်လုံသော စာချုပ်စာတမ်းမူရင်းများဖြင့် ကြော်ငြာပါသည့်ရက်မှစ၍ ၁၄ ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်း မပြုပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကိစ္စပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်နန်းခမ်းဦး LL.B
တရားလွှတ်တော်ရှေ့နေ
အမှတ် မ/၁၂၁၊ မြောက်ရပ်ကွက်၊ မူဆယ်မြို့၊
ဖုန်း-၀၉-၄၁၀၀၁၇၂၄

ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၂၄၊ မြေကွက်အမှတ် ၁၂၊ အလျားပေ ၄၀×အနံပေ ၆၀ရှိ မြေချပါမစ်အမည်ပေါက်ဖြစ်သူ ဒေါ်စုစုမာ (ဘ) ဦးစောမောင် ၁၂/ဗဟန(နိုင်)၀၆၈၃၇၆ထံမှ ဆက်စပ်စာချုပ်များဖြင့် ဝယ်ယူ၍ လက်ရှိပိုင်ဆိုင်သော ဦးအောင်နိုင်ဦး ၈/ခမန(နိုင်)၁၁၁၂၈၄မှလွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုပြောဆို၍ ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူမှ အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် စရန်ငွေတချို့တစ်ဝက် ပေးထားပြီးဖြစ်ပါသည်။ ၎င်းအရောင်းအဝယ်ကို ကန့်ကွက်လိုပါက ခိုင်လုံသောပိုင်ဆိုင်မှု စာရွက်စာတမ်း အထောက်အထားမူရင်းဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ဥပစာကို လက်ရောက်ယူ၍ အရောင်းအဝယ်အား ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်ဆုမွန်သက် (LL.B)
အထက်တန်းရှေ့နေ (စဉ်-၄၂၈၀၀)
ဖုန်း-၀၉-၄၉၂၇၃၉၅၄၊ ၀၉-၇၃၁၁၀၁၂၇

ဒီကရီကိုအတည်ပြုလုပ်ရန်အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန် အကြောင်းကြားစာ

(တရားမကျင့်ထုံးကိုဒ်ဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၂၂)
သာယာဝတီခရိုင် တရားမရုံးတော်၌
၂၀၀၆ခုနှစ်၊ တရားမကြီးမှုအမှတ်-၈၈ နှင့်ဆက်သွယ်သည့်
၂၀၁၄ ခုနှစ်၊ တရားမဇာရီမှုအမှတ်-၇ ။

မန်နေဂျာ	နှင့်	၁။ ဦးလှဝင်းအောင်
မြန်မာ့စီးပွားရေးဘဏ်		၂။ ဒေါ်ညွှန့်ညွှန့်ဝင်း
အုတ်ဖိုမြို့။		၃။ ဒေါ်အေးအေးဝင်း
		၄။ ဒေါ်ငွေးငွေးဝင်း
တရားနိုင်		**တရားရှုံးများ**

ခေါင်းသုံးလုံးဂိတ်အနီး ရွှေပြည်သာလမ်းမကြီး၊ ရွှေပြည်သာမြို့သစ်၊ ရန်ကုန်မြို့နေ (၁) ဦးလှဝင်းအောင်၊ (၂) ဒေါ်ညွှန့်ညွှန့်ဝင်း၊ (၃) ဒေါ်အေးအေးဝင်း၊ (၄) ဒေါ်ငွေးငွေးဝင်း သိစေရမည်။

၂၀၀၆ခုနှစ် တရားမကြီးမှုအမှတ်-၈၈တွင် ကျရှိသည့် ဒီကရီကိုအတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင်ဘဏ်က လျှောက်ထားလာသည်ဖြစ်၍ မည်သည့် အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်မထုတ်သင့်ကြောင်း၊ အကြောင်းတစ်ခုခုရှိလျှင် ပြ၍ချေဆိုနိုင်ရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရုံးတော်အခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ အကြောင်းပြချေဆိုနိုင်သူ အခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ ၂၀၁၄ ခုနှစ် ဇူလိုင် ၂၅ရက် (၁၃၇၆ ခုနှစ် ဝါဆိုလပြည့်ကျော် ၁၄ရက်) မွန်းမတည့်မီ ၁၁ နာရီတွင် ဤရုံးတော်ရှေ့လာရောက်စေ။

၂၀၁၄ခုနှစ် ဇူလိုင် ၃ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(အောင်စိုးပိုင်)
ဒုတိယခရိုင်တရားသူကြီး
သာယာဝတီခရိုင်တရားရုံး

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၆၀၊ မြေကွက်အမှတ် ၆၀၃၊ အကျယ်အဝန်း ပေ (၄၀×၆၀)ရှိ မြေကွက်နှင့်စပ်လျဉ်း၍ အများသိစေရန် ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ ကျွန်းတောအလယ်ရပ်ကွက်၊ မြောင်းမြလမ်း၊ အမှတ် ၂၉-Aနေ ဒေါ်ပပဝင်း ၁၂/စခန(နိုင်)၀၂၀၀၄၂ ၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် ကြေညာအပ်ပါသည်။

အထက်ဖော်ပြပါမြေကွက်အားမြန်မာနိုင်ငံရပ်ရှင်အစည်းအရုံးမှ ၂၁-၁၀-၁၉၉၇ ရက်စွဲပါ စာအမှတ် ၂၁၃၈/မရအ/မြေ/၉၇ ဖြင့် ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ပပဝင်း၏ ခင်ပွန်းဖြစ်သူ ဦးထင်လင်းအမည်ဖြင့် ဝယ်ယူခွင့်ပေးထားသော မြေကွက်ဖြစ်ပါသည်။ ယင်းမြေကွက်အတွက် ပေးသွင်းရန်ရှိသောငွေအား မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးမှုဦးစီးဌာန(ရုံးချုပ်)ငွေလက်ခံကောင်တာတွင်လည်းငွေပေးသွင်းခဲ့ပြီးဖြစ်ပါသည်။ ယင်းမြေကွက်ကို ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက ယနေ့အချိန်အထိ လက်ဝယ်ထား အကျိုးခံစားလျက်ရှိနေပါသည်။ အထက်ဖော်ပြပါ မြေကွက်နှင့်စပ်လျဉ်း၍ ကျွန်ုပ်မိတ်ဆွေ၏ ခင်ပွန်းဖြစ်သူ ကွယ်လွန်သူ ဦးထင်လင်းအမည်ဖြင့်သော်လည်းကောင်း၊ ကျွန်ုပ်မိတ်ဆွေဖြစ်သူ၏ အမည်ဖြင့်သော်လည်းကောင်း မြေချပါမစ်အား တရားဝင်ရရှိရန် သက်ဆိုင်ရာရုံးဌာနသို့ စီစဉ်ဆောင်ရွက်လျှောက်ထားသွားမည်ဖြစ်ပါသည်။ ထိုကဲ့သို့ ကျွန်ုပ်မိတ်ဆွေ၏ လျှောက်ထားမှု၊ လက်ဝယ်ထားရှိမှုတို့နှင့်စပ်လျဉ်း၍ ကန့်ကွက်ရန်၊ ပြောဆိုရန်၊ အကြောင်းကြားရန်ရှိသူမည်သူမဆိုလူကိုယ်တိုင်ဖြစ်စေ၊အခြားနည်းဖြင့်ဖြစ်စေ ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၄ ရက်အတွင်း စာရွက်စာတမ်းအထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ဖြစ်စေ၊ ကျွန်ုပ်၏မိတ်ဆွေထံသို့ဖြစ်စေ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်၍ ကန့်ကွက်မည့်သူမရှိပါက မြေချပါမစ်ရရှိရေးအတွက် ဥပဒေနှင့်အညီ ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်မေသက်သက်ခိုင် (LL.B) စဉ်-၃၆၆၉၈
အထက်တန်းရှေ့နေ
အမှတ် ၂၈/က၊ သံသုမာလမ်း၊ ရန်ကုန်သစ်ရပ်ကွက်၊ သုဝဏ္ဏ၊ သင်္ဃန်းကျွန်းမြို့နယ်၊
ဖုန်း-၀၉-၄၃၀၃၉၇၇၃၊ ၀၉-၄၂၁၇၅၅၅၂၆၊ ၀၉-၅၀၁၆၉၅၂

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ ကျောက်မြောင်း/အပေါ်ရပ်ကွက်၊ မလွှကုန်းလမ်း၊ အမှတ်(၃၉)သုံးလွှာ၊ အကျယ်အဝန်း(ပေ၂၀×ပေ၆၀)ရှိတိုက်ခန်းအပါအဝင် အကျိုးခံစားခွင့်များအားလုံးကို စာချုပ်အဆင့်ဆင့်ဖြင့် ဝယ်ယူပိုင်ဆိုင်ပြီး ပြန်လည်ရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဒေါ်မြင့်မြင့်စန်း ၁၂/ကမရ(နိုင်)၀၂၁၇၆၉ထံမှ ဝယ်ယူရန်အတွက် ကျွန်ုပ်၏မိတ်ဆွေက ၉-၇-၂၀၁၄ ရက်စွဲပါ နှစ်ဦးသဘောတူ တိုက်ခန်းအရောင်းအဝယ်စရန်ပေးကတိစာချုပ်ဖြင့် စရန်ငွေများကို ပေးချေထားပြီးဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ထိုရောင်းဝယ်ခြင်းအား ကန့်ကွက်လိုပါက ခိုင်လုံသောစာချုပ်စာတမ်းမူရင်းများဖြင့် ကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်းမပြုပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကိစ္စပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်တင်ဇာလွင် (LL.B)
အထက်တန်းရှေ့နေ
LIVING MYANMAR
Real Estate Services
အတိုင်ပင်ခံရှေ့နေ
ဖုန်း-၀၉-၄၂၁၀၈၂၄၇၄
အခန်း (၀၀၁)၊ တိုက် (၄)၊ မြေညီထပ်၊
ရန်ကုန်တိုင်းဒေသကြီး၊ မော်ဘီမြို့နယ်၊ ဘန့်ဘွေးကုန်းကျေးရွာအုပ်စု၊ ဘုရားလမ်းကျေးရွာ၊ မင်္ဂလာတိုက်၊ ဦးစီးပဓာန နာယကဆရာတော် ဦးသုမင်္ဂလ (ဒယ်အိုးဆရာတော်)မှ ဝါတွင်း ဥပုသ်နေ့တိုင်း သီလဖြူစင် ဥပုသ်ဝင်ကြကုန်သော ယောဂီ သူတော်ကောင်းတို့ကို ခန္ဓာအရိုညာဏ်အသိဖြင့် ရှုမှတ်ပွားများ ဝိပဿနာတရားဒေသနာကို ဟောကြားမည့်အကြောင်း နှိုးဆော်တိုက်တွန်းအပ်ပါသည်။

ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းခြင်းအစီအစဉ်

နေ့ရက် - (၁၃၇၆ ခုနှစ် ဝါဆိုလပြည့်ကျော် ၉ ရက်) ၂၀-၇-၂၀၁၄ ရက် (တနင်္ဂနွေနေ့)

အချိန် - နံနက် ၉ နာရီ

နေရာ - မင်္ဂလာတိုက်(မော်ဘီ)၊ ဘန့်ဘွေးကုန်းကျေးရွာအုပ်စု၊ ဘုရားလမ်းကျေးရွာ၊ မော်ဘီမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

ရောင်းမည်

- Toyota Hilux Double Cab (Diesel) 2B/3---
- Yamaha Outboard Engine အသုံးပြုပြီး (25HP) တစ်လုံး၊ အပျက် (75HP) တစ်လုံး။
- ကွန်ပျူတာဆက်စပ်ပစ္စည်းအမျိုးမျိုး

ဖုန်း-၀၁-၈၅၅၁၂၆၄၊ ၀၁-၈၅၅၀ ၈၂၀ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်နိုင်ပါသည်။

ဗုဒ္ဓဂယာ + မဇ္ဈိမဒေသ ခရီးစဉ် လှူဒါန်းလိုပါသလား

ခင်နှင့်မွှာ ဘုရားဖူးအဖွဲ့နှင့် ရုံးချိန်အတွင်းဆက်သွယ်၍ ကုသိုလ်ယူနိုင်ပါသည်။

	ဂယာ	မိဂဒါဝုန်	ကုသိနာရုံ
၁။ မြေ(၁)စတုရန်းပေ (ကျပ်)		၁၅,၀၀၀	၁၀,၀၀၀
	ဂယာ	သာဝတ္ထိ	ကုသိနာရုံ
၂။ ကျောင်းဆောင်(၁)စတုရန်းပေ (ကျပ်)	၂၂,၀၀၀	၂၀,၀၀၀	၂၀,၀၀၀

ရုံးချုပ် - ကွန်ဒို(E) မြေညီထပ်၊ ကမ္ဘာအေးစေတီလမ်းသွယ်၊ ကမ္ဘာအေးစေတီလမ်း၊ (၈)မိုင်၊ မရမ်းကုန်း၊ ရန်ကုန်။ ☎ ၀၁-၆၅၅၅၂၀၊ ၆၅၅၈၈၅၊ ၀၉-၅၆၀၀၁၂၃

ရုံးခွဲ(၁) - အမှတ်(၂၈၇)မြေညီထပ်၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်။ ☎ ၀၁-၃၇၇၆၁၅၊ ၀၉-၇၃၂၂၇၅၃၅၊ ၀၉-၂၄၅၀၇၈၃

ရုံးခွဲ(၂) - Gandamar Wholesale၊ မြေညီထပ်၊ ပြည်လမ်း နှင့် ကမ္ဘာအေးဘုရားလမ်းထောင့်၊ မရမ်းကုန်း၊ ရန်ကုန်။ ☎ ၀၁-၆၅၇၇၉၄၊ ၀၉-၅၆၀၀၄၄၅

ပျဉ်းမနားမြို့နယ်အသင်း(ရန်ကုန်)
(၁၈)ကြိမ်မြောက်၊ စုပေါင်းဝါဆိုသင်္ကန်းကပ်လှူပွဲဖိတ်ကြားလွှာ

ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ ဇေယျာသီရိမြို့၊ ရေဆင်းရွာ၊ အိမ်အမှတ် (၁၆၂) ဦးတင်မောင်မှ ပိုင်ဆိုင်ကြောင်း အဆိုပြုသည့်ပေ(၈၀×၇၅)မြေကွက်ကို ဦးတင်မောင်ထံမှ ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူက ဝယ်ယူရန်သဘောတူပြီးဖြစ်၍ ၎င်းမြေကွက်နှင့်ပတ်သက်ပြီး ရောင်းချရန်အပေါ် ကန့်ကွက်လိုသူရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ အထောက်အထားမူရင်းများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ဆက်လက်၍ အရောင်းအဝယ် အပြီးအပြတ်ပြုလုပ်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်မိုးမိုးခိုင် (LL.B)
အထက်တန်းရှေ့နေ(စဉ်-၃၁၃၆၂)
သစ်တပ်ကြီးရွာ၊ ဇေယျာသီရိမြို့နယ်၊
နေပြည်တော်
ဖုန်း-၀၉-၄၉၃၄၁၂၁၄

ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် BB/1770 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး (ရန်ကုန်အနောက်ပိုင်း)

သွေးသည် အသက်

ကြော်ငြာကဏ္ဍ

[illegible]

[illegible]

Ph: 09 450000787

[illegible]

ကံမမြို့နယ်အသင်း(ရန်ကုန်)
ဂုဏပူဇာ အခမ်းအနားနှင့် ဝါဆိုသင်္ကန်း ကပ်လှူဒါန်းပွဲကျင်းပမည်

နိုင်ငံတော်အစိုးရ၏ ၂၀၁၄ ခုနှစ် သာသနာတော်ဆိုင်ရာ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော် ဆက်ကပ်ပူဇော်ခြင်းခံရသော ကံမမြို့နယ် အင်ဖက်တောကျောင်း ဆရာတော်ကြီးနိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင် ဘဒ္ဒန္တစိတြဉာဏအား ဂုဏပူဇာပူဇော်ပွဲနှင့် ရန်ကုန်မြို့တွင် သီတင်းသုံးတော်မူသော ကံမမြို့နယ် ဇာတိဖွားကျောင်းထိုင်ဆရာတော်ကြီး(၁၈)ပါးတို့ကို (၁၅)ကြိမ်မြောက် ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းမည်ဖြစ်ပါ၍ အောက်ပါအစီအစဉ်အတိုင်း အသင်းသူ အသင်းသားများနှင့်တကွ ကံမမြို့နယ်သူ မြို့နယ်သားများအားလုံး တက်ရောက်ကြည်ညို လှူဒါန်းကုသိုလ်ယူနိုင်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

ကျင်းပမည့်ရက် - ၁၃၇၆ခုနှစ်၊ ဝါခေါင်လဆန်း(၁)ရက်
၂၇-၇-၂၀၁၄ရက်(တနင်္ဂနွေနေ့)

ကျင်းပမည့်အချိန် - နံနက် ၈နာရီ

ကျင်းပမည့်နေရာ - မဟာပုညောပကာရ ဓမ္မာရုံ
ကျောင်းကြီးလမ်း၊ ကြည့်မြင်တိုင်

(နေ့လယ်စာဖြင့် တည်ခင်းဧည့်ခံပါမည်။)

သီးသန့်လှူဖွယ်ပစ္စည်း/ဝတ္ထုငွေများ လှူဒါန်းလိုပါက အမှုဆောင်အဖွဲ့နှင့် ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

အလုပ်အမှုဆောင်အဖွဲ့
ကံမမြို့နယ်အသင်း(ရန်ကုန်)

ယာဉ်မောင်းအလိုရှိသည်

လိုင်စင်အနီ

ရန်ကုန်မြို့တွင်း၊ နယ်ကျွမ်းကျင်စွာ မောင်းနိုင်ရမည်။

စား၊ တည်း၊ ငြိမ်း

ဆက်သွယ်ရန် ဖုန်း-၀၁-၆၄၆၅၆၈၊ ၀၉-၅၀၀၉၅၇၂

[illegible]

ဖုန်း-681209, 681504, 682934, 09 73149922

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၈ဃ/၇၀၅၂၊ Ar Mathrn Thit.4T,P/U (4x2) R ယာဉ်လက်ဝယ်ရှိသူ ကရင်နှစ်ခြင်းအသင်းတော်က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)

ကန့်ကွက်ရန်ကြော်ငြာ

[illegible]

မိဘအမည်မှန်

ဖားကန့်၊ အထက၊ ပထမတန်း(A)မှ မောင်ကျော်ဇောလင်း၏ မိဘအမည်မှန်မှာ မော်ဝမ်းရပ်ကွက်၊ ၈/၃၄ နေ ဦးကိုလေး ၁/ကမန(နိုင်)၀၂၃၁၁၀ - ဒေါ်ညွန့်ညွန့်ရီ ၁/ကမန(နိုင်)၀၂၃၁၁၁ ဖြစ်ပါကြောင်း။

ဦးကိုလေး-ဒေါ်ညွန့်ညွန့်ရီ

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၂ဟ/၆၀၀၉၊ Shine Ray XY 250 T/W ယာဉ်လက်ဝယ်ရှိသူ ဒေါ်ခင်မာထွေး ၁၃/ကတန(နိုင်)၀၀၃၅၀၁က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသဖြင့်ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ပြည်နယ်ရုံး(ကျိုင်းတုံမြို့)

ကန့်ကွက်နိုင်ပါကြောင်း

တာမွေမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၄E၊ မြေကွက်အမှတ် ပဥ္စမတန်းစား (၈၁)၊ မြေကွက်တည်နေရာအမှတ် ၁၂၊ ကျောက်ရေတွင်းလမ်း၊ ကျောက်/ကြီးရပ်ကွက် (ဦးသန်းစီနှင့်ဒေါ်မြင့်မြင့်)အမည်ပေါက် နှစ် ၉၀ ဂရန်မြေအား အမည်ပေါက် ဦးသန်းစီ ကွယ်လွန်သဖြင့် ပူးတွဲအမည်ပေါက် ဒေါ်မြင့်မြင့် ၁၂/တမန(နိုင်)၀၂၀၇၄၉ က ဦးသန်းစီ၏ အစုအတွက် တရားဝင်ဇနီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန်နှင့် အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

အမည်ပြောင်း

ဦးအောင်မင်းစိန်၏သား ကျိုင်းတုံမြို့၊ အထက(၅)၊ နဝမတန်း(A)မှ မောင်ကျော်သူထွန်းအား မောင်ကျော်သိခ်နှင့် သတ္တမတန်း(C)မှ မောင်လမင်းကျော်အား မောင်ဝဏ္ဏရဲရင့်ဟု ပြောင်းလဲခေါ်ဆိုပါရန်။

[illegible]

[illegible]

ဆေးခန်းပြောင်းလဲဖွင့်လှစ်ခြင်း

[illegible] Myanmar Eye Centre [illegible] Myanmar Eye Services [illegible]

ဝန်ထမ်းအလိုရှိသည်

Myanmar Eye Centre [illegible]

(၁) Receptionist (၂) ဦး
(၂) Clinic Co-ordinator (၁) ဦး
(၃) Accountant (၁) ဦး
(၄) [illegible] (၂) ဦး

[illegible] Myanmar Eye Centre [illegible]

၉ တန်း၊ ၁၀ တန်း အင်္ဂလိပ်စာ အိမ်လိုက်သင်သည်။

ဖုန်း – ၀၁-၅၅၆၂၆၈၊ ၀၉-၅၁၄၃၃၅၀၅

Zu Fashion School

July, August တန်းခွဲအတွက် သင်တန်းသားများခေါ်ယူခြင်း

Basic Course - Basic pattern making, skirt, blouse
Section(1) - Tue,Thu,Sat
10:00 am to 3:00 pm(3 months)
Section(2) - Mon, Fri (patterns only)
1:30 pm to 4:30 pm

Basic Course သင်ကြားပြီးလျှင် one-piece dress,pants, jacket & drapping ကိုဆက်လက်သင်ကြားနိုင်ပါသည်။

အထက်ပါ Course များကို Japan နိုင်ငံ Bunka Fashion College မှ နည်းပညာဖြင့် သင်ကြားပေးပါသည်။

Drapping ကို Bunka Fashion College မှ အငြိမ်းစားပါမောက္ခ Asakura Yosuke နှင့်အတူ ပူးပေါင်းသင်ကြားပေးပါမည်။

ဂျပန်နိုင်ငံသို့ ဖက်ရှင်ပညာကို ဆက်လက်သင်ကြားလိုသူများအတွက် ကျောင်းလျှောက်ခြင်းကို ကူညီဆောင်ရွက်ပေးသည်။

contact at: Building C, 003/004, Yuzana st, Highway Complex, Kamaryut Township.

Tel : 09-49354612, 09-5065081

[illegible]

မြန်မာ့အလင်း

၂၀၁၄ခုနှစ်၊ ဇူလိုင် ၁၈ ရက်၊ သောကြာနေ့။

လူမှုစီးပွား

ဧယျာဝတီတိုင်းရှိမြို့နယ်တွင် ရေဆင်း ၁၀ စပ်မျိုးစေ့ထုတ် ပြောင်း စိုက်ပျိုးအောင်မြင်

စာ - ၃

ပြည်တွင်းရေးရာ

မိတ္ထီလာမြို့နယ် အလည်ရွာ ကျေးရွာတွင် လေးလက်မ စက်ရေတွင်းတူးဖော်

စာ - ၄

လူမှုစီးပွား

တရုတ်နိုင်ငံမှ ဝယ်လိုအားများမှုကြောင့် မြန်မာ့ဆန်ဈေး တက်လာ

စာ - ၆

ကြိုးကြာနီရဲ့ ရာသီသစ်နဲ့အတူ စောင့်ကြည့်ရမယ့် မာကိုဗစ်

မကြာသေးမီကမှ လူတိုင်းရင်ခုန်စိတ်လှုပ်ရှားစွာ စောင့်စားကြည့်ရှုခဲ့ကြတဲ့ ကမ္ဘာ့ဖလားပွဲကြီးဟာလည်း ပြီးဆုံးသွားခဲ့ပါပြီ။ ဒါကြောင့်လည်း ယခုအခါမှာတော့ ပရီမီယာလိဂ်ရဲ့ အပြောင်းအရွှေ့ဈေးကွက်ကလည်း စတင်ပြီး ပျားပန်းခပ်မျှလှုပ်ရှားမှုတွေနဲ့အတူ ပြန်လည်အသက်ဝင်လာခဲ့ပြီဖြစ်ပါတယ်။ ရာသီသစ်အတွက် အသင်းကြီးတွေသာမက အသင်းသေးတွေလည်း အင်အားဖြည့်တင်းမှုတွေ ပြုလုပ်နေကြပါတယ်။ အဲဒီထဲမှာတော့ ပြီးခဲ့တဲ့ရာသီက ဆုဖလားရရှိဖို့အထိ ခြိမ်းခြောက်နိုင်ခဲ့ပြီး ချန်ပီယံလိဂ်ဝင်ခွင့်ရရှိထားခဲ့တဲ့ လီဗာပူးအသင်းက အသင်းကနေထွက်ခွာသွားခဲ့တဲ့ တိုက်စစ်မှူး ဆွာရက်ဇ်ရဲ့နေရာမှာ အစားထိုးနိုင်ဖို့သာမက အသင်းရဲ့အင်အားကိုဖြည့်တင်းတဲ့အနေနဲ့ ကစားသမားသစ်တွေကို တရစပ်ကို ဝယ်ယူနေခဲ့ပါတယ်။

အခုအခါမှာတော့ လီဗာပူးအသင်းဟာ ဘင်ဖီကာအသင်းရဲ့ ဆားဘီးယားတိုက်စစ်မှူး မာကိုဗစ်ကို ပေါင်သန်း ၂၀ နဲ့ ခေါ်ယူလိုက်ပါတယ်။ တကယ်တော့ လီဗာပူးအသင်းအနေနဲ့ မာကိုဗစ်ကို ခေါ်ယူဖို့အတွက် ဘင်ဖီကာအသင်းကို ပေါင် ၁၀ သန်းသာ ပေးရပါတယ်။ ဘာဖြစ်လို့လဲဆိုရင် ဘင်ဖီကာအသင်းဟာ မာကိုဗစ်ကို တစ်ဝက်သာပိုင်ဆိုင်တာကြောင့် ဖြစ်ပါတယ်။ ကျန်တဲ့တစ်ဝက်ကိုတော့ သူ့ရဲ့အေးဂျင့် ဇာဟာဗီအပါအဝင်ဖြစ်တဲ့ super agent အဖွဲ့က ပိုင်ဆိုင်တာဖြစ်ပါတယ်။ ဒါကြောင့်လည်း လီဗာပူးအသင်းအနေနဲ့ ပေါင် ၁၀ သန်းကို super agent အဖွဲ့ကိုပေးလိုက်ပြီး တစ်ဦးတည်းပိုင်ရှင်အဖြစ် ဝယ်ယူလိုက်တာလည်းဖြစ်ပါတယ်။

တကယ်တော့ လီဗာပူးအသင်းအနေနဲ့ မာကိုဗစ်ကို ခေါ်ယူနိုင်ခဲ့တာဟာ ကံကောင်းလွန်းတယ်လို့လည်း ပြောရမှာပါ။ မာကိုဗစ်ဟာ ပြီးခဲ့တဲ့သုံးနှစ်ကြာကတည်းက လန်ဒန်ကလပ် ချယ်လ်ဆီးအသင်းကို ပြောင်းရွှေ့ဖို့အတွက် နှစ်ကြိမ်တိုင်အောင် နီးစပ်မှုရှိခဲ့ပြီး သဘောတူညီမှုရရှိခါနီးမှ ပျက်ပြယ်ခဲ့ တာလည်းဖြစ်ပါတယ်။ တကယ်လို့ မာကိုဗစ်ကို ချယ်လ်ဆီးအသင်းကသာ ကြားဖြတ်ပြီးခေါ်ယူခဲ့မယ်ဆိုရင်တော့ လီဗာပူးအသင်းအနေနဲ့ မာကိုဗစ်ကိုခေါ်ယူနိုင်ရေးက မသေချာနိုင်တော့လို့ပါ။ ဘာဖြစ်လို့လဲဆိုရင် ချယ်လ်ဆီးအသင်းဟာ ပြီးခဲ့တဲ့ရာသီကဆိုရင် လီဗာပူးအသင်းခေါ်ယူဖို့ ပစ်မှတ်ထားခဲ့တဲ့ ဝီလီယံနဲ့ ဆာလာတို့ကိုလည်း ကြားဖြတ်ခေါ်ယူသွားခဲ့တဲ့ သာဓကတွေရှိခဲ့လို့ပါ။ ဒါပေမယ့် မာကိုဗစ်ကို ချယ်လ်ဆီးအသင်းနည်းပြ မော်ရင်ညိုအနေနဲ့ သတိမပြုမိလိုက်တာလည်း ပါပါတယ်။

စာမျက်နှာ ၂ သို့



စောင့်ကြည့်ချင်စရာကောင်းတဲ့ ဂိုးမားရဲ့လားရာ

စာ-၂

အတွေးကမ္ဘာထဲက အယ်ကလက်စီကို

စာ-၇

မြန်မာ့အလင်း
၁၈-၇-၂၀၁၄ (သောကြာနေ့)

စောင့်ကြည့်ချင်စရာ ကောင်းတဲ့ ရိုးမားရဲ့လားရာ

အက်ရှ်လေကိုးလ်

ရိုးမား။ တစ်နည်းပြောရရင် စီးရီးအေမှာ စောင့်ကြည့်ချင်စရာအကောင်းဆုံး အသင်း။ အထူးသဖြင့် သူတို့ဟာ မနှစ်က ဘောလုံးရာသီမှာ စီးရီးအေပြိုင်ပွဲအတွင်း ဒုတိယရတယ်။ အဲဒီလို ဒုတိယရရာမှာလည်း တစ်ချိန်လုံး နောက်ကနေလိုက်ခဲ့တဲ့ အသင်းမဟုတ်ဘူး။ ချန်ပီယံဖြစ်သွားတဲ့ ဂျူဗင်တပ်စ်ကို အထိရောက်ဆုံး အန်တုနိုင်ခဲ့တယ်။ ပွဲစဉ် (၁၀) အထိ ပွဲတိုင်းနိုင်တယ်။ ပွဲစဉ် (၁၇) အထိ ရှုံးပွဲမရှိဘူး။ အထူးသဖြင့် ပွဲစဉ် (၃၅) ပြီးတဲ့အထိ သူတို့ဟာ နှစ်ပွဲတည်းရှုံးခဲ့တာ။ ပြောရမယ်ဆိုရင် မနှစ်က ရာသီမှာ သူတို့ဟာ ချန်ပီယံဆုကို လုယူနိုင်ခါနီးအထိ ထက်ထက်မြက်မြက် ရှိခဲ့တယ်ဆိုတော့။ သေချာတယ်၊ ဒီနှစ် သူတို့ရဲ့လားရာက ဘယ်လိုဖြစ်မလဲဆိုတာ သိပ်ပြီး စိတ်ဝင်စားဖို့ကောင်းတယ်။

အထူးသဖြင့် သူတို့မနှစ်က အသင်းကို အပြောင်းအလဲတော်တော်လေး လုပ်တယ်။ ကစားသမားအတော်များများကို ရောင်းထုတ်ပြီး ကစားသမား အတော်များများနဲ့ ပြန်ဖြည့်ထားတယ်။ ရောင်းတဲ့အထဲမှာ စတီကီလန်ဘတ်၊ မာတွင်းပရိစ်၊ အော့စ်ဗယ်ဒို၊ လာမယ်လာတို့ ပါတယ်။ ပြန်ဖြည့်တဲ့အထဲမှာ မိုင်ကွန်၊ ဂါဗင်ညို၊ အယ်ဂျာဂျစ်၊ စထရုမန်း၊ ဘီနာတီယာတို့ပါတယ်။ ရောင်းတာက ၁၄ ဦး။ ပြန်ဖြည့်တာက ၁၈ ဦး။ အသင်းတစ်သင်းလုံးရဲ့ အထိုင်ကို ပြောင်းလိုက်သလိုရှိပေမယ့် သူတို့ဟာ နည်းနည်းကလေးမှ မယိုင်ခဲ့ဘူး။ ပြီးတော့ အဲဒီလို အပြောင်းအလဲကြားမှာ သူတို့ဟာ ငွေကြေးအရလည်း အကျိုးအမြတ်ဖြစ်တယ်။ ရောင်းလို့ရတဲ့ စုစုပေါင်းဝင်ငွေက ယူရို ၁၁၇ သန်းကျော်။ အဲဒီငွေထဲကနေ ကစားသမား ၁၈ ဦးပြန်ခေါ်ပြီးချိန်မှာ သူတို့ဟာ ယူရို သန်း ၄၀ ကျော်အမြတ်ထွက်သွားတယ်။ ဒီတော့ သူတို့ကို အပြောင်းအရွှေ့ဈေးကွက်မှာ ပိုင်ပိုင်နိုင်နိုင်လှုပ်ရှားနိုင်သူတွေအဖြစ် သတ်မှတ်ထားတယ်။ အသင်းလည်းခြေစွမ်းပြနိုင်၊ ငွေကြေးလည်း အမြတ်ထွက်အောင် တစ်ချက်ခုတ် နှစ်ချက်ပြတ်အောင် လုပ်ဖို့ဆိုတာ မလွယ်ဘူးလို့ ယူဆကြတယ်။

ပြောချင်တာကတော့. . .။ သူတို့ဟာ မနှစ်က အဲဒီလို လုပ်ဆောင်နိုင်တယ်။ ဒီတော့ ဒီနှစ်ရော အဲဒီလိုဖြစ်မလား။ အဲဒီလို အဓိကထား စောင့်ကြည့်ကြတယ်။ ပြောရရင် သူတို့ဟာ ဒီနှစ်လည်း အပြောင်းအရွှေ့ဈေးကွက်မှာ ခြေလှမ်းသွက်တယ်။ ဗလင်စီယာကွင်းလယ်ကစားသမား ကီတာကိုခေါ်တယ်။ ချယ်လ်ဆီးခံစစ်မှူး အက်ရှ်လေကိုးလ်ကို ဖြည့်တယ်။ အေစီမီလန်က အီမန်နယ်ဆင်ကို ခေါ်တယ်။ ကက်ဂလီယာရီကစားသမား ဂိုလန်ကို အငှားနဲ့ခေါ်တယ်။ အဲဒီအတွက် ငွေလည်း သိပ်မကုန်ခဲ့ဘူး။ ကီတာ၊ အက်ရှ်လေကိုးလ်၊ အီမန်နယ်ဆင်တို့က အလွတ်ခေါ်ယူခဲ့သူတွေချည်းပဲ။ ဒီတော့ သူတို့ရဲ့ လုပ်ရပ်နဲ့ ခြေလှမ်းတွေကို ပိုပြီး စိတ်ဝင်စားကြတယ်။ သူတို့ရဲ့ အဲဒီလို ခြေလှမ်းတွေဟာ လက်တွေ့မှာရော အကျိုး ဖြစ်ပါ့မလားလို့ စောင့်ကြည့်ကြတယ်။

အထူးသဖြင့် ဒီနှစ် စီးရီးအေဟာ အရင်ကနဲ့ မတူနိုင်ဘူး။ မနှစ်က စီးရီးအေမှာ သူတို့ အဓိက ယှဉ်ရတာက ဂျူဗင်တပ်စ်တစ်သင်းပဲရှိခဲ့တယ်။ ဒီနှစ်ကျတော့ အဲဒီလိုမဟုတ်နိုင်ဘူး။ ပြောရရင် မီလန်နှစ်သင်းကလည်း မနှစ်က ကျရိုပ်ကို ပြန်ဖြည့်ဖို့ ခြေလှမ်းသွက်သွက်နဲ့ အားဖြည့်ထားကြတယ်။ အေစီမီလန်ဆိုရင် ပီအက်စ်ဂျီက ခံစစ်မှူး အဲလက်စ်နဲ့ ကွင်းလယ်စားသမား မီနက်ကို ခေါ်တယ်။ ဗလင်စီယာခံစစ်မှူး ရာမီ၊ ဆမ်ဒိုးရီးယားကွင်းလယ်ကစားသမား ပိုလီ၊ ပါးမားကွင်းလယ်ကစားသမား ဆာပိုနာရာတို့နဲ့လည်း အထိုင်ချထားတယ်၊ အားဖြည့်ထားတယ်။ အင်တာမီလန်ဆိုရင်ဥက္ကဋ္ဌ ကိုယ်တိုင်က အသွင်သစ်နဲ့ မြင်စေရမယ်လို့ ကတိပေးထားတယ်။ အဲဒီကတိစကားအတိုင်းလည်း အားဖြည့်မှုတွေကို ထိထိမိမိလုပ်ထားတယ်။

ရှုဘင်ကာဇန်ခံစစ်မှူး အမ်ဗီလာကို အငှားနဲ့ခေါ်တယ်။ ရိုးမားခံစစ်မှူး ဒိုဒို၊ တိုရီနိုဂိုးသမား ဘာနီ၊ မန်ယူခံစစ်မှူး ဗီဒစ်တို့နဲ့ အားဖြည့်ထားတယ်။ ဒီတော့ မီလန်နှစ်သင်းကိုလည်း မနှစ်ကလို လျှော့တွက်ထားလို့မရတော့ဘူး။ ပြီးတော့ နာပိုလီရဲ့ အန္တရာယ်ကလည်း ရှိသေးတယ်။ ပြောရရင် နာပိုလီဟာ သူတို့ထက်တောင် ကစားသမားအင်အားပိုင်း တောင့်တင်းမှုပိုရှိသလို မနှစ်ကတည်းကသူတို့နည်းတူ ဂျူဗင်တပ်စ်ကို အန်တုနိုင်ခဲ့တဲ့အသင်း။ ပြီးတော့ ခံစစ်မှူး ဂျူလီသာလီနဲ့ ထပ်ဖြည့်ထားတယ်။ ဆွမ်ဆီးတိုက်စစ်မှူး မီချူးကိုလည်း ရဖို့နီးနေပြီ။ ပြောချင်တာက ရာသီသစ်ဟာ ရိုးမားအတွက် ပြိုင်ဘက် အဝန်းအဝိုင်းက မနှစ်ကထက် ပိုကျယ်ပြန့်သွားတယ်။ ဒီတော့ မနှစ်ကလို အန်တုမှုမျိုး သူတို့ လုပ်နိုင်ပါတော့မလား။ စိတ်ဝင်စားဖို့ ကောင်းတယ်။ တွေးစရာ သိပ်ကောင်းတယ်။

အထူးသဖြင့် သူတို့ဟာ မနှစ်က စီးရီးအေမှာ ဒုတိယရတယ်။ အဲဒီအတွက် ရာသီသစ်မှာ သူတို့ဟာ ချန်ပီယံလိဂ်ဝင်ရမယ်။ ဒီတော့ သူတို့ ဖွင့်တိုက်ရမယ့် ပြိုင်ပွဲစစ်မျက်နှာပြင်ကလည်း ပိုပြီးတော့ များသွားတယ်။ မနှစ်က ပြိုင်ပွဲနှစ်ရပ်သာ ကစားခဲ့ရတဲ့သူတို့ဟာ ရာသီသစ်မှာ ပြိုင်ပွဲသုံးရပ်ခွဲရတော့မယ်။ ဒါကို သူတို့ ဘယ်လိုအန်တုမလဲ။ ပြိုင်ဘက်ဝန်းကျင်ကလည်း ပိုကျယ်ပြန့်၊ ပြိုင်ပွဲစစ်မျက်နှာက လည်းပိုများလာချိန်မှာ သူတို့ရဲ့ အင်အားကရော လုံလောက်ပြီလား။ အဲဒါကိုပဲ အားလုံးက စိတ်ပူကြတယ်။

တစ်ခုတော့ ရှိတယ်။ သူတို့ဟာ မနှစ်ကလောက် အပြောင်းအလဲ မများဘူး။ အဲဒီအတွက် သူတို့ဟာ မနှစ်ကထက် နားလည်မှု ပိုရှိလာနိုင်တယ်။ ပြီးတော့ အက်ရှ်လေကိုးလ်၊ အီမန်နယ်ဆင်၊ ကီတာတို့ရဲ့ ဦးဆောင်နိုင်အား။ အဲဒါကို သူတို့ရဲ့ စုစည်းမှုထဲ ပေါင်းထည့်ထားနိုင်တယ်ဆိုတော့။ ရိုးမားက အတွေးမှာ အစွန်းနှစ်ဖက် နင်းတယ်။ တစ်ဖက်က သူတို့ရဲ့ လှုပ်ရှားမှု၊ အားဖြည့်မှုတွေအပေါ် ကျေနပ်တယ်။ တစ်ဖက်ကကျတော့ ပြိုင်ဘက်တွေရဲ့ တိုးတက်လာနိုင်အား။ ပြိုင်ပွဲ စစ်မျက်နှာပြင် ပိုများလာနိုင်မှုတွေအရ သူတို့ကို သံသယရှိကြတယ်။ ဒီတော့ သူတို့ဘယ်လို ဖြစ်လာမလဲ။ စီးရီးအေမှာတော့ ရိုးမားက စောင့်ကြည့်ချင်စရာ အကောင်းဆုံး အသင်းဖြစ်နေတာ ငြင်းလို့မရဘူး။

■ လင်းဆက်

အတွေးကမ္ဘာထဲက အယ်ကလက်စီကို

ကမ္ဘာ့ဖလားက ပြီးပြီ။ အဲဒီမှာ ဥရောပဘောလုံးလောက လှုပ်လှုပ်ခတ်ခတ်ပြန်ဖြစ်တယ်။ အဓိကကတော့အပြောင်းအရွှေ့ အရောင်းအဝယ်။ အထူးသဖြင့် ကမ္ဘာ့ဖလား ပွဲဝင်ကစားသမားတွေရဲ့ ကမ္ဘာ့ဖလားပြိုင်ပွဲအပေါ် စိတ်နှစ်ထားမှုအရ အနည်ထိုင်ခဲ့တဲ့ အပြောင်းအရွှေ့ ဈေးကွက်က အခုကမ္ဘာ့ဖလားအပြီး သူတို့ရဲ့ အနာဂတ်အတွက် စဉ်းစားတွေးခေါ်မှု၊ ဆုံးဖြတ်ချက်ချမှုတွေကြားမှာ ပြန်ပြီး လှုပ်လှုပ်ခတ်ခတ် ဖြစ်လာတယ်။ ကမ္ဘာ့ဖလားရဲ့ ဗိုလ်လုပွဲအပြီးမှာတင် ဂျာမနီကွင်းလယ်ကစားသမား တိုနီခရူးစ်က သူ့ရဲ့အနာဂတ်နှင့်ပတ်သက်ပြီး

အတိအလင်း ဖွင့်ချတယ်။ ပြီးတော့ တစ်ပြိုင်နက် ခီဒီယာကလည်း အာဆင်နယ်ကို ရောက်မယ်ဆိုပြီး သတင်းတွေ ခိုင်ခိုင်မာမာထွက်လာတယ်ဆိုတော့။ သေချာတယ်။ ကမ္ဘာ့ဖလားပြိုင်ပွဲပြီးဆုံးခြင်းဟာ ဥရောပဘောလုံးလောကတစ်ခုလုံးကို ထိထိမိမိပုတ်နှိုးလိုက်သလိုဖြစ်မယ်။

အထူးသဖြင့် ဒီအပြောင်းအရွှေ့ဈေးကွက်မှာ ရီးရဲက သိပ်ပြီးငြိမ်နေလွန်းတယ်။ ဒါကို သဘာဝကျတဲ့ဖြစ်ရိုးဖြစ်စဉ်မဟုတ်ဘူးလို့ အားလုံးက ကောက်ချက်ချတယ်။ မုန်တိုင်းရဲ့ ရှေ့ပြေးနိမိတ်လေလားလို့ တွေးဆကြတယ်။ အထူးသဖြင့် လာလီဂါမှာ ဘာစီလိုနာနဲ့ ရီးရဲမက်ဒရစ်ရဲ့ အားပြိုင်မှုက နက်နဲပြင်းပြတယ်။ ဆုဖလားချင်း၊ ရပ်တည်မှုချင်းပြိုင်တယ်။ ကစားသမားချင်း၊ နည်းပြချင်း၊ ပရိသတ်ချင်းကအစ။ အစစအရာရာ ပြိုင်ဆိုင်နေကြတဲ့ ဒီနှစ်သင်းဟာ ကစားသမားအားဖြည့်မှုအပိုင်းမှာပါ အပြိုင်အဆိုင်သဘောရှိတယ်။ တစ်သင်းက ကစားသမားသစ်ခေါ်ပြီဆိုတာနဲ့ ကျန်တစ်သင်းကပါ ခေါ်နိုင်မှ။ တကယ်လို့မခေါ်နိုင်ရင် အဲဒီ အသင်းကို အဲဒီအသင်းရဲ့ ပရိသတ်က အစ မကျေနပ်ကြဘူး။ ဒါကို ဒီလိုအခြေအနေကြားမှာမှ ဘာကြောင့် ရီးရဲငြိမ်ချက်သားကောင်းနေသလဲ။ အဲဒါကိုပဲ သဘောမကျသလို ခံစားကြရတယ်။

ပြောရရင် ရီးရဲမလုပ်သလို ဘာစီလိုနာကလည်း မလုပ်ရင်တော့ ပြဿနာမရှိဘူး။ အခုဘာစီလိုနာက ဈေးကွက်မှာ အတော်လေး ထိထိမိမိရှိတယ်။ ပြောင်းလဲမှုကို ဟန်ချက်တစ်ခုနဲ့ ထိန်းထားနိုင်တယ်။ ဖာဘရီဂတ်စ်နဲ့ ဆန်းချက်ဇ်ကို ရောင်းပြီး ရာကီတစ်နဲ့ ဆွာရက်ဇ်ကို ပြန်ပြီးခေါ်တယ်။ ဗဲလ်ဒက်စ်၊ ပင်တိုတို့ရဲ့ နေရာမှာ စတီဂန်၊ ဘရာဗိုတို့နဲ့ ပြန်ပြီးဖြည့်တယ်။ လိုသေးတာဆိုလို့ နားသွားတဲ့ ပူယိုးလ်ရဲ့ နေရာပဲကျန်တယ်။ အဲဒီအတွက်လည်း ပီအက်စ်ဂျီက မာကွင်ဟိုကို လိုက်နေတယ်။ ပြောချင်တာက အပြောင်းအရွှေ့ဈေးကွက်မှာ ဘာစီလိုနာရဲ့ လျှောက်နိုင်စွမ်းအား။ ပြီးတော့ အဲဒီလိုအခြေအနေမျိုးမှာတောင် တစ်လမ်းမှမလှမ်းရသေးတဲ့ ရီးရဲရဲ့အခြေအနေ ဘာကြောင့်လဲ၊ ဘာအတွက်လဲ၊ မဖြစ်မနေတွေးရတော့မယ့်ပုစ္ဆာလို့ မြင်ကြတယ်။

အထူးသဖြင့် တိုနီခရူးစ်ပြောခဲ့တဲ့စကားက စဉ်းစားစရာသိပ်ကောင်းတယ်။ ကမ္ဘာ့ဖလားဗိုလ်လုပွဲအပြီးမှာ ရီးရဲကိုပြောင်းမယ်လို့ ဖွင့်ချလာတဲ့ အခါ တကယ်ပဲရီးရဲဟာ ကမ္ဘာ့ဖလားအပြီးကို စောင့်နေခဲ့တာလား။ ပြောရရင် ရီးရဲဟာ လုံးဝမလှုပ်ခဲ့တာမျိုးတော့ မဟုတ်နိုင်ဘူး။ သူတို့ရဲ့ခြေလှမ်းတွေကို မမြင်နိုင်ခဲ့ကြတာလို့ ပြောရင်တောင် ရတယ်။ တကယ်တော့ တိုနီခရူးစ်ကို ခေါ်ဖို့ အဓိကရည်ရွယ်ခဲ့တာက မန်ယူ။ ရီးရဲက ခေါ်ချင်တယ်ဆိုတာလောက်ပဲ အသံထွက်ခဲ့တာ။ ဒါပေမယ့် လက်တွေ့မှာ တိုနီခရူးစ်ရဲ့ နှုတ်က ရီးရဲမက်ဒရစ်ကိုပြောင်းမယ်ဆိုတော့ ရီးရဲမက်ဒရစ်ရဲ့ မမြင်နိုင်တဲ့ လှုပ်အားကိုလည်း လျှော့တွက်လို့ မရတော့ဘူး။ ပြီးတော့ အဲဒီအချက်နဲ့ ဆက်နွှယ်ပြီးတွေးရင် ဖယ်ကာအို၊ ဂျိမ်းစ်ရိုဒရီဂွက်ဇ်ကို ခေါ်မယ်လို့ ထွက်နေတဲ့အသံတွေကိုရော မေ့ထားလို့ရနိုင်ပါတော့မလား။ ဖြစ်မလာနိုင်ဘူးလို့ရော ယတိပြတ်ပြောနိုင်မလား။ တကယ်လို့ လက်တွေ့ဖြစ်လာပြီဆိုရင်လည်း အယ်ကလက်စီကိုက ရာသီသစ်မှာ အသွင်သစ်နဲ့ စိတ်ဝင်စားဖို့ သိပ်ကောင်းလိမ့်မယ်။

တခြားမကြည့်နဲ့ ဖြစ်တည်လာနိုင်တဲ့ အဲဒီနှစ်သင်းရဲ့တိုက်စစ် အစုအဝေးကိုပဲကြည့်။ ဘာစီလိုနာက မက်ဆီ၊ နေမာ၊ ဆွာရက်ဇ်၊ ရီးရဲက ဖယ်ကာအို၊ ရော်နယ်ဒို၊ ဘေးလ်၊ ခရူးစ် အဲဒီအစီအစဉ်တွေသာ လက်တွေ့ဖြစ်ခဲ့ရင် အဲဒီနှစ်သင်းရဲ့ ပွဲထွက်စာရင်းက ဒီလိုတောင် ဖြစ်လာနိုင်တယ်။

ထားတော့။ အဲဒီအထဲက ရီးရဲ ဘက်အခြမ်းမှာ ခီဒီယာက ထွက်ဖို့ရှိနေတော့ ခီဒီယာကို ထည့်မတွက်ရင်တောင် ရီးရဲမှာ အစ္စကိုရှိသေးတယ်။ အီလာရာမန်ဒီရှိသေးတယ်။ အဲဒီ နှစ်ဦးစလုံး ဘယ်သူကိုသုံးသုံး ခီဒီယာထက် မနိမ့်ဘူး။ အလွန်ဆိုကလည်း ရံပေးဦးမှာဆိုတော့ တိုနီခရူးစ် ပေါင်းထုပ်လာနိုင်ခြင်းဟာ ရီးရဲကွင်းလယ်ကို သိပ်ပြီး တောင့်သွားစေနိုင်တယ်။ အရင်က မိုဒရစ်တစ်ဦးတည်း တိုက်စစ်ကို ပံ့ပိုးနိုင်သူရှိတဲ့ အခြေအနေ။ မိုဒရစ်၊ တိုနီခရူးစ်တို့ နှစ်ဦးရဲ့ ပံ့ပိုးအားကိုရမယ်။ ပြီးတော့ ဖယ်ကာအိုဆိုတာက လာလီဂါနဲ့အသားကျပြီးသားသူ။ အက်သလက်တီကိုမှာ ရှိစဉ်က နှစ်ရာသီကို ဂိုးပေါင်း ၇၀ ထိ သွင်းတယ်။ အဲဒီအထဲမှာ လာလီဂါ သွင်းဂိုးချည်းပဲ ၅၂ ဂိုးပါတယ်။ အဲဒါကို ရိုနယ်ဒို၊ ဘေးလ်တို့ရဲ့တိုးအား၊ အဆုံးသတ်၊ တိုနီခရူးစ်၊ မိုဒရစ်တို့ရဲ့ ပံ့ပိုးနိုင်မှုတွေနဲ့ပါ ပေါင်းကြည့်။ ရီးရဲတိုက်စစ်က သိပ်ကြောက်စရာကောင်းသွားမယ်။

ဒါဆိုရင် ဘာစီလိုနာဘက်ခြမ်းကရော သူတို့လည်း စိတ်လှုပ်ရှားစရာကောင်းတယ်။ နေမာ၊ မက်ဆီ၊ ဆွာရက်ဇ်၊ အဲဒီ တောင်အမေရိက တိုက်စစ်အတွဲအဖက်က အားလုံးထိပ်တန်း။ တစ်ဦးချင်းစွမ်းရည် အပြည့်ရှိကြတယ်။ အားလုံးအဆုံးသတ် အားကောင်းတယ်။ မနှစ်ကဆိုရင် ဆွာရက်ဇ်က ပရီမီယာလိဂ် ဂိုးသွင်းဘုရင်ဖြစ်တယ်။ စုစုပေါင်း ၃၁ ဂိုးသွင်းတယ်။ မက်ဆီ၊ နေမာတို့က နှစ်ဦးပေါင်း ၅၆ ဂိုးသွင်းတယ်။ အရှင်းဆုံးပြောရရင် သူတို့ကို ပံ့ပိုးပေးမယ့် အင်နီယေစတာလို ကစားသမားမျိုးကလည်းရှိတယ်။ ပြီးတော့ မာရှေယာနို။ သူကကမ္ဘာ့ဖလားမှာ ကွင်းလယ်ကစားသမားကောင်း ပီသကြောင်းကို အသိပေးတင်ပြခဲ့ပြီးတဲ့သူ။ တကယ်လို့ ဘာစီလိုနာသာ ခံစစ်မှူး နှစ်ဦးလောက် အားဖြည့်နိုင်ခဲ့ရင် မာရှေယာနို ကွင်းလယ်မှာထား သုံးလာနိုင်တယ်။ တကယ်လို့ မာရှေယာနိုကိုသာ ကွင်းလယ်မှာသုံးခဲ့ရင် ဘက်စကွက်၊ မာရှေယာနို၊ အင်နီယေစတာတို့ရဲ့ ကွင်းလယ်အား သိပ်ပြီး ကောင်းသွားမယ်။ အမြတ်ရော၊ အပိုရော အားဖြည့်သွားမယ်။ ရာကီတစ်ဆိုတာကလည်း အဆုံးသတ်ရော ဖန်တီးပေးနိုင်မှုပါ အားကိုးရတဲ့သူ။ ဒီတော့ ဘာစီလိုနာရဲ့ ကွင်းလယ်နဲ့ တိုက်စစ်ကလည်း သိပ်ပြီး ထက်မြက်လာမယ်။ ရီးရဲကလည်း သူတို့ရဲ့ ပစ်မှတ်တွေသာ ထိခဲ့ရင် ပြောခဲ့ပြီးသလို အားကောင်း မောင်းသန်ပြန်ဖြစ်မယ်။

ဒီတော့ ကမ္ဘာ့ဖလားပြီးဆုံးခြင်းဟာ အနည်ထိုင်နေတဲ့ ဥရောပဘောလုံးလောကကို ပုတ်နှိုး လိုက်သလိုဖြစ်မယ်။ အဲဒီအထဲမှာမှ ငြိမ်နေတဲ့ ရီးရဲ၊ ဘယ်အထိ သွက်လာမလဲ။ လက်ရှိဖြစ်နေတဲ့ အဖြစ်အပျက်တွေအရတော့ အယ်ကလက်စီကိုဟာ စောင့်ကြည့်ချင်စရာ သိပ်ပြီး ကောင်းနေသလို တွေးစရာလည်း သိပ်ကောင်းနေတယ်။

■ ဝေမိုးဆက်

မာကိုဗစ်

ကြိုးကြာနီရဲ့ ရာသီသစ်နဲ့အတူစောင့်ကြည့်ရမယ့် မာကိုဗစ်မှ

ဒါပေမယ့် လီဗာပူးအသင်း မန်နေဂျာ ရော်ဂျာဟာ ဒီနှစ်မှာတော့ အသင်းအတွက် အကောင်းဆုံးပြင်ဆင်မှုတွေကိုတော့ ပြုလုပ်နေပါတယ်။ ဒါကြောင့်လည်း မာကိုဗစ်ကိုမခေါ်ယူခင်ကတည်းက ရစ်ကီလမ်းဘတ်၊ လာလာနာ၊ အီမာရီကန်တို့ကို ခေါ်ယူဖို့အတွက် ယူရိုသန်း ၅၀ အထိ သုံးစွဲထားတာကိုလည်းတွေ့ရမှာပါ။ ဒ့ါအပြင် အခုအချိန်မှာတော့ ပြင်သစ်ကလပ် လိုင်လီအသင်းရဲ့ ဘယ်လ်ဂျီယံတိုက်စစ်မှူး အိုရီဂီအား ဆက်လက်ခေါ်ယူနိုင်ဖို့အတွက် ဆွေးနွေးမှုတွေပြုလုပ်နေပါတယ်။အခုလက်ရှိအချိန်မှာတော့ လီဗာပူးအသင်းကို ပြောင်းရွှေ့ကစားခွင့်ရရှိခဲ့တဲ့ မာကိုဗစ်ကတော့ အသင်းရဲ့ ဝက်ဘ်ဆိုက်မှာ “အခုလို ထိပ်တန်းအသင်းကြီးကို ပြောင်းရွှေ့ကစားရတဲ့အတွက် အလွန်ပဲပျော်ရွှင်မိနေပါတယ်။ အသင်းဖော်တွေ၊ နည်းပြနဲ့ ပရိသတ်တွေဆီကနေ အားပေးထောက်ခံမှုတွေ အပြည့်အဝရရှိနိုင်ဖို့ကိုတော့ မျှော်လင့်မိပါတယ်။ ကျွန်တော့်အနေနဲ့ အသင်းမှာ အကောင်းဆုံး ပါဝင်ကစားနိုင်ဖို့အတွက် မစောင့်နိုင်လောက်အောင်ကို ဖြစ်နေမိပါတယ်”ဟု ပြောဆိုခဲ့ပါတယ်။

ဒါတင်မကပါဘူး မာကိုဗစ်က သူ့အနေနဲ့ လီဗာပူးအသင်းကိုပြောင်းရွှေ့လာရတဲ့ ရည်ရွယ်ချက်နဲ့ပတ်သက်ပြီး “ကျွန်တော်ဟာ ပြီးခဲ့တဲ့တစ်ရာသီလုံး ပေါ်တူဂီမှာနေပြီး လီဗာပူးအသင်းရဲ့ပွဲတိုင်းကို ကြည့်ဖြစ်ပါတယ်။ သူတို့ဟာ ပွဲတိုင်းနီးပါးကို အကောင်းဆုံး ကစားနိုင်ခဲ့ပါတယ်။ ဒါပေမယ့် ဆုဖလား မရနိုင်ခဲ့တာကတော့ စိတ်မကောင်းစရာပါပဲ။ ဒါပေမယ့် ဒီနှစ်ရာသီမှာတော့ ဆုဖလား ရရှိနိုင်လိမ့်မယ်လို့တော့ မျှော်လင့်မိပါတယ်။ ကျွန်တော်ဟာ ပါတီဇန်အသင်းမှာ ကစားခဲ့စဉ်တုန်းကလည်း ဆုဖလားရရှိခဲ့ပါတယ်။ ဘင်ဖီကာမှာ ကစားတော့လည်း ဆုဖလားရရှိခဲ့တာပါပဲ။ အခုလီဗာပူးကို ပြောင်းရွှေ့တော့လည်း ဆုဖလားရရှိဖို့ကို ဆန္ဒရှိနေပါတယ်။ ရရှိလိမ့်မယ်လို့လည်း ၁၀၀ ရာခိုင်နှုန်းအပြည့် ယုံကြည်နေပါတယ်”လို့ ပြောဆိုခဲ့ပါတယ်။

တကယ်တော့ မာကိုဗစ်ကို အဓိက ခေါ်ယူဖို့ စိတ်ဝင်စားနေပြီးအသင်းကို အရခေါ်ယူခဲ့တဲ့သူကတော့ လီဗာပူးအသင်းနည်းပြ ရော်ဂျာပဲဖြစ်ပါတယ်။ ဒါကြောင့်မို့လည်း ရော်ဂျာက သူနဲ့ပတ်သက်ပြီး “မာကိုဗစ်ဟာ ပြီးခဲ့တဲ့ရာသီကဆိုရင် ဘင်ဖီကာအသင်းမှာ အကောင်းဆုံး ခြေစွမ်းပြသကစားနိုင်ခဲ့တဲ့သူပါ။ ဒ့ါအပြင် သူဟာ ဥရောပပြိုင်ပွဲတွေမှာလည်း အကောင်းဆုံးကစားနိုင်တာကိုတွေ့ရပါတယ်။ ဒါကြောင့် အသင်းရဲ့ ပြည်တွင်းပြိုင်ပွဲတွေမှာသာမက ပြည်ပပြိုင်ပွဲတွေမှာပါ အသင်းအတွက် အဓိကကစားသမားအဖြစ် ရှိလာမှာ သေချာပါတယ်။ သူဟာ အသင်းရဲ့ ဘယ်နေရာမဆို ထားကစားနိုင်တဲ့ ကစားသမားတစ်ဦးလည်းဖြစ်ပါတယ်။ ဒါပေမယ့် ကျွန်တော်ကတော့ သူ့ကို တိုက်စစ်ပိုင်းမှာပဲ အဓိကထား ကစားသွားမှာပါ။ သူဟာ အသင်းရဲ့ ကစားကွက်နဲ့ အံဝင်ခွင်ကျမှာလည်း သေချာပါတယ်” လို့ ပြောဆိုခဲ့ပါတယ်။

ဒါကြောင့်လည်း ဆားဘီးယား တိုက်စစ်မှူးမာကိုဗစ် တစ်ယောက်ဟာ လီဗာပူးအသင်းနဲ့အတူ အံဝင်ခွင်ကျမှုရှိပြီး အသင်းနဲ့အတူ အောင်မြင်မှုတွေကို ရယူနိုင်မလားဆိုတာကတော့ ကြိုးကြာနီတွေရဲ့ ရာသီသစ်နဲ့အတူ စောင့်ကြည့်ရမယ့် ကစားသမားအဖြစ် ရှိနေပါတယ်။

■ အောင်က

၂၀၁၄ ခုနှစ် အမေရိကန်အိုးပင်း၌ ဆုကြေးငွေ တိုးမြှင့်ပေးအပ်မည်

၂၀၁၄ ခုနှစ် အမေရိကန်အိုးပင်း အမျိုးသား၊ အမျိုးသမီးတစ်ဦးချင်းပြိုင်ပွဲများတွင် ချန်ပီယံဆု ရရှိသူများအား ဆုကြေးငွေ ပေါင် ၁ ဒသမ ၈ သန်း ပေးအပ်သွားမည်ဖြစ်ကြောင်း သတင်းများတွင် ရေးသားဖော်ပြထားသည်။ အဆိုပါဆုကြေးငွေသည် ၁၈၈၁ ခုနှစ်တွင် စတင်ကျင်းပခဲ့သည့် အမေရိကန်အိုးပင်းတင်းနစ်ပြိုင်ပွဲ သမိုင်းကြောင်း၌ တစ်ဦးချင်းပြိုင်ပွဲများ၏ ချန်ပီယံများကို ပေးအပ်ချီးမြှင့်သည့် ဆုကြေးငွေများ အနက် အများဆုံးပမာဏဖြစ်သည်။

ယခုနှစ် အမေရိကန်အိုးပင်းတင်းနစ်ပြိုင်ပွဲ၌ ချီးမြှင့်မည့် စုစုပေါင်း ဆုကြေးငွေပမာဏမှာ ပေါင် ၂၂ ဒသမ ၄ သန်း ဖြစ်ကြောင်း၊ အဆိုပါ ဆုကြေးငွေပမာဏသည် ပြီးခဲ့သည့်နှစ် အမေရိကန်အိုးပင်းတင်းနစ်ပြိုင်ပွဲ၌ ချီးမြှင့်ခဲ့သည့် ဆုကြေးငွေပမာဏထက် ပေါင် ၂ ဒသမ ၄ သန်း၊ ရာခိုင်နှုန်းအားဖြင့် ၁၁ ဒသမ ၇ ရာခိုင်နှုန်း မြင့်တက်လာခြင်းဖြစ်ကြောင်း ပြိုင်ပွဲကျင်းပရေးတာဝန်ရှိသူတစ်ဦးက ထုတ်ဖော်ပြောဆိုခဲ့သည်။

ယမန်နှစ် အမေရိကန်အိုးပင်းတင်းနစ်ပြိုင်ပွဲ၏ အမျိုးသား တစ်ဦးချင်းပြိုင်ပွဲတွင် စပိန်နိုင်ငံသား ရာဖေးလ်နာဒယ်လ်ကလည်းကောင်း၊ အမျိုးသမီး

တစ်ဦးချင်းပြိုင်ပွဲတွင် အမေရိကန်နိုင်ငံသူ ဆီရီနာဝီလျံကလည်းကောင်း အနိုင်ရဗိုလ်စွဲခဲ့ကြသည်။

ဂရင်းဆလမ်းပြိုင်ပွဲများအနက်မှ တစ်ခုဖြစ်သည့် ယခုနှစ် အမေရိကန်အိုးပင်းတင်းနစ်ပြိုင်ပွဲကို လာမည့် ဩဂုတ် ၂၅ ရက်မှ စက်တင်ဘာ ၈ ရက်အထိ ကျင်းပသွားမည်ဖြစ်သည်။

လင်းဆက်

နေပြည်တော်ကောင်စီနယ်မြေ

ဇေယျာသီရိမြို့နယ်တွင် ရေဆင်း ၁၀ စပ်မျိုးစေ့ထုတ်ပြောင်း စိုက်ပျိုးအောင်မြင်

နေပြည်တော်ကောင်စီနယ်မြေ ဥတ္တရသီရိ ခရိုင် စိုက်ပျိုးရေးဦးစီးဌာနနှင့် ဇေယျာသီရိမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနတို့မှ ၎င်းတို့နယ်မြေအတွင်းရှိ တောင်သူများကို ဝင်ငွေနှစ်ဆတိုးစေရန်နှင့် ကျေးရွာတစ်ရွာ သီးနှံထုတ်ကုန်တစ်မျိုး စိုက်ပျိုးထုတ်လုပ်နိုင်ရန် အထွက်နှုန်းကောင်း မျိုးကောင်းမျိုးသန့်များ ပြောင်းလဲရွေးချယ်စိုက်ပျိုးရေး၊ ခေတ်မီစိုက်နည်းစနစ်များဖြင့် စိုက်ပျိုးနိုင်ရေးတို့ကို လက်တွေ့ လမ်းညွှန်ကူညီဆောင်ရွက်ပေးလျက်ရှိရာ ဇေယျာသီရိမြို့နယ် သစ်တပ်ကျေးရွာအုပ်စု၊ သပြေပင်ကျေးရွာ တောင်သူ ဒေါ်မူ ပိုင်ဆိုင်သော ကွင်းအမှတ် ၁၆၁၈၊ ဦးပိုင် ၆၆/၄(ယာ)တွင် ရေဆင်း ၁၀ စပ်မျိုးအစေ့ထုတ်ပြောင်း မျိုးများ ဖြစ်ထွန်း အောင်မြင်နေသည်ကို တွေ့ရသည်။

ယခင်က မိမိတို့စိုက်ပျိုးခဲ့သော ဒေသပြောင်းမျိုးများမှာ တစ်ဧကလျှင် တင်း ၃၀ မှ ၄၀သာထွက်ရှိပြီး သမားရိုးကျစိုက်နည်းဖြင့်သာ စိုက်ခဲ့၍ တွက်ခြေကိုက်ခြင်းမရှိခဲ့ကြောင်း ပြောသည်။ ယခုအခါစိုက်ပျိုးရေးဦးစီးဌာန၏ နည်းပညာအကူအညီများ ရရှိပြီးသည့်အခါတွင် အဆိုပါရေဆင်း ၁၀ စပ်မျိုးကို ဇွန် ၁၂ ရက်က စတင်စိုက်ပျိုးခဲ့ရာ အဖူးများ ညီညာစွာဖူး၍ အောင်မြင်လျက်ရှိသည်ကို တွေ့ရကြောင်း၊ ရေဆင်း ၁၀ စပ်မျိုးအစေ့ထုတ်ပြောင်း၏သက်တမ်းမှာ ရက် ၁၀၅-၁၁၀ ရှိပြီး လာမည့်စက်တင်ဘာလတွင် ခုတ်သိမ်းရမည်ဖြစ်ကြောင်း၊ တစ်ဧကကုန်ကျစရိတ် ငွေကျပ် ၁၀၀၀၀၀ ရင်းနှီးပြီး တစ်ဧကတင်း ၈၀ ခန့်ထွက်ရှိမည်ဖြစ်၍ ပေါ်ဦးပေါ်ဖျားကာလတွင် တစ်တင်းလျှင် ငွေကျပ် ၈၀၀၀ ကျပ်ခန့်ရရှိရန် ခန့်မှန်းထားကြောင်း သပြေပင်ကျေးရွာမှ တောင်သူ ဒေါ်မူက ပြောကြားခဲ့သည်။

နိုင်ငံတော်၏ လယ်ယာကဏ္ဍများ တစ်ချိန်တည်းတစ်ပြိုင်တည်း ဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် နေပြည်တော်ကောင်စီနယ်မြေကိုဗဟိုပြု၍ တောင်သူပညာပေး စိုက်ကွင်းများလည်း ထူထောင်ပြသပေးလျက်ရှိကာ ပြည်ထောင်စုအစိုးရ၏အပိုင်း၊ ဌာနဆိုင်ရာဝန်ထမ်းများ၏အပိုင်း၊ တောင်သူလယ်သမားများ၏အပိုင်းဟူ၍ရှိရာတွင် ယခုလက်ရှိ ဇေယျာသီရိမြို့နယ်အတွင်း စိုက်ပျိုးထားသည့် ဧကမှာ ၂၈၇၅ ဧကနှင့် စိုက်ပျိုးရန် သတ်မှတ်လျာထားဧက ၁၇၀၀ ရှိပြီး လျာထားချက်ထက် ကျော်လွန်စွာစိုက်ပျိုးလာသည့် တောင်သူများကို နိုးကြားတက်ကြွစွာ တွေ့မြင်ရသည်။ ပြည်ပနိုင်ငံများသို့ ပြောင်းသီးနှံတင်ပို့ရောင်းချရာတွင် အိမ်နီးချင်းတရုတ်နိုင်ငံသို့ ၈၀ ရာခိုင်နှုန်းခန့် တင်ပို့လျက်ရှိကြောင်း ခရိုင်ဦးစီးမှူးထံမှ သိရသည်။

ကိုပေါက်(ဥက္ကာမြေ)

အိမ်သုံးမီတာ၊ အိမ်သုံး/စက်မှုသုံးပါဝါမီတာ၊ ထရန်စဖော်မာများ သတ်မှတ်ချက်နှင့်အညီ တပ်ဆင်ပေးလျက်ရှိ

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဓာတ်အားသုံးစွဲမည့်သူများသို့ မီတာများနှင့် ထရန်စဖော်မာများ လျှောက်ထားမှုနှင့်ပတ်သက်၍ မြန်ဆန်စွာတပ်ဆင်အသုံးပြုနိုင်ရန် အလေးထားဖြေလျှော့ဆောင်ရွက်လျက်ရှိကြောင်း အသိပေးကြေညာခြင်း

အိမ်သုံးမီတာ၊ အိမ်သုံး/စက်မှုသုံး ပါဝါမီတာ၊ ထရန်စဖော်မာများ လျှောက်ထားပါက သတ်မှတ်ချက်များနှင့်ပြည့်စုံသော လျှောက်လွှာများအတွက် အိမ်သုံးမီတာနေ့ချင်းပြီးနှင့် လျှောက်ထားပြီး နောက်တစ်ရက်အပြီးတွင်လည်းကောင်း၊ အိမ်သုံး/စက်မှုသုံး ပါဝါမီတာကို လျှောက်ထားပြီး ငါးရက်အတွင်းတွင်လည်းကောင်း တပ်ဆင်ပေးလျက်ရှိပါသည်။ ထို့အပြင် ထရန်စဖော်မာကိုလျှောက်ထားပြီး တစ်လအတွင်းတွင်လည်းကောင်း၊ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်၏လုပ်ငန်းခွင့်ပြုမိန့်ဖြင့် ဆောင်ရွက်သော ရင်းနှီးမြှုပ်နှံမှုအတွက် ထရန်စဖော်မာကို လျှောက်ထားပြီး ငါးရက်အတွင်းတွင်လည်းကောင်း စိစစ်ပြီး ခွင့်ပြုမိန့်ထုတ်ပေးလျက်ရှိပါသည်။ ငွေပေးသွင်းရမည့် နှုန်းထားများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

ဇယား(၁)အိမ်သုံးမီတာအတွက် ပေးသွင်းရမည့်နှုန်းထားများ

စဉ်	အကြောင်းအရာ	Digital မီတာပေးသွင်းရမည့် နှုန်းထား(ကျပ်)
၁	မီတာသတ်မှတ်ကြေး	၆၅,၀၀၀
၂	မီတာပုံးခွံ	၁၅,၀၀၀
၃	အာမခံစပေါ်ငွေ	၄,၀၀၀
၄	ကြိုးသွယ်ခ	၂,၀၀၀
၅	မီးဆက်ခ	၂,၀၀၀
၆	ကြီးကြပ်ခ	၁,၀၀၀
၇	မှတ်ပုံတင်ကြေး	၁,၀၀၀
	စုစုပေါင်း	**၉၀,၀၀၀**

ဇယား(၂) အိမ်သုံးပါဝါမီတာအတွက် ပေးသွင်းရမည့်နှုန်းထားများ

စဉ်	မီတာအမျိုးအစား	သတ်မှတ်ကြေး (ကျပ်)	အာမခံစပေါ်ငွေ (ကျပ်)	ကြိုးသွယ်ခ/ဆက်ခ (ကျပ်)	မှတ်ပုံတင်ကြေး (ကျပ်)	Composit Box (ကျပ်)	စုစုပေါင်း (ကျပ်)
၁	၁၀ကီလိုဝပ်	၈၀၀,၀၀၀	၄,၀၀၀	၆,၀၀၀	၂,၀၀၀	၃၄,၀၀၀	၈၄၆,၀၀၀
၂	၂၀ကီလိုဝပ်	၁၀၀,၀၀၀၀	၄,၀၀၀	၆,၀၀၀	၂,၀၀၀	၃၄,၀၀၀	၁၀၄,၆၀၀၀
၃	၃၀ကီလိုဝပ်	၁၂၀,၀၀၀၀	၄,၀၀၀	၆,၀၀၀	၂,၀၀၀	၃၄,၀၀၀	၁၂၄,၆၀၀၀

မှတ်ချက်။ ။ အထက်ပါနှုန်းထားများနှင့်အတူ ပါဝါမီတာအရွယ်အစား (ကီလိုဝပ်)အလိုက်ပေးသွင်းရမည့်ကြီးကြပ်ခမှာ အလုပ်ရုံအတွင်း ဝိုင်ယာသွယ်တန်းတပ်ဆင်ခ၏ ၁၅ ရာခိုင်နှုန်းပေးသွင်းရမည် ဖြစ်ပါသည်။

ဇယား(၃)စက်မှုသုံးပါဝါမီတာအတွက် ပေးသွင်းရမည့်နှုန်းထားများ

စဉ်	မီတာအမျိုးအစား	သတ်မှတ်ကြေး (ကျပ်)	အာမခံစပေါ်ငွေ (ကျပ်)	ကြိုးသွယ်ခ/ဆက်ခ (ကျပ်)	မှတ်ပုံတင်ကြေး (ကျပ်)	Composit Box (ကျပ်)	စုစုပေါင်း (ကျပ်)
၁	၁၀ကီလိုဝပ်	၈၀၀,၀၀၀	၈၂,၅၀၀	၈,၀၀၀	၂၀,၀၀၀	၃၄,၀၀၀	၉၄၄,၅၀၀
၂	၂၀ကီလိုဝပ်	၁၀၀,၀၀၀၀	၁၅၇,၅၀၀	၈,၀၀၀	၂၀,၀၀၀	၃၄,၀၀၀	၁,၂၁၉,၅၀၀
၃	၃၀ကီလိုဝပ်	၁၂၀,၀၀၀၀	၂၃၂,၅၀၀	၈,၀၀၀	၂၀,၀၀၀	၃၄,၀၀၀	၁,၄၉၄,၅၀၀

မှတ်ချက်။ (က) အထက်ပါနှုန်းထားများနှင့်အတူ ပါဝါမီတာအရွယ်အစား(ကီလိုဝပ်)အလိုက်ပေးသွင်းရမည့်ကြီးကြပ်ခမှာ အလုပ်ရုံအတွင်း ဝိုင်ယာသွယ်တန်းတပ်ဆင်ခ၏ ၁၅ ရာခိုင်နှုန်း ပေးသွင်းရမည်ဖြစ်ပါသည်။

(ခ) စက်မှုသုံးပါဝါမီတာအတွက် စည်ပင်လုပ်ငန်းလိုင်စင်ရှိရမည့်အပြင် သက်ဆိုင်ရာဝန်ကြီးဌာနများ၏ လုပ်ငန်းခွင့်ပြုမိန့်ပါရှိရမည် ဖြစ်ပါသည်။

ဇယား(၄)ထရန်စဖော်မာအတွက် ပေးသွင်းရမည့်နှုန်းထားများ

စဉ်	ထရန်စဖော်မာ အမျိုးအစား (kVA)	သတ်မှတ်ကြေး (Infra stracture)	အာမခံစပေါ်ငွေ (Deposit)	လိုင်းကြိုးဆက်သွယ်ခ (ကျပ်)	မီးဆက်ခ (ကျပ်)	မှတ်ပုံတင်ကြေး (ကျပ်)	စုစုပေါင်း (ကျပ်)
၁	၅၀	၁,၈၀၀,၀၀၀	၃၀၇,၅၀၀	၆,၀၀၀	၂,၀၀၀	၂၀,၀၀၀	၂,၁၃၅,၅၀၀
၂	၁၀၀	၂,၁၀၀,၀၀၀	၆၀၇,၅၀၀	၆,၀၀၀	၂,၀၀၀	၂၀,၀၀၀	၂,၇၃၅,၅၀၀
၃	၁၆၀	၂,၄၀၀,၀၀၀	၉၆၇,၅၀၀	၆,၀၀၀	၂,၀၀၀	၂၀,၀၀၀	၃,၃၉၅,၅၀၀
၄	၂၀၀	၂,၇၀၀,၀၀၀	၁၂၀,၇၅၀၀	၆,၀၀၀	၂,၀၀၀	၂၀,၀၀၀	၃,၉၃၅,၅၀၀
၅	၃၁၅	၃,၃၀၀,၀၀၀	၁,၈၉၇,၅၀၀	၆,၀၀၀	၂,၀၀၀	၂၀,၀၀၀	၅,၂၂၅,၅၀၀
၆	၅၀၀	၄,၅၀၀,၀၀၀	၃,၀၀၇,၅၀၀	၆,၀၀၀	၂,၀၀၀	၂၀,၀၀၀	၇,၅၃၅,၅၀၀
၇	၁၀၀၀	၇,၈၀၀,၀၀၀	၆,၀၀၇,၅၀၀	၆,၀၀၀	၂,၀၀၀	၂၀,၀၀၀	၁၃,၈၃၅,၅၀၀
၈	၁၂၅၀	၉,၃၀၀,၀၀၀	၇,၅၀၇,၅၀၀	၆,၀၀၀	၂,၀၀၀	၂၀,၀၀၀	၁၆,၈၃၅,၅၀၀
၉	၂၀၀၀၀	၂၀၀,၀၀၀,၀၀၀	၁၂၀,၀၀၇,၅၀၀	၆,၀၀၀	၂,၀၀၀	၂၀,၀၀၀	၃၂၀,၀၃၅,၅၀၀
၁၀	၂၅၀၀၀	၂၅၀,၀၀၀,၀၀၀	၁၅၀,၀၀၇,၅၀၀	၆,၀၀၀	၂,၀၀၀	၂၀,၀၀၀	၄၀၀,၀၃၅,၅၀၀
၁၁	၃၀၀၀၀	၃၀၀,၀၀၀,၀၀၀	၁၈၀,၀၀၇,၅၀၀	၆,၀၀၀	၂,၀၀၀	၂၀,၀၀၀	၄၈၀,၀၃၅,၅၀၀

မှတ်ချက်။ (က) အထက်ပါနှုန်းထားများနှင့်အတူ ထရန်စဖော်မာ(ကေဗွီအေ)အလိုက် ပေးသွင်းရမည့် ကြီးကြပ်ခမှာ မြို့နယ်အလိုက် မီးသွယ်တန်းမှုကုန်ကျစရိတ်အပေါ် ၁၅ ရာခိုင်နှုန်းနှင့် အုပ်ချုပ်မှုစရိတ်မှာ တပ်ဆင်ဝန်အားနှင့် ဓာတ်အားလိုင်းအကွာအဝေးအပေါ် အခြေခံ၍ တွက်ချက်ထားသည့် နှုန်းထားများအတိုင်းပေးသွင်းရမည် ဖြစ်ပါသည်။

(ဆက်လက်ဖော်ပြပါမည်)

မန္တလေးတိုင်းဒေသကြီး

မိတ္ထီလာမြို့နယ် အလည်ရွာကျေးရွာတွင် လေးလက်မ စက်ရေတွင်းတူးဖော်ဆောင်ရွက်ပေး

မိတ္ထီလာမြို့နယ် အလည်ရွာကျေးရွာတွင် ကျေးလက်နေပြည်သူများ သောက်သုံးရေအခက်အခဲမရှိစေရန်အတွက် မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ လမ်းညွှန်ချက်အရ လေးလက်မစက်ရေတွင်း တစ်တွင်းကို တူးဖော်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

အဆိုပါ လေးလက်မစက်ရေတွင်းကို မိတ္ထီလာခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနကကြီးကြပ်၍ အလည်ရွာကျေးရွာ အလယ်တန်းကျောင်းဝင်းအတွင်း၌ တူးဖော်လျက်ရှိသည်။ အလည်ကျေးရွာသည် အိမ်ခြေ ၂၀၀ ကျော်ရှိပြီး လူဦးရေ ၁၂၀၀ ကျော်ရှိသည်။ အဆိုပါ ကျေးရွာတွင် တိုက်နယ်ဆေးရုံ၊ အလယ်တန်းကျောင်းတို့တည်ရှိသောကြောင့် ဒေသခံများနှင့် အခြားဒေသမှ လာရောက်တာဝန်ထမ်းဆောင်ကြသော ဝန်ထမ်းများ သောက်သုံးရေအခက်အခဲမရှိစေရန်အတွက် ဇူလိုင် ၈ ရက်မှစ၍ လေးလက်မ စက်ရေတွင်းကို တူးဖော်ဆောင်ရွက်လျက်ရှိသည်။

အဆိုပါ လေးလက်မ စက်ရေတွင်းတူးဖော်ပြီးစီးပါက ကျေးလက်နေပြည်သူများနှင့် အခြားဒေသမှ လာရောက်တာဝန်ထမ်းဆောင်ကြသော ဝန်ထမ်းများ သောက်သုံးရေအတွက် အဆင်ပြေနိုင်တော့မည်ဖြစ်ကြောင်း သိရသည်။

သိန်းမြင့်ကျော် (မိတ္ထီလာ)

မကွေးတိုင်းဒေသကြီး

မင်းလယ်တော ဆည်မြောင်းတွင် ကျောက်စီနံရံ ဆောက်လုပ်

ဂန့်ဂေါခရိုင် ကျောက်ထုမြို့ဒေသတွင် ဖြတ်သန်းစီးဆင်းသည့် ယောချောင်းမှရေကို ပန်းဆန်ရွာအနီးရှိ မင်းလယ်တောဆည်မြောင်းဖြင့် လယ်ယာမြေများသို့ ရေသွယ်၍ အဆိုပါဒေသရှိ လယ်မြေဧက ၈၅၀ ကျော်ကို မိုးစပါး၊ နွေစပါးများ စိုက်ပျိုးရေနှင့် အောင်ရေပေးသွင်းနိုင်လျက်ရှိသည်။

အဆိုပါ မင်းလယ်တောဆည်မြောင်းသည် ပန်းဆန်ရွာနှင့် သရက်ချဉ်ကျေးရွာကြားနေရာတွင် နှစ်စဉ်ပြိုကျပျက်စီးလေ့ရှိသဖြင့် ဆည်မြောင်းဦးစီးဌာနက အဆိုပါ ပြိုကျပျက်စီးလေ့ရှိသည့်နေရာ၌ ကျောက်စီနံရံဆောက်လုပ်ရန် မတည်ခွင့်ပြုငွေကျပ်သိန်း ၅၀ ကို ခွင့်ပြုချထားပေးခဲ့သည်။ အဆိုပါခွင့်ပြုငွေနှင့် ဒေသနေပြည်သူများ၏ လုပ်အားတို့ဖြင့် အဆိုပါနေရာတွင် အရှည်ပေ ၂၈၀ အမာခံကျောက်စီနံရံကို ဆောက်လုပ်ရာ ဇူလိုင် ၁၁ ရက်က ပြီးစီးသွားသဖြင့် အခက်အခဲမရှိ ရေကိုသွယ်ယူနိုင်ပြီဟု သိရသည်။

"အခုကျောက်စီနံရံဆောက်တဲ့နေရာက ခါတိုင်းမိုးများတဲ့နှစ်တွေမှာ အကြိမ်ကြိမ်ပျက် စီးခဲ့တယ်၊ ပျက်ရင် စုပေါင်းအားနဲ့ ပြန်ပြင်ရတယ်၊ အခုပြိုကျပျက်စီးတဲ့နေရာမှာ အမာခံကျောက်စီနံရံဆောက်တော့ မြောင်းအတွက် စိတ်အေးရပါတယ်၊ ကျေးဇူးလည်းတင်ပါတယ်" ဟု ဒေသခံ လယ်သမားတစ်ဦးကပြောသည်။

(၁၀၁)

စစ်ကိုင်းတိုင်းဒေသကြီး

မူးတိမ်ချောင်းကူးတံတားတည်ဆောက်ပြီးစီး

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ခင်ဦးမြို့နယ် ကျွန်းလည်ကျေးရွာနှင့် သိမ်တော်ကျေးရွာ မူးတိမ်ချောင်းကူးတံတားကို ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ပြည်ထောင်စုလွှတ်တော်ရန်ပုံငွေမှ ငွေကျပ်သိန်း ၃၀ဖြင့် တံတားအရှည် ၇၅ ပေ၊ အနံ ၁၂ ပေ၊ အမြင့် ၁၈ ပေ၊ RC တိုင် ခြောက်တိုင်ဖြင့် ဆောက်လုပ်ခဲ့ရာ စုစုပေါင်းကုန်ကျငွေမှာ ငွေကျပ်သိန်း ၉၀ ဖြစ်သည်။

ယခင်ကမိုးရာသီတွင် မူးတိမ်ချောင်းကူးတံတားဟောင်းမှာ ရေတိုက်စားခဲ့သဖြင့် အန္တရာယ်ရှိပြီး သွားလာရေးခက်ခဲခဲ့သည်။ ယခု တံတားပြီးစီးပြီဖြစ်၍ ကျန်းမာရေး၊ စီးပွားရေး၊ လူမှုရေးကိစ္စများတွင် အခက်အခဲမရှိ အချိန်မရွေးသွားလာနိုင်တော့မည်ဖြစ်သဖြင့် ကျေးရွာပြည်သူများက ကျေးဇူးတင်ဝမ်းသာလျက်ရှိကြောင်း ကျွန်းလည်ကျေးရွာအုပ်ချုပ်ရေးမှူး ဦးမြင့်ဦးက ပြောသည်။

ခင်ဦးစိုးဝေ

ရှမ်းပြည်နယ်(မြောက်ပိုင်း)

မူဆယ်မြို့နယ်တွင် ပုလဲသွယ်နှံစပါး စံကွက်ရိတ်သိမ်း

ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်ခရိုင် မူဆယ်မြို့နယ် နောင်လောင်းကျေးရွာအုပ်စု နမ့်လောင်းကျေးရွာ၌ ဇူလိုင် ၁၅ ရက် နံနက် ၁၀ နာရီခွဲကသိပ္ပံနည်းကျ စိုက်ပျိုးနည်းစနစ် ၁၄ ချက်နှင့်အညီ စိုက်ပျိုးထားသော နွေစပါးပုလဲသွယ်စံပြကွက် ဧက ၅၀ မှ တောင်သူ ဦးစိုင်းဆိုင် ကွင်းအမှတ် (၄၂) ဦးပိုင်အမှတ် (၂၇) စိုက်ဧက ၁ ဒသမ ၆၅ ဧက၌ ရိတ်သိမ်းခြွေလှေ့စက်ဖြင့် စံကွက်ရိတ်သိမ်းခဲ့ရာ အစိုအထွက်နှုန်း ၃၀၂ ဒသမ ၄၇ တင်း၊ အခြောက်အထွက်နှုန်း ၂၅၇ ဒသမ ၁၀ တင်းထွက်ရှိကြောင်း သိရသည်။

အဆိုပါစံကွက်ရိတ်သိမ်းပွဲသို့ ခရိုင်အုပ်ချုပ်ရေးမှူး ဦးကျော်ကျော်ထွန်း၊ မြို့နယ်အုပ်ချုပ်ရေးမှူးဦးကိုကိုဇော်၊ ခရိုင်စိုက်ပျိုးရေးဦးစီးဌာနဦးစီးမှူးဒေါ်နန်းလွင်လွင်စိန်၊ ခရိုင်မြေစာရင်းဦးစီးဌာန ဦးစီးမှူး ဦးဆန်းလွင်ဦး၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးမင်းမင်းအောင်၊ မြို့နယ်မြေစာရင်းဦးစီး ဌာနမှူးဦးဇော်နိုင်နှင့် ဌာနဆိုင်ရာဝန်ထမ်းများ၊ တောင်သူ များ တက်ရောက်ကြည့်ရှုခဲ့ကြောင်း သိရသည်။ "ဒီပုလဲသွယ်စပါးမျိုးကို ကျွန်တော့်လယ်မှာ စိုက်တာ နှစ်နှစ်ရှိပါပြီ၊ စိုက်ပျိုးရေးဦးစီးဌာနက တာဝန်ရှိသူတွေရဲ့ လမ်းညွှန်မှုနဲ့ စိုက်စနစ်မှန်ကန်စွာ စိုက်ပျိုးခဲ့လို့ ယခုလို စပါးအထွက်ကောင်းတာပါ။ တကယ်လုပ်တကယ်ဖြစ်ပါတယ်။ ဒါကျွန်တော်တို့လယ်သမားတွေအတွက် စံပြပါပဲ" ဟု တောင်သူဦးစိုင်းဆိုင်က ပြောသည်။ ရှမ်းပြည်နယ် (မြောက်ပိုင်း) မူဆယ်ခရိုင် မူဆယ်၊ နမ့်ခမ်းမြို့နယ်များတွင် နွေစပါးအပြင် ပြောင်း၊ ပဲပုပ်၊ မုန်ညင်း စိုက်ပျိုးကြပြီး တောင်သူအများစုမှာ ခေတ်မီစက်ကိရိယာများဖြင့် ထွန်ယက်ရိတ်သိမ်းကြကြောင်းသိရသည်။

သိန်းဇော် (ရွှေလီဦး)

ကချင်ပြည်နယ်

အခြေခံပညာအလယ်တန်းကျောင်း မချမ်းဘော၌ အဆင့်တိုးမြှင့်ဖွင့်လှစ်

ကချင်ပြည်နယ် ပူတာအိုခရိုင် မချမ်းဘောမြို့နယ် မချမ်းဘော မြို့မရပ်ကွက် (၂)အခြေခံပညာအလယ်တန်းကျောင်းခွဲမှ အခြေခံပညာအလယ်တန်းကျောင်းအဖြစ် ၂၀၁၄-၂၀၁၅ ပညာသင်နှစ်တွင်ကျောင်းအဆင့်တိုးမြှင့်ဖွင့်လှစ်ပွဲအခမ်းအနားကို ဇူလိုင် ၁၄ ရက် နံနက် ၁၀ နာရီက အဆိုပါကျောင်းရှေ့မုခ်ဦး၌ကျင်းပရာ မချမ်းဘောမြို့နယ် ပညာရေးကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးညဏ်လိုင်၊ ပူတာအိုခရိုင်ပညာရေးမှူး ဒေါ်သန်းသန်းဆင့်၊ မချမ်းဘောမြို့အခြေခံပညာအထက်တန်းကျောင်းအုပ်ဆရာကြီး ဦးတင်မောင်ရီတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

အခမ်းအနားကို ကျောင်းအစည်းအဝေးခန်းမ၌ ဆက်လက်ကျင်းပရာ မြို့နယ်ပညာရေးကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးညဏ်လိုင်က အမှာစကားပြောကြားပြီး ပူတာအိုခရိုင်ပညာရေးမှူး ဒေါ်သန်းသန်းဆင့်က ကျောင်းနေအရွယ်ကလေးတိုင်း ကျောင်းနေနိုင်ရေးနှင့် ကျောင်းအဆင့် တိုးမြှင့်ဖွင့်လှစ်ရခြင်းရည်ရွယ်ချက်များကိုလည်းကောင်း၊ မချမ်းဘောမြို့ အခြေခံပညာအထက်တန်းကျောင်းအုပ်ဆရာကြီး ဦးတင်မောင်ရီက နိုင်ငံတော်အစိုးရအနေဖြင့် ပညာရေးကဏ္ဍတွင် ယခင်ကထက် များစွာပံ့ပိုးကူညီမှုများ၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုကို ပညာရေးကဏ္ဍမှ တိုင်းတာရရှိနိုင်ကြောင်းတို့ကိုလည်းကောင်း အသိပေးဟောပြောခဲ့သည်။

(မြို့နယ် ပြန်/ဆက်)

စာပေမြင့်မှ
လူမျိုး
တင့်မည်

AGD BANK
Asia Green Development Bank Limited.

အာရှစိမ်းလန်းမှုဖွံ့ဖြိုးရေးဘဏ်လီမိတက် ၏
တာချီလိတ်ဘဏ်ခွဲ ကို ရှမ်းပြည်နယ်၊ တာချီလိတ်မြို့ တွင်
၁၈.၇.၂၀၁၄ (သောကြာနေ့) ၌ ဖွင့်လှစ်ပြီးဖြစ်ပါကြောင်းနှင့်
ဘဏ်လုပ်ငန်းဝန်ဆောင်မှုများကို ဆက်သွယ်ဆောင်ရွက်နိုင်ပြီဖြစ်ပါကြောင်း
အများပြည်သူအား သတင်းကောင်းပါးအပ်ပါသည်။

" မြန်မာတစ်မျိုးသားလုံးအတွက် အကျိုးစီးပွားဖွံ့ဖြိုးတိုးတက်ရေး "

ဆက်သွယ်ရန်လိပ်စာ

တာချီလိတ်ဘဏ်ခွဲ
(၁/၁-ဃ)၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ မဟာဗန္ဓုလရပ်ကွက်၊ တာချီလိတ်မြို့၊ ရှမ်းပြည်နယ်။
ဖုန်း - (၀၈၄) ၅၃၅၃၃၃၊ ၅၃၅၃၃၄၊ ၅၃၅၃၃၅
ဖက်စ် - (၀၈၄) ၅၃၄၂၁၊ ၅၃၂၃၂

ရန်ကုန်တိုင်းဒေသကြီး

တရုတ်နိုင်ငံမှ ဝယ်လိုအားများမှုကြောင့် မြန်မာ့ဆန်ဈေးတက်လာ

ပြီးခဲ့သောဇွန်လနောက်ဆုံးပတ်နှင့် ယခုဇူလိုင်လ ပထမပတ်အတွင်း မြန်မာပြည်တွင်း ဆန်ဈေး၊ ဆန်ကြမ်းဈေးမှာ တစ်အိတ်လျှင် ငွေကျပ် ၁၅၀၀ ဝန်းကျင်ခန့် တိုးတက်လာခဲ့သည်ကို စားသုံးသူများထံမှ ကြားသိခဲ့ရသည်။

ဆန်နှင့် ပတ်သက်သော ကုန်သည်တစ်ဦးဖြစ်သည့် ဦးဇော်ညွန့်က“ FOB လို့ခေါ်တဲ့ ရေကြောင်းလိုင်းက အဝယ်တည်ငြိမ်နေတယ်ဆိုတာထက် ဝယ်လိုအားအေးနေတယ်လို့ သုံးသပ်ရမှာပဲ။ ဒါပေမယ့် မူဆယ် ၁၀၅ မိုင်လမ်းကြောင်းက ဝယ်လိုအားတွေ တက်လာတယ် အဓိကဝယ်လက်က တရုတ်ပဲ”ဟု ဆိုခဲ့သည်။

သူ၏ အဆိုအရ တောင်တရုတ်ပင်လယ်အရေးကိစ္စကြောင့် ဗီယက်နမ်မှ ဆန်ကို တရုတ်အဝယ်ရပ်၍ မြန်မာ့ဆန်များ ဖြည့်ဆည်းဝယ်နေကြောင်း သိရသည်။

တရုတ်ငွေဈေးမှာ တည်ငြိမ်လျက်ရှိနေပြီး လက်ရှိအခြေအနေတွင် ဈေးပိုမိုပေးလာမှုကြောင့် ရောင်းအားများမြင့်မားလာခဲ့ခြင်းဖြစ်သည်။ တစ်နေ့လျှင် ဆန်အိတ်ပေါင်း ၂၀၀၀၀ ဝန်းကျင် ပုံမှန်ထွက်နေကြောင်း မူဆယ်မှ မိတ်ဆွေတစ်ဦး၏ ဖုန်းသတင်းအရ သိရသည်။

ကြည့်မြင်တိုင် လက်ကားဆန်ဆိုင်ကြီးမှ ဦးသော်က “သဘော်လိုင်း၊ နယ်စပ်လိုင်းနဲ့ ယှဉ်ရင် နယ်စပ်ဈေးကပိုရနေတယ်။ အရောင်းအဝယ်သမားဆိုတာကတော့ အမြတ်ပိုရတဲ့ သူဆီရောင်းကြမှာပဲ။ အဲဒီတော့ နယ်စပ်ကုန်သွယ်ရေးလိုင်းကသွားကြတယ်။ အချို့နယ်က အိတ်တွေဆို ရန်ကုန်ကိုတောင်မဆင်းတော့ဘူး။ မူဆယ်ကို တိုက်ရိုက်သွားကြတယ်” ဟု ဆိုသည်။

မြန်မာနိုင်ငံမှ ဆန်ကို တရုတ်က အဓိက ဝယ်ယူလျက်ရှိနေပြီး အာဖရိကမှ ဒုတိယဝယ်ယူ၍ အခြားနိုင်ငံများကလည်း ဝယ်ယူမှု ရှိနေကြောင်း မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်မှ သိရသည်။

၂၀၁၃ -၂၀၁၄ ဘဏ္ဍာနှစ်တွင် ပြည်ပဆန်တင်ပို့မှုမှာ တန်ချိန် ၁၂ သန်းနီးပါးရှိခဲ့ပြီး တရုတ်နိုင်ငံသို့ တရားဝင်တင်ပို့မှုမှာ ဆန်တန်ချိန် ငါးသိန်းကျော်ရှိကြောင်း၊ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ဧပြီ ၁ ရက်မှ ဇွန် စတုတ္ထပတ်အထိ ပြည်ပသို့ ဆန်တင်ပို့မှုမှာ တန်ချိန် ၃၀၀၀၀၀ ကျော်ရှိနေပြီဖြစ်ကြောင်း မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်မှ သိရသည်။

ဇွန်လ နောက်ဆုံးပတ်အတွင်းက ဆန်ကြမ်းတစ်အိတ်လျှင် ငွေကျပ် ၁၆၅၀၀၊ ဆန်ကြမ်း အလတ်စားတစ်အိတ်လျှင်ငွေကျပ် ၁၅၀၀၀ ဈေးရှိခဲ့ပြီး ပေါ်ဆန်းဆန်ချောတစ်အိတ်လျှင် ငွေကျပ် ၂၇၅၀၀၊ ပေါ်ဆန်း (ရှယ်) တစ်အိတ်လျှင်ငွေကျပ် ၂၉၅၀၀၊ မြောင်းမြပေါ်ဆန်းတစ်အိတ် လျှင် ငွေကျပ် ၃၀၅၀၀၊ ပေါ်ကျွဲတစ်အိတ်လျှင် ငွေကျပ် ၂၂၀၀၀ ဈေးများရှိနေခဲ့သည်။

ဇူလိုင် ပထမပတ်၌ ဆန်ကြမ်းတစ်အိတ်လျှင်ငွေကျပ် ၁၈၀၀၀၊ ဆန်ကြမ်းအလတ်စားတစ်အိတ်လျှင် ငွေကျပ် ၁၆၅၀၀၊ ပေါ်ဆန်းဆန်ချောတစ်အိတ်လျှင် ငွေကျပ် ၂၉၀၀၀၊ ပေါ်ဆန်း(ရှယ်) တစ်အိတ်လျှင် ငွေကျပ် ၃၁၀၀၀၊ ပေါ်ကျွဲတစ်အိတ်လျှင် ငွေကျပ် ၂၃၅၀၀၊ မြောင်းမြပေါ်ဆန်းတစ်အိတ်လျှင် ငွေကျပ် ၃၂၀၀၀ ရှိနေကြောင်း ဝါးတန်းကုန်စည်အရောင်းဒိုင်များထံမှ သိခဲ့ရသည်။

အဓိက ဆန်ဈေးတွေတက်နေရခြင်းအကြောင်းက ဆန်ကြမ်းကို တရုတ်က ဝယ်လိုအားများလာ၍ ဈေးတက်ရခြင်းဖြစ်သကဲ့သို့ ဆန်ချောများ ရန်ကုန်သို့ အဝင်နည်းလာမှုကြောင့် ဆန်ချောဈေးကပါလိုက်၍ တက်နေခြင်းဖြစ်ကြောင်း ဆန်ကုန်သည်များထံမှ ကြားသိရသည်။ အကယ်၍ တရုတ်မှ ဝယ်လိုအား ကျသွားပါက ပြည်တွင်းဆန်ဈေးနှုန်း ပြန်လည်ကျဆင်းလာမည်ဖြစ်ကြောင်း သုံးသပ်မှုအရ သိရသည်။

တင်ဝင်းလေး(ကြည့်မြင်တိုင်)

HTIKE SIN CO.,LTD

VISION

"To serve the society with good foundation. Good foundation will be best structure building."

OUR SERVICES

- PILLING WORKS FOR ALL TYPES OF STRUCTURES.
- HIGH RISE BUILDING FOUNDATION WORK.
- HIGH TENSION TOWER RIVER CROSSING PROJECT.
- MAIN BORED PILE CONSTRUCTION WORK.
- ROCK DRILLING WORK.

Singapore နိုင်ငံမှအတွေ့အကြုံ ၁၅ နှစ်ရှိ Engineer များကိုယ်တိုင် တာဝန်ယူပြီး ဆောက်လုပ်ရေးဝန်ကြီးဌာနတွင်
၃၅ နှစ်ကျော် အတွေ့အကြုံရှိ Engineerများ ဦးစီးတာဝန်ယူပါသည်။ ဖုန်း - ၀၁-၅၃၁၄၀၀၊၀၁-၅၃၀၅၃၄၊၀၁-၅၃၁၄၉၈

မွန်ပြည်နယ်

ရန်ကုန်-ကျိုက်ထို RBE အထူးရထား မကြာမီကာလအတွင်း ခေတ္တရပ်နားထားမည်

ရထားစီးခရီးသွားဘုရားဖူးဧည့်သည်များ အဆင်ပြေစေရန်အတွက် လက်ရှိ ရန်ကုန်-ကျိုက်ထိုပြေးဆွဲပေးနေသော RBE အဲကွန်းအထူးရထားခရီးစဉ်ကို ပွဲတော်ကာလ ပြီးဆုံးသွားပြီဖြစ်ခြင်းနှင့် မိုးတွင်းကာလဖြစ်သောကြောင့် ရထားပြေးဆွဲခြင်းအစီအစဉ်ကို မကြာမီကာလအတွင်းခေတ္တရပ်နားထားမည်ဖြစ်ကြောင်း ရထားပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားမှ သိရသည်။

ပြီးခဲ့သည့် သီတင်းကျွတ်ပွဲတော်မှစတင်ကာ ဘုရားဖူးခရီးသွားဧည့်သည်များ အဆင်ပြေစေရန်နှင့် ကျိုက်ထီးရိုးဘုရားဖူးများအတွက် အပတ်စဉ်ပြေးဆွဲပေးခဲ့ခြင်းဖြစ်ကြောင်း၊ ရထားပြေးဆွဲပေးခြင်းမှာ သီတင်းကျွတ်ပွဲတော်မှ ယခုမိုးတွင်းကာလအထိ တောက်လျှောက်ပြေးဆွဲပေးခဲ့ခြင်းဖြစ်ကြောင်း၊ ယခုပွဲတော်ကာလလည်းပြီးပြီဖြစ်၍ ရထားစီးသူလည်း မရှိသလောက် နည်းပါးလာပြီဖြစ်ကြောင်း၊ ထို့အပြင် မိုးတွင်းကာလ ရောက်ရှိလာသဖြင့် ခေတ္တရပ်နားလိုက်ရခြင်းဖြစ်ကြောင်း အင်ဂျင်နီယာမှူး (မြို့ပြရုံး)တိုင်း(၇) ရန်ကုန်မှ တိုင်းတာဝန်ခံနှင့်လက်ထောက်အထွေထွေမန်နေဂျာ ဦးဇော်ဖေစိန်က ပြောသည်။

ခေတ္တရပ်နားထားမည်

ပြီးခဲ့သည့် စက်တင်ဘာ ၇ ရက်မှစတင်ကာ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏အစီအစဉ်ဖြင့် စနေ၊ တနင်္ဂနွေရက်များ၌အပတ်စဉ်ပြေးဆွဲပေးလျက်ရှိသော RBE အဲကွန်းအထူးရထားကို မကြာမီကာလအတွင်း ခေတ္တရပ်နားထားမည် ဖြစ်သည်။ အဆိုပါရပ်နားမည့် အဲကွန်းအထူးရထားကို ရထားစီးခရီးသွားပြည်သူများအတွက် လိုအပ်သည့်ခရီးစဉ်နေရာတွင် ထည့်သွင်းသုံးစွဲပေးသွားမည်ဖြစ်ကြောင်း ရထားပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားမှသိရသည်။

စိုးဝင်း(SP)

ဝင်ဘယ်ဒန်အိုးပင်း ချန်ပီယံ ဂျိုကိုဗစ်နှင့် ချစ်သူ ရစ်တစ်တို့ လက်ထပ်ပွဲ ကျင်းပခဲ့

၂၀၁၄ ခုနှစ် ဝင်ဘယ်ဒန်အိုးပင်း တင်းနစ်ပြိုင်ပွဲ အမျိုးသားတစ်ဦးချင်းပြိုင်ပွဲ၌ ချန်ပီယံဆုရရှိခဲ့သူ ဆားဘီးယားနိုင်ငံသား နိုဗက်ဂျိုကိုဗစ်သည် မွန်တီနီဂရိုးနိုင်ငံ Adriatic ကမ်းခြေရှိ အပန်းဖြေဟိုတယ်တစ်ခုတွင် ဇူလိုင် ၁၀ ရက်က သူ၏ချစ်သူ ဂျီလီနာရစ်တစ်နှင့် လက်ထပ်ပွဲကျင်းပခဲ့ကြောင်း သတင်းများတွင် ရေးသားဖော်ပြထားသည်။

ဂျိုကိုဗစ်နှင့် ရစ်တစ်တို့သည် အထက်တန်းကျောင်းကတည်းက တွေ့ဆုံခဲ့သူများဖြစ်ပြီး လက်ရှိအချိန်တွင် ရစ်တစ်သည် ဂျိုကိုဗစ်၏ရင်သွေးကို ကိုယ်ဝန်ဆောင်ထားရကာ ယခုနှစ်ကုန်ပိုင်း၌ မွေးဖွားမည်ဖြစ်ကြောင်း သတင်းများတွင် ဆက်လက်ရေးသားထားသည်။

အမည်ဖော်ပြခြင်းမရှိသည့် အပန်းဖြေဟိုတယ်၌ ကျင်းပခဲ့သော ဂျိုကိုဗစ်နှင့် ရစ်တစ်တို့၏ လက်ထပ်ပွဲသို့ မိသားစုဝင်များ၊ မိတ်ဆွေသူငယ်ချင်းများနှင့် ဖိတ်ကြားထားသည့်ဧည့်သည်များ တက်ရောက်ခဲ့သော်လည်း လူသိထင်ရှား ကျင်းပခဲ့ခြင်းမဟုတ်ဟု ဆိုသည်။

လက်ထပ်ပွဲကျင်းပစဉ်အတွင်း အဆိုပါအပန်းဖြေဟိုတယ်မှ ဝန်ထမ်းများ၊ စားပွဲထိုးများသည် သူတို့၏ မိုဘိုင်းဖုန်းများကို အသုံးမပြုရန် သဘောတူညီခဲ့ရကြောင်း မီဒီယာများတွင် ရေးသားဖော်ပြခဲ့သည်။

ဂျိုကိုဗစ်က ဝင်ဘယ်ဒန်အိုးပင်း တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲ၌ ဖက်ဒါရာကို ၆-၇(၇-၉)၊ ၆-၄၊ ၇-၆-(၇-၄)၊ ၅-၇၊ ၆-၄ ဖြင့် အနိုင်ရရှိခဲ့ပြီးနောက် အဆိုပါနိုင်ပွဲသည် သူ၏ချစ်သူ ရစ်တစ်နှင့် အနာဂတ်တွင်မွေးဖွားလာမည့် ကလေးငယ်တို့အား ရည်စူးကြောင်း ပြောဆိုခဲ့သည်။

အသက် ၂၇ နှစ်အရွယ်ရှိ ဂျိုကိုဗစ်သည် ဂရင်းဆလမ်း တစ်ဦးချင်းပြိုင်ပွဲများတွင် ချန်ပီယံဆု ခုနစ်ကြိမ်ရရှိထားသူဖြစ်ပြီး ဝင်ဘယ်ဒန်အိုးပင်း တင်းနစ်ပြိုင်ပွဲ အမျိုးသားတစ်ဦးချင်းချန်ပီယံဆုကို ဒုတိယအကြိမ် ရရှိခဲ့သူဖြစ်သည်။

■ ထက်အောင်

ကမ္ဘာ့ဖလားချန်ပီယံ ဂျာမနီအသင်းကို ဖော်မြူလာဝမ်းပြိုင်ပွဲဝင် နီကိုရော့စ်ဘတ် ဂုဏ်ပြုမည်

၂၀၁၄ ခုနှစ် ဖော်မြူလာဝမ်းပြိုင်ပွဲ ဝင် ဂျာမနီနိုင်ငံသား ကားမောင်းသမား နီကိုရော့စ်ဘတ်က ဇူလိုင် ၂၀ ရက်တွင် ကျင်းပမည့် German Grand Prix ဖော်မြူလာဝမ်းပြိုင်ပွဲ၌ ၂၀၁၄ ခုနှစ် ကမ္ဘာ့ဖလားပြိုင်ပွဲတွင် ဗိုလ်စွဲခဲ့သည့် ဂျာမနီအသင်းကို ဂုဏ်ပြုမှုပြုလုပ်ရန် စီစဉ်ထားသည်။

အသက် ၂၉ နှစ်အရွယ်ရှိ ရော့စ်ဘတ်သည် German Grand Prix ဖော်မြူလာဝမ်းပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ချိန်၌ ဂျာမနီနိုင်ငံအလံကို အောက်ခံထားကာ ကမ္ဘာ့ဖလားချန်ပီယံဆုပုံနှင့် ဂျာမနီအသင်း ကမ္ဘာ့ဖလားချန်ပီယံဆု ရရှိခဲ့သည့် ခုနှစ်များကို ရေးထိုးသည့် ခေါင်းဆောင်းကို ဝတ်ဆင်ပြိုင်ပွဲဝင်ကာ ဂုဏ်ပြုရန် စီစဉ်ထားခြင်းဖြစ်သည်။

နီကိုရော့စ်ဘတ်က သူ၏ တွစ်တာစာမျက်နှာ၌ German Grand Prix ဖော်မြူလာဝမ်းပြိုင်ပွဲတွင်ဝတ်ဆင်မည့် ခေါင်းဆောင်းပုံကို ဖော်ပြထားပြီး "ဒါဟာ ကမ္ဘာ့ဖလားချန်ပီယံ ဂျာမနီအသင်းကို ဂုဏ်ပြုတဲ့အနေနဲ့ German Grand Prix ဖော်မြူလာဝမ်းပြိုင်ပွဲမှာ ကျွန်တော်အသုံးပြုမယ့် ခေါင်းဆောင်းပါ။ မကြိုက်ကြဘူးလား"ဟု ရေးသားဖော်ပြခဲ့သည်။

မာစီဒီးအသင်းသား နီကိုရော့စ်ဘတ်သည် ယခုနှစ် ဖော်မြူလာဝမ်းပြိုင်ပွဲ ရာသီ၏ ပြိုင်ပွဲကိုးပွဲ ယှဉ်ပြိုင်မောင်းနှင်ပြီးချိန်တွင် သုံးကြိမ် အနိုင်ရဗိုလ်စွဲထားကာ စုစုပေါင်းရမှတ် ၁၆၅ မှတ်ဖြင့် ထိပ်ဆုံးမှ ဦးဆောင်နေသူဖြစ်သည်။

PUN HLAING HOSPITAL

ပန်းလှိုင်ဆေးရုံကြီး၏ကျောက်ကပ်သွေးသန့်စင်ဌာန

- နိုင်ငံတကာအဆင့်အတန်းမီကျောက်ကပ်ဆေးသည့်စက်ပစ္စည်းများ
- ကျောက်ကပ်နှင့်ပတ်သက်၍အတွေ့အကြုံများစွာရှိသောကျွမ်းကျင် ဝန်ထမ်းများမှစနစ်တကျပြုစုစောင့်ရှောက်မှုပေးခြင်း
- သန့်ရှင်း၍ပိုးမွှားကင်းစင်သောနေရာတွင်သက်တောင့်သက်သာ ကျောက်ကပ်သွေးသန့်စင်မှုခံယူနိုင်ခြင်း စသည်ဖြင့် လူနာများ စိတ်ကျေနပ်မှုရရှိစေရန် စီစဉ်ထားပါသည်။

အထူးအစီအစဉ်
ကျောက်ကပ် (၁) ကြိမ်ဆေး
၄၀,၀၀၀/- ကျပ်
(၁၀) ကြိမ်ဆေးပြီးတိုင်း (၁) ကြိမ် အခမဲ့
ဆောင်ရွက်ပေးနေပါပြီ...

ဆက်သွယ်ရန် - ရန်ကုန် (၀၁) ၆၈၄၃၂၃၊၆၈၄၃၂၅၊၆၈၄၃၃၆၊(၀၉) ၄၂၀၄၂၆၈၉ / မန္တလေး (၀၉) ၄၃၂၀၇၇၈၀ Email : enquiry.phih@spa-mm.com